
www.burmeseclassic.com




# ဇော်ဂကါဒေါင်

ခင်ရန်နိုင်နှင့် ပရိယာယ်စိုး

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၀၅၄/၂၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၆၂/

| | |
|---|---|
| | ပထမအကြိမ် |
| | ၂၀၀၂-ခုနှစ်၊ ဒီဇင်ဘာလ |
| တန်ဖိုး | ၄၀၀ ကျပ် |
| အုပ်ရေ | ၅၀၀ အုပ် |
| မျက်နှာဖုံးပန်းချီ | ဒီဖိုင်း တင်ရွှေချို |
| ကာလာခွဲ | မြကျွန်းသာ |
| ထုတ်ဝေသူ | သဗ္ဗာဝတီစာပေ<br>ဦးခင်မောင်သိန်းဆွေ ( ၀၇၄၇ )<br>၂၄၈၊ အခန်း-၃၊ ၂၅-ရပ်ကွက်၊<br>ဖေယျာသုခလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။ |
| အဖုံးရိုက်<br>နှင့်<br>အတွင်း | ဒေါ်ခင်စန်းမြင့် (၀၅၄၅၉)<br>ဟာသာပုံနှိပ်တိုက်<br>၁၁ ၊ ၁၂၅-လမ်း၊ ရန်ကုန်မြို့။ |


(အဖွင့် . . .)

ပင်လယ်ပြင်သည် လရောင်ရိပ်နှင့် ဝင်းလဲ့၍နှမ်းအိနေ၏။ လှိုင်းလေငြိမ်ကာ ဘော်ငွေရောင် လှိုင်းကြက်ခွပ်ကလေးများမှာ သာအိအိတန့်နှဲ့နှင့် ကကြိုးဆင်နေ၏။ အချိန်အခါမှာ ဆောင်းဦးပေါက်အချိန်အခါဖြစ်၍ အေးစိမ့်စိမ့်လေပြည်နုက မြောက်အရပ်မှ ညှာဝဲတိုက်ခတ်လေ၏။

ထိုအချိန် ပင်လယ်ပြင်ပေါ်တွင် အပျော်စီးသဘော်ကြီးတစ်စင်းဖြတ်သန်းခုတ်မောင်းနေ၏။ ထွန်းညှိထားသည့် မီးရောင်များကလည်း တဖိတ်ဖိတ်တလက်လက်တောက်ပနေလေ၏။ ရုတ်တရက်ကြည့်လျှင် မီးဆိုင်းကြီးတစ်ခု မျောပါလာသလားပင်



www.burmeseclassic.com

www.burmeseclassic.com





အောက်မေ့ရ၏။ သဘော်ကြီးပေါ်မှ အနောက်တိုင်း သီချင်းသံ သိုးသိုးသဲ့သဲ့ကိုကြားနေရ၏။

အောက်ထပ်ခန်းမကြီးထဲတွင် အမျိုးသား အမျိုးသမီးစုံတွဲတို့သည် ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်နှင့် ကြည်နူးစွာ ဝိုင်းဖွဲ့နေကြ၏။ သူတို့သည် သီချင်းသံကြားတွင် ခန္ဓာကိုယ်ကလေးများကို ယိမ်းထိုးလှုပ်ခါရင်း ပင်လယ်အရသာကို တစိမ့်စိမ့်ခံစားနေကြ၏ ။

သဘော်ကြီးအပေါ်ထပ်တွင် ကြီးကျယ်ခမ်းနားလှသော အခမ်းအနားကြီးတစ်ခု ကျင်းပနေ၏။ ထိုအခမ်းနားမှာ "သည်ဝေါလ်စတား " ကုမ္ပဏီကြီး ဆယ်နှစ်မြောက်အခမ်းအနားပင်ဖြစ်၏။ ကုမ္ပဏီကြီးသည် တည်ဆောက်ထားသည့်ကာလ ဆယ်နှစ်သားမျှသာ ရှိသေးသော်လည်း မီဒီယာအသိုင်းအဝိုင်းနှင့် နောက်ခံရင်းနှီးမြုပ်နှံငွေအား ကောင်းမွန်သဖြင့် ရေခြားမြေခြားနိုင်ငံများမှပင် အသိအမှတ်ပြုထားရသော ကုမ္ပဏီကြီးဖြစ်၏။

ကုမ္ပဏီ၏အဓိကလုပ်ငန်းမှာ ဆောက်လုပ်ရေးလုပ်ငန်းဖြစ်သော်လည်း အခြားစီးပွားရေး လုပ်ငန်းများကိုလည်း ရင်းနှီးဆောင်ရွက်ခဲ့၏။ ကုမ္ပဏီ၏ အကြီးအကဲဒါရိုက်တာမှာ ဦးဗလအောင်ဖြစ်၏။ မန်ဘာငါးဦးရှိပြီး ရင်းနှီးငွေမှာ သိန်းလေးထောင်အထက်တွင်ရှိ၏။

ဦးဗလအောင်သည် အစုရှယ်ယာအားဖြင့် သုံးပုံနှစ်ပုံခန့်ထည့်ဝင်ထား၏။ လုပ်ငန်းလုပ်သည့်နေရာတွင် ကိုယ်ဖိရင်ဖိလုပ်ကိုင်တတ်ပြီး စည်းစနစ်ကျနလှသော ရုံးအဖွဲ့ကို ဖွဲ့စည်း၍ဆောင်



ရွက်သဖြင့် ကုမ္ပဏီ၏ဝင်ငွေမှာ နေချင်းညချင်း တဟုန်ထိုးတိုးတက်မြင့်မားလာခဲ့၏။ ထိုအခါ ကုမ္ပဏီရုံးခွဲများကို မြို့နယ်အသီးသီးတွင် ဖွဲ့စည်းပြီး ပို၍ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ရာ အမြတ်ငွေ ဆထက်တပိုး တိုးတက်လာခဲ့၏ ။

မန်ဘာငါးဦးစလုံးကလည်း ဦးဗလအောင်၏ လုပ်ဆောင်မှုအပေါ် ယုံကြည်အားကိုးခဲ့ကြပြီး ဆောင်ရွက်ရမည့်လုပ်ငန်းမှန်သမျှကို ယုံယုံကြည်ကြည်နှင့် လွှဲအပ်ခဲ့ကြ၏။ ယခုလည်း ကုမ္ပဏီဆယ်နှစ်မြောက်အခမ်းအနားတွင် ထူးထူးခြားခြားကျင်းပလိုသဖြင့် ကုမ္ပဏီပိုင်" ဝိုက်ရှပ်စ် "ခေါ် ငါးမန်းပြာသဘော်ကြီးပေါ်တွင်ကျင်းပခဲ့ခြင်းဖြစ်၏။ ထိုပြင် သူတို့ကုမ္ပဏီကြီးအပေါ် ယုံကြည်မှုရှိလာကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များသည် အဆက်အသွယ်ပြု၍ အစုရှယ်ယာထဲတွင်ဝင်ရန် တမ်းလှမ်းလာကြ၏ ။

ထိုအထဲတွင် အနောက်ဥရောပနိုင်ငံတစ်ခုမှ မီလျံနာကြီးတစ်ဦးဖြစ်သော မစ္စတာဒေါက်ကလပ်နိုး ကမ်းလှမ်းချက်ကို ဦးဗလအောင်က သဘောတူခဲ့၏။ ဒေါ်လာဆယ့်ငါးမီလျံထည့်ဝင်ကာ လုပ်ငန်းကိုတိုးချဲ့လိုကြောင်း ကမ်းလှမ်းလာခဲ့သည်မို့ ချက်ချင်းအစည်းအဝေးထိုင်ကာ အဖွဲ့၏သဘောတူညီချက်ကို ဖက်စ်ဖြင့် မစ္စတာ ဒေါက်ကလပ်နိုးထံ ပေးပို့ခဲ့၏ ။

အဆိုပါ ဖက်စ်သတင်းကြောင့် မစ္စတာ ဒေါက်ကလပ်နိုး ကိုယ်တိုင် တပည့်သုံးဦးနှင့်အတူ မြန်မာပြည်သို့ ရောက်ရှိလာခဲ့၏။ ယခုလည်း သူတို့အခမ်းအနားတွင် မစ္စတာ ဒေါက်ကလပ်နိုးတက်

www.burmeseclassic.com



ရောက်လာပေရာ အဖွဲ့သားအားလုံး တက်တက်ကြွကြွဖြစ်နေ၏။ သူနှင့်အတူ ရင်းနှီးမြုပ်နှံမည့် ဒေါ်လာများပါ ပါလာသဖြင့် လုံခြုံရေးအရ ယခုလို အပျော်စီး သင်္ဘောကြီးပေါ်တွင် အခမ်းအနားကိုကျင်းပခဲ့ခြင်းဖြစ်၏။

အဆိုပါအခမ်းအနားကို ကျင်းပရာတွင် သင်္ဘောကြီး၏ အပေါ်ထက်ကို ကျနစွာပြင်ဆင်ထားပြီး အခမ်းအနားကျင်းပပုံကိုလည်း လေးဘက်လေးလံ ထောင့်များမှနေ၍ ဗွီဒီယိုစက်များနှင့် ရိုက်ကူးရန် အသင့်စီစဉ်ထားလေ၏ ။

အချိန်အခါမှ ညဦးပိုင်းအချိန်အခါဖြစ်ပြီး အခမ်းအနား မကျင်းပမီ အောက်ထပ်တွင် စားပွဲသောက်ပွဲများကို ကြိုတင်ကျင်းပခဲ့၏။ ထိုအချိန်တွင် သင်္ဘောကြီးနှင့် ရေမိုင်နှစ်မိုင်ခန့်အကွာသို့ ရာဘာလှေလေးတစ်စင်း တအိအိမျောလာ၏။ ကာလအပိုင်းအခြားမှာလည်း လပြည့်ကျော်ဆယ်ရက်မို့ လရောင်ရိပ်တဝိုးတဝါး မှုန်ရီနေ၏။

တအိအိမျောလာသော ရာဘာလှေကလေးသည် သင်္ဘောကြီးနှင့် ဝါးနှစ်ရိုက်ခန့်အကွာအရောက်တွင် လှေကလေးပေါ်တွင်ပါလာသော လူအားလုံး အနက်ရောင်ရေငုတ်ဝတ်စုံများ ပြောင်းလဲဝတ်ဆင်ကာ ရေထဲသို့တစ်ယောက်ပြီး တစ်ယောက်ဆင်းသွားကြ၏။

လူအားလုံးခြောက်ယောက် ကိုယ်ကြပ်ရေငုပ်ဝတ်စုံဝတ်ခါ ရေအောက်သို့ ငုပ်လျှိုးကူးခတ်လာခဲ့ကြပြီး သင်္ဘောကြီး၏ နောက် မြီးပိုင်းသို့ ရောက်ရှိလာကြ၏ ။





သူတို့၏လှုပ်ရှားမှုက ရေကူးကျွမ်းကျင်လှသည့် ဖွံ့ကြီးတွေ အလားထင်ရသည်။ နောက်မြီးပိုင်းသို့ ရောက်သည်နှင့်တွဲလောင်း ချိတ်ထားသော ကျောက်ဆူးချိတ်ကြီးကို တွယ်ကာတစ်ယောက်ပြီး တစ်ယောက်သင်္ဘောကြီးပေါ်သို့ လျင်မြန်စွာ တက်သွားကြလေ၏။

ထိုအချိန်တွင် သည်ဝေါလ်စတား ကုမ္ပဏီအဖွဲ့သားများ သည် အခမ်းအနားကျင်းပရာ သင်္ဘောကြီး၏ပေါ်ထပ်သို့ တဖွဲဖွဲ ရောက်ရှိလာကြပြီး ဒါရိုက်တာဦးဗအောင်နှင့် မစ္စတာ ဒေါက်ကလပ်နီးတို့ကို စောင့်ဆိုင်းနေကြ၏ ။

ဆယ်ငါးမိနစ်ခန့်အကြာတွင် မစ္စတာ ဒေါက်ကလပ်နီးနှင့် အဖွဲ့ရောက်ရှိလာ၏။ ထိုအချိန်တွင် မန်နေဂျာ ဦးခက်မောက်က ကုမ္ပဏီလုပ်ငန်းနှင့် ပက်သက်သည့် ရှင်းတမ်းများကို လိုက်လံဝေငှခဲ့၏။

စားပွဲထိုးများကလည်း ရှည်မျောမျောကျွန်းစားပွဲကြီးပေါ်တွင် အအေးဗူးများ၊ ရေခဲတုံးလေးများပါရှိသော ဖန်ချက်ကလေးများနှင့် စားသောက်ပွဲအနည်းငယ်ကို နေရာအနှံ့ချထားပေးလိုက်၏။

ထိုသို့ ပြင်ဆင်ပြီးနောက် သင်္ဘောအရှေ့ဘက်လှေကားပေါ်မှနေ၍ အထက်အောက်ဝတ်စုံအဖြူ၊ လောင်းကုတ်အညိုရောင်ဝတ်ခါ စိမ်ဖန့်ဖန့်အရောင်ရှိသော နေကာမျက်မှန်ကိုတပ်ထားသည့် လူတစ်ဦးပေါ်လာ၏။ သူ့လက်ထဲတွင် ဆင်စွယ်စွယ်တံနှင့်စွပ်ထားသော မိုင်းလ်ဆဲဗင်း စီးကရက်တစ်လိပ်ကို မီးညှိထား၏ ။

သူ့နောက်တွင် အထက်အောက်အဖြူရောင် အနောက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းဝတ်စုံဝတ်ခါ နေကာမှန်မျက်အနက်များ တပ်ဆင်ထားသော လူထွားကြီးသုံးဦးဝန်းရံလာ၏။

သူတို့သည် ခန်းမတံခါးကိုဖွင့်၍ အထဲသို့ဝင်လာခဲ့ကြရာ အဖွဲ့ဝင်အားလုံး ထိုင်ရာမှထကာ အရိုအသေပြုလိုက်၏။ လောင်းကုတ်အညိုရောင် ဝတ်ထားသောပုဂ္ဂိုလ်ကြီးသည် စားပွဲထိပ်တွင် ရပ်လိုက်ပြီးနောက် မျက်မှန်ကိုဖြုတ်ခါ ပြုံးပြုံးရွှင်ရွှင်နှင့် ထိုင်ကြရန် ပြောလိုက်၏။

စင်စစ် အညိုရောင်လောင်းကုတ်နှင့် ပုဂ္ဂိုလ်ကြီးမှာ တစ်ခြားသူမဟုတ် သည်ဝေါလ်စတား ကုမ္ပဏီကြီး၏ ဒါရိုက်တာ ဦးဗလအောင်ပင်ဖြစ်၏ ။

ထိုချိန်တွင် သူ့အနားသို့ အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားသော မစ္စတာ ဒေါက်ကလပ်နိုးရောက်ရှိလာကာ မိတ်ဆက်စကားပြောရင်း နှုတ်ဆက်လိုက်ကြ၏ ။

ဦးဗလအောင်သည် မစ္စတာဒေါက်ကလပ်နိုးကို ဖက်လှဲတကင်း နှုတ်ဆက်လိုက်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့် ပြောဆိုလိုက်၏ ။

ထိုချိန်တွင် အဖွဲ့ဝင်အားလုံးက သူတို့နှစ်ဦး သဘောတူညီသည့်အသွင်လက္ခဏာကို မြင်ရသောအခါ လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးလိုက်ကြ၏။ ဦးဗလအောင်သည် စားပွဲပေါ်တွင် ထည့်ထားသော အအေးခွက်ကလေးကိုယူ၍ မစ္စတာ ဒေါက်ကလပ်နိုးထံပေးလိုက်သည်။ မစ္စတာဒေါက်ကလပ်နိုးကလည်း သူ့လက်ထဲမှ အအေးခွက်ကလေးကို ပေးလိုက်၏ ။



အားလုံးကြည်ကြည်နူးနူးနှင့် ဝမ်းပန်းတသာဖြစ်နေ၏။ ထို့နောက် မစ္စတာ ဒေါက်ကလပ်နိုးသည် သူ့တပည့်တစ်ဦးကို ခေါင်းညိတ်ခေါ်လိုက်၏။ တပည့်ဖြစ်သူသည် ငွေရောင်ဟစ်တာချီလောာ့က်စ်ကို ရင်ခွင်ထဲပွေ့လာပြီး မစ္စတာဒေါက်ကလပ်နိုးကို ပေးလိုက်၏ ။

ဦးဗလအောင်မှာ ဟစ်တာချီလော့စ်ကို စူးစူးရဲရဲကြည့်ရင်း ပြုံးစစလုပ်နေ၏။ ထိုစဉ် မစ္စတာ ဒေါက်ကလပ်နိုးက ဟစ်တာချီလော့စ်ကိုဖွင့်၍ ဦးဗလအောင်အားပြလိုက်၏။ ပတ်ကင်မဖြည်ရသေးသော ဟစ်တာချီလော့စ်ကို ဖွင့်၍ ဦးဗလအောင်အား ပြလိုက်၏၊ အရှက်စိမ်းအုပ်လိုက် . .။

ဦးဗလအောင်သည် ခေါင်းတညိတ်ညိတ်လုပ်ရင်း သူ့နောက်မှ တပည့်တစ်ဦးကို အချက်ပြလိုက်ရာ ထောင်ထောင်မောင်းမောင်းနှင့် လူကြီးကစားပွဲပေါ်မှ ဟစ်တာချီလော့စ်ကို ဝိတ်၍ယူလိုက်၏ ။

ထိုအချိန်တွင် ဦးဗလအောင်သည် လောင်းကုတ်ကြီးထဲသို့ ချတ်ကနဲ လက်နှိုက်လိုက်ပြီး တစ်စုံတစ်ရာကို လျှင်မြန်စွာဆွဲထုတ်လိုက်၏ ။

" ဟာ "

" အိုး ! ဂေါ့ "

" ဖောက်ဖောက် . . . ဖောက်ဖောက် "

" အား . . အီး . . အူး "

" ဖောက် . . . ဖောက် "



www.burmeseclassic.com

www.burmeseclassic.com

" အား "

ဦးဗလအောင် ဆွဲထုတ်လိုက်သည့်အရာက တခြားမဟုတ် လူ့အသက်ဇီဝိန်ကို ချွေဖြုတ်နိုင်သော လူဂါပစ္စတိုနှစ်လက်ပင် ဖြစ်၏၊ သေနတ်ကို ဘယ်ညာကိုင်ကာ ထရေပါပေါ်သို့ လက်ညှိုး ကလေးများတင်လိုက်ပြီး မစ္စတာ ဒေါက်ကလပ်နိုးကို ပစ်ချလိုက်၏။

ထိုနောက် သူ့ဘော်ဒီဂတ်များကို တဖောက်ဖောက်ပစ်ချ လိုက်၏။ သူ့နောက်တွင်ရပ်နေသော လူထွားကြီးများကလည်း ဦးဗလအောင် လှုပ်ရှားလိုက်သည်နှင့် ချက်ချင်းပစ္စတိုသေနတ်များ ဆွဲထုတ်လိုက်ပြီး စားပွဲရှည်ကြီးတွင် ပတ်ပတ်လည်ထိုင်နေကြသော သည်ဝေါလ်စတား အဖွဲ့ဝင်များကို တထောက်ထောက်ခလုတ်နှိပ် ရင်းပစ်ချလိုက်၏ ။

ပစ်ကွင်းက ပစ်မလွဲ၊ အနီးကပ်မို့တစ်ချက်ပစ် တစ်ချက်ထိ သည့်ပစ်ကွင်း အဖွဲ့ဝင်အားလုံး ကြမ်းပြင်ပေါ်တွင် အတုန်းအရှုန်း ကျကုန်၏။ မြင်ကွင်းက သွေးရဲရဲသံရဲရဲ မြင်ကွင်း . . .။

သူတို့စိတ်ကြိုက် ပစ်ခတ်ပြီးသည်နှင့် အခန်းထောင့်လေး ဘက်တွင် ကပ်မိုင်းများ တပ်ဆင်လိုက်၏ ။

တိုင်မင်ချိန်လိုက်ပြီးသည်နှင့် သူတို့အားလုံးအောက်သို့ ဆင်းလာ၏။ ထိုချိန်တွင် သင်္ဘောကြီး၏ထမင်းချက်ခန်း ထဲတွင် ချိမ်ကုတ် ထွန်းချိုတစ်ယောက် ချက်ရင်းပြုတ်ရင်းနှင့် ပန်ကန်စင်ဘေးတွင်တပ်ဆင်ထားသော တီဗွီကိုဖွင့်ကြည့်၏ ။

ထိုသို့ဖွင့်ကြည့်နေစဉ် ဦးဗလအောင်နှင့် အဖွဲ့၏လှုပ်ရှား မှုအလုံးစုံကို မြင်ရသောအခါ ပါးစပ်အဟောင်းသား ဖြစ်သွား၏။





ချက်ပြုတ်နေသည့်ကိစ္စပင် မေ့လျော့နေ၏ ။

စင်စစ် . . အပေါ်ထပ်ခန်းမ စားသောက်ဖွယ်ရာကိစ္စ အဝဝကို အလွယ်တကူ သိမြင်နိုင်ရန်အတွက် သူလုပ်ရသည့် ချိမ်ကုတ်အခန်းနှင့် ခန်းမဆောင်ကို တီဗွီတစ်လုံးနှင့် ဆက်သွယ် ထားခြင်းဖြစ်၏။ ယခုတော့ မြင်လိုက်ရသော မြင်ကွင်းကြောင့်သူ့ ပါးစပ်အဟောင်းသား ဖြစ်နေ၏ ။

ပို၍ကြောက်စရာကောင်းလှသည်မှာ အခန်းထောင့်တွင် ကပ်မိုင်းများတပ်ဆင်ထားသည်ကို မြင်လိုက်ရသောအခါ မျက်လုံး မျက်ဆန်ပြူးဖြစ်သွား၏။ ထိုအခါ ကိုယ်ပေါ်တွင် ဝတ်ဆင်ထား သော ချိမ်ကုတ်အဝတ်အစားကိုပင် မဝတ်နိုင်တော့ဘဲ သင်္ဘော နောက်ဘက်သို့ လျှို့ဝှက်လှေကားမှ အလျှင်အမြန်တက်လေရာ အခန်းတံခါးဖွင့်၍ထွက်လာသော ဦးဗလအောင်တို့လူစုကို တွေ့လိုက်ရသဖြင့် နီးရာအကွယ်အကာတစ်ခုတွင် အပြေး ဝင်ပုန်းလိုက်၏ ။

ဦးဗလအောင်တို့လူစု သူ့ရှေ့မှဖြတ်လျှောက်သွားသည် နှင့် ပုန်းကွယ်နေရာမှ ခန်းမကြီးထဲ အလျှင်အမြန်ဝင်လိုက်၏ ။

" ဟာ . . ဘုရား . . ဘုရား . . ရက်စက်လိုက်တာ ဘယ်လို တွေဖြစ်ကုန်ပါလိမ့် . . ဘုရား . . ဘုရား "

သွေးရဲရဲသံရဲရဲ မြင်ကွင်းကိုကြည့်ပြီး ပါးစပ် အဟောင်းသားဖြစ်နေ၏။ ထိုစဉ် ခြေသံများကြားလိုက်ရသဖြင့် သတိဝင်လာပြီး အခန်းထောင့်တွင် ရေဒါဖြင့်ရိုက်ကူးထားသော စီဒီဒစ်ကိုအမြန် ဆွဲထုတ်လိုက်၏ ။



www.burmeseclassic.com

www.burmeseclassic.com

" ဟော့ . . ဘာလုပ်တာလဲ "

" ဟင် "

" ဖောက် . . ဖောက် "

" ဟာ "

" မပြေးနဲ့ "

အခန်းထဲတွင် ခြေဦးလှည့်ဝင်လာသော ဦးဗလအောင်၏ ဘက်စ်မန်းတစ်ဦး၊ သူ့ကိုမြင်သည်နှင့် လက်ထဲကလူဂ္ဂါပစ္စတိုနှင့် ပစ်ချလိုက်၏။ ထွန်းချိုသည် စားပွဲရှည်ကြီးအောက်ထဲ လှိမ့်ဝင်လိုက်၏။ သေနတ်သံတွေက တဖောက်ဖောက်ညံနေဆဲ . .

ကြမ်းပြင်ပေါ်တွင် အတုံးအရုန်းလဲကျ သေဆုံးနေသော လူများကိုအကာအကွယ်ပြုရင်း လျှင်လျှင်မြန်မြန် ရှောင်တိမ်းခဲ့ရာ ပြတင်းပေါက်တစ်ခု အနားသို့ရောက်လာ၏။ ထိုစဉ် လူထွားကြီး ကလည်းသူ့နောက်သို့ တရှူးထိုးလိုက်လာကာ သေနတ်နှင့် တဖောက်ဖောက် ပစ်ခတ်နေဆဲ . .။

အခြေအနေက ကျဉ်းထဲကြပ်ထဲအခြေအနေ၊ စားပွဲ အောက်တွင် ဆက်နေလျှက် အသက်ဆက်ရှင်ဖို့မလွယ်မှန်း သတိ ထားမိ၏။ ထို့ကြောင့်လည်း ခုံအောက်မှ တစ်ပတ်လှိမ့်ထွက်လိုက်ရာ ပြတင်းပေါက်အနီးသို့ ရောက်လာ၏။

ထိုအခါ ခုံတစ်ခုအောက်ခြေကို ဖျတ်ခနဲဆုပ်ကိုင်လိုက်ပြီး ကြမ်းပြင်ပေါ်မှ တရှိန်ထိုးထရင်း သူ့ဆီသို့လွှားကနဲပြေးလာသော ငနဲသားကို ပစ်ပေါက်လိုက်၏။

" ဝုန်း . . ဖြောင်း "





" အား . . အား . . သေပေတော့ "

" ဖောင် . . ဖောင် "

ခုံကြီးက ငနဲသား၏မျက်နှာပေါ် ဒက်ထိကြီးထိုးဝင်သွား ၏၊ ရုတ်တရက်မို့ လူထွားကြီးမှမရှောင်နိုင်မတိမ်းနိုင်ဖြစ်ခါ နောက်သို့လန်ကျသွား၏။ ပါးစပ်မှပွစိပွစိဆဲဆိုရင်း လူးလဲထကာ လက်ထဲက သေနတ်ဖြင့် ထွန်းချိုကိုပစ်ချလိုက်၏ ။

သို့သော် ထွန်းချို၏လှုပ်ရှားမှုက သူ့ထက်နှာတစ်ဖျားသာ သွားသည်ဟု ဆိုရမည်ပင်၊ လူထွားကြီးက သေနတ်နှင့်လှမ်းအပစ် တွင် ပြတင်းပေါက်အပြင်သို့ ဒိုင်ဗင်ထိုးကာ လွှားကနဲခုန်ထွက် သွား၏။

တရှိန်ထိုး ခုန်ကျော်လိုက်သည်မို့ သင်္ဘောအပြင်ဝရန်တာ ထိုကျော်ကာ ပင်လယ်ထဲသို့ ဝါးလုံးထိုးပြုတ်ကျသွားလေ၏။

ထိုစဉ် လူထွားကြီးသုံးလေးဦး ရောက်လာပြီး သင်္ဘော လက်ရင်းမှီကာ ရေထဲသို့တဖောက်ဖောက် ပစ်ခတ်လိုက်၏။ ထွန်းချိုသည် ခေါင်းတစ်ချက်မဖော်၊ ရေအောက်သို့ငုပ်နိုင်သမျှ ငုပ်ဆင်းသွား၏ ။

သူ၏လျှင်မြန်လှသော လှုပ်ရှားမှုကြောင့် လူထွားကြီးသုံး ဦးမှာ တောက်တခေါက်ခေါက်လုပ်ရင်း နောက်ပြန်လှည့်သွားကြ လေ၏ ။

. . . . . . . . . . .

ထိုနောက် သူတို့လူစုသည် သင်္ဘောနောက်ဘက်လျှိုက် ခန်းတွင် စောင့်ဆိုင်းနေသော ဦးဗလအောင်ထံ ပြန်ရောက်လာ

ပိုးဆပ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ သူတို့အားလုံးစုံသည်နှင့် ဦးဗလအောင်သည် ခေါင်းတစ်ချက်ညိတ်ပြကာ ချက်ချင်းရေငုပ်ဝတ်စုံများ ပြောင်းလဲဝတ်ဆင်၍ လျှို့ဝှက်ထွက်ပေါက်မှနေ၍ ပင်လယ်ထဲသို့ ခုန်ဆင်းခဲ့ကြ၏ ။

သူတို့အားလုံး ပင်လယ်ထဲသို့ငုပ်လျှိုးဆင်းသက်ခဲ့ကြပြီး သင်္ဘောကြီးနှင့် ဝေးနိုင်အမျှဝေးအောင် ကူးခတ်ခဲ့ကြရာ ရေပေါ်တွင် ပေါလောမျောနေသော ရာဘာလှေကလေးဆီသို့ ရောက်လာကြ၏ ။

ထိုရော်ဘာလှေပေါ်သို့ တက်ခဲ့ကြပြီး ရီမုဒ်ကွန်တရိုးကို နှိပ်လိုက်ရာ မကြာမီ စပိဘုတ်အနက်ရောင် တစ်စင်းတစ်ဝေါဝေါနှင့် ရောက်လာ၏။ သူတို့အားလုံးလှေပေါ်မှ တဆင့်စပိဘုတ်ပေါ်တက် လိုက်ကြပြီး ချက်ချင်းစက်နိုးက ပင်လယ်ပြင်အရှေ့ဘက်သို့ တဝေါဝေါနှင့် မောင်းထွက်သွား၏။ ထိုသို့ မောင်းထွက်သွားပြီး မိနစ်ခန့်အကြာတွင် ‘ ဝိုက်ရှပ်စ် ’ သင်္ဘောကြီးဆီမှ မီးလုံးကြီးများ ဝုန်းကနဲ . . ထိုးတက်လာကာ ကြောက်စရာကောင်းလှသော ပေါက်ကွဲသံကြီးများ ပေါ်လာ၏ ။

ငရဲပွတ်သံကဲ့သို့ ပေါက်ကွဲသံကြီး ပေါ်ပေါက်လာပြီးနောက်တွင် သင်္ဘောကြီးသည် တစ်စစီအပိုင်းပိုင်းဖြစ်သွားကာ ပင်လယ်ထဲသို့ တအိအိနှင့် စုန်းစုံးမြုပ်သွားလေတော့၏ ။

⚓ ⚓ ⚓ ⚓ ⚓ ⚓



## အခန်း (၁)

လင်းနေမင်းတစ်ယောက် ဆွဲလက်စ ပန်းချီကားတစ်ချပ်ကိုကြည့်ရင်း အရသာခံနေ၏။ အလင်းအမှောင်၊ အတင်းအလျော့၊ အဖိအဖော့ စုတ်ချက်များနှင့် နေ့မနားညမနား ဇွာန်ဝင်ရေးဆွဲထားသည်မို့ ဟာကွက် ပျော့ကွက်ကိုရှာမရအောင် ဖြစ်နေ၏ ။

ထိုပြင် အဆိုပါပန်းချီကားကို သူကိုယ်တိုင်ရေးဆွဲခဲ့သည်မှ ဟုတ်ပါရဲ့လားဟုပင် သံသယဝင်နေ၏။ ထမင်းမစား၊ ဟင်းမစားနှင့်အခန်းထဲ သုံးလေးညခန့်ဝင်ကာ အာရုံအားလုံးမြုပ်နှံရေးဆွဲခဲ့သည့်လက်ရာမို့ ပန်းချီကားကို ကြည့်ရင်းအံ့သြနေ၏ ။

ပန်းချီကားကို “ သက်ငြိမ်အပြုံး ” ဟုအမည်ပေးထားပြီး



www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းနောက်ခံနှင့် တိုင်းရင်းသူကြီးတစ်ဦး၏ပုံကို ရေးဆွဲခဲ့ခြင်းဖြစ်၏။ နေဝင်လုစဲတွင် အလင်းရောင်မစို့မပို့က တိုင်းရင်းသူကြီး၏ပါးရိုးပေါ် ဖြာဆင်းနေ၏။ ကောက်ကြောင်းအရေးများနှင့် ပြည့်နှက်နေသော တိုင်းရင်းသူကြီး . . အလင်းတစ်ဝက်နှင့် စိုလက်နေသောချွေးပေါက်ကလေးများက သက်တန့်ရောင်ပြေးနေ၏။ မျက်ပေါက်ကျဉ်းကျဉ်းကလေးထဲတွင် အရည်လဲ့နေသော မျက်လုံးအစုံတွင် အဓိပ္ပါယ်မြောက်မြားစွာပါရှိသော အရိပ်အရောင်များနှင့်ပြည့်နှက်နေသည် ။

လင်းနေမင်းသည် သူ့ပန်းချီကားလေးကို အားပါးတရကြည့်ရင်း ထရစ်ပါဖိုက်စီးကရက်ကို မီးညှိဖွာရှိုက်ခါ ပန်းချီကားရှေ့တရင်းဘတ်ချ်ပေါ် လှဲချလိုက်၏ ။

" တီ . . တီ . . တီ "

ဆဲလ်ဖုန်းသံကြောင့် သူ့အာရုံတွေ ဖျပ်ခနဲရပ်တန့်သွား၏။ အနားရှိဆေးဘူးများတင်သော အလူမီနီယံ စားပွဲဝိုင်းပေါ်မှ ဆဲလ်ဖုန်းကိုယူ၍ စကားပြောခလုတ်ကို ဖွင့်ပြီးပြောလိုက်၏ ။

" လင်းနေမင်းပါ "

. . . . . . . . .

" ဗျာ ! ဟို . . ဖေဖေမလာဘူး . . ဟုတ်လား "

. . . . . . . . .

" ဟာ . . ဖေဖေအလုပ်တွေ ကျွန်တော်မှမဲ တာဗျ ကျွန်တော် အဲဒါတွေနားမလည်ဘူး အန်ကယ် ဦးလှချို အန်ကယ်ပဲကြည့်လုပ်လိုက်ပေါ့ . . "





. . . . . .

" လုပ်လိုက်ပါ . . ဖေဖေခရီးလွန်နေသလား မသိဘူး ကျွန်တော်ကို ပြောသွားတာတော့ တစ်ရက်နှစ်ရက် ကြာမယ်ပြောသွားတာပဲ "

. . . . . .

" ဟုတ်ကဲ့ "

စကားပြောခလုတ်ကို ပိတ်၍ဆဲလ်ဖုန်းကို ခုံကိုပစ်တင်ပြီး တရင်းဘတ်ချ်ပေါ် ပြန်လှဲချလိုက်၏ ။

စင်စစ် သူ့ဖခင်ဦးဗလအောင် ဘာတွေလုပ်နေသည်ကို သူမသိ၊ ပိုင်ဆိုင်မှု၊ ကြွယ်ဝမှုနှင့် ကျယ်ပြန့်သောအသိုင်းအဝိုင်းအင်အားကို သူနားမလည် သူ့ဖခင်ကြီး၏လုပ်ငန်းနှင့် ပတ်သက်၍ ဘယ်လိုမှခံစားရသည်မရှိ . . ။

သူ့ရင်ထဲ အသွေးထဲအသားထဲရှိနေသည်မှာ အနုပညာသာ ဖြစ်၏။ ကင်းဗတ်စ်၊ စုတ်တံ၊ ဆေးခွက်များ ပြီးတော့ အဖြူရောင် ဂစ်တာတစ်လက်တို့နှင့် ဘဝဖဲ့နေရလျှင် သူ့ဘဝတွင် ဘာမျှ မလိုတော့ . . ။

လူမှုန်းသိစကတည်းက ပန်းချီကားချပ်များ၊ ဂီတတေးသွားများကြား ယစ်မူးနစ်မြုပ်ခဲ့၏။ ဆေးရောင်စုံပက်ကြဲထားသော တင်းဗတ်များကို သူ့အခန်းပတ်ပတ်လည်တွင် ချိတ်ဆွဲထား၏ ။

ဆွဲလက်စ ပန်းချီကားများကို အခန်းထောင့်ကျွင် တဲ့ပြန့်နေ၏။ ဂစ်တာတစ်လက်နှင့် စပ်လက်စ သီချင်းစာရွက်တွေကလည်း ခုတင်ပေါ်တွင် မွစာကျဲနေ၏။ အနုပညာသည်

www.burmeseclassic.com

www.burmeseclassic.com

သူ့ဘဝ၊ အနုပညာသည်သူ့ကမ္ဘာ၊ အနုပညာသာ သူ့ဘဝ၏ လဲလျောင်းရာ ထိုအရိပ်အာဝါသအောက်တွင် သူယစ်မူးလွင့်မျောနေချင်၏။

အမှန်တော့ ဖခင်ကြီးကသူ့ကို စီးပွားရေးလောကတွင် ထိပ်ထိပ်ကျဲ ပုဂ္ဂိုလ်ကြီးဖြစ်စေချင်၏။ နိုင်ငံခြားတိုင်းပြည်များနှင့် စီးပွားရေးလုပ်ငန်းများကို ကမ္ဘာ့ကထပြု၍ ဆောင်ရွက်စေချင်၏။ ယခုလက်ရှိ ကုမ္ပဏီကြီးကိုလည်း ဦးစီးဦး ဆောင်ပြုစေချင်၏။ တစ်ဦးတည်းသော သားရယ်မို့ နိုင်ငံခြားသို့ သုံးလေးခေါက်မက စေလွှတ်ခါ စီးပွားရေးလုပ်ငန်းများကို လေ့လာသင်ယူစေ၏ ။

သို့သော် လင်းနေမင်းအတွက် ဖခင်ကြီးဖြစ်စေလိုသည့် အခြေအနေကို မဖန်တီးနိုင်ခဲ့၊ စီးပွားရေးလောကကို အာရုံထဲထည့်ထား၍မရ၊ သူ့အသွေးထဲ အသားထဲ လည်ပတ်စီးမျောနေသည်မှာ အနုပညာပင်ဖြစ်၏။ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောက်ခဲ့စဉ်နိုင်ငံခြား အနုပညာရှင်များ၏ ပန်းချီကားများ၊ ပန်းပုရုပ်များ၊ ဂီတတေးသွားများကြား ကြည်နူးပျော်ပိုက်ခဲ့၏။ ဖခင်ကြီးမှာ သူ့ဝါသနာကို တားဆီး၍မရမှန်း သိလာသောအခါ အနုပညာလုပ်ငန်းနှင့် စပ်လျဉ်း၍ စတီရီယိုအခန်းတစ်ခန်း တည်ဆောက်ပေးကာ အနုပညာနှင့် ပတ်သက်သောလုပ်ငန်းများကို ဖောက်ချလုပ်ကိုင်စေ၏ ။

ထိုပြင် . . ဖခင်ကြီးမှာ အသက်အရွယ်ရလာပြီးမို့ သူ့ကို အိမ်ထောင်ချပေးချင်၏။ သူ့မိတ်ဆွေ သူဌေးကြီးတစ်ဦး၏သမီး လေးနှင့် အိမ်ထောင်ပြုဖို့ပြောကြားလာ၏။ လင်းနေမင်းမှ အိမ်ထောင်သည်ဘဝကို မခံစားလိုသေး၊ ဖခင်ကြီးအစီအစဉ်နှင့် သူ့ထံ





ရောက်ရှိလာသော ကေရီနှင်းကို ကနဦးတွင် သူစိမ်းစိမ်းဆန်ဆန် ဆက်ဆံခဲ့၏ ။

သို့သော် ကေရီနှင်း၏အလှက ကဗျာဆန်၏။ စကားဝါနှစ်လိုကြည့်လှဲသော အသားအရည်၊ သောက်ရှူးကြယ်လိုဝင်းလှဲ့တောက်ရွှန်းသောမျက်လုံးအစုံ၊ ပန်းနုသွေးနှုတ်ခမ်းအစုံနှင့် နွဲ့နွဲ့အိအိကလေးနှင့် အလှရိပ်များ ဝင်းစိုနေသော ကေရီနှင်း . . ။

အကြည့်က တဖက်သား၏နှလုံးသားကို ဖမ်းစားညှို့ယူပစ်လိုက်နိုင်သလို အပြောအဆိုကလည်း ညင်ညင်သာသာနှင့် သိမ်မွေ့လှ၏။ သူပျော်ပိုက်မူးယစ်နေမိသော အနုပညာကမ္ဘာလေးထဲသို့ ကေရီနှင်း မကြာခဏရောက်လာတတ်၏။ သူ့၏ဆွဲလက်စပန်းချီကားများကို စူးစူးရဲရဲကြည့်ရင်း တွတ်တီးတွတ်တာဆိုတတ်၏ ။

ကနဦးမှတော့ ကေရီနှင်း သူ့ကမ္ဘာထဲဝင်လာမည်ကိုစိတ်ထဲတွင် တင်းတင်းကြပ်ကြပ်ဖြစ်ခဲ့ရ၏။ သို့သော် သူ့အပြောသူ့အပြုံးနှင့် ကဗျာဆန်လှသော လှုပ်ရှားမှုများကြောင့် လင်းနေမင်း၏အာရုံများ တမျိုးတမည်ဖြစ်ခဲ့ရ၏ ။

ယခုလည်း ကေရီနှင်းမလာသည်မှာ သုံးလေးရက်ခန့်ရှိပြီမို့ စိတ်ထဲကမျှော်နေမိ၏။ သူလာလျှင် လက်ဆောင်ထူးထူးဆန်းဆန်းလည်းပေးရန် ကြံရွယ်ထား၏။ အဆိုပါလက်ဆောင်က တခြားတော့မဟုတ် ကေရီနှင်း၏အလှကို အာရုံယူ၍ရေးဆွဲထားသောပန်းချီကား တစ်ချပ်ပင်ဖြစ်၏ ။

လင်းနေမင်းသည် တရင်းဘတ်ချ်ပေါ်မှ ထလိုက်ပြီး ကြက်သွေးရောင် ကတ္တီပါနှင့် ဖုံးထားသော ပန်းချီကားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်၍ ကြည့်လိုက်၏။ ပန်းချီကလေးကို ထောင့်အမျိုးမျိုးမှကြည့်ရင်း ကင်းဘတ်စကင်းလေးရှိ စားပွဲပုလေးတွင် ဝင်ထိုင်လိုက်ပြီး ထရစ်ပါဖိုက်စီးကရက် တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်၏ ။

တလွင့်လွင့်တက်သွားသော မီးခိုးငွေ့ကြား ကေရီနှင်း၏ အလှကပိုးတဝါး ဖြစ်သွားသော်လည်း အပြုံးရိပ်ကလေးထင်ကျန် နေဆဲ ..။

ပန်းချီကားလေးကို မော့ကြည့်ရင်း စားပွဲပေါ်မှ ဘီယာဗူး ကိုဖွင့်၍ တစ်ငုံမော့သောက်လိုက်၏ ။

" တီ .. တီ "

" လာပြီဟေ့ "

အခန်းတံခါးဘက်မှ အသံပေါ်လာသဖြင့် ခုံပေါ်မှထလိုက် ပြီး လျှောက်လာခဲ့၏။ စိတ်ထဲတွင် ကေရီနှင်းလာပြီဟုတွေးကာ ပီတိဝေနေမိ၏။ မတွေ့ရသည်မှာ သုံးလေးရက်ဆိုသော်လည်း သူ့ စိတ်ထဲတွင် ကြာလွန်းလှသည်ဟု ထင်မိ၏။ ထို့ကြောင့်လည်း အခန်းတံခါးဆီသို့ ခပ်သွက်သွက်လျှောက်ရင်း ဖွင့်ပေးလိုက်၏။

" ဟာ "

" မလှုပ်နဲ့နော် "

" ခင် .. ခင်ဗျားတို့ "

" တိတ်စမ်း .. အထဲဝင်စမ်း "

" ဟင် "

ရုတ်တရက် တံခါးဝမှပေါ်လာသော ပစ္စတိုတစ်လက်၏ ပြောင်းဝကိုကြည့်ရင်း လင်းနေမင်းပါးစပ်အဟောင်းသား ဖြစ်သွား





၏။ ထိုစဉ် အခန်းထဲသို့ လောင်းကုတ်အနက်ဝတ်ထားသော လူနှစ်ဦး ဝင်လာ၏။ သူတို့နှစ်ဦးစလုံး၏လက်ထဲတွင် ပြောင်လက် တောက်မှောင်နေသော ပစ္စတိုသေနတ်များ ကိုယ်စီကိုင်ထား၏။ ထိုအချင်းအရာကြောင့် လင်းနေမင်းနောက် တဆုတ်ဆုတ် ဖြစ်သွား၏ ။

ရှေ့ဆုံးမှဝင်လာသော အရပ်ထောင်ထောင်မောင်း မောင်း နှင့်ပုဂ္ဂိုလ်သည် သူ့လက်ထဲမှ ပစ္စတိုနှင့် ရင်အုံတည့်တည့်ကို ထိုးချိန်ရင်း ဝါးလုံးထိုးဝင်လာ၏။ လင်းနေမင်း စိတ်တွေအရမ်း လှုပ်ရှားသွား၏။ မကြုံဘူးသည့်အဖြစ်မို့ ထူးထူးဆန်းဆန်း ခံစား နေရ၏ ။

ထိုစဉ် ကင်တိုတို တုတ်တုတ်ခိုင်ခိုင်ရှိသော လောင်းကုတ် နှင့်သူဝင်လာ၏။ ကြည်ပြာရောင်တောက်နေသော နေကာမျက်မှန် တပ်ထားပြီး သူ့အနားသို့လျှောက်လာ၏။ လင်းနေမင်းသည် ကင်တိုတိုလူကိုကြည့်ရင်း စိတ်လှုပ်ရှားစွာနှင့် မေးလိုက်၏ ။

" ခင်ဗျားတို့က ဘာဖြစ်လို့ "

" တိတ်စမ်း .. လင်းနေမင်း .. မင်းမေးတာကိုဖြေဖို့ ငါတို့ရောက်လာတာ မဟုတ်ဘူးကွ .. တိတ်တိတ်နေစမ်း .. "

" ဗျာ "

" ငနောက် "

" ပြော .. အာစရိ "

" ဖမ်းချုပ်ပြီး .. ခေါင်းစွပ်ပစ်လိုက်ကွာ .. "

" ဟုတ်ကဲ့ "



www.burmeseclassic.com

www.burmeseclassic.com

" ဟင် . . ခင် . . ခင်ဗျားတို့ "

" ဟော့ကောင် လင်းနေမင်း ရှုတ်ရှုတ်သဲသဲတော့မလုပ်

နော် . . လုပ်တာနဲ့အပစ်ဘဲ "

" ဟင် "

ဂင်တိုတိုနှင့် လူ၏စကားသံက မာကျောလှ၏။ လှုပ်ရှား

ကလည်း မြန်ဆန်လှ၏။ ထောင်ထောင်မောင်းမောင်းနှင့် ငနော

ဆိုသောပုဂ္ဂိုလ်ကြီးက လင်းနေမင်းကို နောက်ဖက်မှ ဖမ်းချုပ်လို

ပြီး မျက်နှာပေါ်သို့ ခေါင်းစွပ်အနက်ကြီး စွပ်ချလိုက်၏ ။

ထိုအပြုအမူကြောင့် လင်းနေမင်းမှာ အလွန်အမင်းစိ

လှုပ်ရှားနေ၏။ ဘာကြောင့် ယခုလို ဖမ်းဆီးလာသည်ကိုလည်

မစဉ်းစားတတ်အောင်ဖြစ်နေ၏။ ထိုစဉ် နောက်ကသူကို အကြမ်

တမ်းဆွဲခေါ်ကာ အဆောက်အအုံ အနောက်ဘက်သို့ ခေါ်ထု

သွား၏ ။

" တက်စမ်းကွာ "

. . . . .

" ငနောက် . . သတိထားနော် "

" စိတ်ချ အာစရိ "

သူတို့ရပ်ထားသော အလုံပိတ်ကားပေါ် တင်ခိုင်းပြီးစ

နိုးကာ အနောက်ဘက်လမ်းမကြီးအတိုင်း မောင်းထွက်သွားလေ

လင်းနေမင်းမှာ ယခုလို ပြုမူလာပုံကို . . အံ့ဩနေ၏။ အမှန်တေ

ဗွီဒီယိုခွေများ၌သာ မြင်ဘူးတွေ့ဘူးခဲ့သော အတွေ့အကြုံ

လက်တွေ့ကြုံတွေ့လိုက်ရသဖြင့် စိတ်ထဲတွင် တုန်လှုပ်ချောက်ခြ



ခဲ့၏။ တကယ်တမ်းအားဖြင့် သူ့ဘဝက ပတ်ဝန်းကျင်နှင့်

ဆက်အသွယ်ကင်းမဲ့နေသည်ဟု ဆိုရမလိုပင် . . ။

ဒုစရိုက်လောကနှင့် ဆိုလျှင်ပို၍ဝေလာဝေးမျိုး နားမ

လည်နိုင်အောင်ခံစားနေရ၏။ ထိုအချိန်တွင် တရိပ်ရိပ်မောင်း

သော ကားကလေးသည် မြို့ပြင်အရှေ့ဘက်သို့ ရောက်ရှိလာပြီး

ကြီးတစ် ခြံထဲသို့ ဝင်လိုက်လေ၏ ။

" ဆင်းစမ်း "

" ခင်ဗျားတို့ . . ကျုပ်ကိုဘယ်ကိုခေါ် "

" လာစမ်းပါကွာ "

မေးမည်ကြံသော်လည်း မေး၍မရ၊ ငနောက်ကသူ့ကို

ဖက်ခါ ခေါင်းစွပ်ကိုချွတ်ပစ်လိုက်၏။ မျက်စိတွေ ပြာဆင်းသွား

၏။ အမှောင်ထဲ မိနစ်နှစ်ဆယ်ခန့် နေခဲ့ရသည်မို့ မျက်စိကို

ည်းဖြည်းချင်း ဖွင့်ကြည့်လိုက်ရ၏ ။

အိမ်အိုကြီးတစ်လုံး၊ စုလစ်မွန်းချွန်တို့နှင့် တဲ့ရှေ့အိမ်ကြီး

သားပင်၊ ရေနံရောင်ကလည်း မှိုင်းမှိုင်းဖျော့ရော့နေ၏။ အမိုး

အရှေ့ဘက်မှာလန်ထွက်နေ၏ ။

ခြံကြီးထဲတွင် သစ်ပင်ကြီးများ ခမ်းစိုစိုပေါက်နေပြီး

မြေပြင်ပေါ်တွင် ရွက်ခြောက်တွေဖွေးဖွေး လှုပ်နေ၏ ။

ငနောက်သည် လင်းနေမင်းကို ရှေ့မှသွားခိုင်းလိုက်

၏ စိတ်ထဲတွင်က မေးခွန်းတွေပြည့်နှက်နေ၏။ မေးလို့ရမည်

ထင်။ ထိုကြောင့် ဘေးဆီကိုကြည့်လိုက်ရာ အိမ်ကြီး

က်တွင် တောအုပ်ကြီးပိတ်ဆိုင်းနေသည်ကို တွေ့လိုက်ရ ။



www.burmeseclassic.com

www.burmeseclassic.com



ကျေးငှက်သရကာတို့၏ အသံဗလံများက ဆူညံနေ၏။ သူတို့လူစု အိမ်အိုကြီးပေါ်သို့ ကျွန်းလှေကားကြီးအတိုင်း တက်ခဲ့ကြ၏။ လှေကားထစ်များမှာ ဟိုတစ်စ ဒီတစ်စပြုတ်ထွက်နေ၏။ ကြာမြင့်လှပြီမို့ အရောင်မှာလည်း မွဲတေခြောက်ကပ်နေ၏။

အိမ်ကြီးအပေါ်ထပ်အရောက်တွင် ခန်းမကြီးတစ်ခုထဲသို့ ဝင်ခဲ့ကြ၏ ။

" လာကြပြီလား "

" ဟုတ်ကဲ့ဆရာကြီး . . ပါလာပါပြီ "

" ကောင်းတယ်ကွာ . . ကဲ ထိုင်ပါဦး ကိုလင်းနေမင်း "

. . . . . .

ဆိုဖာခုံပေါ်တွင် ခန့်ခန့်ညားညား ထိုင်နေသောလူကြီးတစ်ဦး၊ ရုတ်တရက်ကြည့်လျှင် ဝက်ဝံကြီးတစ်ကောင် ထိုင်နေသည့်အလားထင်ရ၏။ ဖိဂျာကက် ထူထူပွပွကြီးကိုဝတ်ခါ ဆေးတံရှည်ကြီးကို ဖွာရှိုက်နေသော အသက်လေးဆယ်ကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး ခန္ဓာကိုယ်က ထွားကြိုင်းဝဖြိုးနေပြီ မျက်နှာတစ်ခုလုံး ပါးသိုင်းမွှေးမုတ်ဆိတ်မွေးများနှင့် ရှုပ်ထွေးနေ၏ ။

မျက်နှာဝိုင်းဝိုင်း နှာခေါင်းတိုတို၊ မျက်လုံးပြူးပြူးနှင့် ဝက်ဝံကြီးတစ်ကောင်၏ မျက်နှာနှင့်တူလှ၏။ ထိုပုဂ္ဂိုလ်မှာဆေးတံထဲသို့ဆေးတစ်ဆုံးထဲလိုက်ပြီး မီးညှိဖွာရှိုက်ရင်း သူ့ကိုဖြူးစစနှင့်ကြည့်လိုက်၏ ။

" ကြောက်နေပြီလား . . လင်းနေမင်း "

" ဘာကိုကြောက်ကမှာလဲ . . ခင်ဗျားဘယ်သူလဲ ;



ဘာကြောင့် ကျုပ်ကိုဖမ်းသလဲ ပြောစမ်း . . ဒါ . . ဥပဒေမဲ့တိုင်းပြည် မဟုတ်ဘူးဗျ "

" ဟေ့ . . လုပ်လှချည်လားကွ . . မင်းစကားတွေကြားရတော့ ငါတောင်ဖြူသွားတယ် . . ဟင် . . ဟင် . စိတ်လျှော့လိုက်စမ်းပါလင်းနေမင်းရာ . . မင်းကို ငါတို့ခိုင်းတာလုပ်ပေးပြီးတာနဲ့ ပြန်လွှတ်မှာပါ "

" ဘာခိုင်းမလို့လဲ . . ခင်ဗျားတို့ကို ကျွန်တော်သိမှမသိဘဲ ဘာဖြစ်လို့ . . ကူညီရမှာလဲ "

" အော် . . တယ်လဲ စိမ်းကားတာကိုးကွ . . မင်းက ငါနဲ့မိတ်ဆွေဖြစ်ချင်လို့လား . . ဟား ဟား ဟား "

" ကျုပ်ကို . . မဆိုင်တာတွေပြောမနေနဲ့ "

" အောင်မယ် . . မင်းကများ ငါ့ကိုပြန်ခြောက်နေသလား မှတ်ထားကွ . . ငါနာမည် ကျော်ဇညားတဲ့ ဟဲဟဲ ဒုစရိုက်လောကမှာ မြွေနဂါးဇောဇညားဆို အားလုံးသိတယ် . . ကဲ . . ငါနာမည်သိပြီဆိုတော့ မင်း ငါခိုင်းတာ လုပ်ရမယ် "

" ဘာဗျ "

" ဟေ့ကောင် လင်းနေမင်း . . ငါ . . မင်းအဖေမဟုတ်ဘူးကွ . . မင်းလုပ်ချင်တဲ့ ၊ မင်းပြောရင်ဖြစ်တဲ့ နေရာမဟုတ်ဘူး မင်းကို ငါတို့ဖမ်းလာတာကွ . . "

" ဟင် . . ဘာဖြစ်လို့ဖမ်းရတာလဲ . . ခင်ဗျားတို့နဲ့ကျုပ်တာ ဘာပြဿနာမှ မရှိဘူး၊ ဆက်ဆံခဲ့တာလဲမဟုတ်ဘူး၊ ဘာလဲ ပိုက်ဆံလိုချင်လို့လား ပြော . . "



www.burmeseclassic.com

www.burmeseclassic.com

" ကြိုက်သွားပြီး လင်းနေမင်း မင်းစကားတွေက ကျောက်ခဲ ပဲကွ . . အင်း တစ်ခုတော့ရှိတယ်ကွ . . ဒါ မင်းမကြုံဘူး မတွေ့ဘူးတဲ့ နယ်မြေစိမ်းနော် . . တစ်လှမ်းမှားတာနဲ့ မင်းပြုတ်ကျသွား မယ် . . "

စောဗညား၏ စကားတွေက တဖက်သားစိတ်ဓါတ်ကို စိစိညက်ညက် ကြေသွားစေနိုင်၏။ မျက်နှာထားတင်းတင်းနှင့် ခပ်ကြမ်းကြမ်း ဟောက်ဟမ်း ပြောဆိုလာသောအခါ ဒေါသစိတ်ကြောင့် သူ့အသွင်က ကြောက်စရာကောင်းလှသည်။ မာန်ဖီနေသော ဝက်ဝံကြီး တစ်ကောင်အလား ပင်။

လင်းနေမင်းမှာ အနုပညာသမား ဖြစ်သော်လည်း သွေးနည်းလှသူ မဟုတ်၊ စောဗညားကို ခပ်ရဲရဲပြန်ကြည့်ရင်း ပြောဆိုပစ်လိုက်၏။

" ဒါ ဥပဒေမရှိတဲ့ နိုင်ငံမဟုတ်ဘူး ဦးစောဗညား . . ပြီးတော့ ရှုပ်ရှင်ရိုက် . . . "

" ဟော့ကောင် . . တိတ်စမ်း "

ခပ်ရဲရဲ ပြန်ပြောဝံ့သော လင်းနေမင်းကြောင့် စောဗညား ပေါက်ကွဲသွား၏။ မျက်နှာကြီးတစ်ခုလုံး ပန်းသီးမှည့်ကြီးလို ရဲတောက်လာပြီး ထိုင်ရာမှ ဝုန်းကနဲ ထရင်းပြောလိုက်၏။ သူ့အပြုအမူကြောင့် အခန်းထောင့်တွင် ရပ်စောင့်နေသော လူထွားကြီး တစ်ဦးရောက်ရှိလာသည်။

" ဆရာ . . ဘာ . . ဘာဖြစ်လို့လဲ "

" ဟော့ကောင် အထစ် "





" ပြော . . ပြောပါဆရာ "

" မင်း . . နဲနဲပုံစံပေးလိုက်စမ်းကွာ . . မြန်မြန်ခေါ်သွားစမ်းကွာ ဒီကောင်ကို ငါသတ်မိမယ် . . "

" ဟုတ် . . ဟုတ်ကဲ့ "

" ငနောက်နဲ့ . . ကုတ်ဝဲပါ ခေါ်လိုက် "

" ဟုတ် . . ဟုတ်ကဲ့ "

စကားထစ်နေသော လူထွားကြီးသည် ငနောက်နှင့်ကုတ်ဝဲတို့ လှမ်းခေါ်လိုက်ပြီး လင်းနေမင်းကို ဖမ်းချုပ်ခါ အိမ်ကြီးအနောက်ဘက် မြေအောက်ခန်းသို့ ခေါ်ချသွား၏။

လင်းနေမင်းမှာ သူတို့အလယ်တွင် ယုန်သူငယ်ပမာ နွားလည်ချာလည် ဖြစ်နေ၏။

မြေအောက်ခန်း ရောက်သည်နှင့် သူတို့သုံးဦး လင်းနေမင်း ကို နည်းပေါင်းစုံနှင့် နှိပ်စက်လေတော့၏။ ညာဘယ် ဝိုက်လက်သီး များ တဖုံးဖုံးကန်ထည့်လာသော ကန်ချက်များကြား လင်းနေမင်း လှိမ့်နေ၏။

နံစောင်းနှစ်ဘက်စလုံးလည်း ကျိုးသွားလုမတတ် ခံစားနေရ၏၊ မျက်နှာပြင် တစ်ခုလုံးလည်း ဖူးမောက်ဖောင်ကားကာ မျက်စိနှစ်လုံးပင် ဖွင့်၍မရတော့ . . .။

" ဘယ်လိုလဲကွ . . အရသာရှိရဲ့လား "

" အား . . ကျွတ် . . ကျွန် . . ခင်ဗျားတို့ . . မိုက်ရိုင်း "

" ဟာ . . ဒီကောင် . . ကဲကွာ "

" ဖုံး . . ဖုံး . . ခွပ် "

www.burmeseclassic.com



" အိုး . . . အား "

အထစ်က သူ့မျက်နှာကို ဖြတ်ကန်ပစ်လိုက်ရာ မြေပြင်ပေါ် သုံးလေးပတ်ခန့် လိမ့်ဆင်းသွား၏။ ပြင်းထန်လှသော ကန်ချက်ကြောင့် မျက်နှာတပြင်လုံး သွေးစတွေ ဖြာနေ၏။ ပါးစပ်လည်းမဟနိုင်တော့၊ မျက်စိလည်းမဖွင့်နိုင်တော့၊ နောက်ထပ်သုံးလေးချက်ခန့် အကန်ခံလိုက်ရသောအခါ လင်းနေမင်း မေ့မျောသွားလေ၏။

သူတို့သုံးယောက် လင်းနေမင်းကို စိတ်ကြိုက်နှိပ်စက်နေစဉ် မြေအောက်ခန်းဝမှနေ၍ စောဗညားရောက်ရှိလာ၏။

" သေအောင်လည်း မလုပ်ကြနဲ့အုံးကွ . . "

" မေ့နေတာပါ . . ဆရာဗညား "

" တော်ပြီ . . တော်ပြီ . . ဒီကောင်ဟာ ငါတို့အတွက် ရွှေပဲကွ . . အရမ်းလုပ်ချလိုက်လို့ ကျောက်ခဲဖြစ်သွားဦးမယ် . . ဟား ဟား ဟား "

" ဆောရီးပဲ ဆရာဗညား . . ကျွန်တော်တို့ နည်းနည်းလက်လွန်းသွားတယ် "

" ဒါဆို . . ဆေးလေးဘာလေး ထည့်ပေးလိုက်ကွာ "

" ဟုတ် . . ဟုတ်ကဲ့ "

" ပြီးရင် . . ငါ အဲဒီကောင်နဲ့ စကားပြောမယ် "

" ဟုတ်ကဲ့ "

ပြောပြောဆိုဆိုနှင့် လင်းနေမင်း၏ ခန္ဓာကိုယ်ကြီးကို ချီမကာ အိမ်ကြီးအပေါ်ထပ်သို့ ခေါ်လာပြီး ဆေးထည့်ပေးလိုက်၏။ ပြင်းထန်လှသော နှိပ်ကွပ်မှုကြောင့် လင်းနေမင်းခမျာ မျော့နေ၏။

သတိရလာသောအခါ သူ့ကိုယ်သူ ဘဝတပါးပြောင်းလဲသွားပြီဟုပင် ထင်မိ၏။ မျက်စိဖွင့်ကြည့်တော့လည်း ဖွင့်မရ၊ ခန္ဓာကိုလှုပ်ကြည့်တော့လည်း လှုပ်၍မရ ။

" ဘယ်လိုလဲ ကိုလင်းနေမင်း တော်တော်အရသာတွေ့နေပလားဗျ . . ဟဲဟဲ . . မပူပါနဲ့ဗျာ . . ကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေကိုတော့ ဒီ ဝီစကီလေးနဲ့ မြည်းကြည့်စမ်းပါ . . ကောင်းလိုက်မယ့်ဖြစ်ခြင်း တဲ . . ငနောက် . . သူ့ကိုထူလိုက်စမ်းကွ "

" ဟုတ်ကဲ့ "

" အား . . ကျွတ် . . ကျွတ် "

" ဟို . . တော်တော်ခံနေရခက်သကိုး ဟဲဟဲ . . မပူပါနဲ့ ဆေးတိုက်ပါ့မယ် "

စောဗညားသည် ငနောက်ကိုယ်ကိုမီ၍ ထလာသော လင်းနေမင်းပါးစပ်ထဲသို့ ဝီစကီနှစ်ပတ်ခန့် လောင်းထည့်ပေးလိုက်၏။

သူ့ရင်ထဲ အပူစီးကြောင်းကြီး မျောဆင်းသွားသလိုပင် . . သူမလုပ . . . တော် . . တော် " . . . လုံး၏ မျက်လုံးများ . . . တောက်လောင်နေ၏။

ယခုအချိန်တွင် သူတင်း၍ . . . ဂုပ်တစ်ပတ်ဆင့်၍ ပါးစပ်ထဲ . . . လာက . . . လည်း တစ်ကိုယ်လုံးရစရာ မရှိတော့၊ အသက်ပ . . .





www.burmeseclassic.com

www.burmeseclassic.com

" အား . . ခင် . . ခင်ဗျားတို့ ဘာ . . ဘာလိုချင် "

" အေး . . ဒီလိုမှပေါ့ လင်္ဂနေမင်းရာ . . ဘော်ဒါစိတ်ထားစမ်းပါကွာ . . ပြေပြေလည်လည်ပြောရင်း ဆင်တောင်အလကားဝယ်လို့ရပါတယ်ကွာ . . ဟား ဟား ဟား "

စောဗညားက သူ့စကားနှင့်သူ ရယ်ရယ်မောမော ဖြစ်နေ၏။ လက်ထဲတွင် ပြောင်လက်နေသော သေနတ်တစ်လက်ကိုင်ထားပြီး သေနတ်ပြောင်းကို ပါးနှင့်ပွတ်သပ်နေ၏။

" လင်းနေမင်း "

" ဘာလဲ . ."

" မင်း ငါခိုင်းတာလုပ်ပေးကွာ . . လုပ်ပေးမယ်ဆိုရင် . . မင်းအသား ထပ်နာစရာမလိုဘူးကွာ . . ဘယ်လိုလဲ "

" ဘာလုပ်ပေးရမှာလဲ "

" တစ်ခြားမဟုတ်ပါဘူးကွာ . . မင်းတို့ရဲ့ ဖမ်မလီရှေ့နေကြီး ဦးမိုးဘကျော်ကို ဒီကိုခေါ် လိုက်ပြီးတော့ သည်ဝေါလ်စတားကုမ္ပဏီ နဲ့ ပက်သက်ပြီး မင်းဖခင်ကြီးက မင်းကိုလွှဲအပ်ဖို့ စာချုပ်စာတမ်း တွေကို အဲဒီ ဦးမိုးဘကျော်ဆီက ယူပေးပါ၊ ဒါဆို . . ပြီးပြီလေ "

" ဟာ . . အဲဒီကိစ္စ ကျွန်တော်မသိဘူး၊ ဖေ...ကိစ္စကို ကျွန်တော်ဘာတစ်ခုမှ ဝင်ရှုပ်တာမဟုတ်ဘူး... ပြောမယ် " စာချုပ်စာတမ်းတွေ ဘာတွေလဲ ဂ... ရှိကိုမရှိဘူး . . " ...နေမင်း၏ ခန္ဓာကိုယ်ကြီးကို

" အဲဒါ ... ...ပ်သို့ ခေါ် လာပြီး ဆေးထည့်ပေးလိုက်





ကိစ္စတွေပဲ အရေးကြီးတာ မင်း ဦးမိုးဘကျော်ကို ဒီကိုခေါ် လိုက်ဖို့ပဲကဲ . . လွယ်လွယ်လေး ကိစ္စပါကွာ အသားမနာချင်စမ်းပါနဲ့ "

စောဗညား၏ ပြောလာသောစကားတွေကို လင်းနေမင်း နားမလည်။

သူဘာကိုမျှလည်း မသိပေ၊ ဖခင်ကြီးပေးခဲ့ ကမ်းခဲ့မည်ဆိုရင်တောင် ခေါင်းခါပစ်လိုက်မည့် လူတန်းစား ဘဝကို သူတစ်ပါးအားကိုးနှင့် အသက်မရှူလို၊ သူ့ပန်းချီပညာနှင့် နေထိုင်သွား၍ပင် ဘဝကို စိုပြေစွာနေနိုင်သည်ဟု သူယုံကြည်ခဲ့၏။

ယခုတော့ စောဗညားစကားတွေက သူ့အတွက် ခါးသီးလွန်းလှ၏။ အမွေဆိုသော စကားလုံးကို လင်းနေမင်းအရွံဆုံး၊ မိခင်ဖခင်ကြီးများ ရှာဖွေစုဆောင်းထားမှုကို သူမသုံးဖြုန်းလို၊ ယစ်လည်း မယစ်မူးချင်၊ အမွေဆိုသည်မှာ ထိုက်မှ . . ထိုက်သည်တိုင်အောင် လင်းနေမင်း မမျှော်လင့် . .။

သူ့ဘဝတွင် သူ့ကိုယ်သူ ယုံကြည်အားကိုးခြင်း ဆိုသည့်အချက်မှလွဲ၍ အခြားခပ်ညံ့ညံ့ အာရုံများမရှိ၊ ယခုတော့ စောဗညား၏ စကားတွေက အဆန်းတကြယ် ဖြစ်နေ၏။ သို့သော်ပေါ်ပေါက် လာသည့်အခြေအနေက ကျဉ်းထဲကြပ်ထဲအခြေနေ၊ သူမလုပ်လျှင် သူ့ကို ဇီဝိန်ချွေပစ်မှာ သေချာနေ၏။ သူတို့အားလုံး၏ မျက်လုံးများသည် လောဘအရိုးများ တလုံးလုံး တညီးညီးတောက်လောင်နေ၏။

ယခုအချိန်တွင် သူတင်း၍မဖြစ်သေး၊ ဒဏ်ရာတွေကလည်း တစ်ကိုယ်လုံးရစရာ မရှိတော့၊ အသက်ကိုရှင်သန်အောင်


www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားဖို့ ဆုံးဖြတ်ရင်း စောဗညားထံမှ ဆဲလ်ဖုန်းကိုယူ၍ သူ့တို့မိသားစု၏ အတိုင်အပင်ခံရှေ့နေကြီး ဦးမိုးဘကျော်အား အကျိုးအကြောင်းပြော၍ ခေါ်ယူလိုက်၏။

လင်းနေမင်း၏ စကားသံကို စောဗညားတို့လူသိုက် နားစွင့်ရင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြ၏။ စကားသံဆုံးသွားသောအခါ စောဗညားသည် လက်ခုပ်လက်ဝါး တီးလိုက်ပြီး ချီးကျူးလိုက်၏။

" လိမ္မာလိုက်တဲ့ . . လင်းနေမင်းကလေးရာ . . မင်းဟာ ကမ္ဘာပေါ်မှာ အနားလည်ဆုံး သတ္တဝါလေးတစ်ကောင်ပါပဲ "

" ဟုတ်ပါ့ဗျာ . . ဟုတ်ပါ့ "

" အင်း . . ဒီလိုမှပေါ့ကွာ . . ကဲ . . သူ့ကိုစားစရာ သောက်စရာတွေ ယူပေးလိုက်ဟေ့ လိုလေသေးမရှိစေနဲ့နော် "

" ဟုတ်ကဲ့ . . ဆရာဗညား "

" အေး အေး . . ကဲ . . ကျုပ်ကိုခွင့်ပြုအုံး လင်းနေမင်း"

ပြောရင်း ဝက်ဝံကိုယ်လုံးကြီးကို မနိုင်တနိုင် သယ်၍ အခန်းအပြင်သို့ ထွက်သွား၏။ ငနောက်နှင့် အထစ်သည် စောဗညား၏အမိန့်အတိုင်း လင်းနေမင်း၏ရှေ့သို့ စားသောက်ဖွယ်ရာများယူလာ၏။

" ဟော့ဒါ . . ဟမ်ဘာဂါ၊ ဟော့ဒါ အသားကင်၊ ဟော့ဒါ ဘာရာဗီး ဝီစကီ . . မင်းစိတ်ကြိုက်စားပေတော့ လင်းနေ ‌ . ငါတို့ အခန်းအပြင်မှာရှိမယ် "

ငနောက်တို့လူစု အခန်းထဲမှထွက်သွား၏။ လင်းနေမင်း





. . . တစ်ကိုယ်လုံး အကန်အကြောက်ခံထားရသဖြင့် နာကျင်ကိုက်ခဲနေ၏။ စောစောက စောဗညားဖွင့်တ် အခွမတိုက်ထားသည့် ဝီစကီ အရှိန်ကြောင့်လည်း နေသာထိုင်သာရှိနေ၏။

မီးခိုးငွေ့ပြာပြာကလေးများက တလွင့်လွင့် ဖွာတက်သွား၏။ သူ့ဘာကိုမျှ မစဉ်းစားတတ်တော့၊ ဘာကြောင့် စာချုပ်စာတမ်းများကို စောဗညားကလိုချင်သလဲ၊ ဖခင်ကြီးသက်ရှိထင်ရှား ရှိသေးသည့်အချိန်တွင် ယခုလို သူနှင့်ပက်သတ်နေသည့် စာချုပ်စာတမ်းများ ရယူလိုသည်မှာ အံ့သြစရာပင် . . . .

ထိုအခြေနေနှစ်ရပ်ကြား . . တစ်ခုခုကွာဟနေသလိုပင်၊ အဆက်အစပ် ကင်းမဲ့လှသော လုပ်ရပ်တစ်ခု . . သို့သော် သူတို့ ယုံရှားမှုက အဖွဲ့အစည်းနှင့်မို့ . . လင်းနေမင်း ခေါင်းစားသွား၏။ သူနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများ အမြန်လိုချင်လှသည်ဆိုတော့ သူ့ဖခင်ကြီး၏ အခြေနေကို ပူပင်မိလာ၏။

ထို့ကြောင့်လည်း စောစောက ဆဲလ်ဖုန်းကိုရှာတော့ စားပွဲပေါ်တွင် မမြင်ရတော့ချေ၊ စိတ်ထဲတွင် ဖခင်ကြီးအတွက် ပူပန်လာ၏။

စီးပွားရေးကိုသာ ဘဝထင်ထားသော ဖခင်ကြီး၊ အမြဲတမ်း စာရင်းဇယားများကြားတွင် တိုးပွားလာသော ကိန်းဂဏန်းများ ကြည့်၍ ယစ်မူးကြည်နူးနေတတ်သောဖခင်ကြီး၊ ယခုလည်း ထိုင်းအကြောင်းအချက်များနှင့် ပတ်သက်၍ ပြဿနာပေါ်ပေါက်လာပြီလားဟု လင်းနေမင်းတွေးမိ၏။

စိတ်တွေ ကယောင်ချောက်ချား ဖြစ်လာ၏။ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com

လောကထဲ . . ဘဝတစ်ခုလုံး နှစ်မြှုပ်နေသော ဖခင်ကြီးဖြ
ပေမယ့် သူ့ကို အမြဲတမ်းဂရုတစိုက်ရှိလှသော ဖခင်ကြီး၊ တ
ပတ်လျှင် ဆဲလ်ဖုန်းနှင့် မကြာခဏဆက်ခါ သား၏ကျန်းမ
ရေး၊လုပ်ငန်းကိုင်ငန်းများကို စိုးရိမ်တကြီး မေးမြန်းတတ်သေ
ဖခင်ကြီး . . .

ထိုဖခင်ကြီး ကွယ်ပျောက်သွားမှာ သူထိတ်လန့်နေ
သူလည်းအရွယ်ရောက်ပြီမို့ ဖခင်ကြီးကို အားကိုးသမှုမပြုလိုတေ
သို့သော် . . ဖခင်ကြီးရှိသေးပါလား အသိကြောင့် သူ့ရင်ထဲမှ
ချမ်းမြေ့ခဲ့ရ၏။ ကြည်နူးခဲ့ရ၏။

ယခုတော့ သူချစ်ခင်တွယ်တာခဲ့ရသော ဖခင်ကြီး ဘာတ
ဖြစ်နေပြီးလဲ၊ စိတ်ထဲတွင်မရဲတရဲ တွေးကြည့်ရင်း ပူပန်သောကတ
ယှက်ဝေလာရ၏။

ထိုစဉ် လက်ကြားတွင်ညှပ်ထားသော စီးကရက်တိုကြော
သူသတိဝင်လာ၏။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်နေ
စားပွဲပေါ်မှ ဝီစကီပုလင်းကို အဖုံးဖွင့်၍ နှစ်ပတ်ခန့်ထည့်လိုက်ပြ
ဆော်ဒါနှင့်ရေခဲရောကာ တစ်ငုံမော့လိုက်၏။

ထိုစဉ် အခန်းထဲသို့ အထစ်ဝင်လာ၏။ လင်းနေမင်းသည်
အထစ်ကို တစ်ချက်မော့ကြည့်ရင်း စီးကရက်တစ်လိပ် ထုတ်ခါဖွ
လိုက်၏။

" ကိုလင်း . . လင်းနေမင်း "

" ဘာလဲ "

" ကျွန် . . ကျွန်တော်နဲ့ . . လိုက် . . လိုက်ခဲ့ "





" ဘယ်ကိုလဲ "

" တိတ် . . တိတ်စမ်း . . လိုက် . . လိုက်ဆိုလိုက်ခဲ့ . . ဒီမှာ . . တွေ့လား "

အထစ်က ခါးကြားတွင် ထိုးထားသော ပစ္စတိုကိုထုတ်၍ ပြလိုက်၏။ လူ့အသက်ကို စက္ကန့်ပိုင်းအတွင်း ခြေဖျက်နိုင်သည့် သေနတ်တစ်လက် . .

အထစ်သည် ပစ္စတိုကို တသသလုပ်ရင်း ခုတင်ပေါ်မှ ထရန် အမိန့်ပေးလိုက်၏။ ကန်ထားကြာက်ထားသဖြင့် ခုတင်ပေါ်မှ ထလိုက်သည်နှင့် ယိုင်လဲမတတ်ဖြစ်နေ၏။ အထစ်သည် သူ့ကိုဆွဲလိုက်ပြီး အိပ်ခန်းထဲမှ ခေါ်ထုတ်ခဲ့၏။

လင်းနေမင်း၏ စိတ်ထဲတွင် သူ့အသက်ထက် ဖခင်ကြီး၏ အသက်က ပို၍အရေးကြီးသဖြင့် အလိုက်သင့်နေသွားရန် ဆုံးဖြတ်လိုက်လေ၏။

⚓ ⚓ ⚓ ⚓ ⚓ ⚓


www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

" ဟာ . . မောင်လင်းနေမင်း ဘယ် . . ဘယ်လိုဖြစ်တာလဲကွယ် . . တစ်လုံးလုံးလဲ . . ဖူးယောင်လို့ပါလား "

အိမ်ကြီး၏ဧည့်ခန်းတွင် ထိုင်နေသော အတိုင်ပင်ခံ ရှေ့နေကြီး ဦးမိုးဘကျော်၊ သူ့အသွင်အပြင်ကိုကြည့်ပြီး မျက်လုံးအပြူးသားနှင့် ပြောလာ၏။ လင်းနေမင်းသည် အမှန်အတိုင်းဖွင့်ပြောရန်မသင့်သေး၍ စကားကိုဘေးလွှဲပြီး ပြောလိုက်၏။

" လိမ့်ကျထားလို့ပါ . . ဦးလေး ဘကျော် "

" ဟော့ . . စိတ်မကောင်းစရာပါလားကွာ . . ဒါထက်ဒီကို"

" ဟုတ်ကဲ့ . . ပြောပါ့မယ် "





လင်းနေမင်းသည် ဦးမိုးဘကျော်၏ အရှေ့ဘက်တွင် ၍ ထိုင်လိုက်၏။ ထိုအချိန်တွင် အခန်းထဲသို့ စောဗညား လှသိုက်ဝင်လာ၏။ အထစ်သည် ဧည့်ခန်းတံခါးမကြီးကို လိုက်ပြီး သူ့ဆရာကို အချက်ပေးလိုက်၏။ စောဗညားသည် ဖြဲဖြဲမျက်နှာကြီးနှင့် တဟဲဟဲလုပ်ရင်း ကုလားထိုင်တွင် ၍ထိုင်လိုက်၏။

" ဘယ်လိုလဲ . . ဦးမိုးဘကျော် . . နေကောင်းတယ်နော်"

" ဗျာ . . ခင်ဗျားတို့က ဘယ်သူတွေလဲ . . ကျွန်တော်ကို နေကြလို့လား "

"ဟာ . . မသိဘဲနေပါ့မလားဗျာ . . ခင်ဗျားလို င်းကျော် ပြည်ကျော် ပုဂ္ဂိုလ်ကြီးကိုမသိရင် ကျွန်တော်တို့တတွေ း ပဲလို ပြောခံရမှာပေါ့ . . မဟုတ်ဘူးလင်း လင်းနေမင်း "

. . . . . . . . . . .

စောဗညား၏စကားသံက လှောင်သံစွက်နေသည်မို့ ဘကျော်မှာ သံသယစိတ်တွေ တဖွားဖွားပေါ်လာ၏။ လင်းနေ ၏ အသွင်အပြင်နှင့် စောဗညား၏အမူအရာတို့ကို ဦးမိုး ကျော်၏ စိတ်ထဲစနောင့်စနင်း ဖြစ်နေ၏။

" နေပါဦး ခင်ဗျားတို့က ခုကိစ္စနဲ့ပတ်သက်ပြီး အကျိုး ကြောင်းရှိနေလို့လား "

" သိပ်ဟုတ်တာပေါ့ ရှေ့နေကြီးရာ . . လင်းနေမင်းက နှ်တော့ညီလေးလေ . . ဒီတော့ ပတ်သက်ရာပတ်သက်ကြောင်း တာပေါ့ဗျာ "



www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . သေချာလား . . မောင်လင်းနေမင်း "

" အော် . . အင်း . . ဟုတ် . . ဟုတ်ကဲ့ "

" ဟဲ ဟဲ . . ကျုပ်မပြောဘူးလား ရှေ့နေကြီးရဲ့ . . အရေးကြီးတာ ရှေ့နေကြီးလုပ်စရာရှိတာ လုပ်ဖို့ပဲလိုတယ် "

စောဗညား၏စကားတွေက မောက်မာရင့်သီးလှ၏။ အပြောအဆို အမူအရာကအစ မရိုးသားသည့်အသွင်သဏ္ဌာန်များ ပေါ်လွင်နေသည်။ ဦးမိုးဘကျော်၏သံသယစိတ်က ပို၍ကြီးထွား လာ၏။ သို့သော် ပညာတတ်ပီပီ ရင်ထဲတွင် အစိုင်အခဲဖြစ်လာ သော သံသယတွေကို မြိုသိပ်ရင်း သူ့လုပ်ငန်းကို ရှင်းပြလိုက်၏။

" ကဲ . . ပြောပါဦး မောင်လင်းနေမင်း . . ဘာလိုကြောင့် စာချုပ်စာတမ်းတွေ ယူချင်ရတာလဲ . . တကယ်ဆို ဒီစာချုပ် စာတမ်းတွေဟာ မင်းဖခင်ကြီးမရှိမှ . . ဦးက မင်းကိုလွှဲပေးရမှာကွ အဲဒါ . . မင်းလုပ်ပုံကို ဦးနားမလည်ဘူး ပြီးတော့ . . လုပ်နည်း လုပ်ဟန်လည်းလွဲနေတယ်ကွ "

" ဟုတ် . . ဟုတ်ကဲ့ . . ဒါပေမယ့် ဦး . . ဟို . . ကျွန်တော်မှာ အရေးတကြီးကိစ္စ "

" ဟာ . . မဆိုင်ဘူးလေကွာ "

ဦးမိုးဘကျော်က လင်းနေမင်း၏ စကားကိုခါးခါးသီးသီး ငြင်းဆန်လိုက်၏။ ထိုစဉ် စောဗညားက သူတို့ပြောဆိုနေသည့် ကြားသို့ဝင်လာ၏။

" ခင်ဗျားဟာ ရှေ့နေပီပီ တယ်ပြီး လျှာရှည်သကိုး . . သူတောင်းတာကို . . ပေးစရာရှိရင် ပေးလိုက်ပေါ့ဗျာ၊ သူဟာ





"သည်ဝေါလ်စတား" ကုမ္ပဏီဒါရိုက်တာ ဦးဗလအောင်ရဲ့ အစ်ဦးတည်းသော သားပဲဟာ . . ဘာမယုံစရာရှိလို့လဲဗျ "

" ဒီမှာကိုယ်လူ ဒီကိစ္စအရမ်းဝင်မပြောနဲ့ဗျ . . စာချုပ် စာတမ်းတွေက ဥပဒေနဲ့ ချုပ်ကိုင်ပြီး စနစ်တကျလုပ်ထားတာဗျ ရောအင့်ဆိုပြီး . . ပေးချင်တိုင်းပေးလို့ မရဘူးဗျ . . "

" အော် . . ဟား ဟား ဟား . . တော်တော်စည်းကမ်း ကြီးတဲ့ ရှေ့နေကြီးပဲကိုး . . အေးလေ . . ရှေ့နေရှေ့ရပ်ရဲ့အလုပ်က ဝင့်နှိုတုံးနဲ့ ခါးကြားကအသားကို ဆွဲစား . . "

" ဟေ့လူ . . တိတ်စမ်း ခင်ဗျားကျုပ်ကို ဘာမှတ်နေသလဲ ကျုပ်ဟာ တရားဥပဒေကို လေးစားမြတ်နိုးတဲ့၊ ဥပဒေကိုရှိသေတဲ့၊ ဥပဒေကို အားပြုတဲ့ရှေ့နေဗျ . . ခင်ဗျားရဲ့ ပေါက်လို့ပဲစားစကား တွေကို ရပ်စမ်း "

" အော် . . ကြောက်စရာကောင်လှချည်လားဗျာ ကဲ . . လင်းနေမင်းကိုယ်စား ကျုပ်ပဲပြောပါ့မယ် . . ခင်ဗျား လင်းနေမင်း တောင်းနေတာကို ပေးမလား မပေးဘူးလားပြော "

" ဘာ "

စောဗညား၏စကားလုံးတွေက ဒေါင်ဒေါင်မြည်နေ၏။ မြတ်သားမာကြောလွန်းလှပြီး ဦးမိုးဘကျော်၏ နားထဲတွင် ခါးသီး နေ၏။ သူ့ရှေ့နေ သက်တမ်းတစ်လျှောက်တွင် ယခုလိုရင့်ရင့် သီးသီး တစ်ခါမျှ မဆက်ဆံခဲ့ရဘူးသဖြင့် မကျေနပ်စိတ်တွေ ပေါက်ကွဲ သွား၏။

ထိုကြောင့်လည်း စောဗညားကို စူးစူးရဲရဲ ပြန်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com

သွေးအေးအေးနှင့် ပြောချလိုက်၏။

" ကျုပ်မပေးနိုင်ဘူးဗျ . . ခင်ဗျားတို့ကြိုက်တဲ့ . . နေရာက ပြောပေတော့ "

" ဘာ . . ခင်ဗျား . . စကားတွေ ဒါအကုန်ဘဲလား "

" ဟုတ်တယ် ကျုပ်ပြန်မယ် "

" အော် . . ဒီလိုကိုး . . ဟား ဟား ဟား "

ဦးမိုးဘကျော်သည ဒေါသတကြီးနှင့် ထိုင်ရာထလိုက်၏ ထိုစဉ် စောဗညားသည် တဟားဟားအော်ဟစ်ရယ်မောရင်း ဖရိုးဂျာကက်ထဲမှ သေနတ်ကိုဆွဲထုတ်၍ ဦးမိုးကျော်ကို ချိန်ရွယ်လိုက်၏။

" ဟာ . . မင်းတို့ . . လူ . . လူဆိုးတွေလား "

" ဟား ဟား ဟား လူဆိုးဟုတ်လား . . ခင်ဗျားစကားတွေ အံချော်နေပြီ . . ဦးမိုးဘကျော် ကျုပ်တို့က တဖက်ကကောင်းရင်း ကျုပ်တို့ကကောင်းတတ်တဲ့ လူကောင်း လူလိမ္မာတွေပါဗျာ. . အေး . . တဖက်က ခါးသီးလာပြီဆိုရင်တော့ ဟဲ ဟဲ ကျွန်တော်တို့က ဒါနဲ့ပဲပြောတတ်ပါတယ် . . မြင်ပါတယ်နော် ဦးမိုးဘကျော် . . အေးအေးဆေးဆေး ပြန်ထိုင်လိုက်စမ်းပါဗျာ . . ဒီနေရာမှာ ဥပဒေလည်းမရှိဘူး၊ လက်ထိပ်လဲမရှိဘူးဗျ . . ဟင်ဟင့် . . ရှိတာ ဟောဒီသေနတ်ကလေးဘဲလေ စက္ကန့်ပိုင်းအတွင်း ခင်ဗျားဟာ ကူးတို့သမားကြီးဆီ သွားချင်လို့လား . . သွားချင်ရင် ခင်ဗျား ပါးစပ်ထဲဦးဆုံး ကူးတို့ခလိုတယ်နော် . . အဲဒီကူးတို့ခကတော့ ဟောဒီသေနတ်ထဲက ကျည်ဆံပဲ "





. . . . . . . . . . . . . . . .

စောညွှား၏စကားသံ ကြမ်းရှရှကြား ဦးမိုးဘကျော်ငြိမ်ကျသွား၏။ ခုံပေါ်တွင် ပြန်ထိုင်ရင်း နဖူးကျယ်ကျယ်ကြီးပေါ်တွင် စို့ထွက်လာသော ချွေးသီးချွေးပေါက်များကို လက်ကိုင်ပုဝါဖြူဖြူနှင့် သုတ်လိုက်၏။

" ကဲ . . ဘယ်လိုလဲ ဦးမိုးဘကျော် . . ခင်ဗျားဆီမှာ ကိုလင်းနေမင်း လိုချင်တာအသင့်ပါလာသလား . . ပြောလေဗျာ"

" ပါ . . ပါတော့ပါပါတယ် . . ဒါပေမယ့် ဦးဗလအောင်နဲ့ . . မပြောရသေးတော့ "

" အဲဒီကိစ္စ ဘေးချိတ်လိုက်စမ်းပါဗျာ . . အရေးကြီးတာ ခင်ဗျား စာချုပ်စာတမ်းတွေပါတဲ့ ဟစ်တာချီလော့စ်ကို စားပွဲပေါ် တင်လိုက်ပါ . . "

" ဗျာ . . ဒါ . . ဒါတော့ "

" တင်ဆိုတင်လိုက်ဗျာ . . ကျုပ်ပြောတာကြာတယ်နော် စကားတွေ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး ဦးဘကျော် . . ခင်ဗျားရဲ့ တုန့်ပြန်မှု အဖြူအမည်းကိုပဲ ကျုပ်ကြည့်ချင်တယ် "

စောဗညားစကားကြောင့် ဦးမိုးဘကျော် ခေါင်းစားသွား၏။ စာချုပ်စာတမ်းများကို လက်လွှတ်စပယ် ပေး၍မဖြစ်သေး၊ ဥပဒေကျကျ၊ စည်းစနစ်မှန်မှန်နှင့် ရေးသားချုပ်ဆိုထားသော စာချုပ်စာတမ်းများ ဖြစ်သည့်အပြင် သိန်းထောင်ချီ၍ တန်ဖိုးရှိလှသော စာချုပ်စတမ်းများမို့ သူတွေဝေနေ၏။ ရှေ့တွင် ငူငူကြီးထိုင်နေသော လင်းနေမင်းကိုကြည့်ပြီး သူမချိတင်ကဲဖြစ်နေ၏။


www.burmeseclassic.com

www.burmeseclassic.com

အခြေနေက သံသယဖြစ်စရာ အကောင်းဆုံးအခြေအနေ၊ သူခါးခါးသီးသီးပြုမူလိုက်လျှင် စောဗညားဆိုသော လူမိုက်က လက်တုန့်ပြန်လာမှာ သေချာလေ၏။ သူဘာဆက်လုပ်၍ လုပ်ရမှန်း မသိတော့ ။

ထိုစဉ် သူ့နားထင်းသို့ အေးစက်မာကျောသော သေနတ်ပြောင်းဝတစ်ခု ထောက်လာ၏။

" တင်လိုက်လေဗျာ "

" ဟင် "

" ထောက် "

" ဟာ . . ဟုတ် . . ဟုတ်ကဲ့ "

စောဗညားက သေနတ်ထရေဂါလေးကို လက်ညှိုးလေးနှင့် ထောက်ခနဲဖမ်းတင်လိုက်၏။ ဦးမိုးဘကျော် ပြာရာခတ်သွား၏။ ခုံဘေးကြမ်းပြင်တွင် ချထားသော ဟစ်တာချီလော့စ်ကို အလျှင်အမြန်ယူ၍ စားပွဲပေါ်တင်ပေးလိုက်၏။ ထို့နောက် စောဗညားဘက် သို့ လှည့်ကြည့်ရင်း . .

" ကျုပ် . . ကျုပ်ပြန်လို့ရမလား "

" အိုး . . ရပြီးပေါ့ဗျ . . ရပါပြီ . . ကျုပ်စကားကို လိမ်လိမ်မာမာ နားထောင်ခဲ့သူမို့ သွားနိုင်ပါပြီး . . "

" ဟုတ် . . ဟုတ်ကဲ့ "

ဦးမိုးဘကျော်သည် ထိုင်ရာမှ ခပ်သွက်သွက်ထလိုက်ပြီး လှင်းနေမင်းကို တစ်ချက်လှမ်းကြည့်လိုက်၏။ ထို့နောက် အရှေ့ဘက်တံခါးမကြီးသို့ ခပ်သွက်သွက်လျှောက်သွား၏။ စောဗညားသည် ဦးမိုးဘကျော်၏ကျောပြင်ကို ပြုံးစစနှင့်လှမ်းကြည့်ရင်း လက်ထဲက သေနတ်ကို သူ့ကျောပြင်တည့်တည့်ဖမ်းချိန်ရင်း . . ခလုတ်ကလေးကို ဆွဲချလိုက်၏။





" ဖောက် "

" အား . . အွး "

" ဟား ဟား ဟား ကြွပေဦးတော့ ဦးမိုးဘကျော်ရေ . . ဟား ဟား ဟား "

" ဟာ . . ခင် . . ခင်ဗျားတို့ "

မြင်ကွင်းကြောင့် လှင်းနေမင်း ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရ၏။ စောဗညားမှာ မီးခိုးတငွေ့ငွေ့ ထွက်နေသာပစ္စတို ပြောင်းဝကို ရှူရှိုက်လိုက်၏။ ထိုအချိန်တွင် ရှေ့နေကြီး ဦးမိုးဘကျော်မှာ ခန်းမကြီး၏ တံခါးဝရှေ့တွင် မှောက်ခုံကြီးလဲကျကာ အသက်ပျောက်သွားလေ၏။

ငနောက်တို့လူစုမှာ စောဗညား၏ လုပ်ရပ်ကို ဝမ်းသာအားရဖြစ်နေကြ၏။

ထိုစဉ် စောဗညားက ဂျာကင်အင်္ကျီထဲမှ ပိုက်ဆံထုတ်ကို ယူ၍ ငနောက်ဆီပစ်ပေးလိုက်၏။

" ရော့ . . အဲဒီပိုက်ဆံမှုပြီး မင်းတို့အလုပ် မင်းတို့လုပ်ကြပေတော့ "

" ဟုတ်ကဲ့ . . ဆရာဗညား "

ရှေ့နေကြီး ဦးမိုးဘကျော်၏ သက်မဲ့ခန္ဓာကြီးကို ငနောက်တို့လူစု ထမ်းပိုးလိုက်ကြပြီး အိမ်ကြီးအပြင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com

မထုတ်သွားကြ၏။

စောဗညားကတော့ သူကိုတစ်ချက်ကလေးပင်မကြည့် စားပွဲပေါ်တွင်ရှိနေသော ဟစ်တာချီလော့စ်ကို ဖွင့်ကာအထဲ စာရွက်စာတမ်းများကို ကြည့်လိုက်၏။

" အင်း . . အားလုံးပြည့်ပြည့်စုံစုံပါလာတာ တော်ပါသေးရဲ့ တော်တော်အလိုက်သိတဲ့ ရှေးနေကြီးပဲကိုး . . ဒါကြောင့်လဲ . . ဘဝကူးကောင်းအောင် . . မြန်မြန်လုပ်ပေး လိုက်ရတာပေါ့လေ . . ဟား ဟား ဟား "

စောဗညား၏ ရယ်မောသံက တစ္ဆေသရဲကြီးတစ်ကောင် ၏ ရယ်သံမောသံနှယ်ပင်၊ တအောင့်အကြာတွင် စောဗညား သူ့ကို စူးစူးရဲရဲ လှမ်းကြည့်လိုက်၏။

" ဘယ်လိုလဲ ကိုလင်းနေမင်း ကျုပ်လုပ်တာကို ခင်ဗျား ကျေနပ်ရဲ့လား "

" ဟင် . . ခင်ဗျားပြောရက်လိုက်တာဗျာ . . ဘာ ဘာ ဖြစ်လို့ ခုလိုလုပ်လိုက်ရတာလဲ . . ခင်ဗျားမှာ နှလုံးသားရှိသေး ရဲ့လားပြောစမ်း . . ခင်ဗျားလိုချင်တာရပြီးပဲ . . ဘာဖြစ်လို့ ရက်ရက်စက်စက် လုပ်ရတာလဲ "

" ဟား ဟား ဟား ကြိမ်းလှချည့်လား လင်းနေမင်း ဟင် ဟင် . . မင်းအလှည့် မကြာခင်ရောက်တော့မှာပါကွ . . သိပ်လဲ ဒေါသကြီးမနေနဲ့ဦးကွ . . မင်းရှေ့မှာထိုင်နေတဲ့လူက သာမညပုဂ္ဂိုလ် မဟုတ်ဘူးနော် . . ကြည့်ကျက်လဲ ပြောဦးကွ . . "

" အို . . ခင်ဗျား မကျေနပ်ရင် သတ်လိုက်ပေါ့ဗျာ"





" ဟာ . . မပူပါနဲ့ လင်းနေမင်းရာ . . မင်းလဲ မင်းအဖေ နောက်ကို လိုက်ရမှာပါ "

" ဘာဗျ . . ခင်ဗျားတို့မိုက်ရိုင်းလိုက်တာ . . ကဲဗျာ"

" ဝုန်း . . ဖောင်ထိုင်း "

" ဟား ဟား ဟား . . တော်တော်သေချင်နေပြီထင်တယ် ကဲကွာ "

" ဖောက် "

" အား "

လင်းနေမင်း တစ်ယောက်ပေါက်ကွဲသွားခဲ့၏။ အနီးနားရှိ ပစ္စည်းများနှင့် ကောက်ပေါက်ခါ တိုက်ခိုက်ဖို့ ကြိုးစားလာ၏။ စောဗညားသည် လင်းနေမင်းပေါက်ကွဲနေပုံကို ဟားတိုက်ရယ်မော ရင်း လက်ထဲတသေနတ်နှင့် လင်းနေမင်း၏ ညာဘက်ပခုံးသားကို ပစ်ထည့်လိုက်၏။

ကျည်ဆံက ပခုံးသားကိုဖွဲ့၍ ဖြတ်ထွက်သွား၏။ ကျည်ဆံ အရှိန်ကြောင့် လင်းနေမင်းမှာ ခုံပေါ်မှအောက်သို့ ကျွမ်းစိုက်ပြုတ် ကျသွား၏။ ထိုစဉ် စောဗညားသည် လဲကျနေသော လင်းနေမင်းကို သုံးလေးချက်ဆင့်ကန်ပစ်လိုက်၏။ သူ၏ကြီးမားလှသော ကိုယ်လုံး ကြီးကြောင့် အရှိန်ယူရအကန်ခံလိုက်ရသော လင်းနေမင်း အခန်း ထောင့်သို့ လွင့်စင်သွားလေ၏။

ထို့နောက် စောဗညားသည် ခါးကြီးစုံထောက်ကြည့်ကာ ပြုံးစိစိနှင့် ကြည့်လိုက်ရင်း အိမ်ကြီးပေါ်သို့ တက်သွားလေ၏။ လင်းနေမင်းမှာ စောဗညား၏ ကန်ချက်ကြောင့် အင်း . . ဟင်း


www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်ငြီးငြူနေရှာလေ၏။

ထိုအချိန်တွင် အခန်းထဲသို့ ပုပြတ်ပြတ်လူနှစ်ဦးဝင်လာပြီး လင်းနေမင်းကို မကာ အိမ်ကြီးအနောက်ဘက်သို့ ခေါ်ဆောင်သွားလေတော့၏။

အဆိုပါ အဖြစ်အပျက်ဖြစ်ပွားပြီး သုံးရက်ခန့်အကြာတွင် မြို့အနောက်ဘက် တစ်နေရာတွင် ရွှေနေကြီး ဦးမိုးဘကျော်၏ အလောင်းကို တွေ့လိုက်ရလေ၏။ ဦးဆုံးတွေ့မိသူမှာ ချောင်းထဲ ငါးဆင်းဖမ်းသော တံငါးသည်နှစ်ဦးပင်ဖြစ်၏။

သူတို့နှစ်ဦးသည် ချောင်းထဲဆင်းကာ ငါးရှာနေကြ၏။ အချိန်အခါမှာ ညနေစောင်းအချိန်အခါဖြစ်ပြီး မိုးတဖွဲဖွဲ ရွာသွန်းနေသည်မို့ ငါးစင်းရိုင်း၊ ငါးကျီး၊ ငါးခူများက သောင်းစပ်နှံပေါ် ထိုးတက်နေကြ၏။

သူတို့နှစ်ဦးသည် ချောင်းစပ်ရေတိမ်တွင် ခြေသံသဲ့သဲ့ လျှောက်ရင်း နွံမြေပေါ် တရစ်ရစ်ထိုးတက်နေသော ငါးများကို ပိုက်စိပ်စိပ်နှင့် ဖမ်းဆီးနေကြ၏။ ထိုအချိန်တွင် မိုးရေက တစ်ဖွဲက်နှစ်ဖွဲက်ရွာသွန်းနေသည်မို့ ချောင်းရေက တဝေါဝေါစီးဆင်းလာ၏။

ထိုအချိန်တွင် သူတို့နှစ်ဦး ချောင်းအထက်ဘက်မှ အရှိန်အဟုန်နှင့် စီးလာသောရေကြောတွင် ပိုက်စိတ်ထိုးကာ ငါးအလာကို စောင့်ဖမ်းခဲ့ကြ၏။ ထိုသို့ ဖမ်းဆီးခဲ့ရာမှ ဒိုက်သရောများနှင့် လုံးထွေးနေသော လူသေကြီးမျောပါလာရာ နှစ်ဦးစလုံး မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားကြ၏။





လူသေကြီးက သူတို့ထောင်ထားသော ပိုက်ထဲတိုးဝင်ကာ ငြိနေ၏။ နှစ်ဦးသာ ပိုက်ကြီးကိုဆွဲ၍ ကမ်းပေါ်တင်လိုက်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေကြ၏။

နောက်ဆုံး ချောင်းနှင့် တစ်မိုင်ခန့်ဝေးသည့် စခန်းသို့ ခပ်သွက်သွက်လျှောက်လာခဲ့ကြပြီး လူသေအလောင်းတွေ့ခဲ့သည် ကိစ္စကို သတင်းပို့ခဲ့ကြလေ၏။

ထိုအခါ တာဝန်ခံ ထွန်းနောင်ဦးသည် ရဲသားသုံးဦးခေါ်ကာ ဝီကီဂျစ်တစ်စီးနှင့် အခင်းဖြစ်ပွားသော နေရာသို့ ရောက်ရှိလာလေ၏။

ဒိုက်ပင်များနှင့် ရောထွေးနေသော လူသေအလောင်းတစ်လောင်း . . အလောင်းအခြေအနေနှင့် ပတ်ဝန်းကျင် အနေအထားကို မှတ်တမ်းတင်လိုက်ပြီး ကင်မရာရှုထောင့်အမျိုးမျိုးနှင့် ဓါတ်ပုံရိုက်လိုက်၏။ ပြီးသည်နှင့် အလောင်းကိုမြို့ဘက်သို့ပြန်ယူလာကာ မှုခင်းတာဝန်ခံ ဆရာဝန်ထံ အပ်နှံလိုက်၏။

ထိုခါ. . မှုခင်းတာဝန်ခံ၏ ဆေးစာမှတ်ချက်များ နာရီပိုင်းအတွင်း ထွက်လာ၏။ အရွယ်မှာ ငါးဆယ်နှင့် ငါးဆယ်ငါးနှစ်အတွင်းဟု မှတ်ချက်ပြုခဲ့ပြီး၊ ကျည်ဆံကို ကျော်ဘက်တွင်တွေ့ရှိရကြောင်း ယင်းကျည်ဆံသည် အသည်းကို ဖောက်ထွက်သွားသဖြင့် အပစ်ခံရသည့် နေရာမှပင် သေသုံးသွားကြောင်း မှတ်တမ်းပြုထား၏။

ထွန်းနောင်ဦးသည် အလောင်းကို ကိုယ်တိုင်ဝင်၍ စစ်ဆေးခဲ့ရာ . . အလောင်း၏ကိုယ်ပေါ်တွင် ညှိထေးပေကျံနေ



www.burmeseclassic.com

www.burmeseclassic.com

သော အဝတ်အစားများနှင့်အတူ အိတ်ကတ်ထဲမှ လိပ်စာကဒ်ပြား တစ်ခုကို ရရှိလိုက်၏။

ထိုကဒ်ပြားပေါ်တွင် ရှေ့နေကြီးဦးမိုးဘကျော်ဟု ဖော်ပြထားသဖြင့် ချက်ချင်းပင် ဦးမိုးဘကျော်အိမ်သို့ ဆဲလ်ဖုန်းနှင့် ကွန်တက်လုပ်လိုက်၏။ တဖက်မှ ဖုန်းစကားပြောလာသူမှာ ဦးမိုးဘကျော်၏ကတော် ဒေါ်သီတာလှိုင်ဖြစ်၏။

ထွန်းနောင်ဦး၏အမေးကို ဒေါ်သီတာလှိုင်က ရိုးရိုးလေးပင် ဖြေကြားခဲ့၏။ ခင်ပွန်းသည်ကို " သည်ဝေါလ်စတား" ကုမ္ပဏီပိုင်ရှင်သားက ဖုန်းဆက်သဖြင့် ဥပဒေကိစ္စ စာချုပ်စာတမ်းကိစ္စနှင့် သွားရောက်လုပ်ကိုင်နေရာမှ အိမ်သို့ပြန်မရောက်လာကြောင်း ပြောကြားခဲ့လေ၏။

ထွန်းနောင်ဦးသည် ဒေါ်သီတာလှိုင်ကို မှုခင်းဌာနသို့ ချက်ချင်းခေါ်လိုက်ရာ ဆယ်မိနစ်ခန့်အကြာတွင် စပရင်တာအဖြူလေးတစ်စီးကို ဒေါ်သီတာလှိုင် ကိုယ်တိုင်မောင်းနှင်လာခဲ့၏။

မှုခင်းစစ်ဆေးခန်းထဲတွင် အေးစက်တောင့်တင်းနေသော အလောင်းကိုကြည့်ရင်း ဒေါ်သီတာလှိုင်မှာ ကြုံကြုံပါအောင် ငိုကြွေးလေတော့၏။

" အို . . ဒါ . . ဒါဘယ်လိုဖြစ်တာလဲ . . ပြောပါဦး . . အစ်ကို . . အို . . ဒုက္ခပါပဲ . . ဘုရား . . ဘုရား "

" ဒါ . . ခင်ဗျား ခင်ပွန်းဆိုတာ သေချာပါတ ‌နော်"

" အို . . သေချာပါတယ် . . ဆရာရယ် . . ကျွန်မယောကျ်ားဟာ လူရိုးလူကောင်းကြီးပါရှင် . . ဘယ်သူများ ခုလို





ရက်စက်စက် သတ်သွားပါလိမ့် . . ဘုရား . . ဘုရား . . ဘုရား ယ်တော်မူပါ "

ဒေါ်သီတာလှိုင် နှုတ်ကတတွတ်တွတ် ပြောဆိုရင်း တဟီး နှင့် ငိုကြွေးနေ၏။ ထွန်းနောင်ဦးသည် ဦးမိုးဘကျော်နှင့် သွင်း၍ မှတ်တမ်းမှတ်ရာကို ကျနစွာပြုစုလိုက်၏။ ထို့နောက် တိတ်ဆိတ်သွားသော ဒေါ်သီတာလှိုင်ကို သိချင်သည့်အချက် လက်များထပ်၍ မေးမြန်းလိုက်ရာ " သည်ဝေါလ်စတား' ကုမ္ပဏီ ရှင်သား လင်းနေမင်းနှင့်ပတ်သက်နေကြောင်း သိရှိလာရလေ၏။

ဒေါ်သီတာလှိုင် ပြန်သွားသည်နှင့် ထွန်းနောင်ဦးသည် စ်ဂျစ်ကို ကိုယ်တိုင်မောင်း၍ " သည်ဝေါလ်စတား" ဘက်သို့ တ်ခဲ့၏။

သူရောက်ရှိသွားချိန်တွင် ကုမ္ပဏီလူကြီးများ အစည်း လုပ်နေသဖြင့် စောင့်ဆိုင်းနေရ၏။ တအောင့်မျှအကြာတွင် ဝေးခန်းမကြီးထဲမှ လူတစ်စုထွက်လာ၏။ ထွန်းနောင်ဦးသည် ရိုက်တာခန်းထဲသို့ ဝင်ခဲ့ရာ ဒါရိုက်တာ ဦးဗလအောင်ကို ကြည့်ခန်းထဲတွင် တွေ့လိုက်ရလေ၏။ အနောက်တိုင်းဝတ်စုံ ကို သပ်ရပ်စွာ ဝတ်ဆင်၍ ပါဝါထူမျက်မှန်ကြီးနှင့် ဖိုင်တစ်ခု လှန်လှောဖတ်ရှုနေသော ဦးဗအောင်ကိုရှေ့ စားပွဲရှိ ခုံတွင်ဝင် ထိုင်လိုက်၏။

" ဟော . . ဆရာထွန်းနောင်ဦးပါလား . . အကြောင်းထူး ရှိနေမလားဗျာ . . ပြောပါဦး . . ကျွန်တော်ဘာများ ကူညီရ မဲ "



www.burmeseclassic.com

www.burmeseclassic.com



" တခြားတော့မဟုတ်ပါဘူး . . ဦးဗလအောင် ကျွန်တော် ဦးဗလအောင်ရဲ့သား လင်းနေမင်းနဲ့ တွေ့ချင်လို့ပါ "

" အော် . . သားဆီလာတာကိုး "

" ဟုတ်ကဲ့ . . ဖြစ်နိုင်ရင်း ကိုလင်းနေမင်းနဲ့တွေ့ပါရစေ "

" အင်း . . သားကလဲ . . လွန်ခဲ့တဲ့သုံးရက်ကပဲ ခရီးထွက်သွားတယ် . . ဆရာထွန်းနောင်ဦးရယ် အားနာလိုက်တာဗျာ "

" လွန်းခဲတဲ့သုံးရက် . . ဟုတ်လား "

" ဟုတ်ပါ့ . . ဒီကလေးက ပန်းချီပညာကို အလွန်ဝါသနာကြီးတာလေ . . ဒါကြောင့် . . သူဟာနယ်တကာနယ် လျှောက်သွားပြီး ပန်းချီကားတွေဆွဲ ပုံကြမ်းတွေရေးနဲ့ တယောက်တည်း အလုပ်ကိုရှုပ်ရတာပဲဗျာ "

" အော် "

စခန်းမှူး ထွန်းနောင်ဦးမှာ ဦးဗလအောင်၏စကားသံကြောင့် စိတ်ထဲ တစ်မျိုးတစ်မည် ဖြစ်သွား၏။ ရှေ့နေကြီး ဦးမိုးဘကျော်အိမ်က ထွက်သွားသည်မှာလည်း လွန်ခဲ့သော သုံးရက်ခန့်ကဆိုသဖြင့် အဆိုနှစ်ရပ်သည် တိုက်ဆိုင်နေ၏။

အဆိုမါအချက်နှစ်ချက်ကို ထွန်းနောင်ဦး စဉ်းစားရင်း ပုစ္ဆာန်ဆန်ဆန်ဖြစ်လာ၏။ ထိုစဉ် ဦးဗလအာင်က ပြုံးစေ့စေ့နှင့် ပြောလိုက်၏။

" ဆိုပါဦး ဆရာထွန်းနောင်ဦးရယ် သား ဘာပြဿနာတွေ့နေလို့လဲဗျ "





" တခြားတော့မဟုတ်ပါဘူး ဦးဗလအောင် . . သူ့က ရှေ့နေကြီး ဦးမိုးဘကျော်ကိုခေါ်ပြီး စာချုပ်စာတမ်းကိစ္စပြောကြဆိုကြတယ်ဆိုလို့ပါ "

" ဘယ်လို . . စာချုပ်စာတမ်း . . ဟုတ်လား "

" ဟုတ်တယ် . . ဦးဗလအောင်လွဲအပ်ဖို့ စီစဉ်ထားတဲ့ စာချုပ်စာတမ်းကိစ္စပါ . . အဲ့ဒီ ကိစ္စကို သူတို့နှစ်ဦးတိုင်ပင်ကြတယ်ပြောလို့ပါ "

" ဟုတ်ကဲ့ အဲဒီ . . ကိစ္စနဲ့ဆက်နွယ်ပြီး ကျွန်တော်တို့မှာ ကိစ္စတစ်ခုပေါ်ပေါက်လာတယ်လေ "

" ဘာကိစ္စများလဲ . . ဗျ "

" ဒီလိုဘာ . . ဦးဗလအောင် . . ခင်ဗျားတို့ရဲ့အတိုင်ပင်ခံ ရှေ့နေကြီး ဦးမိုးဘကျော်ဟာ လွန်ခဲ့တဲ့သုံးရက်က လုပ်ကြံခံလိုက်ရတယ်လေ "

" ဗျာ "

သူ့စကားကြောင့် ဦဗလအောင်တစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွား၏။ ထို့နောက် ထွန်းနောင်ဦးမှာ ပုစ္ဆာဆန်ရသော ပြဿနာ အဖြေရှုမရအောင်ဖြစ်နေ၏။ ယခုလည်း လင်းနေမင်း မရှိသည်မှာ သုံးရက်ခန့်ကြာမြင့်နေပြီမို့ ပြဿနာ ဆက်စုံတစ်ရာဖြစ်နေပြီလားဟု တွေးမိလာ၏။ ထိုစဉ် ဦးဗလအောင်သည် သူ့၏ဝပြုပြုမျက်နှာကြီးပေါ်မှ ချွေးဆီများကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်၏။

" ဒုက္ခပါပဲ . . ဘယ်လိုဖြစ်ကုန်ပါလိမ့် "



www.burmeseclassic.com

www.burmeseclassic.com



“ ဟုတ်ကဲ့ . . ကျွန်တော်တို့လည်း ဒီပြဿနာကို အဖြ
ရှာနေဆဲပါ . . ဦးဗလအောင် ”
“ ပြဿနာပဲ . . ဒီပုဂ္ဂိုလ်နဲ့ကျွန်တော် စီစဉ်စရာရှိ
တွေကို စီစဉ်ထားတာဗျာ . . ဒုက္ခပါပဲ . . နေပါဦး .
ဆရာထွန်းနောင်ဦးရယ် . . သူက ဘယ်လိုပြဿနာတွေနဲ့ ကြုံ
လို့လဲဗျာ . . ကျွန်တော်အတော့်ကို စိတ်မကောင်းဘူးဗျာ ”
“ ဟုတ်ကဲ့ . . ခုထိတော့ အဖြေရှာမရသေးပါ
ဦးဗလအောင် . . ဒါပေမယ့် . . ဥပဒေကို လိမ်လို့မရဘူး .
ရာဇဝတ်ဘေးဆိုတာ ပြေးလို့မလွတ်ဘူးလေ ဒါကြောင့်အဖြေ
ပေါ်လာပါလိမ့်မယ် ”
“ ဒုက္ခပါပဲဗျာ . . ဒီလူကြီးမရှိတာ . . ကျွန်
ညာလက်ရုံးတစ်ဖက် ပြုတ်ထွက်သွားသလိုပါလား . . ဘု
ဘုရား”
ဦးဗလအောင်မှာ ရှေ့နေကြီး ဦးမိုးဘကျော်သေ
ကြောင့် မျက်စိမျက်နှာပျက်ဖြစ်ခါ စုတ်တသပ်သပ်ဖြစ်နေ
ထွန်းနောင်ဦးမှာ သူလိုချင်သည့် အကြောင်းအချက်အလ
ပျောက်ဆုံးသွားသဖြင့် စိတ်ထဲတွင် မချင့်မရဲဖြစ်နေ၏။ ထို့ကြေ
လည်း လင်းနေမင်းအကြောင်းကို ဆက်၍မေးမိ၏။
“ ကိုလင်းနေမင်းက ဘယ်ဘက်ကိုခရီးထွက်သွားတ
ဦးဗလအောင် ဖြစ်နိုင်ရင် ကျွန်တော်သိချင်လို့ပါ . . ”
“ အင်း . . အဲဒါမှခက်ပါ့ . . ကျွန်တော်လဲမသိဘူး .
သူ့တပည့်လေးတစ်ယောက်ကိုတော့ အထက်ဘက်သွားဦးမယ်





ပြောသွားတယ်ဗျာ . . ”
“ ရပါတယ် . . ဦးဗလအောင် . . ဒါဆိုလဲ . . သူပြန်
ရောက်လာရင် ကျွန်တော်ဆီ သတင်းပို့စေချင်ပါတယ် . .
ကျွန်တော်အနေနှင့် သူ့ကိုမေးစရာ မြန်းစရာလေးရှိနေလို့ပါ . . ”
“ ကောင်းပါပြီဗျာ ”
“ ဒါဆို . . ကျွန်တော်ကိုသွားခွင့်ပြုပါဦး ”
“ ဟုတ်ကဲ့ . . ဆရာထွန်းနောင်ဦး ”
ပြောပြောဆိုဆိုနှင့် ဦးဗလအောင်ကို နှုတ်ဆက်ခါ “
သည်ဝေါလ်စတား ” ကုမ္ပဏီအဆောက်အအုံကြီးပေါ်မှ လုံခြုံရေး
တာဝန်ခံ ထွန်းနောင်ဦးဆင်းလာခဲ့၏။
ထိုအချိန်တွင် “ သည်ဝေါလ်စတား ” ကုမ္ပဏီကြီး၏ ရှစ်
ထပ်မြောက်မှနေ၍ သူ့ကို လူတစ်ဦး စစ်သုံးမှန်ဘီလူးနှင့် စောင့်
ကြည့်နေ၏။ ထွန်းနောင်ဦးသည် ဝီလီဂျစ်ပေါ် ထိုင်၍ ဂီယာထိုးရင်း
ကုမ္ပဏီကြီးဘက်လှည့်အကြည့်တွင် လက်ခနဲလင်းသွားသော
အလင်းကြောင့် မသိမသာအကဲခတ်ကြည့်ရှုလိုက်ရာ သူ့ကိုလူ
တစ်ယောက် မှန်ဘီလူးနှင့် အကဲခတ်နေသည်ကိုတွေ့လိုက်ရ
သဖြင့် စိတ်ထဲတွင် ဒွိဟဖြစ်ခဲ့ရ၏။
သို့သော် မသိသယောင်ဆောင်ကာ ကားစက်နှိုး၍ကုမ္ပဏီ
ကြီးရှေ့မှ မောင်းထွက်လာခဲ့၏။
ထိုအချိန်တွင် လမ်းမကြီးပေါ်၌ ကားများဥဒဟို သွားလာ
နေကြသလို၊ လမ်းဘေးပလက်ဖောင်းပေါ်တွင် လူအုပ်အလွှားသား
ဖြတ်သန်းနေကြ၏။ ဈေးဆိုင်များ၊ ကုမ္ပဏီများ၊ အလှပြင်ဆိုင်များ၊

www.burmeseclassic.com



အထည်အလိပ်ဆိုင်များနှင့် ရှုပ်ထွေးမွှမ်းနေသော မြို့ထဲလမ်း မကြီး . . .

အင်တင်နာတိုင်များ၊ ဗြိုလ်တုစလောင်းများကလည်း အမိုးများပေါ်တွင် ထိုးထိုးထောင်ထောင် ရှိနေ၏။ ထွန်းနောင်ဦး သည် ကားကိုမှူခင်းဌာနဘက်သို့ ဦးတည်၍မောင်းထွက်ခဲ့ရ စိတ်ထဲတွင် စောစောကကြုံတွေ့ခဲ့ရသော အကြောင်းအရာတို့ စဉ်းစားနေမိ၏။

ရွှေနေကြီး ဦးမိုးဘကျော်သည် လွှန်ခဲ့သုံးရက်ခန့်က လင်းနေမင်းခေါ်သဖြင့် ထွက်သွားခဲ့ရာမှ ပြန်မလာခဲ့သည့်အချက်၊ လင်းနေမင်းနယ်ဘက်သို့ လွန်ခဲ့သောသုံးရက်ကခရီးထွက် သွားသည့်အချက်၊ ထိုအချက် နှစ်ချက်တိုက်ဆိုင်နေသဖြင့် စိတ်ထဲ တစ်မျိုးတစ်မည် ခံစားနေရစဉ် စစ်သုံးမှန်ဘီလူးနှင့် သူ့ကို စောင့်ကြည့်နေသော " သည်ဝေါလ်စတား" ပေါ်မှ လူအ ကြောင်းကို အဆိုပါအချက်နှစ်ချက်နှင့် ပေါင်းစပ်အဖြေရှာ ကြည့်သောအခါ သံသယဝင်နိုင်စရာရှိသည့် အခြေနေဟု တွေး လေ၏။

သို့ရှိသော် ပုစ္ဆာကိုဖြေဆိုရန် စောလွန်းသေးသည်ဟု တွေးမိသဖြင့် စိတ်ထဲတွင် တေးမှတ်လိုက်ပြီး ကားကိုမှူခင်းဌာနရှေ့ သို့ ဝေါကနဲ ထိုးရပ်ခါ အဆောက်အအုံပေါ်သို့ တက်ခဲ့လေ၏။

" ဟာ . . ဆရာထွန်းနောင်ဦးပါလား "

" အော် . . ဆရာ . . အောင်ရဲမော်ပါလား . . အကြောင်းထူးသလားဗျ "





" ထူးတယ် ဆရာရေ . . . "

" ဟင် "

အခန်းဝတွင် သူ့ကိုဆီးကြိုနေသော မှူခင်းဘက်ဆိုင်ရာ တာဝန်ခံ အောင်ရဲမော်၊ သတင်းထူးတင်ဟုဆိုကာ အားပါးတရ ပြောဆိုလာသဖြင့် ထွန်းနောင်ဦးခေါင်းစားသွား၏။

" ထိုင် . . ဆရာ "

" ဟုတ်ကဲ့ "

လွတ်နေသည့်ထိုင်ခုံတွင် ဝင်ထိုင်ရင်း အောင်ရဲမော်ကို တစ်ချက်ကြည့်လိုက်၏။ ထိုစဉ် အောင်ရဲမော်သည် သူ့နံဘေးရှိ ထွန်ပျှတာပရိုဂရမ်းထဲမှ ဖက်(စ်)စာရွက်ကိုယူ၍ ထွန်းနောင်ဦး အားပေးလိုက်၏။

" ဒါ . . ကမ်းခြေစောင့် လုံခြုံရေးဌာနက ဖက်(စ်)နဲ့ အကြောင်းကြားလာတာပဲ . . ဆရာထွန်းနောင်ဦး "

" ဟုတ်လား . . ဘာများပါလိမ့် "

သူ . . ဖော်ပြထားသော အကြောင်းအရာများကို အသေးစိတ်ဖတ်ကြည့်ရင်း မျက်လုံးမျက်ဆံပြူးသွား၏။

" ဟာ . . . ပင်လယ်ထဲမှ လူသေအလောင်း ငါးလောင်း မျောလာတယ်ဆိုပါလား . . ဘာဖြစ်လို့ပါလိမ့် "

" မပြောတတ်ဘူးဆရာ . . လုံခြုံရေးအရ ကင်းလှည့်ရင်း ခန်းညာဘက်မှာ တွေ့ခဲ့တာဆရာရဲ့ . . "

" ဟင် . . ဘယ်လိုဖြစ်ကုန်ပါလိမ့် . . ဒါဆို ကျွန်တော် ချက်ချင်းလိုက်သွားမယ် . . ခင်ဗျားရောလိုက်ဦးမလား "



www.burmeseclassic.com

www.burmeseclassic.com

" လိုက်မယ်လေ "

နှစ်ဦးသား ပြောပြောဆိုဆိုနှင့်ထိုင်ရာမှ ထလိုက်ပြီး မြို့နှင့်မိုင်နှစ်ဆယ်ဝေးသည့် ပင်လယ်ပြင်ကမ်းခြေသို့ ဝီလီဂျစ်တစ်စီးနှင့် အလျင်စလို ထွက်ခဲ့ကြလေ၏။

ကမ်းခြေရောက်သည်နှင့် ပင်လယ်ဘက်မှ လေနုအေးကလေးများ ဝေ့ဝေ့ဝဲဝဲ တိုက်ခတ်လာ၏။ အုန်းပင်ဖားဖားကြီးများ၊ တယိမ်းယိမ်းနွဲ့နွဲ့ လှုပ်ရှားနေသော ခနိတောစိမ်းစိမ်းများကို မြင်ရသလို ကမ်းခြေနှင့်မနီးမဝေးတွင် ဧည့်သည်များတည်းခိုရန် တည်ဆောက်ထားသော ဘန်ဂလိုများ၊ မိုတယ်များ၊ ဟိုတယ်ကြီးများကို ခမ်းခမ်းနားနား မြင်နိုင်၏။

သူတို့ မောင်းနှင်လာသော ဂျစ်ကားလေးသည် ပင်လယ်ကမ်းခြေ မြောက်ဘက်ရှိ လုံခြုံရေးစခန်းသို့ ချိုးကာကွေ့ကာနှင့် ဝင်လာခဲ့ကြ၏။

စခန်းရှေ့ရောက်သည်နှင့် ကားပေါ်မှဆင်းခဲ့ပြီး .. ခပ်ပြားပြားဆောက်လုပ်ထားသော မှခင်းစာက်ရှောက်ရေးဌာနသို့ ဝင်ခဲ့ကြ၏။

" အော် .. ဆရာထွန်းနောင်ဦးတို့ပါလား "

" ဟုတ်တယ် .. ဆရာဆန်နီရေ .. သတင်းရရခြင်း လိုက်လာတာ .. အလောင်းတွေကဘယ်မှာလဲ "

" ရှိတယ်ဆရာ အနောက်ဘက်အဆောင်ထဲမှ .. "

" ဒါဆို .. ဝင်ကြည့်ရအောင်ဗျာ "

ပြောပြောဆိုဆိုနှင့် သူတို့လူစုခွဲစိတ်ဆောင်ဘက်သို့ ဝင်





ခဲ့ကြရာ ကျောက်ခုတင်ကြီးများပေါ်တွင် ပုံပျက်ပန်းပျက် ဖြစ်သော အလောင်းများကို တွေ့လိုက်ရ၏။ ထွန်းနောင်ဦးသည် လောင်းတွေနားလျှောက်ရင်း အသေးစိတ်ကြည့်ရှုလိုက်၏။

" ဟာ .. ဒီလူတွေပင်လယ်ထဲ မျောနေတာကြာပြီးဘဲ "

" ဟုတ်တယ် .. ဆရာ လုံခြုံရေး စပိဘုတ်တစ်စင်းက ခဲ့လို့ပါ .. အခြေအနေကတော့ တော့်တော့်ကိုဆိုးနေပြီ "

" ဟုတ်ပါ "

ထွန်းနောင်ဦးသည် အလောင်းနားသို့ ကွာလိုက်ကပ်လိုက် ကြည့်လိုက်လုပ်ရင်း ဖုံ့ထွက်နေသော ခန္ဓာကိုယ်အစိတ်ပိုင်းများ ကြည့်ရင်းစိတ်ထဲ သံသယဖြစ်သွား၏။

" ဟာ .. ဒီနေရာတွေဟာ အညိုအမည်းတွေစွဲနေပါ လား .. ဒဏ်ရာတွေကလဲ .. သေနတ်ဒဏ်ရာ .. ဓါးဒဏ်ရာတွေ ဆုံးတ်နိုင်ဘူး .. ဒါထက် ဆေးဘက်ဆိုင်ရာ မှုခင်းမှတ်တမ်းရော"

" ဒီမှာပါဆရာ .. ခုလေးတင်လာပေးသွားဝါတယ် "

လုံခြုံရေးတာဝန်ခံ ဆန်နီက ထွန်းနောင်ဦးလက်ထဲသို့ ဖိုင်တစ်ခုပေးလိုက်၏။ ထွန်းနောင်ဦးသည် မှတ်တမ်းမှတ်ချက်များ ကိုကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

" ဟာ .. ဒဏ်ရာက မိုင်းထိတဲ့ဒဏ်ရာတွေ ဆိုပါလား"

" ဗျာ "

သူ့စကားကြောင့် အောင်ရဲမော်ရော ဆန်နီပါ ပါးစပ် အဟောင်းသား ဖြစ်သွား၏။ ထွန်းနောင်ဦးသည် အလောင်းတို့ ကြည့်ရင်း ဒဏ်ရာရထားသော နေရာများကို ဘောလ်ပင်နှင့်


www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းပြလိုက်၏။ အသားစများ ဖွာထွက်နေပြီး အရောင်မှာ အညိုရောင်သမ်းနေ၏။

" အင်း . . ဒီလူတွေအားလုံး မိုင်းထိထားတဲ့ဒဏ်ရာတွေနဲ့ပါလား . . "

" ဟုတ်ပါ့ . . ဆရာထွန်းနောင်ညိုရယ် . . အံ့ဩစရာကောင်းလိုက်တာဗျာ "

တာဝန်ခံဆန်နီက ဝင်၍ပြောလာ၏။ အောင်ရဲမော်မှာလည်း ဆန်နီနည်းတူ ပါးစပ်အဟောင်းသား ဖြစ်နေ၏၊ ထွန်းနောင်ဦးမှာ အမှုမှတ်တမ်းကို စေ့စပ်စွာဖတ်ရှုလိုက်၏။

" အံ့ဩစရာဘဲ . . ဘယ်လိုများဖြစ်တာပါလိမ့် . . "

" ဒီလိုအဖြစ်မျိုး . . အကြားဖူးပေါင်ဗျာ "

" စဉ်းစားစရာပဲ . . ဆရာအောင်ရဲကျော် အော် . . ဒါထက် ဆရာဆန်နီ "

" ပြောပါဆရာ "

"ပင်လယ်ဘက်သွားတော့ အခြေအနေက ထူးထူးခြားခြား တွေ့သေးလား"

" အဲဒီအလောင်းတွေ မျောလာတာကလွဲလို့ တခြားထူးထူးခြားခြားတော့ မတွေ့ရသေးဘူးဆရာ "

" ဟုတ်လား . . အင်း အတော့်ကိုထူးခြားတာပဲ . . ကဲ ကိုဆန်နီ "

" ပြောပါဆရာ . . "

" ကျွန်တော်တို့ကို စပီဘုတ်တစ်စီး . . စီစဉ်ပေးပါ "





" ခုအဲ . . စီစဉ်ဗျာ . . ပင်လယ်ဘက် ထွက်ပြီးစုံနှာကြည့်ကြရအောင်"

" ဟုတ်ကဲ့ဆရာ . . ဒါဆို ကျွန်တော်စီစဉ်ပါ့မယ် "

ပြောပြောဆိုဆိုနှင့် လုံခြုံရေးတာဝန်ခံ ဆန်နီ အခန်းအပြင်သို့ ထွက်သွား၏။ ထွန်းနောင်ဦးနှင့် အောင်ရဲကျော်တို့နှစ်ဦး အလောင်းများကို မှတ်တမ်းတင်ဓါတ်ပုံ ရိုက်ယူလိုက်ပြီး မှတ်တမ်းဖိုင်များမှ လိုအပ်သည့်အချက်များကို ကူးယူလိုက်၏။

သူတို့နှစ်ဦး ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်နေကြစဉ် ဆန်နီပြန်လည်ရောက်ရှိလာ၏။

" စပီဘုတ် စီစဉ်ပြီးပါပြီ ဆရာ "

" ဒါဆိုသွားရအောင်ဗျာ "

ပြောပြောဆိုဆိုနှင့် သူတို့သုံးဦး စပီဘုတ်တစ်စင်းနှင့် ပင်လယ်ဘက်သို့ သတင်းထောက်လှမ်းရန် ထွက်ခဲ့ကြလေ၏။ ပင်လယ်လေမှာ တဖြူးဖြူးတိုက်ခတ်နေ၏၊ လှိုင်းလုံးများက တလူးလူးတလိမ့်လိမ့် ထိုးတက်လာ၏။

စပီဘုတ်ကို ကမ်းခြေတလျှောက် ကပ်၍မောင်းနှင်ခဲ့ရ၏၊ ရွာကလေးကျို့တို့ကျဲတဲနှင့် ဓနိတောအုပ်များ၊ ထန်းပင်ကြီးများကို မကြာခဏ မြင်တွေ့နေရ၏။ သူတို့စပီဘုတ်လေးသည် ကမ်းခြေနှင့် ယှဉ်၍ တဝေါဝေါနှင့်မောင်းလေ၏။

ပင်လယ်ပြင်ထဲတွင် တံငါလှေကလေးများ၊ ငါးဖမ်းသင်္ဘောများကို လှိုင်းတွေလေတွေကြား တွေ့နေရလေ၏၊ ကမ်းခြေနှင့် ယှဉ်၍မောင်းနှင်ရင်း တစ်နာရီခန့်အကြာတွင် ရွာကလေး


www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာကို တွေ့လိုက်ရသဖြင့် ကမ်းစပ်တွင် အရှိန်သတ်၍ ရပ်နားလိုက်၏။

ထို့နောက် သူတို့သုံးဦး ကမ်းပေါ်သို့တက်ခဲ့ကြပြီး ရွာထဲဝင်ခဲ့ကြ၏။ ရွာသားများမှာ သူတို့သုံးဦးကို အစိမ်းသက်သက် မျက်လုံးများနှင့် ကြည့်ရှုနေ၏။ ဆန်နီသည် ရွာခံတစ်ဦး၏နာမည်ကို မေးလိုက်ရာ ရွာသားတစ်ဦးက လက်ညှိုးထိုးပြခဲ့သဖြင့် ရွာမြောက်ဘက်သို့ လျှောက်ခဲ့ကြ၏။

" ကိုသက်အောင် .. ဗျို့ ကိုသက်အောင် "

" ဗျာ .. ဘယ်သူတွေလဲ "

" ကျွန်တော်ပါ .. ဆန်နီပါ "

" ဟင် .. ဆရာဆန်နီလား .. လာပြီဗျို့ "

အော်သံနှင့် အရှေ့မနှောင်းတွင် ငါးဖမ်းပိုက်ကွဲကြီးကို ပခုံးပေါ်တင်၍ အူရားဖားရားပြေးလာသော တံငါသည်တစ်ဦးကို တွေ့လိုက်ရ၏။ အပေါ်ပိုင်းဗလာကျင်းနှင့်မို့ ခန္ဓာကိုယ်မှာ ကြေးနီရောင် တောက်ပနေ၏။ သူသည်-လုံခြုံရေးတာဝန်ခံ ဆန်နီကိုတွေ့သည်နှင့် ကွမ်းချေးတက်နေသောသွားကို အစွမ်းကုန်ဖြဲကာ ပြောဆိုလာ၏။

" ဟာ .. လာ .. လာဆရာရေ .. ကျွန်တော်လဲ .. ပင်လယ်ထဲထွက်ဖို့ ပြင်ဆင်နေတာဗျ "

" ဟုတ်လား "

" နောက်နာရီဝက်လောက်ဆို .. ကျွန်တော်ပင်လယ်ထဲ ဆင်းတော့မှာ ဆရာရယ်တော်သေးတာပါ့ဗျာ .. ကဲ လာကြပါ "





သူတို့သုံးဦး .. သက်အောင်၏တဲကလေးဆီသို့ လိုက်လာခဲ့ကြ၏။ တဲရှေ့မျက်နှာစာတွင် သူတို့မမြင်ဘူးသော ငါးကြီးများကို ချင်ခွဲ၍ အခြောက်လှမ်းထား၏။

တဲရှေ့စင်ပေါ်တွင် ဗူးသီးများပြွတ်သိပ် သီးနေ၏။ ဗူးစင်အောက်ထိုင်ခုံကလေးများတွင် သူတို့သုံးဦးဝင်၍ ထိုင်လိုက်ကြ၏။ သက်အောင်သည် ရေနွေးကြမ်းအိုးများ၊ ငါးခြောက်မီးဖုတ်နှင့် ထောင်းညှင်းပေါင်းများကို ဖွယ်ဖွယ်ရာရာ လုပ်၍ယူလာ၏။

" ကဲ .. စားကြပါ ဆရာတို့ ကျွန်တော်မိန်းမ ပေါင်းထားတဲ့ ကောက်ညှင်းပေါင်းလေ၊ သူကတော့ ရွာထဲလည်ပြီး ငါးရောင်းနေလေရဲ့ "

" ဟုတ်လား "

" ဆရာတို့ ဒီကိုလာတာ ဘာကိစ္စများလဲ "

သက်အောက်က သူတို့ကိုကြည့်၍ မေးလိုက်၏။ ဆန်နီသည် ထွန်းနောင်ဦးတို့နှစ်ဦးနှင့် သက်အောင်ကို မိတ်ဆက်ပေးလိုက်၏။ ထွန်းနောင်ဦးသည် သက်အောင်၏ ပြာပြာနှမ်းနှမ်းမျက်နှာကို ကြည့်ရင်းမေးလိုက်၏။

" ကိုသက်အောင် "

" ပြောပါဆရာ "

" ကျွန်တော် တစ်ခုသိချင်တယ်ဗျာ အဲဒါကတော့ တခြားမဟုတ်ဘူး .. ဟောဒီ ပင်လယ်ဘက်မှာ ပေါက်ကွဲသံတွေ ဘာတွေများကြားမိသလားလို့ပါ "

" ဗျာ .. ပေါက်ကွဲသံ "



www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်ကဲ့ . . ကျွန်တော်တို့ အဲဒီကိစ္စသိချင်လို့ ခုလိုထွက်လာကြတာပါ "

သက်အောင်သည် တအောင့်စဉ်းစားရင်း သတိရလာပုံပေါ်၏။

" ဟာ . . နေဦးဆရာ . . ဖူးကြီးတို့လူသိုက် ပင်လယ်ဘက်ငါးရှာထွက်တုန်း သင်္ဘောကြီးတစ်စင်း ဝုန်းကနဲထပေါက်ကွဲပြီး မြုပ်သွားတယ်ပြောတယ် ဆရာရဲ့ . . "

" ဟင် . . သေချာသလား "

" သူကတော့ အဲဒီလိုပဲ ပြောတယ်ဆရာ ဖူးကြီးကိုခေါ်ပေးရမလား "

" ခေါ်ဗျာ . . ကျွန်တော်တို့ နည်းနည်းလောက် မေးကြည့်ချင်တယ် "

" ကောင်းပြီး ဆရာ "

ပြောပြောဆိုဆိုနှင့် သက်အောင် ဗူးစင်အောက်မှထွက်သွား၏။ ထွန်းနောင်ဦးနှင့် အောင်ရဲကျော်တို့မှာ သက်အောင်၏ မသေချာလှသော စကားကြောင့် စိတ်ထဲတွင် မတင်မကျဖြစ်နေကြ၏၊ ထိုအချိန်တွင် ပုဆိုးကြမ်းခေါင်းပေါင်းထားသော ဂင်တိုတိုပုပြတ်ပြတ်နှင့် လူတစ်ယောက် သက်အောင်နှင့်အတူ ရောက်ရှိလာ၏။

" ထိုင်ကြဗျာ "

" ဟုတ် . . ဟုတ်ကဲ့ "

" ဒီက နောင်ကြီးက ကိုဖူးကြီးလားဗျ "





" ဟုတ်ပါတယ်ဆရာ . . ဟိုဆရာတို့က သင်္ဘောကြီးမြုပ်သွားတဲ့ ကိစ္စစုံစမ်းဖို့ရောက်လာတာလား "

" ဆိုပါတော့ဗျာ . . အဲဒီကိစ္စ . . ကိုဖူးကြီးကိုယ်တိုင်မြင်ခဲ့တာလား "

" ဟာ . . ခပ်လှမ်းလှမ်းက မြင်လိုက်ရတာဆရာ သင်္ဘောက ကမ်းနဲ့ရေမိုင် တစ်ရာကျော်ကျော်လောက်မှာရှိတယ် နှစ်ထပ်သင်္ဘောကြီးဆရာရဲ့ . . နာမည်က အင်္ဂလိပ်စာတန်း ထိုးထားတာဗျ "

" ဟုတ်လား . . ပြောပါဦး "

" အဲဒါဆရာရယ် . . ပထမ ကျွန်တော်တို့လဲ ကိုယ့်အလုပ်ကိုလုပ်နေတော့ဆရာ . . အဲဒီလို လုပ်ကိုင်နေရင်း ဝုန်း . . ဒိုင်းဆိုတဲ့အသံနက်ကြီး ကြားလိုက်ရတယ်ဗျ "

" သင်္ဘောကြီးဆီကလား "

" ဟုတ်ပါ့ဆရာရယ် . . လှမ်းကြည့်လိုက်တော့ သင်္ဘောကြီးဟာ တဝုန်း . . ဝုန်း . . တဒိုင်းဒိုင်းနဲ့ ပေါက်ကွဲနေတာ ဆရာရဲ့ ပြီးတော့ ဖင်ထိုင်ပြီးမြုပ်သွားတာဆရာ . . မြင်လိုက်တာ မှ ကြာလှ မိနစ်သုံးဆယ်တောင် ပြည့်ပုံမပေါ်ဘူး "

" ဟုတ်လား . . ဒါဆိုလူတွေဘာတွေ ခင်ဗျားတို့ဘက်ရောက်မလာဘူးလား "

" ဟာ . . ဆရာကလဲ . . ပင်လယ်ပြင်တစ်ခု မီးလောင်နေသလား ထင်ရတယ် . . ကျွန်တော်တို့လဲ ကြောက် ကြောက်နဲ့ လုပ်လက်စအလုပ်ရပ်ပြီး ရွာဘက်ပြန်ပြေးခဲ့ရတယ်လေ . . "



www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်လို့လဲ . . မီးတွေ . . ကူးလာမှာစိုးလို့လား "

" ဟုတ်ပါ့ . . ကြောက်စရာကြီးပါ ဆရာရယ် . . အဲဒါ ကျွန်တော်သိသလောက်ပါပဲ ဆရာ "

" အင်း . . ဒီလောက်သိရတာပဲ ကျေးဇူးတင်ပါတယ် ကဲ ကျွန်ုပ်တော်တို့ပြန်ဦးမယ် "

" ဟာ . . စားသောက်ပြီးမှ ပြန်ကြပါ ဆရာရယ် "

" ကျွန်တော်တို့မှ လုပ်စရာရှိသေးလို့ဗျ "

" ဟုတ်တယ် . . ကိုသက်အောင် နောက်မှပဲ လာလည်တော့မယ် . . ခုတော့ လုပ်စရာတွေရှိသေးတယ် "

" ကောင်းပါပြီ ဆရာ . . ကျွန်တော် ကမ်းဆိပ်အထိ လိုက်ပို့ပါမယ် "

ပြောပြောဆိုဆိုနှင့် သူတို့လူစု ကိုသက်အောင်နှင့်အတူ ကမ်းစပ်သို့ ထွက်ခဲ့၏။ ကလေးတစ်အုပ်မှာ ရွှံ့ထဲနွံထဲတွင် ငါး ပေါက်ကလေးများ ဂဏန်းကလေးများကို အလုအယက် ဖမ်းဆီးနေကြ၏။

သူတို့ကိုယ်ပေါ်တွင် ရွှံ့များပေကျံနေ၏။ အော်သံ ဟစ်သံ၊ ဆဲသံဆိုသံကလည်း ဆူညံနေ၏။ ထိုစဉ် ကမ်းစပ်သို့ ငါးဖမ်းမော်တော်လေးတစ်စင်း ထိုးဆိုက်လာရာ ရွာထဲမှာ လူများအပြေးအလွှားထွက်လာကြ၏။

သူတို့သည် ကမ်းခြေသို့ ထိုးဆိုက်လာသည့် မော်တော်ပေါ် အပြေးအလွှား လုတက်ကြ၏။ ဖမ်းဆီးမိထားသော ငါးတောင်းများကို အောက်သို့အပြေးအလွှား သယ်ယူနေကြ၏။





သက်အောင်သည် သူတို့ကို စပိဘုတ်အထိလိုက်ပါ ပို့ဆောင်က နှုတ်ဆက်လိုက်၏။ ဆန်နီသည် စပိဘုတ်ပေါ် ရောက်သည်နှင့် ဆက်နိုးကာ သက်အောင်ကိုနှုတ်ဆက်လိုက်၏။ ထိုအချိန်တွင် ထွန်းနောင်ဦးမှာ ဖူးကြီးထံမှ ကြားခဲ့ရသော စကားများကို စဉ်းစားရင်း ပဟေဠိဆန်သော ပုစ္ဆာတစ်ပုဒ်ကို ဖြေဆိုနေရသလိုပင် ထင်မိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ထွန်းနောင်ဦးသည် ကမ်းခြေလုံခြုံရေးစခန်းရောက်သည်နှင့် ဆန်နီ၏အကူအညီနှင့် သင်္ဘောအဝင်အထွက်ကို ရေဒါဖြင့် ရိုက်ကူးထားသည့် ကွန်ပျူတာစကရင်ပေါ်တွင် ပြန်၍ကြည့်ရှုခဲ့၏။ စကရင်ပေါ်တွင် ပင်လယ်ကူးသင်္ဘောကြီးများ၊ ခတ်လှေ၊ စပီဘုတ်များ၊ ငါးဖမ်းလှေကလေးများ ပေါ်လာ၏။

မသင်္ကာသည့် သင်္ဘောများကို ဖိုးကပ်(စ်)လုပ်၍ အသေးစိတ်ကြည့်ခဲ့၏။ ထိုသို့ တစ်နာရီနီးပါးခန့် စကရင်ပေါ်တွင် ရှာဖွေစစ်ဆေးလိုက်သောအခါ သည်ဝေါလ်စတားကုမ္ပဏီပိုင် 'ပိုက်ရှပ်(စ်)' ခေါ်သော အပျော်စီးသင်္ဘောကြီးတစ်စင်းကို





တွေ့လိုက်ရ၏။ ဖိုးကပ်(စ်)ချိန်၍ အသေးစိတ်ကြည့်ရှုလိုက်ရာ သင်္ဘောကြီးသည် ပင်လယ်ပြင်အနောက်မြောက်ဘက်သို့ ဦးတည်၍ ခုတ်မောင်းသွားကြောင်း သိလိုက်ရ၏။ အဆိုပါအချက်ကို မြင်လိုက်ရသည်နှင့် ဖူးကြီးပြောခဲ့သောစကားကို ပြန်၍အမှတ်ရသော၏။

ယခုအတိုင်းဆိုလျှင် နစ်မြုပ်သွားသည့်သင်္ဘောကြီးမှာ 'ပိုက်ရှပ်(စ်)' သင်္ဘောကြီးဖြစ်နေသည်မှာ သေချာနေပြီဟု တွက်မိလိုက်၏။

" သေချာပြီ . . ကိုဆန်နီရေ မြုပ်သွားတဲ့သင်္ဘောဟာ သည်ဝေါလ်စတားကုမ္ပဏီပိုင် ' ပိုက်ရှပ်(စ်)'သင်္ဘောကြီးဗျ "

" ဟင် . . ဒီလိုဆို ကုမ္ပဏီက ဘာဖြစ်လို့ ကျွန်တော်တို့ကို အကြောင်းမကြားတာလဲ "

" အင်း . . ဒီကိစ္စအတော်ကို ပဟေဠိဆန်တယ်ဗျာ "

" ဟုတ်ပါဆရာရယ် . . သင်္ဘောကြီးတစ်လုံး မြုပ်တာတောင် ဘယ်လိုမှ အကြောင်းအကြားဘူးဆိုတာ အံ့သြစရာပဲ "

" ကဲ . . ခင်ဗျားဆီမှာ ရှိနေတဲ့ မှတ်တမ်းနဲ့ ဆေးဘက်ဆိုင်ရာ မှတ်ချက်အကုန်လုံး ကျွန်တော်ယူသွားမယ် "

" ယူပါဆရာ "

" ကဲ . . သွားကြစို့ ကိုအောင်ရဲကျော်ရေ "

ထွန်းနောင်ဦးသည် ဆန်နီထံမှ သက်သေအထောက်အထားများကို ယူဆောင်လိုက်ပြီး အောင်ရဲကျော်နှင့်အတူ မြို့ထဲဘက်သို့ ထွက်ခဲ့ကြ၏။ လမ်းတစ်ဝက်အရောက်တွင် နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

သား စားသောက်ဆိုင်လေး တစ်ဆိုင်ထဲဝင်၍ ထိုင်လိုက်ကြ၏။

" ကိုအောင်ရဲကျော် "

" ဘာလဲဆရာ "

" ဒီကိစ္စ . . မရိုးသားဘူးဗျ "

" ဟုတ်တယ်ဆရာ . . ကျွန်တော်လဲ မသင်္ကာတော့ဘူး"

" ပြဿနာတွေကတော့ ရှုပ်ထွေးလာနိုင်စရာ ရှိတယ်ဗျ"

" သိပ်သေချာတာပေါ့ ဆရာရယ် "

" ဒီကိစ္စကို ဗဟိုထောက်လှမ်းရေးအဖွဲ့ကို အမြန်ဆုံး ရီပို့လုပ်မှဖြစ်မှာ . . ကုမ္ပဏီကိစ္စဆိုတော့ နိုင်ငံခြားသားတွေပါ ပါလာနိုင်တယ် ဆရာ "

" ကောင်းတယ်ဆရာ . . ဗဟိုထောက်လှမ်းရေးအဖွဲ့ကို အမြန်ဆုံး ရီပို့လုပ်သင့်တယ် "

" ဒါဆို . . မင်းဆီကအချက်အလက်ရယ် ကျွန်တော်ဆီက အချက်အလက်တွေပေါင်းပြီး ရီပို့လုပ်မယ်ဗျ . . ဖြစ်နိုင်ရင် ဒီရီပို့ကို တစ်ရက် နှစ်ရက်အတွင်း ပို့လိုက်ချင်တယ်"

" ကောင်းပါတယ် ဆရာ "

" အင်း . . လိုအပ်တဲ့ အချက်အလက်တွေကို တိတိကျကျ လုပ်မှ ဖြစ်လိမ့်မယ် "

" စိတ်ချပါ ဆရာ "

" ကျွန်တော်တို့ ကမ်းခြေလုံခြုံရေးက ကူးယူလာတဲ့ (ဒစ်) ပါ ထည့်ပေးလိုက်မယ် . . ဒါမှ သင်္ဘောကိစ္စကို သေသေချာချာ စုံစမ်းနိုင်မယ် ထင်တယ် "





" ကောင်းပါတယ် ဆရာ . . ကျွန်တော်ပြင်ဆင်ထား လိုက်ပါ့မယ် "

" ကဲ . . စားသောက်ဦးဗျာ "

နှစ်ဦးသား အအေးဗူးနှင့် စားသောက်ဖွယ်ရာများ ကိုယူစားသောက် လိုက်ကြ၏။ ထွန်းနောင်ဦးသည် မိုင်းဆဲဗင်း စီးကရက်ကို မီးညှိဖွာရှိုက်လိုက်၏။ မီးခိုးငွေ့များကြားတွင် သူ့အတွေး များလွင့်မျောနေ၏။

ဦးဆုံး ရှေ့နေကြီး ဦးမိုးဘကျော်တွင် လုပ်ကြံခံရသည့် ကိစ္စ၊ ထို့နောက် သည်ဝေါစတား ကုမ္ပဏီပိုင်ရှင်၏သား လင်းနေမင်း ခိုးထွက်သွားသည့်ကိစ္စ၊ ထိုမှတဆင့် ပင်လယ်ထဲမျောလာသော ပိုင်းထိထားသည့် အလောင်းများနှင့် ပေါက်ကွဲနစ်မြုပ်သွားသော သည်ဝေါစတားပိုင်း ' ဝိုက်ရှပ်(စ်)' သင်္ဘောကြီး . .

အဆိုပါ အချက်အလက်များကို တစ်ချက်ခြင်းချိတ်၍ စဉ်းစားကြည့်လိုက်၏။ တစ်နေရာရာတွင် မြှုပ်ကွယ်ရှိနေပြီ ဖြစ်ကြောင်း သူ့စိတ်ထဲ ဖော်ထုတ်လိုက်နိုင်၏။ ထို့ပြင် သူ့ ကုမ္ပဏီကြီးပေါ်မှအပြန် မှန်သီးလူးနှင့် ချောင်းမြောင်းဖနေသော လူတစ်ဦး . . .

ထိုအချက်သည် မြှုပ်ကွက်တစ်ခုလို့ သူယူဆနေ၏။ ယင်း ပုဂ္ဂိုလ်သည် သည်ဝေါလ်စတားကုမ္ပဏီမှလား၊ သို့တည်းမဟုတ် အပြင်စည်းဝိုင်းမှ လူလေလား၊ သံသယပေါင်းများကြားတွင် ထွန်းနောင်ဦး ထွေးလုံးပတ်ချာလည်နေ၏။

သို့သော် သူ့စိတ်ထဲတွင် သည်ဝေါလ်စတားကုမ္ပဏီကြီး၏



www.burmeseclassic.com

www.burmeseclassic.com

အတွင်းစည်းထဲတွင် ပြဿနာတစ်စုံတခု ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း ခန့်မှန်းတွေးတောမိ၏။ အဆိုပါ ပြဿနာကို သူ မဖော်ထုတ်နိုင်သ၍ ပြဿနာများရှင်းသွားလိမ့်မည် မဟုတ်ဟု တွေးမိ၏။ ထို့ပြင် လုပ်ကြံမှုများ ထပ်မံ၍ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်သည်ဟု သံသယဖြစ်မိလေ၏။

အမှုသွားအမှုလာကို တွေးတောနေစဉ် အောင်ရဲကျော် သည် ရိုက်ကူးထားသော ဓါတ်ပုံများကို တစ်ပုံချင်းကြည့်ရှုနေ၏။ ပင်လယ်ပြင်မှာ ဆယ်ယူရရှိလာသော အလောင်းများ၏ မျက်နှာ ပြင်များ ပျက်စီးယို့ယွင်းနေ၏။

ထိုခြေအနေကြောင့်လည်း ဘယ်သူဘယ်ဝါမှန်း သဲသဲ ကွဲကွဲ ဖော်ထုတ်၍ မရနိုင်အောင်ဖြစ်နေ၏။

“ ဆရာထွန်းနောင်ဦး ပုံတွေကိုပါ ဌာနချုပ်ပို့လိုက်ရ မလား”

“ ဟာ . . . ပို့ရမှာပေါ့ . . ခုတိုင်းဆို ဘယ်လိုမှဖော်နိုင်မှာ မဟုတ်ဘူးဗျ . . ဒီကိစ္စက ပျက်နေတဲ့ပုံတွေ ဒီဂျစ်တယ်ကွန် ထရိုးနှင့် ပြန်ဖာထေးရမှာဗျ ”

“ သိပ်ဟုတ်တာပေါ့ဗျာ . . ဒီခေတ်က ကွန်ပျူတာခေတ်ဗျ ဒီတော့ ဆံပင်ကလေး တစ်မျှင်ပဲဖြစ်ဖြစ်၊ အရိုးကလေးတစ် ချောင်းပဲဖြစ်ဖြစ် . . အဲဒီ အသေးအမွှားလေးတွေကို ဒီဂျစ်တယ် ကွန်ပျူတာနဲ့ ပြန်ကစားပြီး ဘယ်သူဘယ်ဝါ၊ ဘာကြောင့် ဘာလိုဆိုပြီး အဆင့်မြင့်မြင့် ဖော်ထုတ်နိုင်တဲ့ ထောက်လှမ်းရေး ဌာနတွေရှိနေပြီလေ”





“ အံ့ဩစရာပဲ . . ဆရာထွန်းနောင်ဦးရယ်”

“ မအံ့ဩနဲ့ဗျာ . . ဒါ . . ကျုပ်တို့ရဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်ကြီး ဟောကြားခဲ့တဲ့ အချက်အလက်တွေပဲဗျ ”

“ ဗျာ . . ဘုရားကိုယ်တော်မြတ်ကြီး ဟောခဲ့ တာတုတ်လား”

“ ဟုတ်ပါ့ . . ဘုရားရှင် ကိုယ်တော်မြတ်ကြီးက လူ တွေတာ စကြာဝဠာကြီးရဲ့ လျှို့ဝှက်ချက်တွေ၊ သဘောတရား တွေ။ ပေါ်ပေါက်လာမှု၊ ပျောက်ဆုံးသွားမှုတွေ အားလုံးကိုသိလာကြ လိမ့်မယ်။ လူတွေရဲ့ပညာက ကောင်းကင်ရော မြေကြီးပါမကျန် မွှေနှောက်ရှာဖွေနိုင်ကြလိမ့်မယ်တဲ့ ကိုအောင်ရဲကျော်ရဲ့ . . .

“အံ့ဩစရာပဲ ဆရာရယ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြင်တတ်တယ်နော်”

“ ဟာ . . ကိုအောင်ရဲကျော်ကလည်း ခက်ပါ့ဗျာ . . လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်သချေ်ာနဲ့ ကမ္ဘာရှစ်သိန်း၊ အသချေ် . . အသချေ်ာ . . ပါရမီတွေအဆက်ဆက်ဖြည့်ဆည်း လာခဲ့တာ ဘုရားရှင်ဗျ . . ပြီးတော့ ဂုဏ်တော်ထဲမှာ “ လောက ဝိဒူ” ဆိုတာ ခင်ဗျားသိလား ”

“ ပြောပါဦး ဆရာ . . ကျွန်တော်လဲ သိပ်မလေ့လာမိဘူး”

“ ဟာ . . လေ့လာသင့်တယ် . . ကျက်မှတ်သင့်တယ် အမြဲတမ်း အမှတ်ရပူဇော်သင့်တယ်ဗျာ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ဦးဖြစ်ဖို့ဆိုတာ ဗုဒ္ဓရဲ့ အယူအဆတွေ ဆုံးမမှုတွေ၊ ဟောပြော မှုတွေ၊ အဘိဓမ္မာသဘောတွေကို လေ့လာထားသင့်တယ်ဗျ ”

www.burmeseclassic.com

www.burmeseclassic.com

" ထားပါတော့လေ ကျွန်တော်စကား ပြန်ကော
ရဦးမယ် ဩကာသလောက၊ သင်္ခါရလောက၊ သတ္တလောကဆို
လောကသုံးပါးစလုံးကို မချွင်းမချန် သိမြင်တော်မူသော မြတ်စွ
ဘုရားတဲ့ဗျာ . . ကဲ . . ဘယ်လောက်ကြီးကျယ် မြင့်မြတ်လို
သလဲလို့ ဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟ
ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ် ဆို
ဉာဏ်တော်ကြီးသုံးပါးကို ပိုင်ဆိုင်ထားတာ ဗျ . . ဒီတော့ သူ
မမြင်နိုင်၊ မသိနိုင်၊ မကြားနိုင်ဆိုတဲ့စကား မရှိဘူး။ ဆိတ်ကွယ်
အလျှဉ်းကင်းမဲ့တော်မူသော မြတ်စွာဘုရားတဲ့ဗျ "

" ကြည်ညိုစရာ ကောင်းလိုက်တာဗျ . . ဒါဆို ခု
သိပ္ပံပညာထွန်းကား လာလိမ့်မယ်ဆိုတာလည်း ဘုရားရှင် ကို
တော်မြတ်ကြီးက သိထားခဲ့တာပေါ့နော် "

" ဒါပေါ့ဗျာ . . ကဲ စကားလဲ ရှည်သွားပြီ . . စခ
ပြန်ရအောင် လုပ်စရာရှိတာတွေ လုပ်ကြစို့ "

" ပြန်မယ်လေ "

ပြောပြောဆိုဆိုနှင့် ထွန်းနောင်ဦးတို့ နှစ်ဦးစခန်းဘက်သ
ပြန်ခဲ့ကြ၏။ ထွန်းနောင်ဦး၏ စိတ်ထဲတွင် ယခုလို ထူးထူးခြားခြ
ပေါ်ပေါက်လာသည့် အမှုကိစ္စနှင့် စပ်လျဉ်း၍ အံ့ဩတကြီး
ဖြစ်နေမိ၏။

သူ သည်မြို့ကလေးသို့ ရောက်ခဲ့သည်မှာ ဆယ်နှစ်ကျော်
ပြီးဖြစ်၏။ ထိုအတောအတွင်း အမှုကြီးကြီးမားမား တစ်မှုနှစ်မှုသ
ပေါ်ပေါက်ခဲ့ဘူး၏။ ပေါ်ပေါက်ခဲ့သော အမှုများကိုလည်း ရက်ပိုင်





အတွင်း တရားခံကို ဖော်ထုတ်ခဲ့၏။

ယခုတော့ အမှုသွား အမှုလာအနေအထားရ သူ့ကို
ဟေဋ္ဌိဆန်သလိုပင်၊ ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်လာသော ဖြစ်စဉ်
များကြောင့် သူ့အတွေးများ ရှုပ်ထွေးသွား၏။

မေးစရာမေးခွန်းများ ပြည့်လျှက်လာတဲ့ လှုပ်ရှားမှု သ
ဘောမှာလည်း သူ့စိတ်ထင်ပြောရလျှင် အဖွဲ့အစည်း ဆန်လှ
သည်ဟု ယူဆမိ၏။

ထို့ကြောင့်လည်း စခန်းရောက်သည်နှင့် ချက်ချင်းအမှု
အခြေအနေကို အစီရင်ခံရေးခဲ့၏။ အချက်အလက်ပြည့်စုံအောင်
ထည့်သွင်းခဲ့၏။ ပြီးသည်နှင့် သက်သေခံပစ္စည်းများ၊ ဓါတ်ပုံများကိုပါ
ချိတ်ပိတ်ထည့်သွင်းလိုက်၏။

အားလုံး ပြီးပြည့်စုံသွားသည့်အခါ ဗဟိုလျှို့ဝှက် ထောက်
လှမ်းရေးအဖွဲ့ကို ပေးပို့ရန် ပြင်ဆင်စီစဉ် လိုက်၏။ သူပေးပို့
လိုက်သော လျှို့ဝှက်ရိုပို့သည် လျှို့ဝှက်ထောက်လှမ်းရေး ဧဂျင့်သို့
နေချင်းအမှီ ရောက်ရှိသွားရာ လျှို့ဝှက်ထောက်လှမ်းရေး အကြီး
အကဲ ဘချုပ်ထံသို့ တင်ပြခဲ့လေ၏။

ဘချုပ်သည် ယခုလို အရေးတကြီးကိစ္စများ တစ်ခုပြီး
တစ်ခု ဖြေရှင်းခဲ့ရ၍ စိတ်မောလူမောဖြစ်ခါ မီးသေနေသော
ဆေးပြင်းလိပ်တိုကြီးကို ခဲ၍ ထိုင်ခုံနောက်မှီတွင် ခေါင်းတင်ကာ
အနောက်တိုင်း စာအုပ်တစ်အုပ်ကို ဖတ်ရှုလိုက်လေ၏။

ထိုစဉ် သူ့ရှေ့သို့ ရောက်ရှိလာသော လျှို့ဝှက်ရိုပို့ဖိုင်
ကြောင့် ဖတ်လက်စ စာအုပ်ကိုဘေးချထားလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည့်ရီပို့ကို ဖတ်ရှုလိုက်၏။

ရီပို့လိပ်စာမှာ ပင်လယ်ဆိပ်ကမ်းမြို့ကလေးတစ်မြို့ဖြစ်သော အေးရိပ်မြိုင်မြို့ကလေးမှ ရီပို့ဖြစ်ပြီး တာဝန်ခံ ထွန်းနောင်ဦး၏ စနစ်တကျ ပြုစုရေးသားထားသော အစီရင်ခံစာပင်ဖြစ်၏။

ဘချုပ်သည် ရီပို့ထဲတွင် ပါရှိသော အကြောင်းအချက်များအသေးစိတ်ဖတ်ရှုရင်း စိတ်ဝင်စားဖြစ်လေ၏။ သည်ဝေါလ်စတားကုမ္ပဏီလက်ခွဲများ ဖွင့်လှစ်ထားသဖြင့် နိုင်ငံကျော်ကုမ္ပဏီကြီးတစ်ခုဖြစ်၏။

ငွေကြေးမြောက်မြားစွာ ပိုင်ဆိုင်မှုရှိပြီး ကိုယ်ပိုင် လေယာဉ်နှင့် ကိုယ်ပိုင်သင်္ဘောများပင်ရှိသည့် ကုမ္ပဏီဖြစ်လေရာ နိုင်ငံခြားတိုင်ပြည်များနှင့် အတော်ကလေး အဆက်အဆံရှိ၏။

တစ်ချိန်က ထိုကုမ္ပဏီသည် ငါးနှစ်ခြောက်နှစ်ဝန်းကျင်ရန်ကုန်တွင် လုပ်သွားခဲ့ဘူးရာ သူ့ကိုဖိတ်ကြားခဲ့သဖြင့် ကိုယ်တိုင်တက်ရောက်ခဲ့ဘူး၏။ ထို့ပြင် ကုမ္ပဏီထဲတွင် အစုရှယ်ရာ အများဆုံး ပါဝင်ပြီး ဒါရိုက်တာ ရာထူးရယူထားသော ဦးဗလအောင်နှင့်လည်း သူတရင်းတနှီးရှိ၏။

ထိုအကြောင်းအချက်များကြောင့်လည်း ထွန်းနောင်ဦး၏ရီပို့ကို သူစိတ်ဝင်တစား ဖြစ်မိ၏။ ရီပို့ထဲတွင် ကုမ္ပဏီပိုင် "ဝိုက်ရှပ်စ်" သင်္ဘောကြီးမြုပ်သွားကြောင်း ဖော်ပြထားပြီး ထိုသတင်းနှင့် ပတ်သက်၍ ကုမ္ပဏီဘက်မှ အကြောင်းကြားခြင်းမရှိဟု ဖော်ပြထားသဖြင့် အစီခံလာသည့် အချက်နှစ်ချက်ကြားဘာကွက်တစ်ခု ပေါ်ပေါက်နေပြီဟု ယူဆမိ၏။ ထို့ပြင် သည်ဝေါလ်စတားပိုင် သင်္ဘောကြီးဘာကြောင့် နစ်မြုပ်သွားရသလဲ၊ ဘယ်သူတွေက နစ်မြုပ်သွားခဲ့သလဲဆိုသောအချက်နှင့် ပင်လယ်ထဲမှ မျောလာသော မှိုင်းထိထားသည့် အလောင်းများ ဆက်စပ်မှုရှိမရှိကို ဘချုပ် သိချင်နေ၏။

ထို့ပြင် သည်ဝေါလ်စတား ကုမ္ပဏီကြီး၏ အတိုင်ပင်ခံရှေ့နေကြီး ဦးမိုးဘကျော် ပျောက်ဆုံးသွားခဲ့ရသည်မှာ အလုပ်ကြံခံလိုက်ရသည့် ဓါတ်ပုံကို မျက်ဝါးထင်ထင် မြင်လိုက်ရပြန်၏။ ထိုသို့ ပျောက်ဆုံးသွားစဉ် ဦးဗလအောင်၏သားဖြစ်သူ လင်းနေမင်းခရီးထွက်နေသည်ဆိုသော အကြောင်းအချက်များသည် တစ်ခုနှင့်တစ်ခုချိတ်၍ ပေါ်ပေါက်နေသလားဟု တွေးမိ၏။

ထို့ကြောင့်လည်း အေးရိပ်မြိုင်မှတက်လာသော ရီပို့ကို ဘချုပ် စိတ်ဝင်တစားဖြစ်သွား၏။ အမှုတည်ဆောက်ပုံက ဂိမ်းတစ်ခုကို ကစားရသလို ဉာဏ်လည်းလိုသည်ဟု ထင်မိ၏။

ထို့ပြင် သည်ဝေါလ်စတား ကုမ္ပဏီမှ ဒါရိုက်တာ ဦးဗလအောင်တစ်ယောက် တကယ်တမ်း အရေးအကြောင်းရှိလျှင် သူ့ထံ အကြာခဏ အကူညီတောင်းခံဘူး၏။ ယခုတော့ အဘယ်ကြောင့် ရေငုံနှုတ်ပိတ် ဖြစ်နေရသည်ကို သူစဉ်းစား၍ မရနိုင်အောင် ဖြစ်နေ၏။

ထို့ကြောင့်လည်း ချက်ချင်းပင် သူ၏လက်ရှန်းမှာ အားကိုးရသော အေးဂျင့် စဝ်ရန်နိုင်ကို ချက်ချင်း ဆဲလ်ဖုန်းနှင့်ဆက်သွယ်ကာ ခေါ်ယူလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

စဝ်ရန်နိုင်နှင့် မွေးကြီးမှာ အမှုကိစ္စများပြီးပြတ်သဖြင့် အင်ဒါးဂျင့်ဟိုတယ်တစ်ခုတွင် အေးအေးလူလူ စားသောက်နေကြ၏။ ထိုအချိန်တွင် ဘချုပ်က အမြန်ဆုံးလာကြရန် ဖိတ်ခေါ်လိုက်သဖြင့် အမှုကိစ္စတစ်ခု အရေးပေါ်ပေါက်လာပြီဟု ချက်ချင်းတွက်မိ၏။

ထို့ကြောင့်လည်း စားသောခဲ့သမျှကို ချက်ချင်းရှင်းလင်းလိုက်ပြီး နှစ်ဦးသား အင်ဒါးဂျင့် ဟိုတယ်ကြီးမှထွက်ခဲ့ ပက်ကင်ထိုးထားသော လင့်ကန္တဇာအဖြူကြီးပေါ် တက်ထိုင်လိုက်၏။ မွေးကြီးမှာ အေးအေးလူလူနှင့် ဇိမ်ကျကျနေသဖြင့် စိတ်ထဲတွင် မချိတင်ကဲဖြစ်နေ၏။ ထို့ကြောင့်လည်း ကားပေါ်အရောက်တွင် ဒေါ်ပွပွနှင့် ပြောလိုက်၏။

" ဘယ်သူခေါ်တာလဲကွ "

" ဘချုပ် "

" အင် . . ဘယ်လိုဖြစ်တာလဲ အမှုကိစ္စပြတ်လို့ အေးအေးဆေးဆေးတောင် အနားမယူရသေးဘူး ဘာတွေ ဖြစ်လာပြန်ပြီလဲ . . . . "

" မပြောတတ်ပါဘူးဗျာ ခေါ်တော့လည်း သွားရမှာပေါ့ တာဝန်ကို ငြင်းဆန်လို့မရဘူးလေ၊ ပင်ပန်းတာတော့ ပင်ပန်းတာပေါ့ ဒါပေမယ့် ကျွန်တော်တို့အလုပ်က အားလုံးစိတ်ချမ်းမြေ့မြေ့နဲ့အနှောင့်အယှက်ကင်းကင်း နေနိုင်ဖို့ပဲ မဟုတ်လား "

" ဟုတ်ပါ့ဗျာ . . ကျွန်တော်မျိုးကြီး မငြင်းပါဘူး။ ဒါပေမယ့်ကွာ . . ဟိုတယ်မှာ ရက်စ်ယူနေတာ တမ်ပိုက ခုမှ တက်ခါစ



ရှိသေးတယ်ကွာ . . ဟို . . ဟိုတယ်ထဲဝင်လာတဲ့ အချောအလှလေးတွေကို ကြည့်ရတာအလှတစ်မျိုး ပြီးတော့ ဇော်ဂါဘီယာလေးငုံပြီး ချိစ်လေးငုံ့ရတာတစ်ဖုံ . . အဲ . . အင်္ဂလိပ်ဘာဘ် သီချင်းအေးအေးလေးတွေ နားထောင်ရတာ တစ်သွယ်နဲ့ တကယ် လောကီနိဗ္ဗာန်ကွ နာလိုက်တာကွာ . . "

" ဒီလောက်လဲ . . အဖြစ်သဲမနေစမ်းပါနဲ့ မွေးကြီးရာ ခင်ဗျား . . ထင်တဲ့ နိဗ္ဗာန်ဟာ ထိုင်ခုံကထတာနဲ့ ကြက်ပျောက်ငှက်ပျောက် နိဗ္ဗာန်ပါဗျာ . . "

" ဟေ့ . . ကြက်ပျောက်ငှက်ပျောက် နိဗ္ဗာန် . . ဟုတ်လား ကြဲကြဲဖန့်ဖန့်ကွာ . . မင်းကတော့ မဟုတ်တာတွေပြောနေပြန်ပြီကဲ . . ပြောစမ်းပါဦး မင်းပြောမယ့် နိဗ္ဗာန်ဆိုတာ . . "

" ဟာ . . မွေးကြီးကတော့ မဟုတ်တာတွေ ပြောနေပြန်ပြီ ဒီလိုဗျ . . ကျွန်တော်ဖော်ထုတ်ခဲ့တဲ့ ဒုစရိုက်ပြဿနာတွေကိုကြည့် သူတို့ဟာ လူလောကကို နည်းနည်းအမျိုးမျိုးနဲ့ အနှောက်အယှက် ပေးနေကြတယ်၊ ဒုက္ခပေးနေကြတယ်။ ပြီးတော့ လောဘ၊ဒေါသ၊ မောဟဆိုတဲ့ တရားဆိုးတွေကို အေးချမ်းတဲ့လောကထဲ ပက်ကြဲပြီး လူတွေအားလုံး မလုံမခြုံဖြစ်အောင် ဖန်တီးခဲ့ကြတယ်လေ အဲဒီလူတွေကို ကျွန်တော်တို့က မိမိရရ ဖော်ထုတ်ပြီး တရားဥပဒေပလ္လင်မှာ ခေါင်းစင်းခိုင်းခဲ့တာ ခင်ဗျားအသိပဲ . . "

" အေးလေး အဲဒီတော့ . . မင်းဆိုလိုတာ "

" ကျွန်တော်ပြောချင်တာက လူသားအားလုံး အေးချမ်းအောင် ဆောင်ရွက်လိုက်ရလို့ ကြည်နူးစရာကောင်းလှတဲ့



www.burmeseclassic.com

www.burmeseclassic.com

ယစ်မူးမှုဟာ ဘယ်မှာရှိသေးလဲ . . ပြောပါဦး "

" အင် "

စဝ်ရန်နိုင်၏စကားကြောင့် မွေးကြီးငိုင်ကျသွား၏။ ယုတ္တိဗေဒဆန်လှသော စစ်ရန်နိုင်၏စကားကို မွေးကြီးခေါင်းခါရန် မဝံ့ရဲတော့၊ အမှန်ဆိုရလျှင်လည်း လူမှုအဆောက်အအုံကြီးကို အမျိုးမျိုး ဒုက္ခပေးနေကြသော ဒုစရိုက်သမားများကို ဖော်ထုတ်ဖမ်းဆီး နိုင်ခဲ့ပြီဆိုလျှင် သူ ဝမ်းအသာကြီးသာခဲ့ရ၏။

ထိုအမှုဆောင်ရွက်ပြီးနောက် ငါတို့လူတွေအတွက် ကုသိုလ်ရအောင် ဆောင်ရွက်ခဲ့ပါလားဟု တွေး၍ တသိမ့်သိမ့်ကြည်နူးခဲ့၏။ ယခုလည်း စဝ်ရန်နိုင်၏စကားကြောင့် မွေးကြီးမှာ ခေါင်းတညိတ်ညိတ် ဖြစ်နေ၏။

" ဟုတ်ပါတယ် စဝ်ရာ . . မင်းပြောတဲ့စကားဟာ မှန်ပါတယ်ကွာ. . အဲဒီ . . အရသာဟာ ဘယ်အရသာမှ လိုက်လို့ မမီပါဘူးကွာ . . "

" ဒါပေါ့ဗျာ . . ကဲ . . သွားကြမယ် "

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး လင့်ကရှဇကားကြီးကို စီးနင်းကာ ဘချုပ်ရှိသော လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်သို့ ထွက်ခဲ့ကြလေ၏။

* * * * * *



## အခန်း (၄)

စဝ်ရန်နိုင်နှင့် မွေးကြီးသည် ဘချုပ်ရှေ့တွင်ထိုင်ကာ လျှို့ဝှက်ရီပို့ကို အသေးစိတ်ဖတ်ကြည့်လိုက်ကြ၏။ စာဆုံးသွားသည်နှင့် ဘချုပ်က သူတို့နှစ်ဦးကို ကြည့်၍ မေးခွန်းထုတ်လိုက်၏။

" ဘယ်လိုသဘောရကြသလဲကွ . . ငါဖတ်ကြည့်တာတော့ အစ်ခုခု မြုပ်ကွက်ရှိနေပြီ ထင်တာပဲ . . "

" ဖြစ်နိုင်တယ်အဘ သည်ဝေါလ်စတား ကုမ္ပဏီဟာ အဘနဲ့လဲ တရင်းတနှီးရှိနေတာ အမှန်ပဲလေ . . ဒီတော့ . . ခုလိုကိစ္စဟာ အဘဆီကို သတင်းပေးသင့်တာပဲ . . "



www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်ပါ့ကွာ . . ငါလဲ အဲဒါပဲအံ့အားသင့်နေတာကွ . . ဘာကြောင့် ရေငုံနှုတ်ပိတ် ဖြစ်နေကြသလဲ . . အဲဒီအချက်ကို ငါလဲ သံသယဖြစ်နေတာ . . "

" ဟုတ်တယ်အဘ . . ပြီးတော့ စဉ်းစားစရာက ရှေ့နေကြီး ဦးမိုးဘကျော် လုပ်ကြံခံလိုက်ရတာတဲ့ကိစ္စရယ် ပြီးတော့ ပင်လယ်ထဲမျောလာတဲ့ လူတွေရယ်ဟာ အဆက်အစပ်ရှိနေသလား အဲဒီအချက်ရယ် ပြီး . . ဦးမိုးဘကျော်ဟာ သည်ဝေါလ်စတားရဲ့ အတိုင်ပင်ခံရှေ့နေကြီး ဒီအချက်ကို ထည့်သွင်းတွက်ချက်ကြည့်တော့ ဒီအမှုများ မြုပ်ကွက်ရှိကိုရှိလိမ့်မယ် အဘ . . "

" အင်း . . သားတွက်ပြတာ အတော်ကိုစုံလင်ပါကယ် နိုင်လဲနိုင်မာတယ် . . ဒါဆို ဒီကိစ္စကို သားတို့ပဲ တာဝန် ပြီးဖော် ထုတ်စေချင်တယ်ကွာ . . ဘာကြောင့်လဲဆိုတော့ သည်ပေါလ်စတားကုမ္ပဏီဟာ နိုင်ငံတော်ကို တဖက်တလမ်းက စီးပွားရေးလုပ်ငန်းမှာ ပြည်ပဝင်ငွေရအောင် ရှာပေးနေတဲ့ ကုမ္ပဏီကြီးလေ၊ ဦးဗလအောင် မပြောတာလဲ သူ့အကြောင်းနဲ့ သူရှိမှာပေါ့ "

" ဖြစ်နိုင်ပါတယ် အဘ "

" ကောင်းပြီလေ . . ဒီကိစ္စကို အမြန်ဆုံးတက်ထွက်ဖို့ သားတို့ကို ခုပဲတာဝန်ပေးလိုက်ပြီ လိုအပ်တဲ့ကိစ္စ မှန်သမျှ အဘကူညီမယ် "

" ကျေးဇူးပါပဲ အဘရယ် ဒါဆို ကျွန်တော်တို့နှစ်ယောက် ဒီအမှုနဲ့ပတ်သက်တာတွေ ပြန်ပြီးလေ့လာချင်တယ် "

" ယူသွားလေ . . ဟောဒီမှာ သက်သေခံပစ္စည်းတွေရော





ငင်ရော ယူသွားပေတော့ "

" ဟုတ်ကဲ့ . . ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦး "

" ကောင်းပါပြီဗျာ "

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ဘချုပ်ကို နှုတ်ဆက်ခါ ဘက်လှမ်းရေးအေးဂျင့်မှဖြစ်၍ ထွက်ခွာလာခဲ့ကြ၏။ အိမ် ာက်သည်နှင့် ဦးဆုံး ကူးပို့လိုက်တဲ့ ဒစ်ကို ကွန်ပျူတာထဲထည့် ဖွင့်ကြည့်လိုက်ရာ ဝိုက်ရှပ်(စ်)သင်္ဘောကြီး ပင်လယ်ထဲ သွားသည့် မြင်ကွင်းကို စကရင်ပေါ်တွင် မြင်လိုက်၏။

သင်္ဘောမြုပ်သည့် အစိတ်အပိုင်းကို ဖိုးကပ်စ်ချိန်၍ ကြည့်လိုက်၏။

" ဟာ . . သင်္ဘောက မီးလောင်မှုပေါက်ကွဲသွားပုံပဲ "

" ဟင် . . ဟုတ်လား "

" ဒီမှာကြည့်လေ "

ပင်လယ်ထဲ မြုပ်လုပြီဖြစ်နေသော အစိတ်အပိုင်းကို အနီး ချဲ့ကြည့်လိုက်ရာ မီးရောင်များ ဝင်းဝင်းလက်လက် နေသည်ကို လိုက်ရ၏။ ထိုမြင်ကွင်းကြောင့် မွေးကြီးသည် စစ်ရန်နိုင်၏ အမြှောကိုခေါင်းညိတ်လိုက်၏။

" ဟုတ်ပါ့ကွာ . . ဒါဆို ဒီကိစ္စ လုပ်ကြံမှုပဲ "

" နေဦးဗျ . . သူတို့ပို့လိုက်တဲ့ ပုံတွေကို ဒစ်ဂျစ်တယ်နဲ့ နိုင်ဖော်ကြည့်မယ်ဗျ "

" လုပ်လေ "

ပြောပြောဆိုဆိုနှင့် ထွန်းနောင်ဦးတို့ ပို့လိုက်သောပုံများကို



www.burmeseclassic.com

www.burmeseclassic.com

ဒစ်ဂျစ်တယ်ထဲထည့်၍ ပျက်စီးနေသော မျက်နှာပုံသဏ္ဍာန်များကို ကွန်ပျူတာ အဖက်စ်များနှင့် အစားဖြည့်လိုက်၏။ စကရင်ပေါ်တွင် ကာလာရိပ်များ တဖြတ်ဖြတ် ပြေးလွှားနေပြီး တအောင့်မျှအကြာတွင် မီးလောင်ပျက်စီးသွားသော လူတစ်ဦး၏ ပကတိမျက်နှာသည် စကရင်ပေါ်တွင် တီတီပပပေါ်လာ၏။

ထိုအခါ ပေါ်လာသည့်ပုံကို ဒစ်နှင့်ကူးလိုက်၏။ ပြီးသည်နှင့် ကျန်သော မီးလောင်ထားသည့် မျက်နှာလေးခုကိုလည်း ဒစ်ဂျစ်တယ်အဖက်စ်နှင့် ပကတိမျက်နှာများဖော်၍ ဒစ်နှင့်ကူးလိုက်ပြီး ပုံတူပုံပွားများကို ပရင့်အောက်ထုတ်ကြည့်လိုက်၏။

လေးဦးစလုံး၏ အသွင်အပြင်မှာ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၏ အသွင်သဏ္ဍာန်ရှိ၏။ မွေးကြီးမှာ ပုံများကိုကြည့်ရင်း စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေ၏။

" ပုံတွေက တကယ် ဂျန်းတဲလ်မန်းတွေပဲကွာ ဒီလူတွေဟာ ကုမ္ပဏီအဖွဲ့သားတွေလား မသိဘူး "

" ဖြစ်နိုင်တယ် မွေးကြီး ဟိုရောက်မှ သေသေချာချာ မွှေနှောက်စုံစမ်းကြတာပေါ့ ကဲ . . ပြင်ဆင်စရာရှိတာ ပြင်ဗျာ ဒီနေ့လည်ပိုင်းပဲ ထွက်ကြရအောင် "

" မင်း ကားနဲ့ပဲလား "

" ဒါပေါ့ဗျ . . ဒီကားနဲ့ပဲ သွားမယ် "

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ပြင်ဆင်စရာရှိသည်များကိုပြင်ဆင်လိုက်ကြ၏။ စစ်ရန်နိုင်သည် အေးရိပ်မြိုင်သို့ ဖုန်းကွန်တက်လုပ်ပြီး တာဝန်ခံ ထွန်းနောင်ဦးကို အသိပေးလိုက်၏။





အားလုံးပြင်ဆင်ပြီးသည်နှင့် အေးရိပ်မြိုင်ဘက်သို့ လင့်ကရူဇာကြီးနှင့် ထွက်ခဲ့၏။ အေးရိပ်မြိုင်မြို့မှာ ရန်ကုန်နှင့် မိုင်နှစ်ရာနီးပါးခန့်တွင် ရှိ၏။ လင့်ကရူဇာကြီးမှာ လီဗာသာသာ အလေးနင်းလိုက်သည်နှင့် မြင်းပေါက်ကြီးအလား အဝေးပြေးလမ်းမကြီးပေါ်တွင် တဝေါဝေါပြေးလွှားနေ၏။

ကားကို အလုံပိတ်ထားပြီး မြို့အဝင်ရောက်သည်နှင့် အဲယားကွန်ဖွင့်လိုက်၏။ မွေးကြီးသည် ကားကက်ဆက်တွင် အခွေထည့်ကာ သီချင်းသံ တိုးတိုးသဲ့သဲ့ကို နားထောင်နေ၏။ လမ်းမကြီးပေါ်တွင် ကားအသွားအလာ ရှမ်းလင်းနေပြီး ကုန်ကား သုံးလေးစင်းခန့်သာ မကြာခဏ ဖြတ်မောင်းသွားတတ်၏။ နှစ်ဦးသား စကားတပြောပြောနှင့် မောင်းနှင်ခဲ့ကြရာ အေးရိပ်မြိုင်သို့ ညခုနှစ်နာရီခန့်တွင် ရောက်ရှိသွားခဲ့၏။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်၍ မြို့ထဲဝင်သည်နှင့် လယ်လယ်ဘက်မှ တိုက်ခတ်သော လေက အေးစိမ့်စိမ့်နိုင်လှ၏။

သူတို့မောင်းနှင်လာသော ကားသည် မြို့လယ်ပိုင်းရှိ လုံခြုံရေးစခန်းရှေ့အရောက် ထိုးရပ်လိုက်ပြီး ကားပေါ်မှ ဆင်းခဲ့ကြ၏။ စခန်းထဲတွင် လုံခြုံရေးဝန်ထမ်း သုံးလေးဦးကို တွေ့လိုက်ရ၏။ သူတို့ကိုမြင်သည်နှင့် ချက်ချင်းပင် တာဝန်ခံ ထွန်းနောင်ဦးကို အပြေးအလွှား သွားခေါ်ခဲ့ကြရာ ဆယ်မိနစ်ခန့် အကြာတွင် ထွန်းနောင်ဦး ရောက်ရှိလာ၏။

" ဟာ . . ဆရာ စစ်ရန်နိုင် "

" ဟုတ်တယ် ထွန်းနောင်ဦး အလုပ်များနေသလား "


www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်ကဲ့ . . အရှေ့ဘက်မှာ ကိစ္စလေးတစ်ခုရှိလို့ သွားနေတာပါ ဆရာ "

" ဟုတ်လား "

" ကဲ . . ထိုင်ကြပါဦး . . ဆရာတို့အတွက် တည်းခိုဖို့ နောက်ဖက်မှာ တိုက်ခန်းတွေ အသင့်ရှိပါတယ် "

" ကောင်းတာပေါ့ "

" စားဖို့သောက်ဖို့လည်း ပြင်ဆင်ပြီးပါပြီ ဆရာစဝ်ရန်နိုင် "

" ကျေးဇူးပဲ ကိုထွန်းနောင်ဦး "

" ရပါတယ်ဆရာ . . ဆရာလာတာကိုပဲ ကျွန်တော်တို့ ဝမ်းသာလှပါပြီ . . ဘာဖြစ်လို့လဲဆို အမှုက အတော်ကိုရှုပ်နိုင်တဲ့ အခြေအနေရှိနေတယ် ဆရာ "

" ဟုတ်လား . . ဒါဆို ကောင်းတာပေါ့ အဲဒီလို ရှုပ်ထွေးနေတာကို အစဆွဲရလွယ်တယ်ဗျ "

စဝ်ရန်နိုင်၏စကားကြောင့် ထွန်းနောင်ဦး ကြောင်စီစီ ဖြစ်သွား၏။ မွေးကြီးကတော့ အကြောင်းသိမို့ ပြုံးစိစိလုပ်နေ၏။ တအောင့်အကြာတွင် ထွန်းနောင်ဦးသည် သူတို့နှစ်ဦးကိုခေါ်ကာ စခန်းအနောက်ဘက် တည်းခိုစခန်းသို့ ထွက်ခဲ့၏။

ရာသီဥတုကလည်း အပြင်ရောက်မှ ပို၍အေးစိမ့်စိမ့် နိုင်လှ၏။ ကောင်းကင်ပေါ်တွင် တိမ်ညိုမဲများ ကင်းစင်နေပြီး လမင်းကြီးက ဝိုင်းစက်ကြည်လင်နေ၏။

လရောင်ရွှန်းမြမြကလည်း မြို့ပေါ်သို့ ဖြာယှက်ခါ စီးနေသဖြင့် အေးရိပ်မြိုင်မြို့ကလေးမှာ ရွှေရောင်တွေလင်းနေသည်





ဆိုရခြေမည်။ ထိုပြင် စခန်းဝင်းထဲတွင် သရက်ပင်၊ ည်းပင်၊ ပိန္နဲပင်များက ခပ်စီပ်စိပ်ပေါက်ရောက်နေသဖြင့် ရောင်ရိပ်မှာ ထင်ဟပ်နေသော ရွက်စိမ်စိမ်းကလေးများမှာ ည်များနှင့် စိုးလက်ဝင်းပနေ၏။

သူတို့သုံးဦး အနောက်ဘက် တစ်ထပ်တိုက်ပုလေးထဲသို့ ခဲ့ကြ၏။ ထွန်းနောင်ဦးသည် စဝ်ရန်နိုင်တို့လာမည်ကို သိနေသဖြင့် တည်းခိုဆောင်ကို အကျအနပြင်ဆင်ထား၏။ ကြီးက အပြင်အဆင်ကိုကြည့်၍ . . .

" ဟာ . . ကောင်းလိုက်တဲ့ အိမ်ကလေးပါလား "

" ဟုတ်တယ်ဆရာ . . ကျွန်တော် ဆရာတို့လာမယ်ဆို ည်းက ပြင်ဆင်ထားတာပါ . . ကဲ . . ဆရာတို့နားကြပါဦး ဘော့ နောက်ဖက်မှာ ရေချိုးခန်းရှိတယ် ဆရာ "

" ကျေးဇူးပဲ . . ထွန်းနောင်ဦးရေ "

" ကဲ . . ကျွန်တော် ဆရာတို့စားဖို့သောက်ဖို့ ပြင်ဆင် ဦးမယ် "

ထွန်းနောင်ဦးသည် သူတို့ကိုနှုတ်ဆက်၍ အဆောက်အအုံ ပြင်ဘက်သို့ ထွက်သွား၏။ မွေးကြီးနှင့် စဝ်ရန်နိုင်တို့သည် ရာရီခန့် ကားစီးခဲ့ရသဖြင့် ငြီစီစီဖြစ်နေ၏။ ထို့ကြောင့်လည်း ယ်ပေါ်မှ အဝတ်အစားများချွတ်၍ ရေချိုးခန်းထဲဝင်ကာ န်းများအောက်တွင် စိမ်ပြေနပြေ ချိုးလိုက်ကြ၏။

ပြီးသည်နှင့် အိမ်ခန်းတွင်အသင့်ပြင်ထားသော သဘက်ကြီးများနှင့် ခန္ဓာကိုယ်ကို ခပ်ကြမ်းကြမ်းပွတ်တိုက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး အနောက်တိုင်း ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ထား
လိုက်ကြ၏။

သူတို့အဝတ်လဲလှယ်ပြီးသွားချိန်တွင် ထွန်းနောင်ဦး
ရောက်ရှိလာ၏။

" ကဲ . . ဆရာတို့ပြီးရင် . . ဟိုဘက်နားခ
လျှောက်ရအောင် "

" ဟာ . . ထမင်းစားဦးမယ်လေ "

မွှေးကြီးမှာ ဗိုက်ထဲက တဂွီဂွီဖြစ်နေပြီမို့ ဆန္ဒစော
ပြောလိုက်ရာ ထွန်းနောင်ဦးက ပြုံးစစလုပ်ရင်း . . .

" ဟုတ်ကဲ့ . . အဲဒီမှာ ဆရာတို့စားဖို့ အသင့်ပြင်ပြီးပါပြီ

" ဟာ . . ကောင်းတာပေါ့ ဟို အမွှေးထည်လေးတေ
မပါဘူးလား "

" အသင့်ပါပဲ ဆရာ . . ဝီစကီတစ်လုံးနဲ့ ဘီယာပါ
ရှိပါတယ် "

" အိုကေ "

ထွန်းနောင်ဦးစကားကြောင့် မွှေးကြီးအကျေနပ်ကြီး
ကျေနပ်သွား၏။ ထို့ကြောင့်လည်း ထွန်းနောင်ဦးခေါ်ရာသို့
တက်တက်ကြွကြွနှင့် လိုက်ခဲ့လေ၏။

ထွန်းနောင်ဦးသည် သူစီစဉ်ထားသော 'ရွှေယမုံနာ'
ဟိုတယ်သို့ စဝ်ရန်နိုင်တို့ကို ခေါ်ဆောင်လာခဲ့ပြီး သီးသန့်ခန်းထဲ
ဝင်ခဲ့၏။

" ဟာ . . များလှချည်းလား "





" ဆရာတို့ စာနေမှာသိလို့ လောက်ငအောင် ပြင်ဆင်ထား
ပါဆရာ ကဲ . . ထိုင်ကြပါ "

သူတို့သုံးဦး ကျောက်ဖြူစားပွဲပတ်ပတ်လည်တွင် ဝင်၍
ထိုင်လိုက်ကြ၏။ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများက
စုံဖွယ်ရာရာ ရှိလှ၏။ ဝက်သားအကြွပ်ကြော်၊ ကြက်သား၊
ငါးခေါင်းဟင်းချို၊ ခရမ်းချဉ်သီးကို ဆလပ်ရွက်ပါးပါးလှီး၍
သုတ်ထားသော အသုတ်စုံ၊ ပုဇွန်ထုပ်ဆီပျံ စသည်ဖြင့် ဟင်းတွေက
ဖွယ်စုံလှ၏။

ထမင်းမစားမီ ထွန်းနောင်ဦးသည် ပယင်းရောင်ဖန်ခွက်
လေးများထဲသို့ ဝီစကီ တစ်ပတ်စီဖြည့်လိုက်၏။ ထို့နောက်
ဒါရောကာ ရေခဲတုံးကလေးများကို စတီညှပ်ကလေးနှင့်
ညှပ်ခါထည့်လိုက်၏။

အမြည်းအဖြစ် ဦးဆုံးပုဇွန်ထုတ်ကို ပါးပါးလှီး၍သုတ်ထား
သော အမြည်းဖြစ်ပေရာ မွှေးကြီးအတွက် လျာလည်စရာတွေ
ဖြစ်နေ၏။ သူတို့နှစ်ဦး စားပွဲပေါ်မှ ရေခဲစိမ်ထားသော ဝီစကီကို
တစ်ငုံစီငုံလိုက်ကြ၏။ အေးစိမ့်စိမ့် ရှိန်မြမြနှင့် မွှေးထွေးသော
အထိကြောင့် နှစ်ဦးစလုံး လန်းလန်းဆန်းဆန်း ဖြစ်လာ၏။

ဝီစကီ သုံးပတ်ခန့်သောက်ပြီးသည်နှင့် ဘီယာတစ်ဘူးဆီ
ဖောက်၍သောက်လိုက်ကြသဖြင့် ဝမ်းထဲတွင် ဟာတာတာ
ဖြစ်လာ၏။ ထွန်းနောင်ဦးသည် စားပွဲထိုးများကိုခေါ်၍
အရက်ပုလင်းများ ဘီယာဘူးများကို သိမ်းဆည်းခိုင်းလိုက်ပြီး
စားသောက်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆာဆာနှင့်မို့ နှစ်ဦးစလုံး အားရပါးရ စားသောက်ကြ

" စားလို့ကောင်းရဲ့လား ဆရာ "

" ကောင်းလိုက်တာဗျာ . . ဆွေမျိုးကိုမေ့ရောပဲ "

" ဟာ . . မွေးကြီးကတော့လုပ်ပြီး "

" အဟုတ်ပြောတာ စဝ်ရေ . . ငါ့တသက်

ဒီတစ်ခါစားလို့ အကောင်းဆုံးပဲကွ . . "

" ဟုတ်လား "

" ဟုတ်ပါ့ . . ခုလိုပဲ များများစားစား ကျွေးနိုင်ပါ

ဆရာ ထွန်းနောင်ဦးရယ် . . "

"စိတ်ချပါ ဆရာ ကျွန်တော် ဆရာတို့အတွက် သီးသန့်

ထားပါတယ်"

" ကျေးဇူးပါပဲဗျာ "

"ကဲ . . စားပြီးရင် အဆောင်ပြန်နားကြပါစို့ "

ပြောပြောဆိုဆိုနှင့် စားသောက်ပြီးသောအ

တည်းခိုဆောင်ဘက်သို့ ပြန်လာခဲ့ကြပြီး အေးအေးလူလူ

အနားယူလိုက်ကြ၏။ ပြင်တင်းတံခါးဖွင့်လိုက်သည်နှင့် လ

ဝါလဲ့လဲ့က အိပ်ခန်းထဲသို့ ယိုစီးလင်းလက်လာ၏။

မွေးကြီးသည် မာဘိုရိုစီးကရက်တစ်လိပ်ကို ဖွာရှိုက်ရ

ထရင်ဘတ်ချ်ပေါ်တွင် ဇိမ်ယူနေ၏။ စဝ်ရန်နိုင်သည် စာကြ

စားပွဲ တွင်ထိုင်ကာ ထွန်းနောင်ဦးထားခဲ့သော မှတ်တမ်းမှတ်

များကို ပြန်လည်ကြည့်ရှုစစ်ဆေးနေ၏။

မွေးကြီးမှာ စီးကရက်တိုလုလုအချိန်တွင် ဒရင်းဘတ်





ပေါ်မှထလိုက်၏။

" ငါတော့ အိပ်ချင်ပြီးကွာ "

" အိပ်တော့လေ . . ကျွန်တော်နည်းနည်း ကြည့်လိုက်

ဦးမယ် "

" လုပ်လေ . . ငါတော့ စားကောင်းကောင်းနဲ့စား

လိုက်တာ ဗိုက်လေးသွားပြီ အိပ်ချင်ပြီးလေ ကဲ . . အိပ်ပြီဟေ့ "

မွေးကြီးသည် တဝါးဝါးသမ်းရင် ပြာလဲ့လဲ့မွေ့ရာခင်း

ခင်းထားသော ခုတင်ပေါ်တွင် အိပ်ချလိုက်လေ၏။ စဝ်ရန်နိုင်သည်

ခိုင်စာရွက်စာတမ်းများကို တစ်ရွက်ချင်းလှန်လှောကြည့်ရှုနေ၏။

မှတ်တမ်းမှတ်ရာများကို တစ်နာရီနီးပါးခန့်မျှ စစ်ဆေး

ကြည့်ရှုပြီးသည်နှင့် ထိုင်ခုံမှထကာ အိပ်ရာဘက်သို့လျှောက်ခဲ့ပြီး

ခုတင်ပေါ်လှဲချလိုက်၏။ ထိုအချိန်တွင် မွေးကြီးမှာ တရှူးရှူး

ဟောက် နေ၏။

စဝ်ရန်နိုင်သည် သူဖတ်ရှုခဲ့သော မှတ်တမ်းမှတ်ရာများကို

ပြန်လည်းစဉ်းစားနေမိ၏။ သူအမိက သိလိုသည်မှာ ပင်လယ်ထဲ

ရောက်လာသော လှသေများ၏ ရာဇဝင်ပင်ဖြစ်၏။ ထို့ကြောင့်လည်း

နေက်မိုးလင်းသည်နှင့် ယင်းကိစ္စကို ဦးဆုံးအကောင်အထည်

ဖော်ရန် ဆုံးဖြတ်လိုက်ပြီး စိတ်ချလက်ချ အိပ်ပစ်လိုက်တော့၏။

⚓ ⚓ ⚓ ⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ထွန်းနောင်ဦးသည် ဒစ်ဂျစ်တယ်အဖက်စ်နှင့် ပြပြင်စီရင်ထားသော ပုံများကို ကွန်ပျူတာစကရင်ပေါ်တွင် ကြည့်လိုက်၏။ ဦးဆုံးပေါ်လာသူမှာ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးပြူးပြူး နှာခေါင်းရှက်ကားကားနှင့် ဇီးကွက်ကြီးတစ်ကောင်း၏ မျက်နှာနှင့်တူလှသော လူကြီးတစ်ဦး၏ ပုံသဏ္ဍာန်ပေါ်လာ၏။ အရွယ်မှာ လေးဆယ်ကျော်ခန့်ရှိပြီ တိုင်းရင်းသားကြီးတစ်ဦး၏ အသွင်အပြင်နှင့်တူလှ၏။

ထွန်းနောင်ဦးသည် ထိုပုဂ္ဂိုလ်ကြီးပုံကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွား၏။





" ဟာ . . ဒါ . . ဦးစောဒယ်နီရယ်လှိုင်ပါလား "

" မောင်ရင် သိလား "

" ဟာ . . သိတာပေါ့ ဆရာရယ် . . သူက သည်ဝေါလ်စတား ကုမ္ပဏီရဲ့မန်ဘာလေ အရမ်းသဘောကောင်းတဲ့ ပုဂ္ဂိုလ်ကြီးဗျ၊ သနားပါတယ် ဆရာရယ် "

" သူက ဘယ်မှာနေတာလဲ "

" ဟာ . . အေးရိပ်မြိုင်မှာ နေတာလေ . . ချမ်းလဲချမ်းသာတယ် ဆရာရဲ့ စက်လှေ သုံးစီးနဲ့ ပွဲရုံနှစ်ရုံ ပိုင်ရှင်ပေါ့၊ သူက အလှူအတန်းလဲ ရက်ရောတယ်၊ ပြီးတော့ ဆင်းရဲသားတွေကိုလည်း ကူညီတယ် ဆရာရဲ့ . . ဒုက္ခပါပဲ သူက ဘယ်လိုဖြစ်ပြီး ဒီကိစ္စပါသွားရသလဲ မသိဘူး "

" ဘယ်မှာနေတာလဲ ထွန်းနောင်ဦး "

" ဆိပ်ကမ်းဘက်မှာလေ ဆရာရဲ့ သူ့ခြံကြီးက အကျယ်ကြီးဗျ . . ဘန်ဂလိုနှစ်လုံးကို အကျအနဆောက်ပြီးနေတာ သူ့ဇနီးသော်သော်ရီက သူထက်ဆယ့်ငါးနှစ်လောက်ငယ်တာ လှလဲအရမ်းလှတယ်။ စကားပြောလဲ သွက်တယ်၊ အပေါင်းအသင်းလဲ စုံတယ် ဆရာ "

" ဟုတ်လား "

" ဟုတ်ပါ့ ကျွန်တော်သူ့တို့ခြံကို အလှူအတန်းလုပ်တုန်းက သုံးလေးခေါက်မက ရောက်ဘူးတယ် "

" ဟုတ်လား "

" သနားပါတယ် ဆရာ "



www.burmeseclassic.com

www.burmeseclassic.com

" တဲ . . နောက်ထပ်ပုံတွေ ကြည့်ပါဦး "

စကားရင်ပေါ်တွင် ဒစ်ဂျစ်တယ်အဖက်စ်နှင့် စီ
ထားသော ပုံတူများတစ်ခုပြီးတစ်ခု ပေါ်လာ၏။ နောက်ဆုံး
ပုံအရောက်တွင် ထွန်းနောင်ဦးထံမှ စကားသံထွက်လာ၏။

" ဟာ . . ဒါက အဆိုတော် တဲရင်စ်ပါလား "

" ဘယ်ကာလဲ "

" သူကလေ အေးရိပ်မြိုင်မှာ နာမည်ကြီး ဆရာရဲ့ သူပါ
ပွဲဆို လူတွေက ဝက်ဝက်ကွဲပဲ၊ သူ့တို့ကျင်းပတဲ့ပွဲဆို လက်မှတ်
ငါးထောင်ကျော် ပေးရတာ ဆရာရဲ့ အသံလဲ အရမ်း ကောင်းတယ်
ရုပ်လည်းချောတော့ တအားစွံတဲ့လူ နှမြောစရာ ဗျ . . "

" ဒါဆို စောစောက လူသုံးယောက်ကို မသိဘူးလား "

" သူတို့ကိုတော့ အမှုမဲ့ အမှတ်မဲ့ပဲ ဆရာ "

" ဟုတ်လား ဒါဆို မင်းသိထားတဲ့ လူနှစ်ယောက်ကိုစွတ်
အရင် ခေါ်ထားရမှာပဲ "

" ဟုတ်ကဲ့ ဆရာ "

စဝ်ရန်နိုင်သည် ပုံတူများ ပရင့်အောက်ထုတ်လိုက်၏။

ဦးစောဒယ်နီရယ်လှိုင်၏ ပုံတူကိုကိုင်ရင်း ထွန်းနောင်
ဦးကို မေးလိုက်၏။

" သေချာလား "

" သေချာပါ ဆရာ "

" ကောင်းတယ် ဒါဆို အဲဒီကို အရင်ဆုံး တို့နှစ်ယောက်
သွားစုံစမ်းကြည့်မယ် "





" ဟုတ်ကဲ့ ဆရာ "

" ဟာ . . ငါလဲလိုက်မယ် စဝ်ရာ ငါတစ်ယောက်တည်း
နေရမှာ ပျင်းလို့ကွ "

" ဒါဆိုလဲ လိုက်ခဲ့ပေတော့ "

ပြောပြောဆိုဆိုနှင့် သူတို့သုံးဦး ပင်လယ်ဆိပ်ကမ်း
အဆောက်အအုံများဘက်သို့ လင့်ကရူဇာနှင့် ထွက်ခဲ့ကြ၏။ ဦးစော
ဒယ်နီရယ်လှိုင်၏ ခြံရှေ့အရောက်တွင် ခြံထဲသို့ကားကို ချိုးကွေ့
ဝင်ခဲ့ကြပြီး ဖားဖားရားရားနှင့် ညွတ်ကွေးပေါက်ရောက် နေသော
အုန်းပင် ပုပုကလေးနှစ်ပင်အောက်တွင် ကားကို ထိုးရပ်လိုက်ပြီး
အောက်သို့ဆင်းခဲ့ကြ၏။

ကားသံကြောင့် ဘန်ဂလိုထဲမှ အမျိုးသမီးလေးတစ်ဦး
အပြေးထွက်လာ၏။ ရွှေဝါရောင် လောင်းစကတ်ဝတ်ထားသော
မိန်းမချောတစ်ဦး၊ အသားအရည်က ဝင်းလဲ့ရွှန်းအိနေ၏။
ဝခုံးပေါ်တွင် ဆံပင်ဖားလျားချထားသဖြင့် နက်မှောင်ကျော့ရှင်း
နေ၏။ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ နှုတ်ခမ်းအိတွဲတွဲနှင့်
ယောကျ်ားသားတို့ ရင်ဖိုယစ်မူးလောက်သည့် ခန္ဓာကိုယ်အချိုး
အဆစ်ကို ပိုင်ဆိုင်ထားသူဖြစ်၏။

လောင်းကုတ်ဂါဝင်မှာ ကိုယ်ထည်နှင့်တစ်ချိုးတည်း
ချုပ်ထားသဖြင့် အဖုအထစ် အရှိုက်အဟိုက်များက သူ့နေရာနှင့်သူ
လှပစွာဖွံ့စည်းထား၏။ သူမသည်ကားနားသို့ ရောက်လာသော
အခါ ကိုယ်ရှိန်ကိုသတ်လိုက်၏။

" ဟာ . . ဆရာ ဆရာထွန်းနောင်ဦးပါလား "


www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်တယ် . . မသော် "

" ကျွန်မက . . ကိုကိုပါတယ်မှတ်လို့ အပြေးထွက်လာတာ"

" အော် "

သော်သော်ရီစကားကြောင့် သူတို့သုံးဦးစလုံးစိတ်မကောင်း ဖြစ်သွားကြ၏။ ထွန်းနောင်ဦးသည် ချက်ချင်းသတိဝင်လာကာ စကားကိုဖာဖာထေး ပြောလိုက်၏။

" ကျွန်တော်တို့က မြို့ထဲကလာတာပါ "

" ဟင် . . ဟုတ်လား . . ဟို . . ကိုကို့ကို မတွေ့မိဘူးလား ဆရာ ကိုကို ခရီးထွက်သွားတာ တစ်ပတ်ရှိတော့မယ် သော်သော် မနေတတ်တော့ဘူး "

" အော် . . တွေ့ရင်တော့ ပြောလိုက်ပါ့မယ် "

သော်သော်ရီ အမူအရာမှာ ခင်ပွန်းသည်ကို မျှော်နေသည့် အမူအရာပေါ်လွင် နေသော်လည်း ဝတ်စားပြင်ဆင်ထားသည်မှာ ဆိုရှယ်ကျလှ၏။ မျက်နှာပေါ်တွင် ချယ်ထားသည်မှုလည်း တချွေရိပ်များ ယှက်သန်းနေ၏။ သူတို့နှစ်ဦးကို အိမ်ကြီးအပေါ်ထပ်သို့ခေါ်ကာ စားကောင်းသောက်ဖွယ်များနှင့် ဧည့်ခံခဲ့၏။

" မသော် "

" ရှင် "

" ကိုစောဒယ်နီရယ် ဘယ်ကိုသွားမယ် ပြောသွားလဲ "

" သူ ကုမ္ပဏီကိစ္စနဲ့ ခရီးထွက်ဦးမယ်လို့တော့ ပြောသွားတာ ပဲ ဆရာရယ် . . ဒီလောက်ကြာတော့လဲ သော်သော် စိတ်ပူလှ





ဦးလေ "

" ဟုတ်တာပေါ့ . . ဒါထက် ကုမ္ပဏီက ဘာမှအကြောင်းမကြားဘူးလား "

" ဟင့်အင်း . . ခုထိတော့ ဘာသတင်းမှ မကြားရသေးဘူး"

သော်သော်၏အသွင်က ဘာမှမသိသလိုပင် စဝ်ရန်နိုင်သည် ထွန်းနောင်ဦးနှင့် ပြောဆိုနေသော သော်သော်ရီ၏ မျက်နှာကို စာဖတ်နေ၏။ အမူအရာက မှုသာကာဝေနေသည့် အမူအရာအတိရှိသော်လည်း သူစိတ်ထဲတွင် သော်သော်ရီ မျက်လုံးတွေကို ကြည့်ရင်း ပဟေဠိဆန်နေမိ၏။

သူ့ရင်ထဲ ပေါ်ပေါက်နေသော ခံစားချက်ကို မငြိမ်သက်သော မျက်လုံးအိမ်မှ အရိပ်များက ဖော်ပြနေ၏။ စဝ်ရန်နိုင်စိတ်ထဲတွင် သော်သော်ရီ တစ်ခုလျှို့ဝှက်ထားလေသည်ဟု တွေးမိ၏။ သို့သော မျက်ရည် ပိုးပိုးပေါက်ပေါက်ဝေအောင် ပြောဆိုလာသောအခါ စိတ်ထဲပေါ်ပေါက်လာသော သံသယများ ပျောက်ဆုံးသွားခဲ့ရ၏။

နှစ်ဦးစလုံး ဦးစောဒယ်နီရယ်လျှိုင် သေဆုံးမှုနှင့်ပတ်သတ်၍ ပြောရဆိုရ ခက်နေကြ၏။ သို့သော် မပြောမဖြစ်သည့် ကိစ္စကိုနှုတ်ခမ်းမှိုတ်ပြီး ပြောလိုက်ရ၏။ ထွန်းနောင်ဦးစကားကြောင့် သော်သော်ရီမှာ မှင်သက်မိနေ၏။ သတိဝင်လာသောအခါ ခြေတွဲဆွေးမြေ့စွာနှင့် ကြိတ်၍ငိုကြွေးလေတော့၏။

နောက်ဆုံးတွင် သော်သော်ရီကို ဦးစောဒယ်နီရယ်လျှိုင်


www.burmeseclassic.com

www.burmeseclassic.com

အဟောင်းထားရှိသည့် အအေးတိုက်သို့ ခေါ်၍ပြခဲ့၏။

" အို . . ဘယ်လိုဖြစ်တာလဲ ကိုကိုရယ် မျက်နှာတစ်ခုလုံးလဲ ရုပ်ရာမရှိတော့ပါလား အို . . ကိုကို . . ကိုကို . . မဟုတ်နိုင်ဘူး မဖြစ်နိုင်ဘူး . . ဆရာတိုက ကျွန်မကို လိမ်နေတာ . . ဟုတ်တယ် လိမ်နေတာ "

သော်သော်ရီက စူးစူးရဲ ငိုကြွေးရင်း သူတို့ကို ပြောဆိုလာ၏။ ထွန်းနောင်ဦးတစ်ယောက် စိတ်မကောင်းကြီးစွာနှင့် ခေါင်းတခါခါလုပ်ရင်း ဖြောင်းဖျပြောဆိုခဲ့ရ၏။ နောက်ဆုံး ဒစ်ဂျစ်တယ်နှင့် ပြုပြင်စီရင်ထားသော ဓါတ်ပုံကို ထုတ်ပြခဲ့ရာ သော်သော်ရီခမျာ ကြေကွဲခြင်းကြီးစွာနှင့် ငိုကြွေးခဲ့ရလေ၏။

သော်သော်ရီ ပြန်သွားပြီးသည့်နောက်တွင် စဝ်ရန်နိုင်မှာ ခေါင်းစားနေ၏။ အခြေအနေက ထူးခြားသည့်အခြေအနေကို ရှာရမရ၊ ထိုအခါ ဝိုက်ရုပ်စ် သဘော်ကြီးနှင့် ဦးစောဒယ်နီရယ်လှိုင်တို့ ပတ်သက်မှုကို သိလိုလာ၏။ သူ့စိတ်ထဲ ထိုအကြောင်းအရာနှစ်ခုသည် ကျိန်းသေ ဆက်စပ်မှုရှိနေမည်ဟု တွေးမိ၏။ ထို့ကြောင့်လည်း ထွန်းနောင်ဦးကို ဝိုက်ရုပ်စ် သဘော်ကြီးနစ်မြုပ်ရာသို့ သွားရောက်ရန် အကူအညီတောင်းခဲ့၏။

ထွန်းနောင်ဦးသည် ချက်ချင်းပင် တာဝန်ခံဆန်နီထံ ဆဲလ်ဖုန်းနှင့် ဆက်သွယ်ပြီး စီစဉ်စရာရှိသည်များကို စီစဉ်ခိုင်းခဲ့၏။ ထိုသို့ စီစဉ်ပြီးသည်နှင့် ပင်လယ်ဆိပ်ကမ်းဘက်သို့ ထွက်ခဲ့ကြပြီး တာဝန်ခံ ဆန်နီ၏ကူညီမှုနှင့် စပိဘုတ်တစ်စင်းပေါ် တက်ခဲ့၏။

ထွန်းနောင်ဦးက စပိဘုတ်ဒရိုင်ဘာခန်းထဲဝင်ကာ





နှိုးလိုက်၏။ စဝ်ရန်နိုင်နှင့် မွေးကြီးတို့နှစ်ဦးသည် နောက်ခန်း တွင် ထိုင်လိုက်ကြ၏။ တအောင့်အကြာတွင် သူတို့စီးနင်း လာသော စပိဘုတ်ကလေးသည် ပင်လယ်ထဲတွင် စက်သံ ဝေါဝေါပေး၍ ထွက်ခွာလာခဲ့လေ၏။

ငါးရှာနေကြသော ပင်လယ်ငှက်တစ်အုပ်မှာ စပိဘုတ်၏ စက်နှင်သံကြောင့် တကိုကိုးနှင့် အော်ဟစ်ခါ လှိုင်းဖွေးဖွေးပေါ်မှ ပျံတက်ကြ၏။ တဟူးဟူး တိုက်ခတ်နေသော ပင်လယ်ပြင်ကို ဖြတ်၍ ရေစီးကို ဖောက်ထွက်လာခဲ့သော စပိဘုတ်ကလေးသည် ပင်လယ်နက်ပိုင်းသို့ ရောက်ရှိလာ၏။

စဝ်ရန်နိုင်သည် စပိဘုတ်စက်ခန်းထဲတွင် တပ်ဆင်ထား သော ကွန်ပျူတာထဲတွင် ကူးယူလာသော စီဒီဒစ်ကို ထည့်၍ ဝိုက်ရုပ်စ်သဘော်ကြီး မြုပ်သွားသည့်နေရာကို ဖိုကပ်စ်ချိန်လိုက်၏။

ကွန်ပျူတာခလုတ်ပေါ်တွင် တထောက်ထောက်နှိပ်ရင်း ထိုအပ်သော ဒေတာစပေ့ကို ချိန်လိုက်ရာ စကရင်ပေါ်တွင် ပင်လယ်ပြင်မျက်နှာမှ တွက်ချက်ဖော်ထုတ်ရရှိလာသော သဘော် မြုပ်သည့် နေရာကို ဒီကရီနှင့်တကွ ကွက်တိတွေ့လိုက်၏။

အဆိုပါ တိုင်မင်ချိန်ထားသော နေရာကို သုံးလေးခေါက် နှိပ်လိုက်ပြီး မြားတံအနီလေး ပြထားသည့်နေရာကို ပရင့်တာ စက်ထဲမှတဆင့် ပရင့်အောက်ထုတ်ယူလိုက်၏။

ထိုစဉ် . . မွေးကြီးက သူ့ကို တစ်ချက်လှမ်းကြည့်၍ မေးလိုက်၏။

" အိုကေပြီလား "



www.burmeseclassic.com

www.burmeseclassic.com

" ရပြီ မွေးကြီး . . ရေမိုင် . . (၃)မိုင်ပဲ လိုတော့တယ် အားလုံးအဆင့်သင့်ဖြစ်ဖို့ပြင်မှ ကျွန်တော် ထွန်းနောင်ဦးဆီ သွားပေးလိမ့်ဦးမယ် . . "

ပြောပြောဆိုဆိုနှင့် စက်ခန်းထဲမှထွက်ခါ ဒရိုင်ဘာအခန်းသို့ လျှောက်ခဲ့၏။

" ထွန်းနောင်ဦး "

" ဗျာ . . ဆရာ စစ်ရန်နိုင် "

" ရော့ ဟော့ဒီ ရေဒါတိုင် မင်းအတိုင်းပဲ "

" ဟုတ်ကဲ့ "

ထွန်းနောင်ဦးသည် စစ်ရန်နိုင်လက်ထဲမှ ပရင့်အောက်ကို လှမ်းယူ၍ စီရာတိုင်းဘေးရှိ တီဗွီလေးကိုဖွင့်ကာ ဂျပြင် အတိုင်းအတာကို ချိန်လိုက်၏။ ထိုအချိန်တွင် စစ်ရန် နှင့် မွေးကြီးတို့နှစ်ဦးမှာ ရေငုတ်ဝတ်စုံကို မြန်မြန်ဆန်ဆန် ဝတ်ဆင် လိုက်ပြီးအောက်စီဂျင်ဘူးများကို ကျောပြင်တွင် ချိတ်လိုက်၏။ ထိုနောက် စက်ခန်းထဲမှထွက်လာခဲ့ရာ စပိဘုတ်အရှိန်မှာ တဖြည်းဖြည်း ရပ်ဆိုင်းသွား၏။

စစ်ရန်နိုင်သည် ဒရိုင်ဘာခန်းထဲမှ ထွန်းနောင်ဦးကို အချက်ပြလိုက်ရာ ထွန်းနောင်ဦးက အချက်ပေးခလုပ်ကို လေးနှိပ်လိုက်၏။

" ဆင်းကြစို့ "

" အိုကေ "

ပြောပြောဆိုဆိုနှင့် နှစ်ဦးသာ စပိဘုတ်ပေါ်မှ ပင်လယ်ထဲ





သို့ ခုန်ဆင်းခဲ့ကြ၏၊ အေးမြသော ရေအထိအတွေ့ကြား နှစ်ဦးသား တဖြည်းဖြည်း ရေငုပ်ဆင်းခဲ့ကြ၏။ အောက်ဆီဂျင် ပြွန်မှ ရေဘော်လုံးကလေးများ ပလုံစီ၍ ထွက်လာ၏။

နှစ်ဦးသား ရေအောက်သို့ လျှောထိုးဆင်းသက်ခဲ့ကြ၏။ ပင်လယ်ရေက အပေါ်ပိုင်းတွင် ကောင်းကင်ရောင်ကြောင့် ပြာမှိုင်းနေသော်လည်း အောက်ပိုင်းရောက်လေလေ အမှောင်ရိပ် သန်းလာလာလေပင် ဖြစ်၏။ ထို့ကြောင့်လည်း ရေကာ မျက်နှာဖုံး ပေါ်မှ ရေအောက်မီးကို ဖွင့်လိုက်၏။

အလင်းတန်းက ရေအောက်ထဲသို့ စူးစူးရဲရဲ ထိုးဖောက် ရောက်သွား၏။ ဇီဘရားငါးတစ်အုပ်မှာ မီးရောင်ကို မြင်သည်နှင့် အနောက်ဘက်သို့ ဝေါကနဲ ကူးခတ်သွားကြ၏။ ရောင်တောက်ပနေသော လက်တစ်ပါးစာ ရွှေငါးကြီးတစ် ကောင်မှာ သူတို့ကို ပြူးကြောင်ကြောင် မျက်လုံးကြီးများနှင့်ကြည့်ရင်း ငါးစပ်ကလေးများ ပွစိပွစိလုပ်ခါ ပင်လယ်အပေါ်ပိုင်းသို့ လျင်မြန်စွာ ကူးခတ်သွားကြ၏။

သူတို့နှစ်ဦး ကူးခတ်ခဲ့သည်မှာ မိနစ်နှစ်ဆယ်ခန့် ရှိခဲ့ပြီ ဖြစ်၏။ စစ်ရန်နိုင်သည် လက်တွင်ပတ်ထားသော ရာဒိုနာရီ ဒိုင်ခွက်မျက်နှာပြင်တွင် စကရင်လေးပေါ်လာ၏။ စကရင်ပေါ် တွင် ထွန်းနောင်ဦး ပုံပေါ်လာ၏။

ထိုအခါ ဒိုင်ခွက်ဘေးဆီမှ ဆက်သွယ်ရေးကြိုးမျှင်လေးကို ဘာဘာမှန်အောက်ရှိ စကားပြောစက်နှင့် ဆက်သွယ်လိုက်၏။

"နောက်ထပ် ဆယ်မိနစ်ဆိုရောက်ပြီဆရာ အရှေ့



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက် သာတီဖိုက်ပွိုင့်စစ် အဲဒီနေရာဟာ ဆရာတို့ မဝေးတော့ဘူး"

" အိုကေ . . ထူးရင်အကြောင်းပြန်မယ် "

" ကောင်းပါပြီ ဆရာ စဝ်ရန်နိုင် "

စဝ်ရန်နိုင်သည် ဆက်သွယ်ရေးစက်ကိုပိတ်၍ စကားပြော ကြိုးမျှင်ကိုဖြုတ်၍ နာရီထဲပြန်ထည့်လိုက်၏။ ထို့နောက် သူတို့နှစ် ရေအောက်သို့ ထဲထဲဝင်ဝင်ကူးခတ်ခဲ့ရာ မကြာမီ ကြမ်းပြင်တွ တုံးလုံးကြီးလဲနေသော သင်္ဘောကြီးတစ်စင်းကို တွေ့လိုက်ရ၏။

ဦးဆုံးတွေ့လိုက်သူမှာ မွေးကြီးဖြစ်၏။ သူသည် စဝ်ရန်နိုင်ထံ အချက်ပေးသတင်း ပို့လိုက်၏။ ထို့နောက် နှစ်ဦးသာ ရေငုပ်ကာမှန်တွင် တပ်ဆင်ထားသော ရေအောက်စကားပြောစ နှင့် ပြောဆိုလိုက်၏။

" တွေ့ပြီကွ . . ဟိုမှာ . . ဟိုမှာ "

" မြင်တယ် မွေးကြီး . . သတိထား "

" ဟာ . . သင်္ဘောကြီးရဲ့ ဘေးခြမ်းမီးကျွန်းနေပါလာ အထဲကို ဝင်ကြမလား "

" နေဦးဗျ "

ပြောပြောဆိုဆိုနှင့် နှစ်ဦးသား ရေအောက်ကြမ်းပြင်တွင် တုံးလုံးလဲကျနေသော သင်္ဘောကြီးနားကပ်ခဲ့၏။ မီးလော ထားသည့် အခြမ်းမှာ အညိုအမည်းစဲနေ၏။ သူတို့မီးရောင်ကြော သင်္ဘောကိုယ်ထည်ကြီးထဲတွင် ခိုဝင်နေကြသော ငါးတစ်အု ဝေါကနဲ ထွက်ပြေးသွားကြ၏။ စဝ်ရန်နိုင်သည် သင်္ဘော ကိုယ်





ည်ကြီးထဲ မဝင်သေးဘဲ အသွားအပြန် ကူးခတ်ရင်း အခြေအနေ ကြည့်နေ၏။

စိတ်ချရပြီးဆိုမှ မွေးကြီးကို အချက်ပေး၍ အထဲသို့ ဦးသား ဖြည်းဖြည်းချင်း လျှောထိုးဝင်ခဲ့ကြ၏။ အောက်ထပ် န်းမှာ မှောင်ပန်းနေသဖြင့် မီးနှင့်ထိုးကြည့်လိုက်၏။ သံတန်း များ၊ သံဘီဒိုကြီးများ၊ အသက်ကယ်ကွင်းများကို ဖွိုရှိုဖားရား ရ၏။

အောက်ထပ်တွင် တစ်ခန်းဝင်တစ်ခန်းထွက်နှင့် ကူးခတ် ရာ စတိုခန်းများ၊ ထမင်းချက်ခန်းများကို ရောက်ရှိခဲ့၏။ ခဲသေတ္တာများ၊ မီးဖိုပျက်များ၊ ပန်ကာပျက်များကြားတွင် ဒိမ်ပါးမွှားတစ်အုပ် လူးလာဆန်ခတ် သွားလာနေကြ၏။

သူတို့သည် ဟိုဟိုဒီဒီ ရှာဖွေရင်း နောက်ဆုံးအပေါ်ထပ်သို့ ဘားအဝင်အဝမှတဆင့် လျှောထိုးတက်ခဲ့ကြ၏။

ဦးပိုင်းတံခါးကို တွန်းဖွင့်ပြီးအထဲသို့ ခန္ဓာကိုယ်ကို ိုက်သင့်မျော၍ဝင်ခဲ့ရာ ကျယ်ဝန်းလှသော ခန်းမကြီးကို လိုက်ရ၏။

ခန်းမအလယ်ခေါင်တွင် တစောင်းလဲကျနေသော ကျွန်း ရှည်ကြီးတစ်လုံးနှင့် ဆိုဖာတပ်ထားသော ကုလား ထိုင်များ ဖြန့်ကျဲလဲနေသည်ကို တွေ့လိုက်နေ၏။

စဝ်ရန်နိုင်သည် စားပွဲရှည်နားသို့ကူးခတ်ခဲ့ပြီး အခြေ ကို အကဲခတ်လိုက်ရာ စားပွဲထောင့်တစ်နေရာတွင် ရှေညို နေသည့် အရာဝတ္ထုတစ်ခုကို မြင်လိုက်ရသဖြင့် ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။

လက်ထဲရောက်လာသည်နှင့် ရေညှိများကို လက်
ဖယ်ကြည့်ရာ ကပ်မိုင်းကွန်ထရိုးတစ်ခုကို တွေ့လိုက်ရ၏။ ထို
မွေးကြီးကလည်း လဲကျနေသော ရေခဲသေတ္တာထောင့်တွ
ရေညှိတက်နေသော ဟစ်တာချီတစ်လုံးကို တွေ့လိုက်ရသ
ယူလာ၏။

" စဝ် "

" ဘာလဲ မွေးကြီး "

" ဒီမှာ ဟစ်တာချီတစ်လုံး "

" ဟုတ်လား . . ဒီမှာလဲ ကျည်ကပ်ခွံတွေ့တယ် "

" ဟင် . . ဒါဆို . . ဘာဆက်လုပ်မလဲ "

" ဓါတ်ပုံရိုက်ဗျာ "

" အိုကေ "

မွေးကြီးသည် ခါးတွင် အသင့်ယူလာသော ရေအော
ရိုက်ယူသည့် ကင်မရာနှင့် စဝ်ရန်နိုင် ထိုးပြသည့်နေရာများ
တဖြတ်ဖြတ်ရိုက်ကူးလိုက်၏။ ထို့နောက် မိုင်းဆင်၍ ပေါက်
ကုန်သည့် နေရာကို စစ်ဆေးကြည့်ရှုလိုက်ပြီး ကင်မရာ
ရိုက်လိုက်၏။

" တော်ပြီလား "

" တော်ပြီ အပေါ်ပြန်တက်ကျမယ် "

" အေး . . တက်မယ် "

နှစ်ဦးသား သင်္ဘောကြီးထဲမှ ထွက်ခဲ့ကြပြီး ရေအော

ပြင်နားမှ လျောတိုက်ထွက်ခဲ့ကြ၏။ ရေမှော်များ၊ ရေအောက်
ရှင်များက ရေအတိုးတွင် ယိမ်းနွဲ့လှုပ်ရှားနေ၏။ ငါးအုပ်
များ စဝ်ရန်နိုင်တို့ ကူးခတ်လာသည်ကိုသိသည်နှင့် လျင်မြန်စွာ
ပြေးကုန်ကြ၏။

သူတို့နှစ်ဦးသည် ပင်လယ်မျက်နှာပြင်သို့ ဝါးလုံးထိုး
တက်ခဲ့ကြ၏။ သူတို့ရေမအောက်ရောက်ရှိခဲ့သည်မှာ ငါးဆယ်ရှစ်
နစ် တိတိကြာမြင့်သွားခဲ့ကြ၏။ သို့နှင့် တဖြည်းဖြည်းအထက်သို့
ခတ်ခဲ့ကြရာ မကြာမီ ရေပေါ်သို့ရောက်ရှိလာ၏။

ထိုအချိန်တွင် သူတို့ကိုအသင့်ကြိုနေသော ထွန်းနောင်ဦး
ည် ကြိုးလှေကားချလိုက်သဖြင့် နှစ်ဦးသား စပိဘုတ်ပေါ်
တက်ခဲ့ကြ၏။ အပေါ်ရောက်သည်နှင့် ထွန်းနောင်ဦးသည် သူတို့
ယ်ပေါ်မှ အောက်စီဂျင်ဗူးကို ဖြုတ်ပေးလိုက်၏။

စဝ်ရန်နိုင်သည ကိုယ်ပေါ်မှ ရေငုပ်ဝတ်စုံကိုချွတ်လိုက်ပြီး
င်ခုံတွင် ဝင်ထိုင်ကာ မာဘိုရိုစီးကရက်ဗူးကိုထုတ်၍ စီးကရက်
စ်လိပ်မီးညှိ ဖွာရှိုက်လိုက်၏။

ထွန်းနောင်ဦးသည် မွေးကြီးကို ဝိုင်းချွတ်ပေးလိုက်ပြီး
နှစ်ဦးသား သူ့အနားသို့ရောက်လာ၏။

" ဘယ်လိုလဲ ဆရာ . . အခြေနေထူးသလား "

" ထူးတယ်ကွ . . ဒီမှာကြည့် "

စဝ်ရန်နိုင်သည် ရေအောက်မှယူလာသော ကပ်မိုင်း
ကွန်ထရိုးကို ထုတ်ပြလိုက်၏။ ထိုစဉ် မွေးကြီးသည် သူယူလာသည့်
ဟစ်တာချီလော့စ်ကို စားပွဲပေါ်တင်၍ ဖွင့်လိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

" ဟာ . . စာရွက်စာတမ်းတွေပါလား "

" ဟင် . . ဒီမှာ သည်ဝေါလ်စကား ကုမ္ပဏီတံဆိပ်ပါတဲ့ စာချုပ်ဆရာ "

" အေး . . ဟုတ်လား "

ဟစ်တာချီလော့စ်ထဲတွင် ဒေါ်လာတစ်ရာ တစ်ထုပ်နှင့် အတူ စာချုပ်စာတမ်းများ၊ ဒိုင်ယာရီများကို တွေ့လိုက်ရ၏။ ထို့ပြင် အိုင်ဒန်ဘီကတ်များ၊ ကုမ္ပဏီ ကတ်ပြားများတွေ့လိုက်ရသဖြင့် စဝ်ရန်နိုင်ယူကြည့်လိုက်၏။

" ဟင် . . ဒါ ဦးစောဒယ်နီရယ်လှိုင်ရဲ့ ဟစ်တာချီလော့ ကိုး"

" ဗျာ "

" သေချာရဲ့လား စဝ်ရဲ့ "

" ဒီမှာကြည့်လေ "

စဝ်ရန်နိုင် ကုမ္ပဏီ ကတ်ကို မွေးကြီးထဲကမ်းပေး လိုက်၏။

" ဟာ . . ဒါဆို အိုကေပဲ "

" အေးဗျာ . . သူ့ဒိုင်ယာရီပဲ ရှိနေပြီဆိုတော့ တစ်ခုခု ထူးထူးခြားခြား ဖြစ်လာမှာကျိန်းသေတယ် "

" သဘော်အခြေအနေက ဘယ်လိုလဲဆရာ "

" သေချာတယ် . . ထွန်းနောင်ဦးရေ . . ဒီကိစ္စ အတော့်ကို ကြောက်စရာကောင်းတယ်ကွ "

" ဗျာ . . ဘာ ဘာဖြစ်လို့လဲ ဆရာ "





" ဘာဖြစ်ရမှာလဲကွ . . သဘော်ရဲ့ထောင့်တွေကို ဆေးကြည့်တော့ ကပ်မိုင်းတပ်ပြီး ဖောက်ခွဲခဲ့တာကွ "

" ဗျာ "

" ဒီမှာကြည့်စမ်း "

" ဟင် . . ဒါ . . မိုင်းကွန်ထရိုး "

" ဟာ . . ဟုတ်ပါ့ ဆရာရယ် "

စဝ်ရန်နိုင် စောစောကထုတ်ပြခဲ့သည့် ကပ်မိုင်းကွန်ထရိုး ကို ထွန်းနောင်ဦးကြည့်လိုက်၏။ မွေးကြီးမှာ စဝ်ရန်နိုင် အားကြောင့် အံ့သြနေ၏။

" အေးကွ . . ငါက မီးလောင်တယ်ထင်တာ "

" မဟုတ်ဘူးဗျ . . မိုင်းနဲ့ခွဲပစ်တာ ပြောရရင် အစည်း ခန်းထဲမှာ မိုင်းတွေဆင်ပြီး ခွဲခဲ့တာဗျာ . . ဒါကြောက်စရာ ကောင်းလှတဲ့ လုပ်ကြံမှုပဲ "

" ဟုတ်ပါ့ကွာ "

" ကဲ . . ပြန်ကြစို့ ထွန်းနောင်ဦးရေ နောက်မှ သေ ချာချာ စစ်ကြတာပေါ့ "

" ဟုတ်ကဲ့ ဆရာ "

ပြောပြောဆိုဆိုနှင့် ထွန်းနောင်ဦးသည် စက်နှိုးကာ ဘာကို မြင့်လိုက်၏။ မွေးကြီးနှင့် စဝ်ရန်နိုင်တို့နှစ်ဦးမှာ အောက်သို့ အချိန်ကြာမြင့်စွာ ကူးခတ်ခဲ့ရသဖြင့် မောပန်း ကြ၏။

ထို့ကြောင့်လည်း နှစ်ဦးလုံး စပီဘုတ်အခန်းထဲရှိ ဒရင်း

www.burmeseclassic.com



ဘက်ချ်ပေါ်တွင် ထိုင်လိုက်ကြ၏။ မွေးကြီးသည် စစ်ရန်နိုင်ထံ
စီးကရက်ဗူးတောင်းရင်း စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်လိုက်၏
ထိုစဉ် စစ်ရန်နိုင်သည် အခန်းထဲရှိ ဖရက်ဂျစ်စတာထဲ
ရေခဲစိမ်ဘီယာနှစ်ဗူးကို ထုတ်၍တစ်ဗူးကို မွေးကြီးအာ
လှမ်းပေးလိုက်၏။

" ဟာ . . အမောပြေလေး ပေးစမ်းပါကွာ "

ဘီယာဗူးကိုယူ၍ ဖောက်လိုက်ပြီး တရှိန်ထိုးမော့
လိုက်၏။ စစ်ရန်နိုင်သည် မိုင်းကွန်ထရိုး စက်ကလေးကိုကြည့်ရင်
မီးသေလုနီးပါးဖြစ်နေသော စီးကရက်ကိုဖွာရှိုက်ခါ အကျ
အကြောင်း ခြေရာကို ဆက်စပ်စဉ်းစားနေလေ၏။

⚓ ⚓ ⚓ ⚓ ⚓ ⚓



## အခန်း (၆)

မြို့ပြင်ရှိ လမ်းကျယ်ကြီးပေါ်တွင် လောင်းကုတ် အနက်ရောက်ဝတ်ခါ မျက်မှန်နက်တပ်ထားသော မော်တော်ဆိုင်ကယ်သမား သုံးဦးသည် လီဗာကို ခပ်ပြင်းပြင်းတင်၍ မောင်းနှင်လာ၏။ သူတို့သည် လမ်း၏အနောက်မှ အရှေ့သို့ ဦးတည်၍ မောင်းနှင်လာကြပြီး လမ်းတစ်ဝက်အရောက်တွင် ညာဘက်လမ်းချိုးလေးထဲ ဝေါကနဲ ကွေ့ဝင်လိုက်၏။

ခရမ်းပြာရောင် ပျဉ်းမပွင့်များ ဖွေးဖွေးလှုပ်နေသောလမ်းကလေးအတိုင်း တဝေါဝေါ မြည်သံပေး၍ မောင်းနှင်ခဲ့ကြရာ ခြံကလေးတစ်ခြံရှေ့အရောက်တွင် ဘရိတ်အုပ်၍ ထိုးရပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဆုံး ဆင်းလာသူနှစ်ဦးမှာ ဂင်တိုတို ပုပြတ်ပြတ်နှင့် တိုတ်ခိုင်သော ကိုယ်လုံးကိုယ်ထည် ရှိလေ၏။

သူတို့သည် ခြံတံခါးကို အသာတွန်းဖွင့်၍ အထဲသို့ ခြေလှမ်းကျဲကျဲနှင့် ဝင်လာ၏။ ထိုအချင်းအရာကို ဦးဆုံးမြင်မိသူမှာ ထွန်းချိုပင်ဖြစ်၏။

မြင်ကွင်းကြောင့် သူ့ရင်တွေ တဒိန်းဒိန်ခုန်လာ၏။ လက်ထဲတွင် ကိုင်ထားသော မြေဆွခရှင်းမှာ ဖြတ်ကနဲ ပြုတ်ကျသွား၏။ ကြည့်ရင်းကြည့်ရင်း မျက်လုံးမျက်ဆံပြူးလာ၏။ ပါးစပ်ကလည်း အသံစိုးစီမျှ မထွက်ရဲ၊ သူ့စိတ်ထဲတွင် အိမ်ပေါ်တွင်ရှိသော ဇနီးသည် မမှုနှင့်သမီးလေး ခက်ခက်တို့ အတွက် စိုးရိမ်စိတ်များ ပွက်ပွက်ဆူနေ၏။

ဘာလုပ်လို့ လုပ်ရမှန်းလည်းမသိ၊ သူရောက်နေသည့် နေရာမှာ ပုဏ္ဏားရိပ်ပင်များ၏ ချုံအနောက်ဘက် နှင်းဆီပင်များ ကြားတွင်ဖြစ်၍ ဝင်လာသော လူသုံးဦးမှာ သူ့ကိုမမြင်နိုင်ပါခြေ၊ အခြေအနေက အကျဉ်းအကြပ်ထဲ ရောက်နေသဖြင့် ဆုံးဖြတ်ရခက်နေ၏။

ဝင်လာသည့် လူသုံးဦး၏အသွင်အပြင်မှာ သူ စိုးရိမ်တကြီး မျှော်လင့်ထားသည့် ပုဂ္ဂိုလ်များ ဖြစ်နေကြောင်း တွေးမိ၏။

တစ်ချိန်ချိန် သူ့ထံရောက်လာလိမ့်မည်ဟု သူ အယုံကြည်ကြီး ယုံကြည်မိ၏။ ထိုသို့ ရောက်လာလျှင်လည်း သူ့ဘဝ အပိုင်းပိုင်းအစစ ကြေမွသွားလိမ့်မှာ မြေကြီးလက်ခတ် မလွဲဟု တွက်ထားမိ၏။ ထိုအခြေအနေကို သူရင်ဆိုင်ရန် ခွန်အားမရှိ၊





ထို့ပြင် သူတစ်ချိန်က လျှို့ဝှက်စွာ လုပ်ဆောင်ခဲ့သော ကိစ္စလေးတစ်ခု၏ ဖြစ်အင်ကို ဇနီးသည်နှင့် သမီးငယ်ခက်ခက် တို့လည်းမသိကြ၊ သူ့ပြောလည်း ပြောမပြချင် ပြောပြ၍လည်း အခက်မသင့်သည့် အခြေနေ၌ သူ့ကိစ္စများ ပေါက်ကြားသွားမည် ကို စိုးရိမ်လှသဖြင့် လျှို့ဝှက်စွာဖုံးကွယ်ခဲ့၏။

အဆိုပါ အခြေအနေဆိုးများ ပေါ်ပေါက်လာနိုင်သည် ကိုလည်း တစ်နယ်မှတစ်နယ်သို့ သူခြေရာဖျောက်၍ ပြောင်းရွှေ့ခဲ့ သည်မှာ သုံးကြိမ်ထက်မနည်း ရှိခဲ့ပြီဖြစ်၏။

ယခုနေထိုင်သော နေရာလေးမှာ လူသူလေးပါးနှင့် အင်းဝေးလှသည်မို့ လုံခြုံဘွယ်ရှိသည်ဟု ယူဆကာ ဇာတ်မြုပ် နေထိုင်ခဲ့၏။ သို့သော် ယခုပေါ်ပေါက်လာသည့် အခြေအနေက အေးလန့်ဆန်စား ခံစားနေရသော သူ့ရင်အစုံကို ပုတ်ခတ် ဆောက်ခွဲလိုက်သလိုပင်။

ခွေးတအုပ်ပမာ ခြံထဲစူးစူးရဲရဲဝင်လာသော လူသုံးဦးကို ကြည့်ပြီး ထွန်းချို ရင်တွေတဖြတ်ဖြတ် ခုန်နေ၏။

ဘယ်ပုံဘယ်နည်း ဆုံးဖြတ်ရမှန်းလည်းမသိ၊ ထိုအခြေနေ ကြောင့် ကိုယ်နှင့်မကွာ ဆောင်ထားသည့် ပစ္စည်းလေး စမ်းမိ၏။ သူဘယ်နည်းနဲ့ အဖမ်းခံ၍မှ မဖြစ်နိုင်။

သို့သော် ဇနီးသည်နှင့် သမီးလေးခက်ခက်တို့နှစ်ဦးမှာ သူ့ကြောင့် မြေဇာပင်ကလေးများ ဖြစ်ရတော့မည့်အရေးကိုတွေး၍ သောကစိတ်တွေ ဖိုလှိုက်မွန်းကြပ်လာ၏။ ထိုစဉ် ခြံထဲသို့ ခေါင်းတည်မောင်းတည်နှင့် ဝင်လာသော လူသုံးဦးအနက် ရှေ့ဆုံးမှ



www.burmeseclassic.com

www.burmeseclassic.com

လူ၏အသံ ပေါ်လာ၏။

" ထွန်းချို . . ဗျို့ . . ကိုထွန်းချို . . ထွန်းချို မရှိဘူးလာ

" ရှင် . . ဘယ်သူလဲ "

" ငါတို့ပါ . . ထွန်းချိုရဲ့ သူငယ်ချင်းတွေ "

" ဟုတ်ကဲ့ လာပါပြီရှင့် "

သမီးငယ် ခက်ခက်၏အသံကြောင့် ထွန်းချို ရင်တ
ဖြစ်သွား၏။ သမီးလေး ထွက်မလာပါစေနဲ့ဟု ကြိတ်ဆုတော
မိသော်လည်း သူဆုတောင်းမပြည့်ခဲ့၊ အိမ်ရှေ့တံခါးပွင့်လာ
သနပ်ခါးရေကျဲ ပါးပါးလူးက ဘီးဆံထုံးထုံးထားသော သမီးလေ
ထွက်လာသည်ကို မြင်လိုက်ရ၏။

ထိုစဉ် . . ရှေ့ဆုံးမှလူက လေသံမာမာနှင့် ပြောလိုက်

" ထွန်းချိုရောကွ . . "

" ရှင် . . ဟိုဟို "

" ဘာကြောင်နေတာလဲ . . ဘယ်မှာလဲ ဒီကောင် "

" ဟင် . . ရှင် . . ရှင်တို့ဘယ်သူတွေလဲ "

" ဟာ . . ရှည်လိုက်တာကွာ . . ဖယ်စမ်း "

" ဟို "

" ဝင်ရှာကြစမ်းကွာ "

" ဘုရား . . ဘုရား "

အခြေအနေက အမြင့်ဆုံးအခြေအနေ ရောက်နေခြေပြီး
သူလက်တွေ၊ ခြေတွေအေးစက်လာ၏။ ပါးစပ်ထဲ အာစေးထည့်
ထားသလိုဖြစ်နေ၏။ တွေဝေထိတ်လန့်စွာနှင့် ကြည့်နေရင်း





ချွတ်သဲသဲ ဆင်းလာသော မြင်ကွင်းကြောင့် သူနှင်းဆီခြံ
ကျောက်ဘက်ရှိ ဝါးရုံးပင်အောက်သို့ လိုမ့်ချလိုက်၏။

သူ့ဇနီးသည်နှင့် သမီးငယ်ကို မချစ်၍မဟုတ် မရက်
စက်ချင်သော်လည်း အခြေအနေက သေမင်းနှုတ်ခမ်းပေါ်
ပြေးလွှားနေသည့် အခြေအနေမို့ မျက်စိမှိတ် ဆုံးဖြတ်လိုက်ပြီး
ရှောင်ထွက်လိုက်ခြင်း ဖြစ်၏။

သို့နှင့် ဝါးရုံပင်အောက်အရောက်တွင် မြေပြင်သို့
ဆိုင်းညွတ်ကျနေသော ဝါးကိုင်းဝါးခက်များကြား ဖြည်းဖြည်းခြင်း
ပိုးဝင်လိုက်ပြီး စည်းရိုးနားကပ်လိုက်၏။ ထို့နောက် ခြံပြင်
ဖြစ်နေသော ခတ္တာပင်များကြား တိုးဝှေ့ဝင်လိုက်ခါ ခြံပြင်သို့
မှ်၍ထွက်လိုက်ရာ ခြံပြင်သဲမြောင်းထဲသို့ ပြုတ်ကျသွား၏။

မြောင်းကရေကောနေသဖြင့် ဖုံးအလူးလူး ဖြစ်သွား၏။
သူ့ ချက်ချင်းလူးလဲထလိုက်ပြီး ခြံမြောက်ဘက်ကို ခြေကုန်သုတ်၍
ပြေးခဲ့၏။ မောရမှန်းပန်းရမှန်း မသိ၊ ကြောက်စိတ်က သူ့တစ်
ကိုယ်လုံး ဖိစီးနေ၏။

ပြေးရင်းပြေးရင်း ကြီးမားသောကုက္ကိုလ်ပင်ကြီးများ
အောက်သို့ ရောက်ရှိသွားရာ လမ်းနှစ်ဘက်ရှိသော ကုက္ကိုလ်
ပင်ကြီး၏။ ပင်စည်ကိုကွယ်ကာ အိမ်ဘက်သို့လှမ်းကြည့် လိုက်၏။

ထိုအချိန်တွင် ခြံဝတံခါးပွင့်လာပြီး သမီးငယ်ကို ဆိုင်ကယ်
ပေါ် တွန်းထိုးတင်ကာ ခေါ်ဆောင်သွားသည်ကို မြင်လိုက်ရ၏။

" ဟာ . . သမီးလေး ခက်ခက် . . ဘုရား . . ဘုရား
ဘုရားကယ်တော်မူပါ "


www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းကြောင့် သူ ပါးစပ်ကဘုရား . . ဘုရားတမိ၏။ သူ့အသည်းနှလုံးပမာ . . ချစ်မြတ်နိုးလှသော သမီးလေးကို သူ့တို့ခေါ်ဆောင် သွားကြလေပြီ၊ ထိုမြင်ကွင်းကြောင့် မူးမိုက်လဲကျမတတ် ခံစားလိုက်ရ၏။

စိတ်အစုံကို အားတင်းရင်း သူဘာလုပ်ရမည်ကို တွေးလိုက်၏။

ဌာနသို့ ချက်ချင်းသွား၍ အဖြစ်သေး။ သူ့ကိုလူတစ်စုက တစ်နေရာရာမှ မျှစ်စိဒေါက်ထောက် ကြည့်နေသည်ဟု ခံစားမိ၏။ ထိုသံသယကြောင့် သူဘယ်ကိုမှ မသွားရဲ၊ ဇနီးသည်နှင့်သမီးငယ်တို့က သူ့အပြုအမူကို မယုံသင်္ကာ ဖြစ်နေခဲ့ကြရာ တတွတ်တွတ်မေးမြန်းခဲ့သော်လည်း ဘာမှမဖြစ်သလို နေခဲ့၏။ ယခုတော့ သူ့မျက်စိရှေ့မှောက်တွင် သမီးလေးခက်ခက်ကို သူတို့ခေါ်ဆောင် သွားကြပြီးမို့ သောကစိတ်က ငယ်ထိပ်ရောက်နေခဲ့ပြီ ဖြစ်၏။

သို့သော် အိမ်ပေါ်တွင် ဇနီးသည် မမွှံအတွက် စိုးရိမ်တကြီး ဖြစ်သွား၏။ ထိုကြောင့် ခြံရှေ့မှ သူတို့လူစု ထွက်သွားသည်နှင့် ပုန်းကွယ်ရာမှ အလျင်အမြန်ထွက်ခါ အိမ်ဘက်ဆီသို့ ဒရော သောပါး ပြေးခဲ့၏။

ခြံတံခါးကို တဟုတ်ထိုး တွန်းဖွင့်ပြီး အထဲသို့ အပြေးအလွှားဝင်ခဲ့ရာ အိမ်ပေါ်သို့ လွှားကနဲ ခုန်တက်လိုက်၏။

" မွှံ . . . မွှံ "

" မွှံ . . . မွှံ "

မွှံအသံမကြားလိုက်ရသဖြင့် သူသောကစိတ်တွေ





[illegible]လျှံပယ် ဖြစ်သွား၏။

ထိုကြောင့်လည်း ဧည့်ခန်းတံခါးကို အတင်းတွန်းဖွင့်ကာ [illegible]ခန်းထဲဝင်လိုက်၏။

" ဟာ . . မွှံ . . မွှံရယ် . . ဖြစ်မှဖြစ်ရလေကွာ "

မြင်ကွင်းကြောင့် သူ ဒူးတွေခွေညွတ်ကျသွားမတတ် ခံစားလိုက်ရ၏။ ပါးစပ်ကလည်း မွှံအမည်ကို တီးတိုးရေရွတ်နေမိ၏။

မြင်ကွင်းမှာ ဘယ်လိုမှမယုံနိုင်စရာပင်၊ ဧည့်ခန်းထိုင်ခုံ[illegible]တွင် ခေါင်းကလေး ငိုက်စိုက်ကျကာ ရင်ဘတ်တွင်သွေးစက်[illegible]တ်နှင့် သေဆုံးနေသော မွှံကိုမြင်လိုက်ရသဖြင့် သူ့ခြေလှမ်းတွေ ဘာန့်သွား၏။

ယခုလောက် ရက်ရက်စက်စက် လုပ်သွားလိမ့်မည်ဟု [illegible]မထင်မိ . . ၊ သတိဝင်လာသော မွှံအလောင်းကို အပြေးအလွှား[illegible]တ်ပွေ့ကာ ပါးစပ်မှ တီးတိုးရေရွတ် တမ်းတမိ၏။

" မွှံ . . မွှံရယ် . . ငါ့ကိုခွင့် . . ခွင့်လွှတ်ပါ . . [illegible]င်းသေရတာ ငါ့ . . ငါ့ကြောင့်ပါ . . တောက် . . [illegible]တ်စက်လိုက်တာကွာ . . "

ရင်ထဲတွင် သောကအဆောက်အအုံကြီး ပြိုကျပေါက်ကွဲ[illegible]သွားသလိုပင်၊ နွေးထွေးဆဲရှိနေသည့် မွှံ၏ကိုယ်လုံးလေးကိုဖက်ခါ [illegible]ထပ်ထပ် အခါခါခေါ်နေမိ၏။

သို့သော် . . သူဘယ်လောက်ခေါ်ခေါ် မွှံ[illegible]တော့ [illegible]ကြားနိုင်တော့ပါခြေ . . ။


www.burmeseclassic.com

www.burmeseclassic.com


သူဘာလုပ်လို့ လုပ်ရမှန်း မသိတော့၊ တစ်ကိုယ်လုံး ပေါက်ကွဲလွင့်စင် သွားလေပြီလားမသိ၊ ထိုစဉ် မှူး၏ကိုယ်လုံးလေးကို ဖက်ပွေ့ထားရင်း နံရံကို လှမ်းကြည့်မိရာ သွေးနှင့်ရေးထားသော စာလုံးများကို မြင်လိုက်ရ၏။

" ထွန်းသိန်း . . မင်းပြေးမယ်ဆိုလဲ ပြေးပေတော့ ဒါပေမယ့် . . မင်းရင်သွေးလေ ငါတို့လက်ထဲမှာ ဘဝပျက်သွားလိမ့်မယ်ဆိုတာယုံ၊ ခက်ခက်ကို သနားရင်း မင်း ငါတို့လိုချင်တာ ပေးဖို့ဆုံးဖြတ် ပေးမယ်ဆိုရင် ဘယ်သူမှ အသိမပေးဘဲ ဖုန်းနံပါတ်ကို ဆက်ပေတော့ "

စာကိုစိတ်ထဲကဖတ်ရင်း သမီးလေးအတွက် စိုးရိမ်တကြီး ဖြစ်သွား၏။ ဇနီးသည်ခမျာ သူ့ကြောင့် အသက်ဆုံးရှုံး သွားခဲ့ရပြီမို့ သမီးလေးခက်ခက် ထပ်မံဆုံးရှုံးရမည့်အရေးကို တွေး၍ ထိတ်လန့် ချောက်ချားနေ၏။

သို့သော် ချောက်ချားစိတ်ကြောင့် ဘာဆက်လုပ်မလဲ ဆိုသော အဖြေကို သူရှာမရ၊ ဖုန်းလည်းမဆက်ဝံ့၊ ဆက်လိုက်သည်နှင့် သူလျှို့ဝှက်စွာသိမ်းဆည်းထားသည့် ပစ္စည်းလေးကို ပေးရခြေတော့မည်။

ထိုပစ္စည်းကလေးကို သူခုဆို ဘယ်သူ့ကိုပေးရမှန်း မသိဖြစ်နေ၏။ လုံခြုံရေးအဖွဲ့သားများနှင့် ဆက်သွယ်ရန် အမျိုးမျိုးကြိုးစားခဲ့သော်လည်း သူ့အခြေအနေကို စောင့်ကြည့်နေသည့် အဖွဲ့အစည်းကြောင့် ပျက်ပြယ်ခဲ့ရ၏။ နောက်ဆုံး သူ့ကို ချောင်းမြောင်းသတ်ဖြတ်ဖို့ပင် ကြံစည်လာသဖြင့် တပြေးတည်း [illegible]နေခဲ့ရ၏။

ယခုတော့ ဇနီးသည်လည်း ဆုံးခဲ့ပြီဖြစ်သလို၊ သမီးလေး လည်း သူတို့လက်ထဲ ပါသွားပြီမို့ ထွန်းချို့ဘာလုပ်၍ လုပ်ရမှန်း မသိတော့၊ နောက်ဆုံးဇနီးသည်ကို ခုတင်ပေါ်ပွေ့တင် လိုက်ပြီး၊ နောက်ဆုံး အနမ်းပေးလိုက်၏။

ပြီးသည်နှင့် ယူစရာရှိသည်များယူကာ ကြေကွဲစွာနှင့် [illegible]ကြီးပေါ်မှ ဆင်းခဲ့ပြီး ခြံအနောက်ဘက်မှ ပုန်းလျှိုးကွယ်လျှိုး ထွက်ခဲ့ရလေ၏။ အပြင်ရောက်သည်နှင့် သူပုံစံကို လမ်းပေါ်က လူတစ်ယောက်၏ ပုံသဏ္ဌာန် ရုပ်ဖျက်လိုက်၏။

လမ်းထိပ်ရောက်သည်နှင့် လုံခြုံရေးစခန်းသို့ ဖုန်းဆက်ခါ ဇနီးသည်၏ သတင်းကိုပေးပို့လိုက်၏။ အသံတွေတုန်ယင် [illegible]စ်ငေါ့နေသည် ရဲရဲဝံ့ဝံ့ ပြောမထွက်၊ ထိုပြင်အေးအီလည်း [illegible]ရသေး။

အကြည့်များက ကျီးကန်းတောင်းမှောက် သတင်းပို့ပြီး သည်နှင့် ဖုန်းအလျှင်အမြန် ချလိုက်ပြီး တက္ကစီတစ်စီး အလျင် အမြန် ငှားလိုက်ခါ မြို့ထဲဘက်သို့ ထွက်ခဲ့လေ၏။

စိတ်အစုံမှာ အသိုက်ပျက်ငှက်တစ်ကောင်၏ ခံစားမှုပမာ [illegible]ယ်ပင်၊ ဘယ်လိုလွင့်မျောရမှန်းမသိ၊ သမီးငယ်ခက်ခက် အတွက် လည်း သောကစိတ်တွေက မွှန်ထူနေ၏။ ပြေးစရာမြေမရှိ သည့်ဘဝမို့ မွန်းကြပ်နေ၏။ နောက်ဆုံး အအေးဆိုင်ကြီး တစ်ဆိုင်ရှေ့အရောက် ကားပေါ်မှဆင်းခဲ့ပြီး ချောင်ကျကျ နေရာကလေးတွင် ဝင်၍ ထိုင်လိုက်၏။ သူဘာလုပ်မလဲဆိုသည်ကို



www.burmeseclassic.com

www.burmeseclassic.com

တွက်ချက်လိုက်၏။ ပူထူနေသဖြင့် အဖြေရှာမရ။

စားပွဲရှေ့ရောက်လာသည့် အအေးဗူးကို ဖွင့်သောက်ရင်း စဉ်းစားလိုက်ရာ သဘော်ပေါ်တွင် ကျင်းပခဲ့သော သည်ဝေါ်စတား ကုမ္ပဏီပိုင်ရှင် ဦးဗလအောင်၏ အသွင်သဏ္ဍာန်ကို မြင်ယောင်လာ၏။

ဦးဗလအောင် သို့တည်းမဟုတ် ကြောက်စရာကောင်းလှသော လူယုတ်မာကြီးကို သူ ဘယ်သို့ ရင်ဆိုင်ရမည်မသိ၊ သူ့ကို အသေရရ အရှင်ရရ လိုချင်မှန်းသိနေပြီမို့ အခြေနေက ရှေ့တိုး၍မရ နောက်ဆုတ်၍ မရသောအခြေအနေ . . ။

သူ . . ဦးဗလအောင်ထံ ခေါင်းထိုးပြီးဝင်သွားလျှင်လည်း လွတ်လမ်းမမြင်၊ တစ်နည်းမဟုတ်တနည်း အမှုန့်ကြိတ်ပစ်မှာ သေချာ၏။ သို့သော သမီးလေးက သူတို့လက်ထဲတွင်ရှိနေပြီမို့ သူမရင်ဆိုင်၍ မဖြစ်တော့။

သို့သော် သူ ဦးဗအောင်၏ အခြေအနေကို လွန်ခဲ့သော ရက်ပိုင်းက သူ့နည်းသူ့ဟန်နှင့် စုံစမ်းခဲ့ရာ ဦးဗလအောင်၏ အခြေအနေက ကျယ်ပြန့်လှ၏။ စည်းစိမ်ဥစ္စာ၊ လူအင်အားကအစ တောင့်တောင့်တင်းတင်း ရှိလှသည်မို့ သူဘယ်သို့ ရင်ဆိုင်ရမှန်း မသိ။ ပို၍ဆိုးလှသည်မှာ ဦးဗလအောင်၏ သတင်းက နှင်းလှိုင်မြို့ကလေးတွင် မွှေးလှ၏။ တစ်မြို့လုံးကြည်ညိုလေးစားရသော ပုဂ္ဂိုလ်ကြီး၊ အရှိန်အဝါကြီးမားလှသော ပုဂ္ဂိုလ်ကြီးမို့ သူဘယ်လိုနည်းနဲ့မျှ မယှဉ်နိုင်ပါချေ။

သို့သော ထိုသို့သော ပုဂ္ဂိုလ်ကြီး၏ ရက်စက်ယုတ်မာမှု





ည်ချုပ်ကို ဘာကြောင့်များ လုပ်ခဲ့ပါလိမ့်ဟု သူတွေး၍မရ၊ ဘလောဆယ် သေပြေးရှင်ပြေး ပြေးနေရသည်မှာ သူသာဖြစ်၏၊ ယခုလည်း သူပြေးနေရဆဲပင်၊ ဇနီးသည်၏သောကနှင့် သမီးငယ်၏ သောကတို့က သူ့ရင်ထဲ ဖိစီးစိုးမိုးနေဆဲ . . ။

တကယ်တမ်း ခံစားလာရပြီဆိုတော့လည်း ကမ္ဘာမီးလောင် သားကောင်ချွန်းရမည့် ကိန်းဆိုက်နေ၏။ သို့သော် သူ့လှုပ်ရှားမှုက သူ့အတွက်မဟုတ်၊ မြို့ကျက်သရေဆောင် လူကြီးလူကောင်း တစ်ဦး၏ ရက်စက်ယုတ်မာမှုကို ဖော်ထုတ်လို၍ ယခုလို ဒုက္ခခံစားနေရခြင်းဖြစ်၏။

အခြေအနေက အရာရာကို မယုံရဲရသည့်အခြေအနေ၊ ထိုအခြေအနေကြား ပြေးလွှားနေ၍ ဘယ်နည်းနဲ့မှ မလွတ်နိုင်ဟု တွေးမိ၏။ နောက်ဆုံး နီးစပ်ရာ လုံခြုံရေးစခန်းနှင့် ဆက်သွယ် သတင်းပို့လိုက်ခြင်းသည် အကောင်းဆုံးနည်းလမ်းသာ ဖြစ်သည်မှာ တွေးမိလာ၏။ ထိုကြောင့်လည်း ထိုင်နေရာမှ ဘေးပတ်ဝန်းကျင်ကို သတိအသာ အကဲခတ်လိုက်၏။

သောက်သုံးနေသူ အားလုံးမှာ ကိုယ့်အာရုံနှင့်ကိုယ် ရှိနေကြသဖြင့် နေသာထိုင်သာရှိသွား၏။ ထိုအခါ ထိုင်ရာမှ ထလိုက်ပြီး ကောင်တာဘက်သို့ လျှောက်ခဲ့၏။ စိတ်ထဲတွင် ကိုယ့်အရိပ်ကိုယ်ပင် ထိတ်လန့်နေရ၏။ သို့နှင့် ကောင်တာမန်နေဂျာနှင့် စကားတီးတိုးပြောကာ စားသောက်ဆိုင် အနောက်ဘက် အဆောင့်တွင် တပ်ဆင်ထားသော တယ်လီဖုန်းမှနေ၍ စခန်းကိုဖုန်း ခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



" တဲလို . . နှင်းလှိုင်စခန်းကပါလား "

. . . . . . . . .

" အော် . . ဒီ . . ဒီလိုပါ . . ကျွန်တော် . . အရေးကြီး သတင်းပေးစရာရှိလို့ပါ "

. . . . . . . .

" ဟာ . . ခုပြောလို့ မဖြစ်ဘူး ပြီးတော့ အရေးကြီးသည့် သက်သေခံပစ္စည်းတစ်ခုလဲ ကျွန်တော့်မှာ ရှိနေပါတယ် အဲဒီကိစ္စကြောင့် ကျွန်တော်လဲ သေပြေးရှင်ပြေး ပြေးနေရသည် ကျွန်တော့် ဇနီးသည်လဲ အသတ်ခံလိုက်ရပါပြီ . . ပြီးတော့ ကျွန်တော့်သမီးလေ ခက်ခက်လည်း သူတို့ဖမ်းသွားကြပါတယ် "

. . . . . . . . . .

" ဟုတ်ကဲ့ . . ခုကိစ္စ အရမ်းလုပ်လို့ မဖြစ်သေးတဲ့ကိစ္စပါ ပြဿနာက မလွယ်ဘူး ဒါကြောင့် . . ဆရာနဲ့နှစ်ယောက်ချင်း တွေ့ပါရစေ . . "

. . . . . . . . . . .

"ဟုတ် . . ဟုတ်ကဲ့ဆရာ ဒါဆို . . ဆိပ်ကမ်းဘက်ကို ကျွန်တော်ခုချက်ချင်း လာခဲ့ပါမယ် . . ဆရာ စောင့်နေပါနော်"

. . . . . . . . . . .

"ကျေး . . ကျေးဇူးပါပဲ ဆရာ "

ဖုန်းကို ကမန်းကတန်း ချလိုက်ပြီ ဘေးဘီကို ပြူးပြူးပြဲပြဲ ကြည့်လိုက်၏။ အားလုံးအေးအေးချမ်းချမ်း ရှိနေသည်မို့ ထိုင်ခုံဘက်ပြန်လာခဲ့ပြီး တအောင့်တနား ထိုင်လိုက်၏။ သို့သော်



စိတ်တွေ အရမ်းလှုပ်ရှားနေ၏။

လက်ကနာရီကိုကြည့်ရင်း ငါးမိနစ်စွန်းသည်နှင့် ထိုင်ရာမှ ကျသမျှရှင်းလိုက်၏။ ပြီးသည်နှင့် ဆိုင်ထဲမှ အလျင်အမြန် ထွက်ခဲ့ပြီး တက္ကစီတစ်စီး ငှားလိုက်၏။

ကားပေါ်ရောက်သည်နှင့် ဘေးမှန်တံခါးပိတ်လိုက်ပြီး ဆိပ်ကမ်းဘက်သို့ မောင်းနိုင်းလိုက်၏။

စိတ်တွေလှုပ်ရှားလွန်းလှသည်မို့ မောင်းနေသည့်ကားပင် နှေးကွေးလှသည်ဟု ထင်မိ၏။ တက္ကစီဒရိုင်ဘာကတော့ သူ့ကို ခဏချက်ကလေးပင် ငဲ့မကြည့်၊ အရှိန်မှန်မှန် မောင်းနှင်နေ၏။

ထိုစဉ် ပင်လယ်မြောက်ဘက် လမ်းသို့အရောက်တွင် မောင်းနှင်းလာသောကားသည် ဖြတ်ကနဲလမ်းချိုးချလိုက်၏။

" ကျွီ . . ကျွီ "

" ဟာ "

" ဘယ်လိုဖြစ်တာတုန်း "

" ဟင် "

မြင်ကွင်းကြောင့် သူပါးစပ်အဟောင်းသား ဖြစ်သွား၏။ ကားကို ကန့်လန့်ဖြတ်ပိတ်၍ရပ်နေသော မှန်အလုံပိတ် တောင်း ကားတစ်စီး ဒရိုင်ဘာလုပ်သူမှာ ဟွန်းသုံးလေချက် တီးရင်း ... တံခါးပိတ်လိုက်၏။ ... တခေါက်ခေါက် လုပ်နေ၏။

ထိုစဉ် ထွန်းချိုသည် ဘေးတံခါးကို အသာအယာ ... ဖွင့်လိုက်၏။

" ဟာ . . ဘယ်လိုတွေတုန်း လူမိုက်တွေလား "

www.burmeseclassic.com



" တင် "

ဒရိုက်ဘာခမျာ တောင်းအေ့စ်ကားပေါ်မှ ဆင်း ကြသော လူထွားကြီးနှစ်ဦးကို ကြည့်ရင်း မျက်လုံးပြူးသွား သူတို့အသွင်သဏ္ဌာန်မှ ရက်စက်ကြမ်းကြုတ်သည့်အ သဏ္ဌာန်ရှိပြီး ကားဆီသို့ တစ်လှမ်းချင်း တစ်လှမ်းချ လျှောက်လာကြ၏။

ထွန်းချိုသည် စက္ကန့်ပင်ဆိုင်းမနေတော့၊ ဟနေသ တံခါးကြားသို့ ကိုယ်ကိုငုံ၍ လျှိုထွက်ခါ ကားလမ်းနံ ဆင်ခြေလျှောအတိုင်း လိမ့်ချလိုက်၏။

" ဖောက် . . ဖောက် "

" ဖောက် "

" ဟာ . . ဒုက္ခပဲ ပစ်ကုန်ပြီ "

" ဝူး . . ဝေါ . . ဝေါ "

လူထွားကြီးနှစ်ဦးက ထွန်းချိုကားပေါ်မှ ခုန်ချသွ သည်ကို မြင်သည်နှင့် လောင်းကုတ်ထဲမှ ဆိုက်လင်ဇာ ထားသော သေနတ်များကိုထုတ်၍ တဖောက်ဖောက်နှင့် ပ လိုက်၏။

ပစ်သံခတ်သံများကြောင့် ဒရိုင်ဘာလုပ်သူမှာလ ကားကိုဒေါကန့်ပြန်ကွေ့ခါ မောင်းပြေးလေတော့၏။ ထိုအချိန် ဆင်ခြေလျှောအတိုင်း တလိမ့်လိမ့် လိမ့်ဆင်းသွားသေ ထွန်းချိုသည် မြေပြင်ရောက်သည်နှင့် လူးလဲထလိုက် ထိုအချိန်တွင် လူထွားကြီးနှစ်ဦးသည် ဆင်ခြေလျှောအတိုင်





ရှူထိုးအပြေး ဆင်းလာကြ၏။

ထွန်းချိုသည် လိုက်လာသူနှစ်ဦးကို တစ်ချက်လှည့် ကြည့်ရင်း အရှေ့ဘက် ထင်းရှူးတောအုပ်သို့ ကမူးရှူးထိုး တ်ပြေးခဲ့ရ၏။

လမ်းတွေက ခနော်ခနဲ့ အနိမ့်အမြင့် အတက်အဆင်း ားကလည်း ပေါလှ၏။ ပြေးရင်းပြေးရင်း မောဟိုက်လာ၏၊ ည်ဆံတွေကလည်း သူ့နံဘေးမှ တဗွီဗွီဖြတ်သန်းနေ၏၊ ထဲတွင် သေမင်းအော်သံတွေအလား ထင်ရ၏။

တောအုပ်ထဲအရောက်တွင် ရွက်ခြောက်တွေကို င်းဖြတ်ရင်း အားကုန်ပြေးလွှားခဲ့၏။ ပါးစပ်ကလည်း မော ွန်းလှသဖြင့် ဖားဖိုကြီးလို တရှီးရှီးမြည်နေ၏။ သူတစ်ချက် ည့်မကြည့်ရဲ။

တောအုပ်ထဲအရောက်တွင် ပေါက်ရောက်နေသော ျုံနွယ်ချုံပုတ်များကို အတင်းတိုးခွေ၍ ကိုယ်ရောင်ဖျောက် ပြေးခဲ့ရ၏။ ထိုစဉ် သူပြေးလွှားနေသည့်နေရာ၏ တောင်ဘက်မှ ခွေးကြီးများ၏ ဟောင်သံကို ရုတ်တရက်ကြားလိုက်ရ၏။

ထိုအသံကြောင့် သူခေါင်းနားပန်းကြီးသွား၏၊ ုန်းနေ၍လည်းမဖြစ်၊ တစ်ကိုယ်လုံးချွေးသီးချွေးပေါက်များ စို့စေ သီးခိုလာ၏။ ပါးစပ်ကလည်း တရှူးရှူးနှင့် အသက်လုရှူ နေရ၏၊ ားနေ၍မဖြစ်တော့ ဆက်၍အားသွန်ခွန်စိုက် ပြေး လွှားခဲ့၏။ ဘယ်နေရာ ဘယ်ဒေသရောက်နေမှန်း မသိ၊ ထင်းရှူး တောအုပ်ထဲ တွေ့ပတ်ပြေးရင်း တဖြည်းဖြည်း မြင့်မားမတ်စောက် လှသည့်



www.burmeseclassic.com

www.burmeseclassic.com

တောင်ကုန်းကြီးပေါ်သို့ ရောက်လာ၏။

ထိုအချိန်တွင် တောင်ခြေဘက်ရှိ ထင်းရှူးတောအုပ်ထဲ ချေးဟောက်သံကြီးများက တဖြည်းဖြည်းနီးကပ်လာ၏။ ထွန်းချိုသည် တောင်ကုန်းပေါ်အရောက်တွင် ရှေ့ဆက်ပြေးရန် လမ်းမရှိဖြစ်သွား၏။

ကုန်း၏တဘက်တွင် ချောက်ကြီးသဖွယ်နက်ရှိုင်းလှသော ကမ်းပါးကြီးတည်ရှိပြီး ပြာလဲ့လဲ့ပင်လယ်ပြင်ကြီးကို တွေ့လိုက်ရသဖြင့် ထွန်းချို မဝင့်မရဲဖြစ်နေ၏။ ထိုစဉ် သူ့နောက်ဘက် တောင်တန်းပေါ်သို့ ဒိုဘာမင်ခွေးကြီးနှစ်ကောင် အပြေးအလွှား တက်လာသည်ကို မြင်လိုက်ရ၏။

တဝုန်းဝုန်းနှင့် ဟောက်သံကြီးများကလည်း ငရဲသားကြီးများ၏ အော်သံဟစ်သံအလား ထင်ရ၏။ ထွန်းချိုမှာ ချောက်ကမ်းပါးအစွန်းနား ရပ်ရင်း ချီတုံချတုံဖြစ်နေ၏။

" ဖောက် . . ဖောက် "

" ဟာ "

" ဝုန်း . . ဝုန်း "

ကျည်ဆံတွေက သူနံဘေးမှ ပလူပျံသွား၏။ တဝုန်းဝုန်းနှင့် ဟောင်သံပေးကာ အပြေးတက်လမ်းသော ခွေးကြီးနှစ်ကောင်သည် သူနှင့်ဝါးတစ်ရိုက်ခန့် အကွာသို့ ရောက်ရှိလာရာ ထွန်းချိုအတွက် ဗဦးစားချိန်မရတော့။

ထိုကြောင့်လည်း ချောက်ထဲသို့ ဖြစ်ချင်ရာဖြစ်ဟု ဆုံးဖြတ်ခါ တရှိန်ထိုး ခုန်ချလိုက်လေ၏။



## အခန်း (၇)

အဆိုးထဲက အကောင်းဖြစ်သည်ဟု ဆိုရလေမလား မပြောတတ်၊ အပြောင်းအလဲ မြန်ဆန်လွန်းလှသော ကံကြမ္မာကို သူ့အံ့ဩတကြီး ဖြစ်နေမိ၏။

ယခုလည်း ပင်လယ်ထဲ ကူးလိုက်ခတ်လိုက်နှင့် မျှောပါရင်း ကြီးမားသော စီဘီပျက်ကြီးတစ်ခု ကျောက်ချထားသည်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွား၏။

အချိန်ကာလမှာလည်း ညဦးပိုင်းအချိန်အခါဖြစ်၍ လရောက်မှာ တိမ်ညို တိမ်မည်းများကြားမှ မထိုမပြီဖြစ်နေ၏၊ လှိုင်းကြက်ခွပ်အချို့မှာ လရောင်ရိပ်ခပ်ရေးရေးကြား လင်းတလက်



www.burmeseclassic.com

www.burmeseclassic.com



ခို့နီးတလက်ဖြစ်နေ၏။

စီဘီတွဲကြီးအနားသို့ မျော၍ချဉ်းကပ်ခဲ့ပြီး ကျောက်ဆူးသံကြိုးကို ခို၍အပေါ်သို့ ဖြည်းဖြည်းချင်းတွယ်တက်ခဲ့၏။ ဝင်လယ်ထဲတွင် ခြောက်နာရီနီးပါးခန့် စီးမျောလိုက်ပါခဲ့ရသဖြင့် သူတစ်ကိုယ်လုံး ရေခဲတုံးပမာ အေးစက်နေ၏။

တွဲကုန်းပတ်ပေါ်ရောက်သည်နှင့် ချက်ချင်းလှဲချလိုက်၏။ ကောင်းကင်ပေါ်မော့ကြည့်ရင်း အသက်ကိုတစ်ဝကြီး ရှူလိုက်၏။ အေးစိမ့်သော လေနုညှင်းကြောင့် သူတစ်ကိုယ်လုံး အင်အားတွေပြည့်ဝသွားသလိုပင် ..။

သူ့အဖြစ်က ယခုမှပဲ အသက်ကို တစ်ဝရှူရသည်မို့ လှဲနေရာမှ ချက်ချင်းမထချင်သေး၊ ထိုအချိန် တွဲအနောက်ဘက် အခန်းထဲမှ လူတစ်ယောက်၏ ငြီးငြူသလိုလို အော်ဟစ်သံလိုလို ကြားလိုက်ရသဖြင့် စိတ်ထဲထိတ်ခနဲ တုန်လှုပ်သွားမိ၏။

ထို့ကြောင့်လည်း လှဲနေရာမှ ကုန်းရုန်းထလိုက်ပြီး ကုန်းပတ်ဘေးမှ ဖြည်းဖြည်းခြင်း လျှောက်ခဲ့၏။

" အား . . . အားကျွတ် . . ကျွတ် . . အင်း "

အသံဗလံပို၍ ကျယ်အောင်လာသလိုပင် ထိုစဉ် ကုန်းပတ်ဘေးရှိ သွပ်ပြားနံရံဘေးမှ အထဲကိုချောင်းကြည့်လိုက်၏။

" ဟင် . . ဘယ်လိုပါလိမ့် "

ဂိုဒေါင်လိုလို အခန်းဝတွင် ထိုင်နေသောလူတစ်ဦး၊ လက်ထဲတွင် သေနတ်ကြီးတစ်လက် ကိုင်ထားပြီး၊ သူ့ရှေ့စားပွဲတွင် အရက်ပုလင်းများ ထိုးထိုးထောင်ထောင်ရှိနေ၏။ ငြီးတွားသံမှာ





အခန်းထဲမှ ထွက်ပေါ်လာသည့်အသံမို့ စိတ်ထဲဇဝေဇဝါ ဖြစ်သွား၏။ တစ်ဦးတစ်ယောက်ကို ဖမ်းချုပ်ထားပုံရကြောင်း တွေးမိ၏။ စားပွဲဘေးထိုင်နေသည့် လက်နက်ကိုင်မှာ မူးနေပုံရ၏။ ထိုအခြေအနေကြောင့် အခန်းထဲမှ လူကိုကယ်တင်လိုစိတ် ပေါ်လာ၏။

" ဂလောင်း . . ဒုန်း "

" ဟေ့ ဘယ်သူလဲကွ . . အေ့ "

" ဒုန်း "

" ဟာ . . ဘယ်ကောင်လဲကွ . . ငါလာပြီ "

အစောင့်မှာ သူဟန့်လိုက်သော အချက်ပေးသံကြောင့် မူးမူးရူးရူးထိုင်ရာမှ ထလာကာ သေနတ်မောင်းခလုတ်ကို တင်လိုက်၏။ ထို့နောက် အသံလာရာကို သေနတ်နှင့်ထိုးချိန်လိုက်ပြီး ဒရီးဒယိုင်နှင့် လျှောက်လာ၏။

သူသည်သွပ်ထရံနှင့် ကုန်းပတ်ကြားမှောင်ရိပ်ခိုကာ စောင့်ဆိုင်းနေ၏။ သေနတ်သမားသည် အရက်မူးသံကြီးနှင့် ချောက်လှန့်သံပေးကာ သူနှင့်လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာ၏။

" ကဲကွာ "

" ဂွစ် . . ဒုတ် "

" အား . . ဝိုး "

ရုတ်တရက် သူလှုပ်ရှားပစ်လိုက်၏။ အနားရောက်လာသည်နှင့် ချိန်ထားသောသေနတ်ကို ခြေထောက်နှင့်ကန်ထုတ်ခါ



www.burmeseclassic.com

www.burmeseclassic.com

လွတ်နေသောဒူးနှင့် အရှိုက်ကို တိုက်ချလိုက်၏။

အားထည့်ပြီး တိုက်ခိုက်လိုက်သဖြင့် သေနတ်သမားခမျာ အင့်ကနဲအော်ကာ ခွေကျသွားပြီး ကုန်းပတ်ပေါ် လွန်၍ ရေထဲပြုတ်ကျသွားလေ၏။ ထိုအခါ အခန်းထဲသို့ အပြေးဝင်ခဲ့ပြီး စားပွဲပေါ်တင် ထားသည့်သော့ကိုယူကာ အခန်းတံခါးဖွင့်လိုက်၏။

" အား . . နာ . . . နာလိုက်တာ "

အထဲရောက်သည်နှင့် သံတိုင်များကြား ကောက်ရိုးပုံပေါ်တွင် ခွေခွေကလေး လဲကျနေသူတစ်ဦးကို မြင်လိုက်ရ၏။ ထိုအခါ သံတိုင်တံခါးကို ပါလာသည့်သော့နှင့် ဖွင့်လိုက်၏။ လဲကျနေသူသည် တံခါးဖွင့်သံကြောင့် ကုန်းရုန်းထလာ၏။

" ကျွန် . . ကျွန်တော်ကို လွတ် . . လွတ်ပါဗျာ "

" ဟေ့လူ . . ရှူး . . အသံမထွက်နဲ့ "

" ကျွန်တော် ခင်ဗျားကို ကယ်ဖို့ရောက်လာတာ အသံသိမ်မထွက်စေနဲ့ . . ကြားလား "

" ဟုတ် . . ဟုတ်ကဲ့ "

သူ . . အသံခပ်အုပ်အုပ်နှင့် ဟန့်တားသတိပေးလိုက်ပြီး ခြေထောက်နှင့် လက်တို့တွင် ချည်နှောင်ထားသော ကြိုးများကို ဖြည်ပေးလိုက်၏။

" ကျေး . . ကျေးဇူးတင်လိုက်တာဗျာ "

" နောက်မှပြော . . ကဲ . . ထ . . ထ "

" အား . . ခြေထောက်တွေနာ "

" လာ . . ကျွန်တော်ထူပေးမယ် "





လဲကျနေသူကို ထူမပြီး တွဲလိုက်၏။ ထို့နောက် နှစ်ဦးသား သိုင်တိယိုင်ထိုးနှင့် ထွက်ခဲ့၏။ နှစ်ဦးစလုံး ခွန်အားတွေဆုတ်ယုတ်နေသဖြင့် လမ်းပင်ကောင်းကောင်း မလျှောက်နိုင်ကြချေ။

ဒဏ်ရာနှင့်လူကို ခုံပေါ်ထိုင်ခိုင်းလိုက်ပြီး အပြင်သို့ ရောက်သောအခါ ဆီခန်းတွဲကြီးကိုပတ်၍ အခြေအနေကို ကြည့်လိုက်၏။ ထိုအခါ တွဲ အနောက်ဘက် ကုန်းပတ်ဘေးတွင် ကြိုးနှင့်ချည်နှောင်ထားသော လှေကလေးတစ်စင်းကို တွေ့လိုက်ရ၏။

သူ့ဘာကိုမျှ စဉ်းစားမရတော့၊ သွပ်ထရံဘေးတွင် ချိတ်ထားသော ကြိုးလှေကားကို လှေဝမ်းထဲ ပစ်ချလိုက်၏။ နောက် ထိုင်ခုံမှလူကိုတွဲ၍ ကုန်းပတ်အနား ခေါ်ခဲ့၏။

" ခင်ဗျား လှေပေါ်ဆင်းလို့ရမလား "

" ဗျာ . . ဘယ်လိုလဲ ဘယ်ကိုသွားမလို့လဲ "

" ဟာ . . တော်ကြာ ခင်ဗျားကိုဖမ်းထားတဲ့ လူတွေလာရင် ကျွန်တော်ရော ခင်ဗျားရော မလွယ်ဘူးလေ၊ ဒါကြောင့် လှေနဲ့ပြေးကြမယ် "

" ဟုတ် . . ဟုတ်ကဲ့ ကျွန်တော်ရအောင် ဆင်းပါ့မယ် "

" ဒါဆို ဖြည်းဖြည်းသတိနဲ့ဆင်း မရရင်ပြောနော် "

" ရ . . ရပါတယ် "

" ခဏနေဦး . . ကျွန်တော်အရင် ဆင်းမယ် "

ထွန်းချိုသည် ကြိုးလှေကားကိုတွဲ၍ အောက်သို့ဖြည်းဖြည်း ခြင်းဆင်းလိုက်၏။ သူလှေဝမ်းထဲရောက်သည်နှင့် ဒဏ်ရာရထား


www.burmeseclassic.com

www.burmeseclassic.com


သောလူသည် ကြိုးကိုခက်ခက်ခဲခဲ တွယ်၍ တစ်လှမ်ခြင်းဆင်းလာ၏။

နှစ်ဦးစလုံး လှေထဲရောက်သည်နှင့် ကြိုးကိုဖြုတ်ချလိုက်ပြီး လှော်တက်နှင့်လှော်ခတ်လိုက်၏။ ရေဆန်ကိုလှော်ရသည်မို့ ခရီးမပေါက်လှသော်လည်း ဖြည်းဖြည်းခြင်းရွေ့လျားလာ၏။

အမှန်တော့ ထွန်းချိုတွင် ခွန်အားများကုန်ခန်းနေပြီ ဖြစ်၏။ သို့သော် ကိုယ့်ထက်ဆိုးလှသည့် ဒုက္ခသည်ကြောင့် အံခဲပြီး လှော်ခတ်ခဲ့ရာ စိတ်ပျက်ကြီးနှင့် ဝေးသထက်ဝေးလာ၏။

ထိုစဉ် လှေဝမ်းထဲလှဲနေသော ဒဏ်ရာနှင့်လူသည် ကုန်းရုန်းထလာ၏။

" ကျေးဇူးတင်လိုက်တာ နောင်ကြီးရယ် . . နောင်ကြီး နာမည်ဘယ်နဲ့ခေါ်သလဲ "

" ကျွန်တော့်နာမည် ထွန်းချိုပါ . . ခင်ဗျားကရော "

" ကျွန်တော့်နာမည်က လင်းနေမင်းပါ . . သည်ဝေါလ်စတား ကုမ္ပဏီပိုင်ရှင် ဦးဗလအောင်ရဲ့သားပါ "

" ဗျာ "

လင်းနေမင်း၏စကားကြောင့် သူတအံ့တသြ ဖြစ်သွား၏။ တိုက်ဆိုင်လွန်းလှသည့် ဖြစ်ရပ်မို့ ကံတရား၏ဆန်းပြားမှု နက်နဲမှုကို မဝေခွဲနိုင်တော့။

" ဟင် . . ဒါ ဒါဆို ခင်ဗျားဟာ ဦးဗလအောင်ရဲ့ သားဆိုတာ သေ . . သေချာရဲ့လား "

" သေချာပါတယ်ဗျာ . . ကျွန်တော်ကိုသူတို့ ဖမ်းထား ကြတယ် . . ဘာကိစ္စ၊ ဘာအကြောင်းအရာမှလဲ မသိဘူး"

" ဘယ်သူတွေက ဖမ်းတာလဲ "

" ဟို . . စေ စောဗညားဆိုတဲ့ လူကြီးပဲ သူတို့က ကျွန်တော်ကို ကုမ္ပဏီစာချုပ်တွေ လိုချင်လို့ အတင်းဖမ်းတာဗျ ကျွန်တော့်ဖေဖေလဲ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး "

" ဟင် . . ပြဿနာပဲ တော်တော်ရှုပ်တဲ့ ကိစ္စတွေပါလား တော့လူ . . ခင်ဗျား ဦးဗလအောင်ရဲ့သားဆိုတာ သေချာ ပါတယ်နော်"

" သေ . . သေချာပါတယ်ဗျာ . . မယုံရင် ဖုန်းဆက်မေး ကြည့်ပါ "

လင်းနေမင်း၏ စကားကြောင့် ထွန်းချိုခေါင်းစားသွား ၏၊ သူအကြီးအကျယ် မကျေမနပ်ခံစားနေရသူက ဦးဗလ အောင်၏သား ဖြစ်နေမှန်းသိ၍ စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွား၏။

" စောဗညားဆိုတာ ဘယ်သူလဲ ဘယ်ကလဲ ခင်ဗျား အဖေရဲ့ ရန်သူတွေလား "

" မပြောတတ်ဘူးဗျ . . သူတို့ဟာ ကျွန်တော်တို့ရဲ့ မန်နေဂျာ ဦးမိုးဘကျော်ကိုလဲ သတ်ပစ်လိုက်တယ် . . ပြီးတော့ စာချုပ်စာတမ်းတွေပေါ်မှာလဲ ကျွန်တော့်ကို အတင်းလက်မှတ် ထိုးခိုင်းပြီး ခုလို ဖမ်းချုပ်ထားတာပဲ ကျွန်တော်လဲ ဘာမှမစဉ်း စားတတ်တော့ဘူးဗျာ "

" အင်း . . ပြဿနာက ပိုရှုပ်လာပါလား . . မထူးတော့ ပါဘူး နောက်မှရှင်းကြတာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com


သူ . . ပြောပြောဆိုဆိုနှင့် လှေကလေးကမ်းဘက်သို့ တကျွိကျွိလှော်ခတ်ခဲ့ရာ တစ်နာရီခန့်အကြာတွင် အမှောင်ရိပ် ပိန်းပိတ်နေသော သောင်ခြေတစ်ခုသို့ ရောက်ရှိလာ၏။

ထိုအခါ လှေပေါ်က ဦးစွာဆင်းလိုက်ပြီး လင်းနေမင်းကို တွဲ၍ ခေါ်လိုက်၏။ နှစ်ဦးသား လရောင်ပိုးတဝါးအောက်တွင် စမ်းတဝါးဝါးနှင့် သောင်ပြင်အရှေ့ဘက်သို့ လျှောက်ခဲ့၏။

လင်းနေမင်းမှာ ပခုံးမှဒဏ်ရာကြောင့် လက်တစ်ဖက်မှာ လှုပ်ရှား၍မရနိုင် ဖြစ်နေ၏။ ပါးစပ်မှလည်း တအားအားနှင့် ငြီးငြူနေလေရာ လမ်းတစ်ဝက်အရောက်တွင် ထွန်းချိုသည် သူ့အင်္ကျီလက်မောင်းသားကို ဆုတ်ဖြဲ၍ဒဏ်ရာကို ချည်နှောင်ပေး လိုက်၏။

" နာသေးလား . . သွေးထွက်နေတော့ စည်းထားတာ ကောင်းတယ် "

" နာတယ်ဗျာ . . သူတို့က သေနတ်နှင့်ပစ်ထားတာဗျ တော်တော်မိုက်ရိုင်းတဲ့ လူတွေ ခင်ဗျားကြောင့် ကျွန်တော် လွတ်ခဲ့တာကို ကျေးဇူးတင်တယ်ဗျာ . . အခု ဘယ်ဘက်ကို ရောက်နေပြီလဲဗျ "

" နေဦး . . ကျွန်တော်လဲ မသိသေးဘူး "

" ဒုက္ခပါပဲ "

လင်းနေမင်းမှာ ထွန်းချို၏စကားကြောင့် ဦးနှောက် ခြောက်သွား၏။ မှောင်ပျပျ အရိပ်အောက်တွင် သူတို့လျှောက်ခဲ့ သည်မှာ လည်း အတော်ကလေး ခရီးတွင်ခဲ့၏။ လမ်းတွင်ထိုးထိုး ထောင်ထောင်၊ မိုးမိုးမတ်မတ်နှင့် ပေါက်ရောက်နေသော ဆင်းရှူးတောအုပ်ကြီးကို ဖြတ်ခဲ့ကြရ၏။

သို့နှင့် ဖြည်းဖြည်းလျှောက်ခဲ့ကြရာ မကြာမီမီးရောင် အချို့ကို မြင်လိုက်ရ၍ အားတက်သရော ဖြစ်သွားကြ၏။

" ဟာ . . ဟိုမှာ မီးရောင်မြင်ရတယ်ဗျာ ရွာတော့ ဖြစ်လိမ့်မယ် "

" ဟင် . . ဟုတ်တယ် "

" လာ . . အမြန်လာ "

နှစ်ဦးသား မီးရောက်မြင်လိုက်ရ၍ အားတက်သရော ဖြစ်ခါ ခပ်သွက်သွက်လျှောက်ခဲ့ကြ၏။ အမှောင်ထုကြားထဲတွင် အလင်းရိပ်က ချို့ချို့ငဲ့ငဲ့ ဖြာကျနေ၏။ ထွန်းချိုသည် လင်းနေမင်းကို တွဲ၍ မီးရောင်ရှိရာသို့ မှန်းပြီးလာခဲ့၏။

သို့နှင့် မိနစ်နှစ် ဆယ်ခန့် အကြာတွင် ဝိုးတဝါးလရောင် ကြောင့် ငြိမ်ကုတ်နေသော ရွာလေးတစ်ရွာကို တွေ့လိုက်ရပြီး ရွာထဲသို့နှစ်ဦးသား ဖြည်းဖြည်းခြင်းဝင်ခဲ့၏။

ရွာထဲရှိ တဲကလေးအချို့မှာ မီးမှုတ်၍ အိပ်နေကြပြီ ဖြစ်၏။ နှစ်ဦးသား မီးထွန်းညှိထားသော တဲကလေးများဆီသို့ လျှောက်ခဲ့ကြပြီး တဲတစ်လုံးရှေ့ရပ်ခါ အကူအညီတောင်းလိုက်၏၊

သူ့အသံကြောင့် တဲထဲမှ မီးခွက်ကိုင်ကာ လူတစ်ယောက် ထွက်လာ၏။ ထွန်းချိုသည် ဒုက္ခသည်များဖြစ်ကြောင်း [illegible]နှင့် ဖိုရင်းပြောပြလိုက်ရာ . . ထိုသူက တဲထဲဝင်ရန် လိုလိုလားလား ဖိတ်ခေါ်ခဲ့လေ၏။

www.burmeseclassic.com

"ထိုင်ကြဗျာ . . ကျွန်တော့်နာမည် စံကြိုင်ပါ ကျွန်တော် ရွာနာမည်က မြောက်ပြင်ရွာပါ မြို့နဲ့ ခြောက်မိုင်လောက်ဝေး လေ ခင်ဗျားတို့က ဘယ်က ရောက်လာတာလဲ "

" ပင်လယ်ထဲ မျောနေတာဗျ "

" အော် . . ငါးဖမ်းသင်္ဘောကလား "

" ဟုတ် . . ဟုတ်ပါတယ် "

" အော် . . ဒုက္ခသည်တွေကို တည်းပါဗျာ . . ဒီမှာ တည်းနိုင်ပါတယ် . . ဘာမှ မစားရသေးဘူးထင်တယ် . . ခဏနော်"

စံကြိုင်သည် ပြောပြောဆိုဆိုနှင့် အိပ်ပျော်နေသော ဇနီးသည်ကို နိုးကာ အကျိုးအကြောင်း ပြောပြလိုက်ပြီး စား သောက်ဖို့ ပြင်လိုက်ကြ၏။ ထွန်းချိုနှင့် လင်းနေမင်းတို့ နှစ်ဦး စလုံးမှာ ခွန်အားများ ကုန်ဆုံးနေပြီမို့ တဲထဲရှိ ဝါးကွပ်ပျစ် ပေါ်တွင် လှဲချလိုက်၏။

" အား "

" နာနေသလား "

" ဟုတ်တယ် . . ကျိုးသွားပြီလား မသိဘူး "

" အားတင်းထားပါဗျာ . . ဟိုလူလာရင် အကူညီတောင်း ကြည့်တာပေါ့ "

သူတို့နှစ်ဦး လေသံမျှင်မျှင်နှင့် ပြောဆိုနေကြစဉ် စံကြိုင်တစ်ယောက် စားသောက်ဖွယ်ရာများ သယ်၍ရောက်လာ ၏။



" ကဲ . . ခင်ဗျားတို့ နှစ်ယောက်ထမင်းမစားရသေးဘဲ နဲ့ပဲ . . ဒီမှာတော့ ငါးခြောက်ဖုတ်နဲ့ ဘူးသီးဟင်းချိုပဲရှိတယ်။ ပြီးတော့ ငါးပိရည်လဲ ရှိတယ် . . ဖြစ်သလို စားကြပေါ့ဗျာ "

" နေဦး . . ကိုစံကြိုင် "

" ဘာလဲဗျ "

" ဟို . . ကျွန်တော့်သူငယ်ချင်းရဲ့ ပခုံးမှာ ဒဏ်ရာရ ထားတယ်။ သွေးကတအား ထွက်နေတော့ မကောင်းဘူးဗျာ . . အဲဒါ ခင်ဗျားတို့ဆီမှာ ဆေးမှူးမရှိဘူးလား "

" ဟာ . . ရှိတာပေါ့ဗျာ နယ်လှဲ့သူနာပြုဆရာမလေး နော်ဝေဝေလှဲ ရှိတယ်လေ . . ကျွန်တော် ခုသွားခေါ်ပေးမယ် "

" ဟုတ်ကဲ့ . . ကျေးဇူးပါပဲဗျာ "

ပြောပြောဆိုဆိုနှင့် စံကြိုင်တစ်ယောက် တဲပေါ်မှ အလျားဖားလျား အပြေးဆင်းသွား၏။ နှစ်ဦးသား ထမင်းပွဲကို ကြည့်၍ စားချင်စိတ်များ ပြင်းထန်နေသော်လည်း မစားနိုင်အောင် ဖြစ်နေကြ၏။ ဆယ်မိနစ်ခန့်အကြာတွင် တဲပေါ်သို့ စံကြိုင်နှင့် သူနာပြု ဆရာမလေး နော်ဝေဝေလှဲ ရောက်လာ၏။ မီးရောင် ဝါလဲ့လဲ့ အောက်တွင် ဖြူဝင်းလှပနေသော နော်ဝေဝေလှဲကို ကြည့်ရင်း လင်းနေမင်း အံ့သြနေ၏။

အညတြဆန်လှသော ရွာကလေးတွင် ရောက်ရှိနေသော သူနာပြုဆရာမလေး နော်ဝေဝေလှဲ၏ အလှရိပ်တ သွန်းချိုအား ချပ်ထဲမှ စိတ်ကူးယဉ်ကြီးယဉ်ခဲ့ရသော အလှသေ်တစ်ဦး ဖြစ် နေသည်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် နော်ဝေဝေလဲ့သည် ပခုံးတွင်ပတ်ထားသော အဝတ်စများကို ဖြည်၍ ကျွမ်းကျင်စွာ ပြုစုကုသပေးနေ၏။

" ရှင့် . . ဒဏ်ရာက . . သေနတ်ဒဏ်ရာ မဟုတ်လား"

" ဟုတ် . . ဟုတ်ပါတယ် "

" ဟင် "

နော်ဝေဝေလဲ့၏စကားကြောင့် စံကြိုင်တို့လင်မယား အံ့သြသွား၏။ နော်ဝေဝေလဲ့မှာလည်း ရာဇဝတ်မှုမကင်းသည့် အပြုအမူမို့ မဝင့်မရဲ ဖြစ်နေ၏။ ထိုအခြေအနေကို ထွန်းချိုရိပ် လိုက်၏။

" စိတ်မပူပါနဲ့ ဆရာမ . . ကျွန်တော်တို့ နှစ်ယော စလုံးဟာ လူကောင်းသူကောင်းတွေပါ "

" ဟုတ်ပါတယ် ဆရာမ . . ကျွန်တော်တို့ကြောင့် ဆရာမတို့ ပြစ်မှုတစ်စုံတစ်ရာ မဖြစ်စေရပါဘူး . . ကျွန်တော် နာမည် လင်းနေမင်းပါ ဆရာမ . . "

" ဟုတ် . . ဟုတ်ကဲ့ ဒါပေမယ့် ရှင်တို့ကိစ္စကို ကျွန် အစအဆုံးမသိတော့ စိုးရိမ်မိတာအမှန်ပဲ လောလောဆယ် ရှင့်ဒဏ်ရာကို ကျွန်မသေသေချာချာ ဆေးထည့်ပြီးပြီ "

" ကျေး . . ကျေးဇူးတင်ပါတယ် . . ဆရာမရယ်"

" ကဲ . . ကျွန်မပြန်မယ် . . အကူအညီရှိရင် အချိန်မ လာနိုးပါ "

" ဟုတ် . . ဟုတ်ကဲ့ "

နော်ဝေဝေလဲ့ သူကိုပြုံးစစနှင့် ပြောပြီ တဲထဲမှ ထွက်သွာ





၏။ စံကြိုင်တို့လင်မယားမှာ စောစောက စကားများကြောင့် စိုးရွံ့နေပုံရ၏။ သို့သော် ထွန်းချိုက ဖြောင့်ဖျပြောဆိုလိုက်သဖြင့် သူတို့လင်မယား စိတ်ထဲရှင်းလင်းသွားကြ၏။

ထို့နောက် နှစ်ဦးသား ချက်ပြုတ်ထားသည့်ထမင်းဟင်းများကို စာစာနှင့် စားသောက်လိုက်ကြ၏။ စံကြိုင်တို့ လင်မယားနှစ်ဦးမှာ စိတ်သဘောပြည့်ဝလှကြပြီး ရှိသမျှ အကုန်ထုတ်ခါ ကျွေးမွေးကြ၏။

ထွန်းချိုနှင့် လင်းနေမင်းတို့ နှစ်ဦးမှာ စားပြီးသောက်ပြီးသည်နှင့် မောမောနှင့်ကွပ်ပျစ်ပေါ်တွင် လှဲလိုက်ကြ၏။ လင်းနေမင်းမှာ ဒဏ်ရာကြောင့် မကြာမီအိပ်ပျော်သွားခဲ့ သော်လည်း ထွန်းချိုမှာ အိပ်၍မပျော်နိုင်သေး။

သူ့အစိက ဒွိဟဖြစ်နေရသည်မှာ လင်းနေမင်းပင်ဖြစ်၏။ လင်းနေမင်း၏စကားအရ သူဘယ်လိုမျှ အဖြေထုတ်၍ မရနိုင်တော့။ စင်စစ် သူ့အပေါ်ဒုက္ခလှလှကြီး ပေးခဲ့သူမှာ လင်းနေမင်း၏ ဖခင်ဖြစ်နေ၏။ သို့သော် ဖခင်ကြီးက သူ့ကို ဒုက္ခပေးခဲ့သော်လည်း သားဖြစ်သူမှာ ဒုက္ခနှင့်ကြုံနေသူမို့ ဆန့်ကျင်ဘက်အကြောင်းအရာနှစ်ခုအကြား အခြေအနေတစ်ရပ် မြုပ်ကွက်ရှိနေရမည်ဟု တွေးမိ၏။ သို့သော် ထိုမြုပ်ကွက်ကို သူမဖော်ထုတ်နိုင်ခဲ့၊ ထို့ပြင် သူလျှို့ဝှက်စွာ သိမ်းဆည်းထားသော သက်သေခံပစ္စည်းနှင့် ဓါတ်ရှုပ်စ် ပေါ်မှ အကြောင်းအရာများကို လင်းနေမင်းအား ပြောသင့်မပြောသင့် စဉ်းစားရင်း နောက်ဆုံး အဖြေထုတ်၍ မရနိုင်ဖြစ်ခါ အိပ်မောကျသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သူတို့နှစ်ဦး အိပ်ရာမှ နိုးသောအခါ မိုးစင်စင်လင်းနေပြီ ဖြစ်၏။ စံကြိုင်တို့ လင်မယားသည် သူတို့အတွက် ကောင်းညှင်းပေါင်းနှင့် ငါးခြောက်ကြော်များ ယူလာ၏။

ကောက်ညှင်းပေါင်းမှာ အငွေ့တထောင်းထောင်းထွက်နေ၏။ နှစ်ဦးသား ရေမိုးချိုး မျက်နှာသစ်လိုက်ကြပြီး ကောက်ညှင်းပေါင်း ပူပူနွေးနွေးကို ငါးခြောက်ကြော်လေးများနှင့် စားသောက်လိုက်ကြ၏။

ထွန်းချိုသည် လင်းနေမင်း၏ ရိုးရှင်းသောအမူအကျင့်ကို တွေ့လိုက်ရသဖြင့် သံသယစိတ်များ လွင့်စင်သွား၏။ ထို့ကြောင့်





စိတ်ထဲတွင် ညီငယ်တစ်ဦးသဖွယ် ခင်မင်မိ၏။

" လင်းနေမင်း "

" ဘာလဲ အစ်ကိုထွန်းချို "

" မင်းရဲ့အကြောင်းကို မင်းပြောပြလို့ ငါသိသင့်သ

သိပြီးပါပြီ . . ဒါပေမယ့် မင်း ငါ့အကြောင်းကို တစ်ချို့

သိဖို့လိုတယ်ကွ . . ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့ငါ

ချင်းမတူကြပေမယ့် ဆက်စပ်မှုရှိနေတယ်လို့ ငါယုံတယ် "

" ဗျာ "

ထွန်းချို၏စကားကြောင့် လင်းနေမင်းပါးစပ်အဟောင်း

ဖြစ်သွား၏။

" အံ့သြနေသလား . . လင်းနေမင်း "

" ဟုတ်. . ဟုတ်ကဲ့ ဟို . . ဒီကိစ္စ "

" အေး . . ငါပြောပြောမယ် နားထောင် . . ငါဟာ

ရှပ်စ်သဘော်ကြီးပေါ်က ချိန်ကုတ်ပဲ . . ပြောရရင်း မင်းတို့

ဘိုပိုင်သဘော်ကြီးရဲ့ ချိမ်ကုတ်ပေါ့ကွာ "

" ဗျာ . . ဒါ . . ဒါဆို "

" အေး . . ဒီကိစ္စ အတော့ကို ရှုပ်ထွေးနေတယ်

နေမင်း မင်းလဲမရှင်းနိုင်သလို . . ငါလဲ ရှုပ်ထွေးနေလို့

လိုမှ နားမလည်နိုင်သေးဘူး "

" ဘာတွေလဲ အစ်ကို "

" ဒီလိုကွ "

ထွန်းချိုသည် ဝိုက်ရှပ်စ်သင်္ဘော်ကြီးပေါ်တွင် ပြစ်ပျက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သမျှကို သူအသေးစိတ် ပြောပြလိုက်၏။

*သူ့စကားကြောင့် လင်းနေမင်းမှာ တအံ့တဩဖြစ်*

ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ထွန်းချို၏စကားအရ ဖ
ကြီးမှာ လူဆိုးဓါးပြကြီး ဖြစ်သွားရသည်မို့ သူဘယ်နည်းနဲ့မှ မ
နိုင်ဟု ထင်မိ၏။ ထို့ကြောင့်လည်း သူခေါင်းတခါခါ လုပ်ရင်း ..

" မ .. မဖြစ်နိုင်ဘူးအစ်ကို .. ဒီကိစ္စမှာဖေဖေ
လူသတ်သမား ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျ အစ်ကိုမျက်
မှားနေလို့ဖြစ်မယ် "

" ဟာ .. ခက်ပါ့ကွာ ဒီကိစ္စ .. ငါမှာ သက်သေ
အထောက်အထားအဖြစ်နဲ့ ရိုက်ကူးထားတဲ့ စီဒီဒစ်ရှိနေတယ်
လင်းနေမင်း ခုလဲ အဲဒီစီဒီဒစ်ကို လိုချင်လို့ လူတစ်စုက ငါမိန်း
ကိုလဲ သတ်ခဲ့ပြီ ငါ သမီးကိုလဲ ဖမ်းထားကြတယ်လေ "

" ဟင် .. ဟုတ်လား "

" ဟုတ်တယ် .. ဒီအပြင် သူတို့ဟာငါကို အသေရ
အရှင်ရရ လိုချင်နေကြတယ် .. အဲဒီကြားက ငါအသက်လု
ပြေးနေရတာကွ "

" ဟင် .. ဒုက္ခပါပဲ .. ဒါ .. ဒါဆို ဒီကိစ္စ "

" အေး .. အဲဒါကြောင့် ပြောတာပေါ့ကွ .. မင်းတို့
သားအဖနှစ်ယောက်ရဲ့ ပြဿနာက ဆန့်ကျင်ဘက်ကွ .. ငါတော့
မစဉ်းစားတတ်အောင်ပါဘဲကွာ "

" အေးဗျာ .. ကျွန်တော်လဲ မစဉ်းစားတတ်တော့ဘူး "

" တစ်ခုတော့ရှိတယ် အစ်ကို ကျွန်တော် အဲ့ဒီ စီဒီဒစ်ကို





ကြည့်ချင်တယ်ဗျာ ခက်တာ ဘယ်လိုလုပ်ရမှန်းတောင် မသိဘူး "

" နေဦး .. လင်းနေမင်း အချိန်အတန်သေးဘူးကွာ
ဒီကိစ္စ တစ်ခုခု မြုပ်ကွက်ရှိနိုင်တယ်ကွ .. မင်းကလဲ မင်းဖခင်
အပေါ် ဖြူဖြူစင်စင် မြင်နေတယ်။ ငါကလဲ မင်းအမြင်နဲ့ ဆန့်
ကျင်ဘက် ဖြစ်နေတယ်ဆိုတော့ "

" အဲဒါ .. ပြောတာပေါ့အစ်ကိုရာ ကျွန်တော်တော့
စဉ်းစားတတ်တော့ဘူး "

" အချိန်က စကားပြောလာမှာပေါ့ကွာ ... ကဲ ...
ဒို့ ဒီကနေ့ သွားကြရင်ကောင်းမလား "

" ဟာ .. နေကြပါဦးဗျ "

" အော် .. ကိုစံကြိုင် "

သူတို့နှစ်ဦး ပြောဆိုနေစဉ် တဲထဲကို ကိုစံကြိုင်နှင့်အတူ
သူနာပြုဆရာမလေး နော်ဝေဝေလဲ့ ရောက်ရှိလာ၏။

" အော် .. ဆရာမ "

" ဟုတ်ကဲ့ .. သက်သာရဲ့လား ကိုလင်းနေမင်း "

" ကောင်းပါတယ် .. ဆရာမ .. ဟို .. ကျွန်တော်
ဆရာမရဲ့ ပြုစုမှုကို ကျေးဇူးတင်ပါတယ် .. ဖြစ်နိုင်ရင် နောက်
တစ်ကြိမ် ဆရာမနဲ့ တွေ့ပါရစေ "

" ဟို .. ကိုလင်းနေမင်းက ဘယ်မှာနေတာလဲ "

" ကျွန်တော်က သည်ဝေါလ်စတားတုမ္ပဏီ ဦးလအောင်
ရဲ့ သားပါ "

" အော် .. သိတာပေါ့ .. သည်ဝေါလ်စတားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

နှင်းလှိုင်မြို့မှာ နာမည်ကြီးကုမ္ပဏီပဲ "

" ဟုတ်ကဲ့ . . ဆရာမ ကြုံရင်ဝင်လည်ပါ ကျွန်တော်ဆရာမကို မျှော်နေပါ့မယ် "

" ဟုတ်ကဲ့ . . ကြုံရင်တော့ဝင်ခဲ့ပါမယ် ကိုလင်းနေမင်း"

လင်းနေမင်းသည် နော်ဝေဝေလှဲ့၏ ဖြူလှဲ့သောအပြုံးကို ကြည့်ရင်း ရင်တွေခုန်နေရ၏။ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ ပါးစုံရဲရဲကလေးနှင့် လွန်စွာချစ်စရာကောင်းလှသည်မို့ လင်းနေမင်း၏ ရင်ထဲတွင် အစွဲကြီးစွဲမိသွား၏။

နော်ဝေဝေလှဲ့မှာလည်း လင်းနေမင်း၏ အဖြစ်အနစ်အပေါ် စိုးရိမ်စိတ် ဝင်နေမိ၏။ ရုပ်ရည်သန့်သန့်အသွင်နှင့်မို့ ဘယ်နည်းနဲ့မှ ဒုစရိုက်သမား မဖြစ်နိုင်ဟု တွေးမိ၏။

ယခုတော့ သူမမျှော်လင့်ဘဲ ကြားလိုက်ရသော လင်းနေမင်းစကားကြောင့် အံ့သြတကြီး ဖြစ်နေမိ၏။

ထိုအချိန်တွင် ထွန်းချိုသည် စံကြိုင်၏မျက်နှာကို တစ်ချက်လှမ်းကြည့်ရင်း ပြောလိုက်၏။

" ကျွန်တော်တို့ပြန်မယ် . . ကိုစံကြိုင် "

" ဗျာ . . ပြန်တော့မလို့လား "

" ပြန်မှ ဖြစ်မယ်ဗျ . . ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့နောက်ကြောင်းက မအေးဘူးဗျ "

" ခက်ပါ့ ဆရာတို့ရယ် "

" ဟုတ်တယ် ကိုစံကြိုင် ခုအခြေအနေဟာ ကျွန်တော်တို့နှစ်ယောက်စလုံးဟာ အသက်လုပြေးနေရတဲ့ အခြေအနေဗျ "





" ဪ "

သူ့စကားကြောင့် နော်ဝေဝေလဲမှာ လင်းနေမင်းကို ကြည့်ရင်း စိတ်မကောင်းကြီးစွာ ဖြစ်မိ၏။ ထွန်းချိုမှာ အခြေအနေကို တွက်ချက်ပြီး တစ်နေရာတွင် အတည်တကျနေ၍ ဖြစ်နိုင်ကြောင်း တွက်ချက်မိ၏။

ထို့ကြောင့်လည်း စံကြိုင်တို့အကူအညီနှင့် ရွာမှထွက်ခဲ့၏။ လင်းနေမင်းမှာ တခဏကြုံလိုက်ရသည့် နော်ဝေဝေလှဲ့၏အပြုံးကို အသက်မမေ့နိုင်အောင် ဖြစ်ခဲ့ရ၏။

သို့သော် သေရေးရှင်ရေးတမျှ ကြုံနေရသော ဘဝအခြေမို့ ခွဲချင်ဘဲ ခွဲခဲ့ရလေ၏။ ကိုစံကြိုင်သည် သူတို့နှစ်ဦးကို အဝေးပြေးလမ်းမအထိ လိုက်ကာပို့ဆောင်ပေးခဲ့၏။

" ကဲ . . ကျွန်တော်ပြန်မယ် . . ကိုထွန်းချိုနောက်ကြုံရင်ဘဲ ဝင်ခဲ့ပေါ့ဗျာ "

" ကျေး . . ကျေးဇူးအများကြီး တင်ပါတယ် . . ကိုစံကြိုင်တော် ခင်ဗျားတို့ ကျေးဇူးကို ကျွန်တော်တို့ မမေ့ပါဘူး "

" ရပါတယ်ဗျာ . . ကဲ . . သွားပြီဗျို့ "

စံကြိုင်က သူတို့နှစ်ဦးကို နှုတ်ဆက်ပြီး ထွက်ခွာသွား၏။ ထွန်းချိုနှင့် လင်းနေမင်းတို့နှစ်ဦးမှာ ကားလမ်းဘေးတွင် ထိုင်ရပ်ရင်း တွေဝေနေကြ၏။

" ဘာဆက်လုပ်မလဲ အစ်ကိုထွန်းချို "

" ငါလဲ မပြောတတ်ဘူးကွာ . . မြို့ပြန်လို့ကလဲ ဘယ်လိုလဲမလွယ်သလို ငါလဲ လွယ်မှာမဟုတ်ဘူးကွ "



www.burmeseclassic.com

www.burmeseclassic.com

" အဲဒါတော့ . . ဟုတ်တယ်ဗျ "

" အေးကွာ လုံခြုံတဲ့နေရာ တစ်နေရာရှိရင် သိပ်ကော
မယ် "

" ဟာ . . ဟုတ်ပြီ "

" ဘာလဲကွ . . ပြောစမ်းပါဦး "

" လာဗျာ . . ကျွန်တော်တို့ " လှိုင်းဦး " မြို့ဘက်
သွားရအောင် အဲဒီမှာ ကျွန်တော့်သူငယ်ချင်း မင်းဒင်ရှိတ
အဲဒီမှာ ကျွန်တော်စားအိမ် သောက်အိမ်ဗျ . . လာဗျာ သွား
အောင် "

လင်းနေမင်း၏စကားကို ထွန်းချိုမငြင်းပယ်နိုင်
အခြေအနေမှာ . . ဘယ်လိုမှလုပ်၍ မရသည့် အခြေအနေဖြစ်
၏။ ပို၍အကျဉ်းအကြပ် တွေ့ရသည်မှာ လင်းနေမင်းနှ
သူတို့နှစ်ဦး ရင်ဆိုင်နေရသော အခြေအနေက ဆန့်ကျင်ဘ
ဆန်လှ၏။

သို့သော် . . အဆိုပါ မတူညီသော အခြေအနေနှစ်
လောလောဆယ် မပူးပေါင်း၍ မဖြစ်တော့မှန်း ထွန်းချိုတွေးမိ
ထို့ကြောင့်လည်း လင်းနေမင်းခေါ်ရာနောက်သို့ လိုက်ခဲ့ရ
မင်းဒင်မှာ ဖော်ဖော်ရွေရွေရှိလှပြီး . . မိဘများကလည်း ချမ်းသာ
သဖြင့် မြို့ပြင်တွင် ခြံတစ်လုံးနှင့် တစ်ယောက်တည်း နေ
ထိုင်သူဖြစ်၏။

ထို့ကြောင့်လည်း သူတို့နှစ်ဦးမှာ ပို၍အဆင်ပြေသွား၏
လင်းနေမင်း၏ပခုံးက ဒဏ်ရာများ ကျက်စပြုနေပြီဖြစ်၏။





ထဲတွင် နော်ဝေဝေလဲ့ဆိုသော သူနာပြုဆရာမလေး၏
ကြင်နာ စေတနာကို တဒင်္ဂကြုံလိုက်ရသော်လည်း စွဲစွဲလန်းလန်း
နေခဲ့ရ၏။

ထိုအခြေကို ရိပ်မိသူမှာ ထွန်းချိုဖြစ်၏။ ပြေးပြေးလွှား
ဖြင့် အသက်ကို ဖက်နှင့်ထုတ်ရသည့်အချိန်တွင် ချစ်ဝေဒနာ
ရှိန်ရှိန်တက်နေသော လင်းနေမင်းကို ထွန်းချို အဆန်းတကြယ်
မိ၏။ ထို့ကြောင့်လည်း ငေးငေးငိုင်ငိုင် လုပ်နေသော လင်း
နေမင်းကို ပြုံးစစနှင့် မေးလိုက်၏။

" ဘယ်လိုလဲ လင်းနေမင်း . . မင်းဥစ္စာ ရင်ကွဲနာကျင်
နေတဲ့ ပုံပါလားကွ . . ကေန္တ . . ဟို . . ဆရာမလေး "

" ဟာ . . မဟုတ်တာ . . အစ်ကိုထွန်းချိုရယ် "

" မညာစမ်းပါနဲ့ ငါ့ညီရာ . . ငါလဲ ငယ်ရာကကြီးလာတဲ့
သူပါကွ . . ဘာလဲ . . မင်း . . သိပ်စွဲလန်းသွားပြီလား "

" မဟုတ်တာ အစ်ကိုရာ . . ကျွန်တော် အဲဒီကိစ္စ "

" ကိုယ့်ကိုကိုယ် မညှင်းဆဲစမ်းပါနဲ့ကွာ . . လောကမှာ
တြောက်စရာအကောင်းဆုံးက ကိုယ့်ကိုကိုယ် လိမ်ညာလိုက်တဲ့
ကိစ္စကွ "

" ဟာ . . အစ်ကိုကလဲ ဖွတ်ကြီးပါလား . . ကျွန်တော်
လိမ်ပါဘူးဗျာ . . အဲ တစ်ခုတော့ရှိတယ် "

" ဘာလဲကွ "

ထွန်းချိုက ပြုံးစစနှင့် မေးလိုက်၏၊ လင်းနေမင်းသည်
သူ့ကိုမကြည့်ဘဲ ငေးငေးမော်မော်နှင့် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

" အဲဒီ . . ဆရာမဟာ . . တစ်ချိန်က ကျွန်တေ
အိပ်မက်ထဲ ပေါ်လာတဲ့ အမျိုးသမီးလေးနဲ့ အရမ်းတူနေတ
အစ်ကို၊ ဒါကြောင့် ကျွန်တော်စတီရီယိုမှာ အိပ်မက်သူဆို
ပန်းချီကားတောင် ဆွဲထားမိတယ်အစ်ကို "

" ဟော့ . . မင်းဥစ္စာ . . အံ့သြစရာပါလားကွာ "

" ဟုတ်တယ်အစ်ကို အဲဒါအမှန်ပဲ . . တစ်နေ့အစ်
ကျွန်တော့်ပန်းချီခန်းကိုလိုက်ကြည့် အစ်ကိုကို ကျွန်တော်ပြပါမ
အဲဒါကြောင့် စိတ်ထဲထူးထူးဆန်းဆန်း ခံစားမိလို့ပါအစ်ကို
တခြားအရာတွေတော့ မရှိပါဘူး "

" ဟာ . . အဲဒါ . . ရှေးဘဝရေစက်ကွ . . အိပ်မက်ထဲ
မိန်းကလေး တကယ်အပြင်မှာ ရှိတယ်ဆိုတာ လူတစ်သောင်းမှ
တစ်ယောက်ဖြစ်ခဲ့တဲ့ ဘဝရေစက်ကွ . . ဒီတော့ မင်းနဲ့သူ
နဖူးစာများ ပါလေသလားမသိဘူး "

" ဒုက္ခပါပဲ . . အစ်ကိုက ဇွတ်ပြောနေပါလား . .
ဖူးစာဆိုတာ ဦးရာလူပါအစ်ကို "

. . . . . . . . . . . . . .

ထွန်းချိုစကားကို လင်းနေမင်းမဖြေနိုင် ပြုံးစစလုပ်ရင်း
ရေငုံနှုတ်ပိတ်ဖြစ်နေ၏။ သူ့အမူအယာကို ကြည့်ပြီး ထွန်းချို
လက်ဖျောက်တီးလိုက်၏။

" အဲဒါဘဲကွ . . ဒီမှာလင်းနေမင်း မင်းကသူ့ဈေးသာ
သူက ကျေးလက်ဆရာမလေး အခြေအနေက အဝေးကြီး ဒါပေ
မယ့် မင်းနဲ့သူကြားမှာ အနုပညာရှိနေရင် နီးနီးလေးပါကွာ"





" ဟာ . . အစ်ကိုကတော့ လုပ်ချလိုက်ပြီဗျာ ကဲပါဗျာ
သူ့ကိစ္စ အသာထားပါဦး ကျွန်တော်တို့ ကိစ္စပြောကြရအောင် "

" ဘာလဲ . . လင်းနေမင်း "

" တခြားမဟုတ်ဘူးဗျ . . ခင်ဗျားဆီမှာ စီဒီဒစ်ရှိတယ်ဆို"

" ရှိတယ်လေ . . မင်းက ငါ့ကိုမယုံလို့လား "

"ကျွန်တော်ဘာမှ မပြောချင်ဘူးအစ်ကိုရာ ဒါပေမယ့်
ဖေဖေဟာ ဒီလောက်အထိ ဆိုးဆိုးဝါးဝါး ဖြစ်လိမ့်မယ် မထင်
ဘူးဗျာ၊ သူဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ဘူးအစ်ကို ဖေဖေရဲ့
ကိုယ်ကျင့်တရားကို ကျွန်တော်ယုံတယ်ဗျာ "

" အေးလေ ဒါကတော့ မင်းအမြင်ကိုး . . ဒါပေမယ့်
ါမှာရှိနေတဲ့ စီဒီဒစ်ကို မင်းကြည့်လိုက်ရင် . . မင်းယုံကြည်ချက်
တွေ ကပြောင်းကပြန် ဖြစ်သွားလိမ့်မှာ သေချာတယ် . . ကဲ
မင်းမှာစက်ရှိလို့လား "

" အဲဒီကိစ္စ မပူနဲ့ မင်းဒင်ကို ကျွန်တော် အကူအညီ
တောင်းရင် ဖြစ်ပါတယ် "

" ဟာ . . ဒီကိစ္စ လူတကာ မသိစေချင်ဘူးကွ"

" ကျွန်တော်နားလည်ပါတယ် . . အစ်ကို ကျွန်တော်
ကြည့်ပြောပါ့မယ် "

" အေးလေ ငါက မင်းအတွက်ပြောတာပါ . . လင်း
နေမင်း ရာ မင်းနေရာမှာ ငါဆိုတဲ့ ယုံမှာမဟုတ်ဘူး . . ခက်ပါတွာ
. . ခုမှ မင်းနဲ့ငါက တကယ်ပြဒါးတစ်လမ်း သံတစ်လမ်း . . ဟား
ဟား ဟား ဘယ်လို့ရေစက်တွေကြောင့်လဲ မသိပါဘူးကွာ "



www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်ပါ့ အစ်ကိုရာ . . ကျွန်တော်တော့ ခုကြုံနေရတဲ့ အဖြစ်ကို နားမလည်တော့ဘူး "

" ထားပါတော့ကွာ . . မင်းသာပိုင်အောင်လုပ် "

" စိတ်ချပါ အစ်ကို "

လင်းနေမင်းသည် ထွန်းချိုနှင့် ပြောဆိုပြီးသည့်နောက်တွင် မင်းဒင်နှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ဆွေးနွေးခဲ့၏။ မင်းဒင်ကလည်း လင်းနေမင်းအတွက်ဆိုလျှင် ကူညီဖို့အမြဲတမ်း အဆင်သင့်။

သူပြောဆိုပြီးတစ်ရက် နှစ်ရက်အကြာတွင် တိုယိုတာစရင်တာကားအနက်ကလေးနှင့် ကြည့်စက်သယ်ယူလာပြီး အိမ်ကြီးအပေါ်ထပ်တွင် တပ်ဆင်ခဲ့၏။ လင်းနေမင်းသည် ထွန်းချိုဆီမှ စီဒီဒစ်ကိုယူကာ ကြည့်စက်ထဲထည့်၍ ကြည့်လိုက်၏။

စကရင်ပေါ်တွင် ကာလာရောင် ဝါနီပြာကြားလှုပ်ပုံ သဏ္ဌာန်များ တစ်ကွက်ချင်းပေါ်လာ၏။ ထွန်းချိုသည် လင်းနေမင်းဘေးရှိ ထရင်းဘက်ချ်ပေါ်လှဲကာ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်၍ကြည့်နေ၏။

လင်းနေမင်းမှာ စကရင်ပေါ် ပေါ်လာသည့် ပုံရိပ်များကို ကြည့်ရင်း ရင်တွေတလှပ်လှပ် ခုန်နေ၏။ လက်ထဲတွင် အသင့်ဖွင့်ထားသော အအေးဗူးကို တစ်ငုံချင်းမျှင်း၍ သောက်လိုက် ၏။

ထိုစဉ် စကရင်ပေါ်၌ ဖခင်ကြီးပုံရိပ်သဏ္ဌာန်ပေါ်လာ၏။ စားပွဲရှည်ကြီးကိုပတ်၍ သည်ဝေါလ်စတာ ကုမ္ပဏီအဖွဲ့သားများ ထိုင်နေသည်ကို တွေ့လိုက်ရ၏။





ထိုမြင်ကွင်းမှတဆင့် စားပွဲထိပ်ဆုံးတွင် ထိုင်နေသော ...င်ကြီးသည် ထိုင်နေရာမှ ဗြုန်းစားကြီးထကာ လောင်းကုတ်ထဲမှ ...နတ်ကို ဆွဲထုတ်လိုက်၏။ သူ့ရှေ့ပတ်ပတ်လည်တွင်ထိုင် ...သော လူများကို ဖခင်ကြီးက လက်ထဲမှ သေနတ်နှင့် တဖောက် ...ာက် ပစ်ချလိုက်သည်ကို မြင်ရသောအခါ လင်းနေမင်းမှာ ...ကြည့်ရင်းကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေရလေ၏။

ထွန်းချိုသည် ရီမုဒ်ကွန်ထရိုးနှင့် ဦးဗလအောင် လူပ် ...ှားမှုကို ရီကော်ဒင်းပြန်လုပ်ခါ တစ်ကွက်ချင်းပြန့်ပြလိုက်၏။ ...င်းနေမင်း တစ်ကိုယ်လုံး ဟာလာဟင်းလင်းဖြစ်သွားသလို ခံစား ...ိုက်ရ၏။

သူ့ဖခင်ကြီး၏ ကြောက်စရာကောင်းလှသော အပြုအမူကို ...ကြည့်ရင်း ကြက်သီးမွေးညှင်းထမိ၏။ ခာစ်ကိုယ်လုံး ချွေးစေးတွေ ...ဖို့လာ၏။ စကရင်ပေါ်မှ ပြကွက်များကိုကြည့်ရင်း မှင်သက်မိ နေ၏။

ထိုစဉ် ထွန်းချိုက ပြကွက်များကို ပိတ်လိုက်ပြီး လင်းနေမင်း ကို မေးလိုက်၏။

" ဘယ်လိုလဲ လင်းနေမင်း . . ယုံပြီလား "

" ဟင် . . ဒါ . . ဒါတွေဟာ . . တကယ့်အဖြစ်တွေလား "

" ဟာ . . တကယ့်အဖြစ်တွေပေါ့ကွာ . . မင်းကမယုံသေး ဘူးလား "

" အို . . မ . . မယုံဘူး . . မဖြစ်နိုင်ဘူး . . ဒါ . . အဖေ မဟုတ်ဘူးဗျာ "



www.burmeseclassic.com

www.burmeseclassic.com



" သတိထားပါ လင်းနေမင်းရာ "

" အိုဗျာ "

ထွန်းချိုစကားကြောင့် သူအတုန်လှုပ်ကြီးလှုပ်သွား၏ မျက်မြင်ကိုတွေ့ကြုံလိုက်ပါသော်ငြားလည်း သူ့ပါးစပ်မှာ မယုံသူ ဆိုသောစကားကို ကျယ်လောင်စွာ အော်ဟစ်မိ၏။ သူ့ သတိလက်လွတ် အမူအယာကြောင့် ထွန်းချိုသတိပေးလိုက်၏။

ထိုအခါ လင်းနေမင်းတစ်ယောက် တုန်လှုပ်ချောက်ချား နေ၏။ အာခေါင်တွေ ခြောက်ကပ်လာ၏။ ချွေးစေးတွေပျံလာ၏ ရင်တွေ ဘာလုပ်လုပ်တုန်နေ၏။ ထွန်းချို၏ သတိပေးစကားကြောင့် သူသတိဝင်လာသောအခါ ကြက်ကြီးလည်လိန်သလို ငိုင်ကျသွား၏

" ကဲ . . ထကွာ . . အောက်ထပ်ဆင်းပြီး ပန်းခြံထဲ လျှောက်ရအောင် ဖြစ်ပြီးခဲ့သမျှ . . မေ့ပစ်လိုက်စမ်းပါ လင်းနေ မင်း မင်းနဲ့ငါဟာ သေအတူ ရှင်မကွာ . . ရဲဘော်တွေဖြစ်နေပြီ အခြေအနေခြင်း ဆန့်ကျင်နေပေမယ့် . . ဒို့နှစ်ယောက်ဟာ ဘဝတူတွေပဲ လင်းနေမင်း ဒီတော့ မင်းသောကဟာ ငါ့သောကပဲ ပေါ့ကွာ . . ခုချိန်မှာ သောကတွေ လက်ခံထားရင် ငါတို့အဖြေရှာ လို့ရမှာမဟုတ်ဘူးကွာ . . ငါပြောတာကြားရဲ့လား "

" ဟုတ် . . ဟုတ်ကဲ့ "

" ကဲ . . ထကွာ . . အခွေတော့ ငါသိမ်းထားပါရစေ လင်းနေမင်း "

" ဗျာ . . ဟို . . ဘာ . . ဘာလုပ်မလို့လဲ အစ်ကိုရယ် ဟို ဖေဖေ့ကို . . . "





" အော် . . ငါ့ကိုယုံပါ လင်းနေမင်း ဒီကိစ္စကို ငါ ...နိုင်သမျှ လုံလုံခြုံခြုံ ဖြစ်စေရပါ့မယ် . . ခုကိစ္စမှာ အခြေ ...နေက ရှုပ်ထွေးနေတယ်လို့ ငါထင်တယ် . . မင်းအဖေကြီး ဟာ ...ကြောင့် ခုလိုလုပ်ရသလဲ . . သူ့မှာ နောက်ကပြဿနာတွေ ...ဲ့လား . . ဒါမှမဟုတ် တစ်ယောက်ယောက်က ချိန်းခြောက် ...ခိုင်းနေတာလား . . အဲဒီလို သံသယမေးခွန်းတွေနဲ့ အဖြေ ...တ်လို့ မရသေးတဲ့အချိန်မှာ ငါ . . ဒီကိစ္စကို နှုတ်လုံပါ့မယ် ...င်းနေမင်းရာ "

" တ . . တကယ်လား အစ်ကို "

" ယုံပါ . . လင်းနေမင်းရာ တို့နှစ်ယောက် ရဲဘော်ရဲဘက် ...ဖြစ်ရောက်နေပြီပဲကွာ . . မင်းနောက်ကျော်ကို ငါကဓါးနဲ့ထိုးဝံ့ ...လားကွာ . . ငါ့ကိုယုံစမ်းပါ "

" ယုံ . . ယုံပါတယ်ဗျာ အစ်ကိုကိုလဲ ကျေးဇူးတင်ပါတယ် "

" ရပါတယ်ကွာ . . ကဲ ဆင်းကြစို့ "

ပြောပြောဆိုဆို သူတို့နှစ်ဦး အိမ်ကြီးပေါ်မှ ဆင်းခဲ့ကြ၏ ...င်းနေမင်းအသွင်မှာ ယခုအထိ ငူငူငေါင်ငေါင် ဖြစ်နေ၏ ...နောက်ဆုံး အောက်ထပ် ဖရက်ဂျစ်ဒတာထဲမှ ဗီစကီပုလင်းနှင့် ...ဆော်ဒါပုလင်းများကို ထုတ်လိုက်ပြီး အမြည်းများယူကာ ...ဆင်းခဲ့ကြ၏။

ထွန်းချိုသည် ယူလာသောဗီစကီပုလင်းကို ... နောက် ဗီးရောင်ဖန်ခွက် ကလေးများထဲသို့ ... သောင်းထည့်လိုက်ပြီး ရေခဲတုံးနှင့် ဆော်ဒါ...



www.burmeseclassic.com

www.burmeseclassic.com

" သောက်ကွာ . . ရော့ လင်းနေမင်း "

" ပေးဗျာ "

လင်းနေမင်းသည် ထွန်းချိုထံမှ ဝီစကီခွက်ကိုယူ တရှိန်ထိုးမော့ချလိုက်၏။ မီးတောက်ကြီးတစ်ခုကို မြိုချလိုက် သလိုပင် . . ပူရှရှနှင့် ရင်ထဲသို့ ဆင်းသက်သွား၏။

ထွန်းချိုသည် လင်းနေမင်းသောက်သည်ကို ကြည့် မျက်လုံးအပြူးသား ဖြစ်သွား၏။

" *ဟာ . . လုပ်လှချည်းလားကွ* . . ဒီလောက်လဲမကြ စမ်းပါနဲ့ကွာ . . ငါလဲ မင်းကိစ္စကို ကိုယ်ချင်းစာမိပါတယ်ကွာ . . ဒါပေမယ့် လောကကြီးဟာ ကိုယ်ဖြစ်ချင်သလို ဘယ်တော့ မဖြစ်နိုင်ဘူး လင်းနေမင်း မင်းစဉ်းစားကြည့်ကွာ . . ငါ့ဘဝမှာ ဇနီးရယ် သမီးလေးခက်ခက်ရယ်ဟာ ကမ္ဘာပဲကွာ . . ဒါပေမယ့် ခု တစ်ယောက်က ငါ့ကြောင့်သေခဲ့ရသလို တစ်ယောက် ငါ့ကြောင့် အဖမ်းခံထားရပြီ ဘယ်သောင်ဘယ်ကမ်း ဆိုက်နေပြီလဲတောင် မသိတော့ပါဘူးကွာ . . ဒီတော့ မင်းစဉ်းစားကြည့်ပါ . . လင်းနေမင်းရယ် . . ငါ့သောကဟာ မင်းထက်ပိုဆိုးပါတယ်ကွာ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငါတို့သိထားဖို့က လောကရဲ့သဘော သဘာဝဘဲကွ . . ဖြစ်ချင်တာ မဖြစ်ရတာ၊ မဖြစ်ချင်တာတွေ ဖြစ်နေတာဟာ လောကရဲ့ . . ဖြစ်စဉ်ပဲ လင်းနေမင်း . . ဒီတော့ ဖြစ်လာသမျှကို ခံစားတွေတောနေတာထက် အဲဒီဖြစ်လာတဲ့ အခြေအနေကို တရားနဲ့ သတိရှိရှိနေဖို့ပဲ လိုတယ်ကွာ . . "





" ကျေး . . ကျေးဇူးတင်ပါတယ် အစ်ကိုရာ . . ဒါပေမယ့် ကိုယ်တွေ့မျက်မြင်ဆိုတော့ ကျွန်တော်တစ်ကိုယ်လုံး ပေါက်ကွဲလွင့်စင်သွားပြီလားတောင် မသိတော့ဘူးဗျာ . . ဒါပေမယ့် ကျွန်တော်တို့ ဒီကိစ္စကို အစ်ကိုပြောသလို အဖြေရှာမှဖြစ်မယ် "

" ဟုတ်တယ် . . လင်းနေမင်း ဒီကိစ္စဟာ မရိုးသားဘူး ထင်တယ်ကွ . . "

ထွန်းချိုသည် ပြောပြောဆိုဆိုနှင့် စားပွဲပေါ်မှဝီစကီခွက်ကို ယူကာတစ်ငုံ မော့သောက်ချလိုက်၏။ ထို့နောက် အသားကင် ပန်းကန်ထဲမှ ခရမ်းချဉ်သီးနှင့်ကြက်ဥ မွှေကြော်ကလေးများကို ဇွန်းနှင့် ယူ၍စားလိုက်၏။ ထိုအချိန်တွင် လင်းနေမင်းမှာ အတော်အလေး အရှိန်ရနေပြီဖြစ်၏။

" အစ်ကို "

" ဘာလဲကွ "

" ကျွန်တော် . . မယုံဘူးဗျာ . . အေး "

" ဟုတ်ပါတယ်ကွာ . . ငါလဲ . . ခုထိ မယုံတစ်ဝက် ယုံတစ်ဝက်ပါ "

" အေ့ . . ဖေဖေဟာ လူဆိုးမဟုတ်ဘူးဗျ ဒါ . . တစ်ယောက်ရဲ့ လှည့်ကွက်ဖြစ်ရမယ် အေ့ . . ဟုတ်ဘူးလား အစ်ကို ထွန်းချို . . "

" ဟုတ်ပါတယ်ကွာ . . သိပ်လဲ မသောက်နဲ့ဦး မူးသွားအုံးမယ် "

" မူးပါစေဗျာ . . ဒီည . . ကျွန်တော်မူးအောင်မူးပစ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ချင်တယ်ဗျာ ”

“ မဟုတ်တာကွာ . . အဲဒီလုပ်တာ ပေါ်ပေါက်လာတဲ့ အခက်အခဲတစ်ရပ်ကို အလျှော့ပေးလိုက်တဲ့ လူဖျင်းလူညံ့ တစ်ယောက်ရဲ့ ခြေလှမ်းပဲ ဒီမှာ လင်းနေမင်း ”

“ ဗျာ . . အော် ”

“ အေး . . မင်း သိပ်မူးအောင် မသောက်နဲ့ကွာ ယောက်ျားကောင်းဆိုတာ ဖြစ်လာသမျှကို ရင်ဆိုင်ရရမယ်ကွာ လွယ်လွယ်နဲ့ လက်နက်ချတဲ့လူဟာ ပြောရရင် မွေးကတည်းက အသက်မပါတဲ့ လူပဲကွ . . အဲဒါ မင်းမြဲမြဲမှတ်ထားပေတော့ ”

“ စိတ် . . စိတ်ချပါအစ်ကို . . ဒါပေမယ့် ”

“ တော်တော့ . . လင်းနေမင်း ဒီမှာ အမြည်းကြိုက် သလောက်စားကွာ . . ”

“ ဟုတ် . . ဟုတ်ကဲ့ ”

လင်းနေမင်းတစ်ယောက် ခေါင်းထဲဝေတေဝါးတား ဖြစ်နေ၏။ တစ်ကိုယ်လုံး သွေးလှုပ်ရှားလည်ပတ်မှုများ တင်းရင်းဖောင်းကား သလားပင် အောင်းမေ့ရ၏။ ထူပူနေသော အာရုံများကြား သူအတွေးထဲတွင် ဖခင်ကြီး၏ကြောက်စလှကောင်း လှသော လှုပ်ရှားမှုများကို တစ်ကွက်ချက်း ပြန်မြင်ယောင်လာ၏။

ကြာလျှင် ထွန်းချိုပြောသလို ပို၍ပို၍ မူးလာတော့မည်ဖို့ အရက်ဆက်မသောက်တော့ဘဲ အမြည်းပန်းကန်ယူကာ အသားကင်များကို ယူစားလိုက်၏။

ထို့ပြင် သံပုရာရည်ဘူးတစ်ဘူးကို ဖောက်၍မော့သောက်





လိုက်၏။ အချဉ်ဓါတ်နည်းနည်းဝင်သွားသဖြင့် ခေါင်းထဲလန်းဆန်း သွား၏။

“ အား . . ဥုး ”

“ သက်သာရဲ့လား ”

“ ဟုတ် . . ဟုတ်ကဲ့ . . ဟို . . ကျွန်တော်ခုမှ သတိရတယ် အစ်ကို ”

“ ဘာလဲကွ ”

“ ဟို . . ဒီ ကိစ္စကို အဖြေရှာဖို့ နည်းလမ်းတစ်ခု ကျွန်တော့်မှာရှိတယ် ”

တက်တက်ကြွကြွ ပြောလာသော လင်းနေမင်းစကား ကြောင့် ထွန်းချိုအားပါတရ မေးလိုက်၏။

“ ဒီလိုအစ်ကို လာမည့်သုံးရက်နေ့ဟာ ကျွန်တော်နဲ့ ဖေဖေတို့အတွက် . . တစ်နှစ်တစ်ခါ ပြုလုပ်လေ့ရှိတဲ့ အမှတ်တရ နေ့လေ ”

“ ဘယ်လို . . ဘာအမှတ်တရလဲကွ ”

“ ဒီကိစ္စဟာ ကျွန်တော်တို့သားအဖအတွက် နှစ်စဉ် နှစ်တိုင်း အမြဲအပြတ်လုပ်နေတဲ့ အမှတ်တရပွဲပဲ . . အစ်ကို”

“ ဟုတ်လား . . ပြောစမ်းပါဦး ”

“ ဒီလိုအစ်ကို . . အဲဒီနေ့ရောက်ရင် ရောက်တဲ့နေ့ရာက နေ . . ကျွန်တော်တို့သားအဖ နှစ်ယောက်ဟာ “ မြချမ်းဝေ ” ဆို တဲ့ သင်္ချိုင်းကို အရောက်သွားရတယ်လေ ”

“ ဟင် . . ဘာလုပ်ဖို့လဲကွ ”

www.burmeseclassic.com



" အဲဒီမှာ မေမေရှိတယ်လေ "

" ဟင် . . ဘာတွေလဲ "

သူ့စကားကြောင့် ထွန်းချိုကြောင်စီစီ ဖြစ်သွား၏။ ထို အချိန်တွင် ထွန်းချိုသည် စားပွဲပေါ်မှာ စီးကရက်ဘူးအသစ်ကို ဖောက်၍ စီးကရက်တစ်လိပ် မီးညှိမှာရှိုက်လိုက်၏။ သူ့အသွင်က အရက်မူးပြေသွားသည့်ပုံပင် . .။

" ပြောပါဦးကွ "

" ဒီလိုအစ်ကို . . မေမေဆုံးတာ ဒီနှစ်ဆို ဆယ်နှစ်နှစ် မြောက်တဲ့ပြီအစ်ကို . . ကျွန်တော်တို့ သားအဖဟာ မေမေဆုံးတဲ့ ရက်လဲဆိုရင် အဲဒီ မြချမ်းဝေကို အရောက်သွားပြီးမေမေ့အတွက် ဆုတွေတောင်းကြတယ်၊ ပန်းတွေလှူကြတယ်လေ "

" ဟော် . . . ဒီလိုကိုး "

" ဟုတ်တယ်အစ်ကို . . ကျွန်တော် အဲဒီ မြချမ်းဝေကို သွားချင်တယ် အစ်ကိုရာ . . ဒါဆိုရင် ဖေဖေနဲ့တွေ့မှာ ကျိန်း သေတယ်၊ တွေ့တာနဲ့ ကျွန်တော်ဖေဖေကို ပွင့်ပွင့်လင်းလင်း မေး မယ်ဗျာ "

" အေး အဲဒီအကြံ မဆိုးဘူးကွ . . ဒါပေမယ့် မင်းသတိ မထားလို့တော့ မဖြစ်ဘူးနော် . . ခုချိန်မှာ မင်းရောငါရောကို လူတစ်စုက အလိုရှိတာကွ "

" ဟုတ်ပါတယ်အစ်ကို . . ဒါပေမယ့် . . ကျွန်တော် သွားဖြစ်အောင်ကို သွားရမယ် အစ်ကိုလဲ လိုက်ခဲ့ပါလား "

" ဟာ လိုက်မှာပေါ့ကွာ . . ဒါပေမယ့် ငါတို့ဒီအတိုင်း



သွားလို့တော့ အခြေအနေ ဆိုးသွားနိုင်တယ် လင်းနေမင်းရ ဒီတော့ သွားမယ်ဆိုရင် . . တို့ပုံတွေမမှတ်မိအောင် ရုပ်ဖျက်သွားမှဖြစ် မယ်"

" ကောင်းတယ် အစ်ကိုအကြံ အဆိုးဘူး . . ဒါဆို လာမယ် သုံးရက်နေ့ မင်းဒင်ဆီက ကားတောင်းပြီး နှင်းလှိုင်ကိုသွား ရအောင်"

" သွားမယ်လေ . . ကဲ . . မင်းတော်ပြီလား "

" တော်ပြီ အစ်ကို "

" ဒါဆိုလဲ အိမ်ပေါ်တက်ကြတာပေါ့ကွာ "

" တစ်ခုတော့ ရှိတယ်အစ်ကို "

" ဘာလဲကွ "

" ဟို . . ဟို . . စီဒီ "

" အော် . . ဘာလဲ . . မင်းမယုံဘူးလား "

" ယုံပါတယ်အစ်ကို . . ဒါပေမယ့် . . အစ်ကိုကိစ္စကလဲ ရှိသေးတော့ ကျွန်တော်ဘာပြောလို့ ပြောရမှန်းတောင် မသိ တော့ဘူး အစ်ကိုရာ "

" အင်း . . တို့နှစ်ယောက်အခြေအနေက တကယ်ကို မတိုးသာ မဆုတ်သာအဖြစ်ပဲကွာ . . ဘယ်လိုကံကြမ္မာတွေတများ ဒန်တီးနေပါလိမ့် . . ငါ့သမီးလေးလဲ အသက်မှရှင်သေးရဲ့လား မသိပါဘူးကွာ . . "

ထွန်းချိုမှာ ပြောဆိုရင်းနှင့် ကြေကြေတွဲတွဲ ဖြစ်လာ၏။ သူ့ဘဝမှာ လင်းနေမင်း၏ဘဝထက် ဆိုးလှ၏။ လင်းသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

သေတွဲရသလို သမီးနှင့်လည်း ရှင်ကွဲကွဲနေရသည့်အပြင် ဘဝတလည်း တမြေးတည်းပြေးနေရသဖြင့် စဉ်စားကြည့်လျှင် တုန်လှုပ်ချောက်ချားစရာ ကောင်းလှ၏။

သို့သော် . . ထွန်းချိုကလူတစ်မျိုး အလုပ်တစ်ခု လုပ်တော့မည်လို ဆုံးဖြတ်ပြီးလျှင် ဘယ်တော့မျှပြင်တတ်သည့် လူမျိုးမဟုတ်၊ ပြောရလျှင် စိတ်ဓါတ်ပိုင်းဆိုင်ရာတွင် မာကျောလှသူ ဖြစ်၏။ ယခုလည်း ဘဝပျက်လုနီးပါး ကြုံတွေ့နေရသော်လည်း ပေါ်ပေါက်လာသမျှ အခက်အခဲကို သူရင်ဆိုင်ဖြတ်သန်းခဲ့၏။ လဲသည်အခါ ထူထပြေးလွှားခဲ့၏။ ဘဝထက် သူ့ရင်ထဲတွင် အမှန်တရားလိုလား၏။

မမှန်သောအမှုကို သူမသတီ၊ မမှန်သူတို့၏ဟန်ဆောင်မှု ကို ဖော်ထုတ်ဖွင့်ချလိုစိတ်က သူ့ရင်ထဲမှာ အဆင်သင့်၊ သို့သော် သူနှင့်ဘဝတူ အသက်ကိုဖက်နှင့်ထုပ်၍ ပြေးလွှားနေရသော လင်းနေမင်းကို သံယောဇဉ်ဖြစ်သွားမိ၏။ ညီငယ်တစ်ယောက်လို ခင်တွယ်သွားမိ၏။ ထိုအခြေနေကြောင့်လည်း သူဆုံးဖြတ်ချက် ခံယူချက်များ တွေဝေအုံ့ဆိုင်းနေရ၏။

လင်းနေမင်း၏အမူအရာနှင့် အသွင်အပြင်ကို သူယုံကြည်၏။ လင်းနေမင်း၏ ပြင်းပြင်းထန်ထန် တုန့်ပြန်လာသော စကားများကိုလည်း သူဒင်္ဂြင်းဆန်လို၊ သို့သော် အံ့ချော် နေသော အဖြစ်ကြောင့် သူလည်းအဖြေရှာမရအောင် ဖြစ်နေရ၏။ ထိုကြောင့်လည်း လင်းနေမင်းလှုပ်ရှားမှုကို စောင့်ကြည့်တော့မည် ဆုံးဖြတ်၍ နှစ်ဦးစလုံး အိမ်ကြီးပေါ်သို့ တက်ခဲ့ကြလေတော့၏။



## အခန်း (၉)

သူတို့နှစ်ဦး အဘိုးကြီးအရွယ်သဏ္ဍာန် ဟန်ဆောင်၍ မင်းဒင်ဆိမှယူလာသော အဖြူရောင်ပတ်ဖိုင်ဒါကားနှင့် နှင်းလှိုင်မြို့ သို့ ထွက်ခဲ့ရာ မကြာမီ နှင်းလှိုင်မြို့အနောက်ဘက် ' မြချမ်းဝေ' သချိုင်းသို့ ရောက်ရှိလာကြ၏။

အချိန်အခါမှာ နေလယ်နေခင်း အချိန်အခါဖြစ် သော်လည်း ' မြချမ်းဝေ ' သချိုင်းကြီးမှာ ကြီးမားလှသော သစ်ပင် အုပ်ကြီးများ ဖားဖားလျားလျား ဝေဆိုင်းနေသလို ညို့ညို့မှိုင်းမှိုင်း ဖြစ်နေ၏။

နှစ်ဦးသား သချိုင်းအဝင်အဝရှိ အအေးဆိုင်ရှေ့တွင်


www.burmeseclassic.com

www.burmeseclassic.com





ကားရပ်ခဲ့ရာ အခြေအနေကို စောင့်ဆိုင်းကြည့်ရှုနေ၏။ တအောင့် အကြာတွင် နှစ်ဦးသား ကားပေါ်မှဆင်းခဲ့ကြပြီး သချိုင်းထဲသို့ ဝင်ခဲ့ကြ၏။

အုတ်ဂူဖြူဖြူလေးများက သချိုင်းပတ်လမ်းတစ်ဘက် တစ်ချက်တွင် အစီအရီရှိနေ၏။ သချိုင်းများကြားတွင် ကုက္ကိုလ်ပင်၊ ပိတောက်ပင်၊ကညင်ပင်၊ ရေသဖန်းပင်၊ မကျည်းပင်ကြီးများ ကြိုကြားကြိုကြား ပေါက်ရောက်နေ၏။

ရွက်ကြွေများကလည်း သချိုင်းမြေပေါ်တွင် ဖွေးဖွေး လွှပ်နေ၏။ နှစ်ဦးသား သချိုင်းထဲဝင်ခဲ့ကြပြီး ဇရပ်ကြီးတစ်ခု ရှေ့တွင် ရပ်လိုက်ကြ၏။

" ဟိုဟာ . . ကျွန်တော့်အမေရဲ့ ဂူလေ "

" ဒေါ်မေမေမင်းလား "

" ဟုတ်တယ်အစ်ကို အမေဟာ ကျွန်တော့်ဆယ်သုံးနှစ် သားမှာ နှလုံးရောဂါနဲ့ ဆုံးပါးသွားတာလေ"

" ဟုတ်လား "

ထွန်းချိုမှာ လင်းနေမင်းစကားကြောင့် စိတ်မကောင်း ဖြစ်သွား၏။ ဒေါ်မေမေမင်း၏ ဂူကလေးမှာ ပန်းနုရောင် ဆေးသားများ သုတ်ထားပြီး သံစည်းရိုးလေး ခတ်ထား၏။ ဂူပေါ်တွင် ပန်းအိုးလေးတစ်လုံး တင်ထား၏။

လင်းနေမင်းသည် မိခင်ကြီးဂူအနီးသို့ တစ်လှမ်းချင်း လျှောက်သွားခဲ့ပြီး ဂူပေါ်တွင် ဖွေဖွေလှုပ်နေသော ရွက်ခြောက်များ ကို ဖယ်ရှားလိုက်၏။ ဂူဘေးတွင်ရှိသော အမှိုက်သရိုက်များ ကိုလည်း သန့်ရှင်းလိုက်၏။ ထို့နောက် အသင့်ယူလာသော ပန်းနုရောင်နှင်းဆီပန်းစည်းကြီးကို မိခင်အုတ်ဂူပေါ်တင်ကာ အရောင်တိုင်၊ အမွှေးတိုင်များ ထွန်းညှိ၍ ထိုင်ကန်တော့၏။

ထိုမြင်ကွင်းကြောင့် ထွန်းချိုမှာ လင်းနေမင်းအတွက် သူကြုံမရ ဖြစ်မိ၏။ မမြဲသောလောကကြီးတွင် ဘယ်လောက်ပဲ ချစ်ကြချစ်ကြ တစ်နေ့ခွဲရမည်မှာ မလွဲပါလားဟု တွေးမိ၏။ ယခုဆိုလျှင် သူ့ဇနီးသည်၏အလောင်းကိုပစ်ပြီး ထွက်ပြေးနေရပြီမို့ တွေးကြည့်လျှင် သူ့ဘဝက ကမ္ဘာပျက်နေသည့်ဘဝ။

ဖြစ်လာသည့် ပြဿနာများကို ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းလိုက်လိုသော်လည်း အခြေအနေက ထင်သလိုဖြစ်မလာ၊ ဝုန်ဆိုင်းတွေဝေနေသော အသိများကြား လူဆိုးများနောက် ပါသွားသော သမီးငယ်လေး ခက်ခက်အတွက် ရင်ထဲမှကြိတ်၍ ဆုတောင်းနေမိ၏။

ယခုအချိန်တွင် သမီးလေးအသက်မှ ရှင်ပါ့မလားဟု တွေးကာကြိတ်၍ ကြေကွဲမိ၏။ ရက်စက်စွာဖန်တီး ထုဆစ် လိုက်သော ကံကြမ္မာကြီးကိုလည်း သူခါးခါးသီးသီး ရွံမုန်းမိ၏။ သူ့ဘဝတစ်လျှောက်လုံးတွင် ဘယ်သူ့ကိုမျှ ဒုက္ခရောက်အောင် မဖန်တီးခဲ့၊ ဖြစ်နိုင်လျှင် သူတစ်ပါး ဒုက္ခကိုဝင်၍ပင် ဖြေရှင်း တတ်သည်မှာ သူ၏ဗီဇ . .။

ယခုတော့ ရှုပ်ထွေးလာသည့် အဖြစ်အပျက်များကြား သူ့ရင်ထဲတွင် ဆုံးဖြတ်ချက်တွေ ပျောက်ဆုံးနေလေ၏။

" ဘာတွေ စဉ်းစားနေတာလဲ အစ်ကို "





www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . အော် . . လင်းနေမင်း "

လင်းနေမင်း၏အသံကြောင့် ရှည်လျားလှသော အတွေး များကြား နစ်မျောနေရာမှ သတိဝင်လာ၏။ လင်းနေမင်း၏ အသွင်က ကြေကြေကွဲကွဲ ခံစားနေရသည့် အသွင်ပေါ် လွှင်နေ၏။

" ဘယ်လိုလဲ လင်းနေမင်း "

သူ့အမေးကို လင်းနေမင်းမဖြေ၊ လက်က အိုမီဂါနာရီကို ကြည့်ရင်း သက်ပြင်းငွေ့ငွေ့ကို မှုတ်ထုတ်လိုက်၏။ ထို့နောက် သူ့ကို ဆွေးမြေ့သောအကြည့်နှင့် လှမ်းကြည့်ကာ ခေါင်းခါပြလိုက်၏။

" မလာဘူးလား "

" ဟုတ်တယ် . . အစ်ကို ဖေဖေဘာဖြစ်လို့ မလာလဲ မသိဘူး။ တကယ်ဆို ဘယ်လိုအခြေအနေမျိုးဘဲကြုံကြုံ ကျွန်တော်တို့ သားအဖနှစ်ယောက် ဒီအချိန်ရောက်ရင် မေမေဂူဘေး မှာဆုံနေကြ၊ တစ်ခါတုန်းက ကျွန်တော်က ရန်ကုန်မှာ ဖေဖေက ရှမ်းပြည်မှာ အဲဒီတုန်းကဆိုရင် သားအဖနှစ်ယောက်စလုံး အချိန် မီ ဒီကို ပြန်ခဲ့ကြတယ်လေ၊ ခုတော့ ဖေဖေဘာကြောင့် မလာသလဲ မသိဘူး၊ ကျွန်တော် နားမလည်နိုင်တော့ဘူး အစ်ကိုရာ။

လင်းနေမင်းစကားကြောင့် ထွန်းချို့တစ်ယောက် ငေးငေး တေးတေး ဖြစ်သွား၏။

" သေချာရဲ့လား . . လင်းနေမင်း "

" ဟာ . . သိပ်သေချာတာပေါ့ အစ်ကိုရာ . . ဖေဖေဟာ မေမေ့ကို အသည်းပေါက်မတတ် ချစ်တဲ့လူဗျ . . ခုထိ ဖေဖေ . . အိပ်ခန်းထဲမှာ မေမေ့ပုံတွေရယ်၊ ပြီးတော့ မေမေ့ပစ္စည်းပစ္စယတွေ





ကို အမြတ်တနိုး သိမ်းဆည်းထားတုန်းဗျ . . တစ်ခါတစ်ခါ မေမေ့ အကြောင်းပြောပြီး ဖေဖေဟာ မျက်ရည်တွေ ဝိုင်းနေတတ်တယ်။

" အော် . . အစ်ကိုယုံပါတယ် . . လင်းနေမင်းရယ် "

" အဲဒါကြောင့် ပြောတာပေါ့အစ်ကိုရယ် . . ဖေဖေဟာ မေမေဆီကို ဒီအချိန်ရောက်ရင် အလာဘဲ မနေဘူးဗျာ အိပ်ရာထဲ လဲနေတာတောင် ဆရာဝန်အတင်းခေါ် ဆေးတွေအတင်းထိုးပြီး အားနဲ့ဒီကို အရောက်လာတတ်တဲ့ ဖေဖေပါဗျာ . . ခုတော့ "

" နေဦး လင်းနေမင်း ဒီကိစ္စဟာ ငါတို့နှစ်ယောက် သိပ်သိချင်တဲ့ ဟာကွက်ပဲဖြစ်ရမယ် "

" ဗျာ "

ထွန်းချို၏စကားကြောင့် လင်းနေမင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

" ဘာ . . ဘာလိုလဲ အစ်ကို "

" ဒီလိုကွာ . . လင်းနေမင်းပြောသလို မောင်ရင့်ဖေဖေ ဟာ ဒီအချိန်ဆိုရင် သေအောင်ဖြစ်တာတောင် အိပ်ရာထဲက မရရအောင် ထလာတတ်တဲ့လူဆိုတော့ ခု . . ဘာကြောင့် မလာသလဲ "

" ဟင် . . ဒါ ဒါဆို "

" အေးအဲဒါ . . အဓိက သံသယ ဟာကွက်ပဲတွ "

" ဗျာ . . ဒီလိုဆို ဖေဖေဟာ "

" နေဦးကွ . . သူမလာနိုင်ဘူးဆိုတာတည်းက ကိစ္စ တစ်ခုခုအဲချော်နေပြီ . . လင်းနေမင်း "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ . . ဟုတ် . . ဟုတ်တယ်အစ်ကို . . ဒါဆို ဖေဖေ တစ်ခုခုများ ဖြစ်နေပြီလား ဗျ "

" နေဦး လင်းနေမင်း မင်းတို့ဖေဖေ ကုမ္ပဏီမှာ ဆဲလ်ဖုန်းရှိတယ် မဟုတ်လား "

" ဟာ . . ခုမှသတိရတယ် . . ဖေဖေနဲ့ကျွန်တော်တို့ နှစ်ယောက်ထဲ ပြောလေ့ပြောထရှိတဲ့ ဆဲလ်ဖုန်းနံပတ်ရှိတယ်ဗျ "

" ဟာ . . ဒါဆို . . အတော်ပဲ . . မင်းဆက်ကြည့်ပါလား "

" ဟုတ်တယ် အစ်ကို အဲဒီလိုဆက်ကြည့်ရင် အဖြေတစ်ခုခု ရလိမ့်မယ် ကျွန်တော်ထင်တယ် "

" ဒါဆို . . သွားမယ်ကွ . . မြို့ထဲရောက်ရင် ဆက်ကြည့်ရ အောင် "

" ဟုတ်ကဲ့ "

နှစ်ဦးသား သချိုင်းထဲမှ အလျှင်အမြန်ပြန်ထွက်ခဲ့ကြပြီး ကားပေါ် ခပ်သွက်သွက် တက်လိုက်၏။

ထို့နောက် သချိုင်းရှေ့မှ စက်နိုးကာ မြို့ထဲဘက်သို့ မိုင်ကုန်နင်း၍ ထွက်ခဲ့ကြ၏။ မြို့ထဲဘက်လမ်းမကြီးပေါ်တွင် ကား ကြီးကားငယ် သွားလာနေကြ၏။ ပလက်ဖောင်းပေါ်တွင် လူအုပ် စုကြီးများ ဖွေးဖွေးလှုပ်နေကြ၏။ ဈေးသည်များ၏အော်သံ ဟစ်သံ အဲသံဆိုသံများကလည်း ညံစာနေ၏။

လမ်းထောင့်များတွင် မီးရောင်ကာလာမျိုးစုံနှင့်ဖွင့်ထား သော ကာရာအိုကေဆိုင်များ၊ ဘီယာဆိုင်များ၊ ကဖီးဆိုင်များမှ သီချင်းသံများက လမ်းဘေးပလက်ဖောင်းပေါ်သို့ ပွက်အန်





ထွက်လာ၏။

ရာသီဥတုမှာ ဆောင်ဦးပေါက်ကာလမို့ လေနုအေး လေးများက မြို့ထဲတွင်ဝေ့ကာပတ်ကာ တိုက်ခတ်နေ၏။ ပလက်ဖောင်းများပေါ်တွင် အကွက်ချ၍ စိုက်ပျိုးထားသော သစ်ပင်ငယ်များ ပိန်းဖန့်ဖန့် ထင်းရှူးပင်ကြီးများမှာ လေအဝေ့တွင် ယိမ်းနွဲ့ လှုပ်ခတ်နေကြ၏။

သူတို့နှစ်ဦး မောင်းနှင်လာသော ပတ်ဖိုင်ဒါကားသည်း လမ်းမကြီးပေါ်တွင် မြင်းပေါက်ကြီးတစ်ကောင်လို ပြေးလွှားနေ၏။ လင်းနေမင်းမှာ ဖခင်ကြီးအရေးနှင့် စပ်လျဉ်း၍ စိတ်တွေလှုပ်ရှား နေ၏။ မိခင်ကြီးအုတ်ဂူသို့ ရောက်မလာသည့်အချက်ကပင် ဖခင်ကြီးအတွက် သူ သောကပိုနေရ၏။

ထွန်းချိုက နံဘေးမှသူ့ကို သတိမကြာခဏ ပေးနေရ၏။ သို့နှင့် တစ်ခုသောစားသောက်ဆိုင်အရောက် ကားပေါ်မှ ခပ်သွက်သွက် ဆင်းခဲ့ကြပြီး သီးသန့်သန့်ခန်းထဲ ဝင်လိုက်၏။

အခန်းထဲတွင် အသင့်ဆက်ရန် တယ်လီဖုန်းလည်းရှိ၏။ ထွန်းချိုသည် စားကောင်းသောက်ဖွယ်များအား စားပွဲထိုးလေး တစ်ဦးခေါ်၍ မီနူးကပ်ကြည့်ပြီးမှာနေ၏။

စားပွဲထိုးလေး ထွက်သွားသည်နှင့် လင်းနေမင်းသည် ထိုင်ရာမှအလျှင်အမြန်ထကာ တယ်လီဖုန်းဘက်သို့ လျှောက်ခဲ့ပြီ ဖခင်ကြီးနှင့် သူတို့နှစ်ဦးတည်းသာ သိကြသည့်လျှို့ဝှက်ဆဲလ်ဖုန်း နံပတ်ကို လှည့်လိုက်၏။

သုံးလေးခါလှည့်၍ ခေါ်သော်လည်း ဖုန်းခေါ်သံကြား



www.burmeseclassic.com

www.burmeseclassic.com

နေပေမယ့် ကိုင်မယ့်သူမရှိ . . စိတ်တွေပို၍ပို၍ လှုပ်ရှားနေမိ
ထို့ကြောင့်လည်း ဖုန်းနံပတ်ကို ထပ်တလဲလဲလှည့်ကာခေါ်
သော်လည်း တဖက်က ကိုင်မည့်လူမရှိ။

ထိုစဉ် ထွန်းချိုအသံ ပေါ်လာ၏။

" ဘယ်လိုလဲ ခေါ်လို့မရဘူးလား "

" ဟုတ်တယ်အစ်ကို ဒုက္ခပဲဗျာ . . ဒီကိစ္စမရှိးသားဘူး
အစ်ကို ဘယ်နည်းနဲ့မှ မရိုးသားနိုင်ဘူး "

" ဟင် . . ဒါ ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ "

" နေဦး . . စားသောက်ရင်းနဲ့ အကြံဉာဏ်ထွက်ကြတာ
ပေါ့ကွ . . ဒီမှာ လင်းနေမင်း "

" ဗျာ "

" ပြဿနာတစ်ခုကြုံလာရင် ဘယ်တော့မှ ထူထူပူပူ
မဖြစ်စေနဲ့ကွ . . အဲဒီလိုဖြစ်ရင် ငါတို့အတွက်ပိုပြီး အမှားတွေ
ဖြစ်လာဖို့ရှိတယ် "

" ဟင် . . ဒါဆို "

" အေး . . ခေါင်းအေးအေးထား . . ပြီးတော့ ဘယ်လိုကြံ
ရမလဲ စဉ်းစားပေါ့ "

" ဟို . . ရဲ . . ရဲစခန်း "

" နေဦးကွ . . ဒီကိစ္စက သုံးလေးပင်လိန်နေတဲ့ကိစ္စကွ
အရမ်းလုပ်ချလိုက်ရင် ပြဿနာတွေ မရှုနိုင်မကယ်နိုင်
ဖြစ်ကုန်လိမ့်မယ် "

" ဒုက္ခပါပဲဗျ . . ဒါဆို ဘယ်လိုလုပ်ကြမလဲ "





" လာပါကွာ "

ထွန်းချိုက သူကိုဖွတ်အခမ့်ခေါ်နေသဖြင့် ထိုင်ခုံတွင်ထ၍
လိုက်၏။ ထိုနောက် နှစ်ဦးသား စားပွဲပေါ်ရောက်လာသည့်
သောက်ဖွယ်အချို့ကို တို့တို့ထိထိစားသောက်လိုက်ကြ၏။
ချိုသည် လင်းနေမင်း၏လှုပ်ရှားမှုကို တစ်ချက်ခြင်း
စားလိုက်၏။

ဦးဆုံး ' မြချမ်းဝေ ' သချိုင်းကြီးကိစ္စ၊ ထိုနောက်
အဖချင်းသာသိသည့် ဆဲလ်ဖုန်းကိစ္စ၊ အဆိုပါကိစ္စနှစ်ရပ်လုံးမှာ
ကြည်မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာ၍ သူ့ခေါင်းထဲတွင်
ယ်တိုင်ကြုံတွေ့ခဲ့ရသည့် ' ဝိုက်ရှပ်စ် ' သင်္ဘောကြီးပေါ်မှ
သည် တကယ်မှဟုတ်ရဲ့လားဟု ဇဝေဇဝါဖြစ်လာ၏။

ထိုစဉ် လင်းနေမင်းက လက်ထဲမှ ငါးသုံးလုံးစီးကရက်ကို
ခွက်ထဲတွင် ပြာချွေရင်း ပြောလိုက်၏။

" အစ်ကို "

" ဘာလဲ လင်းနေမင်း "

" တစ်ခုရှိတယ် အစ်ကို "

" ဘာလဲကွ . . ပြောလေ "

" ဟို . . ဖေဖေရဲ့လူယုံတော် . . ကိုကြီးမောက်ရှိတယ်
သူက ဇီဇဝါချောင်းဘက်မှာနေတယ် . . သူဆီသွားကြည့်ရင်ကော "

" ဘယ်သူ "

" ကိုကြီးရဲမောက်ပါ . . ကျွန်တော်က သူ့ကို
ကြီးမောက် ကိုကြီးမောက်နဲ့ခေါ်တာ . . ဖေဖေအပေါ်မှာ


www.burmeseclassic.com

www.burmeseclassic.com



သိပ်သစ္စာရှိတယ် လုပ်သက်လဲ မနည်းဘူး . . ပြီးတော့ ထော
ပေါ်သားကြီးဗျ ”

“ ဟင် . . ဒါဆို သွားကြည့်မလား ”

“ ကျွန်တော် . . အဲဒီ ကိုကြီးမောက်ဆီသွားရင် အဖြေ
တစ်ခုရလိမ့်မယ် ထင်တယ် ”

“ ဒါဆို သွားမယ်ကွာ . . ကဲ မြန်မြန်သောက်လိုက် ”

“ ဟုတ်ကဲ့ ”

လင်းနေမင်းသည် ထောပတ်သီးဖျော်ရည်ကို တစ်ငုံနှင့်
သောက်လိုက်ပြီး စားပွဲထိုးခေါ်က ငွေရှင်းလိုက်၏။ ထို့နောက်
သူတို့နှစ်ဦး စားသောက်ခန်းမထဲမှ ထွက်ခါ အပြင်သို့ ခ
သွက်သွက် လျှောက်ခဲ့ကြ၏။

ကားရပ်နားနေရာအရောက် အခြေအနေကိုလည်း
သတိကြီးကြီးနှင့် ကြည့်လိုက်ကြသေး၏။ ပြီးသည်နှင့် ကားပေါ်
အလျင်အမြန်တက်ခါ ဇီဇဝါချောင်းတည်ရှိသော နှင်းလှိုင်မြို့၏
အနောက်တောက်ဘက်သို့ စက်နှိုး၍ထွက်ခဲ့လေ၏။

လမ်းတွင် ထွန်းချိုက စိတ်လှုပ်ရှားနေသဖြင့် အယောင်
ယောင် အမှားမှားဖြစ်နေသော လင်းနေမင်းကို သတိပေးနေရ၏။
လင်းနေမင်းကတော့ သူ့ရင်ထဲတွင် ဖခင်ကြီးနှင့် ပတ်သက်၍
သောကရိပ်များ ဖိန့်ပိတ်မှိုင်းမှုန်နေသဖြင့် ကြောင်စီစီခံစား
နေရ၏။

သို့နှင့် မိနစ်လေးဆယ်ခန့်အကြာတွင် ချောင်းဘေး
အိမ်ဖုကလေးတစ်လုံးရှေ့သို့ ရောက်ရှိလာသောအခါ စက်အရှိန်





...၍ ကားထိုးရပ်လိုက်၏။ ကိုယ်ပေါ်မှ အပြင်အဆင် များကို
...ရှားလိုက်ပြီး အောက်သို့ဆင်းခဲ့ကြ၏။

“ ကိုမောက်ကြီး ကိုမောက်ကြီး . . ဗျို့ ကိုကြီးမောက် ”

“ ဘယ်သူလဲရှင့် ”

“ အော် . . ကိုကြီးမောက်မရှိဘူးလားဗျ ကျွန်တော်
...င်းနေမင်းပါ ဒေါ်ကြီးခိုင် ”

“ ဟော့ . . ဆင်းလာပြီ လာပြီဟော့ ”

အိမ်ထဲမှ အမျိုးသမီးကြီးတစ်ယောက် အပြေးအလွှား
...တ်လာကာ တံခါးဖွင့်လိုက်၏။ ဆံပင်ဖိုရှိုဖားရား အင်္ကျီဘိုသီ
...တ်သီနှင့် ဖရိုဖရဲ ဖြစ်နေသောမိန်းမကြီးတစ်ဦး။

သူ့နှင့်တရင်းတနှီးရှိခဲ့သော ဒေါ်ကြီးခိုင်ဖြူ၊ သူ့ကိုတွေ့
...ည်နှင့် အိမ်ရှေ့တံခါးနှစ်ချပ်ကို ဖွင့်ကာ အပေါ်သို့ခေါ်လိုက်၏။

“ ဟော . . မောင်လင်းကို လာ လာ ”

“ ဟုတ်ကဲ့ ”

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး အိမ်ပုကလေးပေါ်
...က်ခဲ့ကြပြီး ဧည့်ခန်းထဲဝင်၍ ထိုင်လိုက်၏။ ဒေါ်ကြီးခိုင်ဖြူသည်
သူတို့နှစ်ဦးအတွက် နောက်ဖေးခန်းမှ ရေနွေးကြမ်းအိုးနှင့်
...ားဖွယ်ရာများယူလာကာ ထိုင်ခုံအလွတ်တစ်ခုတွင် ဝင်၍ထိုင်
လိုက်၏။

“ ပြော မောင်လင်း . . ဒေါ်ကြီး ဘာကူညီရမလဲ ”

“ ဟို . . ကိုကြီးမောက်ရောဟင် ”

“ ဘယ်လိုကွဲ့ . . ဟို . . မင်းတို့ပေပေခေါ်သို့ ...ယ်တို



www.burmeseclassic.com

www.burmeseclassic.com

လိုက်သွားရတယ်လေ ”

“ ဗျာ . . ဖေဖေခေါ်လို့ . . ဟုတ်လား ”

“ ဟုတ်ပါ့ . . ဒေါ်ကြီးကို တစ်ပတ်လောက်ကြာမ[ယ်]တောင် ပြောသွားတယ် ”

“ ဘာကိုသွားမယ် ပြောသွားသေးလဲ ”

“ အဲဒါတော့ မပြောတတ်ဘူးကွဲ့ ”

“ကုမ္ပဏီတိုးချဲ့ဖို့ ကိစ္စအတွက် သူတို့ဆရာတစ်ပည့်နှ[င့်]နယ်ကို ရှေ့ပြေးခရီးထွက်ကြတာလေ ”

“ ဟင် . . သေချာရဲ့လား ”

“ မပြောတက်ပါဘူး မောင်လင်းရယ် မင်းအစ်[ကို]ကိုမောက်ကလည်း သူ့ဆရာလိုပဲ၊ အိမ်မှာကပ်ချင်တာမဟုတ်[ဘူး]ကွဲ့ ခုလဲ ပြန်မလာတာ တစ်ပတ်ကျော်နေပြီလေ၊ အဒေါ်[ကြီး]စိတ်ပူလိုက်ရတာ သတင်းလေးဘာလေး မကြားဘူးလားကွယ် ”

“ ဟာ . . အဲဒါမှ ဒုက္ခပါပဲ ”

ဒေါ်ကြီးဖြူစကားကြောင့် လင်းနေမင်းရော ထွန်းချို[မြ]အံ့သြသွား၏။ အခြေအနေက မျက်ကြောပြတ်သွားသည့် အခြေအနေ၊ ထိုကြောင့်လည်း ဒေါ်ကြီးခိုင်ဖြူကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြ[သော]လမ်းတွင် လင်းနေမင်း စိတ်ကူးတစ်ခုပေါ်လာ၏။

“ အစ်ကို ”

“ ဘာလဲကွ . . ဘာ လုပ်ဦးမလို့လဲ ”

“ ဒီလိုအစ်ကို ကျွန်တော်တို့ ဖေဖေကုမ္ပဏီဆီ တိုက်ရိုက်သွားကြမလား ”





“ ဟာ . . မဖြစ်ဘူးထင်တယ် . . စောစောက မင်းမေးခဲ့တဲ့[စ]ကားအရဆို မင်းတို့အဖေ ကုမ္ပဏီမှ ရှိပါ့မလား ”

“ အေးဗျာ . . ဟာ . . ဟုတ်ပြီ ကျွန်တော်တို့ ကေရီဆီ[သွ]ားရအောင်ဗျာ ”

“ ဘယ်က ကေရီလဲကွ ”

“ အော် . . ကျွန်တော်နဲ့ မိဘချင်းသဘောတူ[ထ]ားပ်ထားတဲ့ အမျိုးသမီးလေ ”

“ ဟာ . . အရေးထဲမှာ မင်းကလဲ ”

“ ဟာ . . အစ်ကိုကလည်း စကားဆုံးအောင် နားထောင်[ပါ]ဦး ”

“ ကဲ ပြောပြော ”

ဒီလိုအစ်ကိုရဲ့ အဲဒီအမျိုးသမီးရဲ့ အဖေနဲ့ ကျွန်တော်အဖေက ညီအစ်ကိုလို နေကြတာဆိုတော့ အခြေအနေကို [သ]ိနိုင်တယ်လေ ”

“ ဟင် . . သေချာလား ”

“ ဟာ . . သိပ်သေချာတာပေါ့ . . အစ်ကိုရာ ”

“ အေး . . ဒါဆိုလဲ သွားကွာ . . ”

လင်းနေမင်းဆန္ဒကို ထွန်းချိုမငြင်းလိုတော့၊ ထို့[က]ြောင့်လည်း ကားနောက်မီးကူရှင်ပေါ် ခေါင်းတင်၍ မျက်စိ[မှိ]တ်ပြီး လိုက်ပါခဲ့၏။ လင်းနေမင်းမှာ ကေရီနှင်းဆီသွားသော သွား[ရ]သော်လည်း စိတ်ထဲမယုံမလဲ ဖြစ်နေမိ၏။

အရှင်းဆုံးပြောရလျှင် ကေရီနှင်းနှင့် နော်ပဝေလဲ့တို့



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦး နှိုင်းယှဉ်ကြည့်လျှင် အစစအရာရာ ကေရီနှင်းသာ၏ မှုပ်ရည်ရှုပ်ကာ ပစ္စည်းဥစ္စာနှင့် အသိုင်းအဝိုင်း တွေးခေါ်မျော်မြင်မှု အစရှိသဖြင့် ဘက်စုံက သာနေ၏။ သို့သော် အချစ်သည် ပြည့်စုံ ချမ်းသာမှုနှင့် မည်သို့မျှမသက်ဆိုင်ပါချေ၊ အချစ်သည် ဘဝ၏ အငုံအဖူးမဟုတ်၊ ပျက်စီးပျောက်ကွယ်သွားနိုင်သည့် အဖြစ် လည်းမဟုတ်၊ အချစ်သည် အချစ်သာဖြစ်၏။ အချစ်တွင် ဆင်းရဲ ချမ်းသာတန်းညီထားခြင်းမရှိ..၊ အကျည်းတန်ခြင်း၊ လှပခြင်း လည်း မသက်ဆိုင် ..။

ယခုလည်း ကေရီနှင်း၏အလှသည် ဝင်းသစ်နုပျိုခြင်း အတိပြည့်စုံလှပါသော်လည်း သူ့ရင်ထဲက နှလုံးသားကို လှုပ်ခါ သွားစေခြင်းမရှိ၊ နော်ဝေဝေလဲ့ကျတော့ ထိုသို့မဟုတ် တခါ ဆုံစည်းခဲ့ရသော်လည်း လှုပ်ရှားလည်ပတ်နေသည် သွေးများဝင် ပွက်ပွက်ဆူလာသလား၊ သို့တည်းမဟုတ် ရပ်တန့်တုန့်ဆိုင်းသွား လေသလား မပြောတတ် ..။

အချစ်၏သဘောဘာမှာ နက်နဲဆန်းကြယ်လွန်းလှသည်ဟု တွေးမိ၏။ ဘာပဲလုပ်လုပ် သူ့စိတ်ထဲ နော်ဝေဝေလဲ့က စိုးမိုးထား သလိုပင်၊ သို့သော် အခြေအနေအရ ကေရီနှင်းနှင့် သူတွေ့ကိုတွေ့ ရတော့ မည်ဖြစ်၍ အလိုက်သင့်နေသွားရန်သာ ဆုံးဖြတ်ခဲ့လေ၏။

သို့နှင့် ကေရီနှင်းတို့နေထိုင်ရာ ဖေယျသုခခြံကြီး ရှေ့အရောက်တွင် ကားဟွန်းတီးလိုက်ပြီး တံခါးဖွင့်ပေးသည်နှင့် အထဲလမ်းကလေးထဲသို့ ချိုးဝင်လိုက်၏။

ကားဟွန်းသံကြောင့် ကေရီနှင်းက ပြေးဆင်းလာ၏။





" ဟာ .. ကိုလင်း "

" ဟုတ်တယ် .. ကေရီ "

" အို ဘယ် .. ဘယ်ပျောက်နေတာလဲဟင် "

" ခရီးထွက်နေတာပါ .. ကေရီ "

" ဟင် "

သူ့စကားကြောင့် ကေရီနှင်းမှာ ကြောင်အမ်းအမ်း ဖြစ်နေ၏။ လင်းနေမင်းနှင့် ထွန်းချို့တို့နှစ်ဦးကားပေါ်မှ ဆင်း လိုက်သောအခါ ကေရီက သူတို့ကို အိမ်ကြီးပေါ်သို့ ခေါ်ဆောင် သွား၏။

စည်းစိမ်ဥစ္စာ ကုံလုံကြွယ်ဝသူများ၏ နေထိုင်မှုစရိုက် အတိုင်ပြင်ဆင်ထား၏။ တီဗွီ၊ ရေခဲသေတ္တာ၊ ပန်ကာ၊ အဲယားကွန်း စသည်ဖြင့် စုံစီနဖာ ရှိနေ၏။ ထိုင်ရမည့်ဆိုဖာကြီးများကပင် အိကနဲ့ .. အိကနဲ ဖြစ်နေ၏။

နှစ်ဦးသား ခုံပေါ်ထိုင်လိုက်သည်နှင့် ကေရီနှင်းသည် အထဲသို့လှမ်း၍ အော်လိုက်၏။

" အရွှေ .. ဧည့်သည်တွေအတွက် စားဖို့သောက်ဖို့ အအေးလေး ဘာလေးယူခဲ့နော် "

" ဟုတ်ကဲ့ မမ "

ကေရီသည် သူတို့နှစ်ဦးကို ပြုံးစစကြည့်ရင်း မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်၍ထိုင်လိုက်၏။

" ကိုလင်း "

" ဘာလဲ ကေရီ "



www.burmeseclassic.com

www.burmeseclassic.com

" ဖေဖေက ဘာဖြစ်လို့ ကုမ္ပဏီကိုရောင်းလိုက်တာလဲ ဟင် "

" ဗျာ "

ကေရီစကားကြောင့် လင်းနေမင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ကေရီမှာ သူ့အမူအရာကိုကြည့်ရင်း မှင်သက်မိနေ၏။

" ဘာ ဘာဖြစ်လို့လဲ ကိုလင်း "

" ဟို . . ကေရီ ပြောတာတကယ်ပဲလား ဟင် "

" ရှင် "

လင်းနေမင်းအမေးကြောင့် ကေရီပါအူလည်လည် ဖြစ်သွား၏။ ထွန်းချို့မှာ သူတို့နှစ်ဦးကြားတွင်ထိုင်ရင်း စိတ်ထဲတွင် ထူးဆန်းလှသော အကြောင်းအရာများကို နားမလည်နိုင်သလို ဖြစ်နေ၏။ ထိုစဉ် ကေရီက မျက်တောင်လေးပုတ်ခတ် ပုတ်ခတ် လုပ်ရင်း ပြောလိုက်၏။

" ယူတကယ် မသိဘူးလားဟင် "

" ဟုတ် . . ဟုတ်တယ် ကေရီ ကျွန်တော်တကယ်မသိဘူး ဖြစ်နေတယ် "

" ဟင် . . ဒုက္ခပါပဲ . . ဒါဆို ကုမ္ပဏီကိုရော ရောက်ပြီး ပြီလား "

" ဟင့်အင်း "

" အော် . . အဲဒါကြောင့်ကိုး သွားလဲကြည့်ပါဦး အခု သည်ဝေါလ်စတား မဟုတ်တော့ဘူး ' သည်ဂရင်းစကိုင်း ' ဖြစ်နေပြီ ကိုလင်းရဲ့ . . "





" ဟုတ်လား . . အံ့သြစရာပဲ . . ဖေဖေကကျွန်တော်ဆီလဲ ဘာမှမပြောဘူး . . ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့် "

" ဟုတ်ပါ့ . . တော်တော့်ကို အံ့သြစရာပဲ . . ပြီးတော့ အိုင့်ဖေဖေကလဲ အံ့သြနေတယ် . . ဘာဖြစ်လို့ဆိုတော့ ကုမ္ပဏီကို ရုတ်ချင်းဖျက်သိမ်းပြီး ယူ့ဖေဖေ . . ဒီမြို့ကပြောင်းသွားပြီလေ အဲဒီလတင်းက တစ်မြို့လုံး ဟိုလေးတကျော်ကျော် ဖြစ်နေတာ တစ်ချို့ကရှုံးလို့၊ တစ်ချို့ကလည်း အကြွေးတွေ မဆပ်နိုင်တော့လို့နဲ့ ငိုနေတာပဲ "

" ဟင် . . ဒီကိစ္စတွေ တကယ်ဖြစ်ကုန်ပြီလား "

" တကယ်ပေါ့ ကိုလင်းရဲ့ . . ယူမယုံဘူးလား မယုံရင် ဖေဖေမေးကြည့်လေ "

" ဟို . . ယုံ ယုံပါတယ် ကေရီ ဒါပေမယ့် အံ့အားသင့်စရာ ကောင်းလွန်းလို့ပါ . . မပြောမဆိုနဲ့ ဖြစ်လာတဲ့အဖြစ်က တကယ်မယုံစရာပဲ ဖေဖေဘာတွေများ ဖြစ်နေပြီလဲ မသိဘူး။ ဟို ဒါဆို ကေရီတို့ဖေဖေနဲ့ တွေ့ချင်တယ် "

" ခဏနော် "

ကေရီသည် စားပွဲပေါ်တင်ထားသော ဆဲလ်ဖုန်းလေးကို ယူ၍အိမ်ကြီးအပေါ်ထပ်တွင် နားနေသော ဖခင်ကြီး ဦးမြတ်ကျော်စွာကို ခေါ်လိုက်၏။ ဆယ်မိနစ်ခန့်အကြာတွင် ဦးမြတ်ကျော်စွာတစ်ယောက် အနွေးထည်ကြီး ဝတ်၍ဆင်းလာ၏။

အသွင်အပြင်က ကျန်းမာရေးမကောင်းသည့် အသွင် အပြင်မို့ လင်းနေမင်း အားနာသွား၏။


www.burmeseclassic.com

www.burmeseclassic.com

" အော် . . အန်ကယ်က နေမကောင်းဘူးထင်တယ် "

" မောင်လင်းနေမင်းပါလားကွဲ့ . . ထိုင် . . ထိုင် . . တျန်းမာရေးက အသက်ကြီးလာတော့လဲ နည်းနည်းတော့ ချို့ယွင်းလာပြီပေါ့ကွယ် . . ကဲ ထိုင်ကြ "

ဦးမြတ်ကျော်စွာသည် သူတို့ဘေးရှိ ဆိုဖာပေါ်တွင် ဝင်ထိုင်ရင်း မီးသေနေသော ဆေးတံကြီးကို မီးညှိ၍ဖွာရှိုက်လိုက်၏။

" ကဲ . . ဆိုပါဦး မောင်လင်းနေမင်းရဲ့ "

" အော် . . ဖေဖေ "

" ဘာလဲ သမီး "

"ဟို . . ကိုလင်းက သူ့အဖေကုမ္ပဏီ ကိစ္စရော ပြောသွားတဲ့ ကိစ္စပါ မသိဘူးဖြစ်နေတယ်လေ . . အဲဒါ ဖေဖေများ သိမလားလို့ လာမေးတာတဲ့ "

ကေရီနှင်းက ကြားမှဝင်ပြောလိုက်သဖြင့် ဦးမြတ်ကျော်စွာ သူ့ကိုစူးစူးရဲရဲကြည့်ရင်း ခေါင်းတဆတ်ဆတ် ခါလိုက်၏။

" မသိဘူး . . ဒီကိစ္စ အန်ကယ်ကို ဦးဗလအောင် ဘာမျှအသိအပေးဘူး . . အံအားသင့်စရာ ကောင်းလှတဲ့ကိစ္စပဲ မောင်လင်းရေ မင်းအဖေဟာ ငါနဲ့အမြဲတမ်း နှစ်ကိုယ်ကြားတိုင်ပင်လေ့ရှိတယ်ကွဲ့ . . သူ့အတွင်းရေးကိစ္စက အစပေါ့ကွယ် "

" ဟုတ်ပါတယ် အန်ကယ် ဒါကြောင့်လည်း ကျွန်တော် လာမေးမိတာပေါ့ . . ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နယ်ရောက်ပြီး ခရီးလွန်နေလို့ပါ အန်ကယ် "

" ဟုတ်လား . . အင်း အဖြစ်က တော်တော့်ကို





ဆန်းကြယ်လှသကွယ် . . ဟို . . နိုင်ငံခြားက သူဌေးဘယ်သူပါလိမ့် အော် . . မစ္စတာ ဒေါက်ကလပ်နီးဆိုတဲ့ လူရောက်လာပြီးတဲ့နောက် အခြေအနေတွေ ပြောင်းကုန်တာပဲလေ "

" ဟင် . . မစ္စတာ ဒေါက်ကလပ်နီး ဟုတ်လား "

" ဟုတ်ပ . . အဲဒီသူဌေးက မီလျံနာ သူဌေးကြီးလေ . . သူက ဘာအကြံဉာဏ်တွေ များပေးလိုက်သလဲမသိပါဘူးကွယ် မင်းဖေဖေလဲ ငါ့တောင်မတိုင်ပင်တော့ပဲ . . ငါ့တော့အံ့ရောပဲကွဲ့"

" ဟုတ်လား . . ဖေဖေခုလိုလုပ်သွားတာ ကျွန်တော် စိတ်ထင်တော့ ပရောဂါတစ်ခုခုကြောင့်များလား မသိဘူး . . . အန်ကယ် ခုလဲ ဘယ်လိုကိစ္စတွေပေါ်ပေါက်လို့ များလဲမသိဘူး . ကျွန်တော်တော့ ဒီကိစ္စမရိုးသားဘူး ထင်တယ်အန်ကယ် "

" အေးကွ . . မောင်လင်းပြောတာလဲ ဖြစ်နိုင်တယ် ခုဧစ္စာ အပြောင်းမြန်လွန်းသကွာ . . ငါတော့ မင်းထင်သလိုပါပဲ ကိုဗလအောင်ကိစ္စက မရိုးသားဘူးထင်ပါရဲ့ . . မင်းတို့နည်း မင်းတို့ တန်နဲ့ စုံစမ်းကြပေါ့ကွာ . . ငါ တစ်ခွန်းတစ်စ ကြားတာတော့ မင်းတို့အဖေဟာ အကြာခင် နိုင်ငံခြားထွက်သွားမယ်ဆိုတဲ့ သတင်းပဲကွ "

" ဗျာ . . သေ သေချာသလား "

" သိပ်သေချာတယ်လို့ မပြောချင်ဘူးကွာ ကြားတာပဲ ကိုဗလ . . ကိုဗလအတော့်ကို ထူးဆန်းတဲ့လူပါပဲ . . ထဲ . . အန်ကယ် ဇက်ကြောတွေ ကိုက်လာတယ်ကွာ . . အခေါ်ပြန်တက် ဦးမယ် "



www.burmeseclassic.com

www.burmeseclassic.com



" အော် . . ဆောရီး အန်ကယ်ရယ် . . အန်ကယ် နေမကောင်းတဲ့ ကိစ္စကို ကျွန်တော်သတိမေ့သွားလို့ပါ . . ရပါပြီ အန်ကယ် "

" အေးကွယ် "

ဦးမြတ်ကျော်စွာသည် သူတို့နှစ်ဦးကို နှုတ်ဆက်၍ အိမ်ကြီးအပေါ် ထပ်သို့ ဖြည်းဖြည်းချင်း ပြန်တက်ကာသွား၏။ ထွန်းချိုနှင့် လင်းနေမင်းတို့မှာ ကေရီရှေ့တွင် ထိုင်ရင်း တောင်တောင်အီအီ တွေးတောနေကြ၏။

ထိုစဉ် ကေရီက လင်းနေမင်း၏ မှိုင်းညို့ညို့မျက်နှာကို ကရုဏာသက်စွာ ကြည့်ရင်းပြောလိုက်၏။

" ကိုလင်း "

" ဘာလဲ ကေရီ "

" ကေရီ ဘာကူညီရမလဲပြော "

" အင်း . . ကိုယ်လဲ ဘာပြောလို့ ပြောရမှန်းတောင်မသိ တော့ဘူးကွာ "

" ဟုတ်တယ် . . လင်းနေမင်း ဒီအချိန်မှာ မင်းဘာမှ မဆုံးဖြတ်နဲ့ဦး . . တို့နှစ်ယောက် စိတ်အေးအေးထားပြီး တိုင် ပင်ကြမယ် . . ပြီးတော့ ဆုံးဖြတ်ကြာတာပေါ့ကွာ . . ဘယ်လိုလဲ ငါပြောတာ "

" ဟုတ်တယ် . . ဒီကအစ်ကိုပြောတာ ကောင်းတယ် ကိုလင်း သိပ်လဲမစိုးရိမ်ပါနဲ့ . . ကေရီ ကိုလင်းကို ကူညီနိုင်ပါတယ်"

" ကျေးဇူးပါပဲ . . ကေရီရယ် . . တစ်ခုရှိတယ့် ကေရီ "





" ဘာလဲ ကိုလင်း "

" ကိုသိချင်တာ ဖေဖေ ကုမ္ပဏီဖျက်သိမ်းလိုက်ပြီဆိုတဲ့ အစီ့နဲ့ပတ်သက်ပြီး ဦးစီးဦးဆောင်လုပ်ခဲ့တဲ့လူကို သိချင်တယ် . . အဲဒီသတင်းကို ကေရီစုံစမ်းပေးမလား "

" ဟာ . . ဖြစ်ပါတယ် . . ဒီကိစ္စလွယ်ပါတယ် . . တစ်ခုရှိတတယ် ကိုလင်း ကေရီဆီကို ဖုန်းဆက်၊ ဖုန်းနံပါတ် ပေးထားမယ် "

" ကောင်းတာပေါ့ . . ကဲ ဒါဆိုသွားမယ် ကေရီ ကိုတို့မှာ ကိစ္စရှိသေးတယ် "

" ဟင် . . သွားကြတော့မလား "

" သွားမယ် . . ကေရီရယ် ကျွန်တော်ကို ခုချိန်မှာ နားလည်ပေးစမ်းပါ "

" အော် . . ကိုလင်းရယ် . . ပြောနေစရာလို့သေး လို့လား"

" ကဲ . . ဒါဆိုသွားပြီ "

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ကေရီကိုနှုတ်ဆက်ခါ ချယ်သုခခြံကြီးထဲမှ ပြန်ခဲ့ကြလေတော့သည်။

⚓ ⚓ ⚓ ⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် မွေးကြီးမျက်ခုံးနှစ်ဘက် မြင့်တက်သွား၏။ အကြည့်ကိုတစ်ချက်မရွှေ့ဘဲ စဝ်ရန်နိုင်ကို လှမ်းကုတ်ရင်း ပြောလိုက်၏။

" ကြည့် . . ကြည့်စမ်းကွာ . . ဘာ ဘာတွေစားထားလို့ လှနေတာလဲ မသိဘူး "

" ဟာ . . မွေးကြီးကတော့ လုပ်ပြီ "

" ဟကောင်းရ . . ငါတကယ်ပြောတာကွာ . . ကြည့်စမ်းပါဦး အရပ်မြင့်မြင့် ရှပ်ချောချော လုံးကြီးပေါက်လှ ဟီးဟီး ရင်တွေခုန်လိုက်တာကွာ "





" ဒုက္ခပါပဲ . . မွေးကြီးရာ ခင်ဗျားကလဲ ဘယ်လိုဖြစ် နေမှန်း မသိဘူး "

စဝ်ရန်နိုင်စိတ်မရှည်နိုင်တော့ . . တိတ်တဆိတ်ရိုက်ကူး ထားသော ဓါတ်ပုံများကိုကြည့်ရင်း အတွေးနယ်ချဲ့နေရာမှ မွေးကြီး ကြောင့် ဓါတ်ပုံများကို သိမ်းဆည်းပြီး အပြင်ကိုလှမ်းကြည့် လိုက်၏။

" ဟင် . . ဒီအမျိုးသမီးက ' ရိမ်ဘိုးတောင်း'က ဆင်းလာ တာ မဟုတ်လား မွေးကြီး "

" ဟေ့ . . အင်း . . အဲ ဟုတ်သကွ . . ဟာဒါဆို ဦးပြေကျော်ထွန်းနဲ့ ဟို . . ပတ်သက်တဲ့ ကောင်မလေးများလား သိဘူး "

" ဖြစ်နိုင်တယ် . . မွေးကြီးလာဗျာ . . သူ့ကားနောက်တ ကိုက်ကြရအောင် "

" ဟင် "

" လာစမ်းပါ "

စဝ်ရန်နိုင်သည် မွေးကြီးကို အတင်းဆွဲခေါ်ကာ 'ဦးအက်စ်' ကဖီးထဲမှ ခပ်သွက်သွက်ထွက်ခဲ့ကြ၏။ အပြင်ရောက် သည်နှင့် ပလက်ဖောင်းဘေးတွင် ရပ်ထားသော လင့်ကနူးဇာခေါ် ဆက်လိုက်ပြီး ငှက်ခါးရောင် မာစီးဒီးနောက်သို့ ဘီးလှိမ့်၍ လိုက်ခဲ့၏။

ထိုစဉ် သူတို့ကားနှင့် မာစီဒီးကြားတွင် မှန်အလုံပိတ် ထားသော တောင်းအေ့စ်အဖြူရောင်လေးတစ်စီး ကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



မျှောဝင်လာ၏။

" ဘယ်လိုလဲ ကားမောင်းတာ စည်းကမ်းမရှိလိုက်တာ"

" နေဦး . . မွေးကြီး ဒီကိစ္စ မရိုးသားဘူးဗျ "

" ဟင် "

" အခြေအနေကြည့်ရင်း လိုက်ကြတာပေါ့ "

တောင်းအေ့စ်ကားကလေးသည် မာစီဒီးကားနောက်မှ ကပ်၍လိုက်နေသည်ကို တွေ့ရ၏။ မွေးကြီးတို့နှစ်ဦးသည် ခပ်လှမ်းလှမ်းမှ ဘီးလိုမ့်၍လိုက်ခဲ့၏။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် မြို့ပြင်ရှိ ကောင်းကင်ပြာ အပန်းဖြေဥယျာဉ်ထဲ ချိုးကွေ့ဝင်သွားသည်ကို တွေ့လိုက်ရ၏။ တောင်းအေ့စ်ကားသည် ပန်းခြံအရှေ့ဘက် သစ်ပင်ကြီးတစ်ပင် အောက်တွင် ရပ်လိုက်ပြီး ကားပေါ်မှ လူနှစ်ဦးဆင်းလာ၏။

စဝ်ရန်နိုင်သည် ပန်းခြံနှင့်ခပ်လှမ်းလှမ်းရှိ ဓါးလွယ်ခုတ် နေရာတွင် ထိုးရပ်လိုက်ပြီး ကားထဲမှ မှန်ဘီလူးနှင့်ကြည့်လိုက်၏။

" ဟင် . . သိမ်းနက် . . ဟုတ်တယ် သိန်းနက်ပဲ ဒီကောင် ဒီနေရာဘယ်လို ရောက်လာသလဲ "

" ဟေ့ . . မင်းပြောတာ ကျောက်ဘီလူးသိန်းနက်ကို ပြောတာလား "

" ဟုတ်တယ် မွေးကြီး . . ကားပေါ်က ဆင်းလာတဲ့ လူနှစ်ယောက်ကိုကြည့် ဘယ်ဘက်ကလူဟာ သိမ်းနက်ပဲ "

" ဟင် . . ဒါဆို ပြဿနာပဲ . . ဒီကောင်ကာ မောင်မွေး ကွ ဒုက္ခပဲ . . ဘာအမှုတွေ . . ဖွဦးမလဲ မသိဘူး "





" ဟာ . . ပန်းခြံထဲဝင်သွားပြီ . . လာဗျ လိုက်ရအောင်"

စဝ်ရန်နိုင်သည် မှန်ဘီလူးကို ဒက်ရှ်ဘောက်စ်ထဲ ထည့်လိုက်ပြီး ချက်ချင်းကားပေါ်မှ ဆင်းခဲ့ကြကာ တဖက်သို့ ကူးလိုက်၏။ ထို့နောက် ပန်းခြံထဲသို့ ခပ်သွက်သွက် ချိုးကွေ့ဝင်ခဲ့ ကြ၏။

ထိုအချိန်တွင် ရှေ့မှငိုက်စိုက်ငိုက်စိုက် သွားနေကြသော သိန်းနက်တို့နှစ်ဦးသည် တောင်ကုန်းကလေးပေါ် ခပ်သွက်သွက် တက်သွားသည်ကို မြင်လိုက်ရ၏။

" ဟာ . . ဟိုပေါ်တက်သွားပြီကွာ "

" မတက်နဲ့ . . ကျွန်တော်တို့ ဘေးကပတ်လိုက်မယ် "

မွေးကြီး လိုက်မယ်လုပ်သော်လည်း စဝ်ရန်နိုင်က လက်ဖမ်းဆွဲ၍ တောင်စောင်းဘေးမှ ပတ်၍လိုက်ခဲ့၏။ ယူကာလစ်ပင် ဖားဖားကြီးများက တောင်စောင်းဘေးတွင် ထိုးထိုး ထောင်ထောင် ပေါက်ရောက်နေ၏။

နှစ်ဦးသား ရွက်ခြောက်ကြွေများ ဖွေးဖွေးလှုပ်နေသော တောင်စောင်းအတိုင်း ပတ်၍လျှောက်ခဲ့ရာ တောင်ကုန်းပေါ်မှ လှော်ဖြတ်၍ ဆင်းလာသော သိန်းနက်တို့ကို တွေ့လိုက်ရသဖြင့် ဆင်းရှူးပင်၊ ပင်စည်းကြီးကိုကွယ်၍ စောင့်ကြည့်လိုက်၏။ ထိုအချိန်တွင် မာစီဒီးပေါ်မှ မိန်းမချောလေးသည် တောင်ကုန်း အရှေ့ဘက် ကမ်းစပ်တွင် လူတစ်ယောက်နှင့် စကားပြောနေ ကြ၏။

" မွေးကြီး . . အဲဒီနှစ်ယောက် ခါတ်ပုံရိုက်ကွာ "



www.burmeseclassic.com

www.burmeseclassic.com

" စိတ်ချ "

မွေးကြီးသည် ချက်ချင်းပင် ထောင်လှမ်းရေးလုပ်ငန်း[illegible]
လက်တစ်ဝါးစာရှိသည့် ကင်မရာကိုထုတ်၍ ရိုက်လိုက်၏။ သိ[illegible]
နက်တို့နှစ်ဦး၏ အခြေအနေကိုပါ စဝ်ရန်နိုင်က ရိုက်နိုင်[illegible]
လိုက်သဖြင့် ဆက်၍ ရိုက်ကူးလိုက်၏။

တအောင့်အကြာတွင် သိန်းနက်တို့နှစ်ဦး ဓာင်ကုန်း[illegible]
ပြန်တက်သွားသည်ကို တွေ့လိုက်ရ၏။ ထိုစဉ် အမျိုးသမီးငယ်[illegible]
လည်း တောက်ကုန်းအောက်ဘက် လမ်းကလေးအတိုင်းကွေ့ပ[illegible]
ပြန်လာသည်ကို တွေ့လိုက်ရ၏။

စဝ်ရန်နိုင်နှင့် မွေးကြီးသည် အမျိုးသမီးကလေး အခြေ
အနေကို စောင့်ကြည့်နေ၏။

" တော်တော် လှတာပဲကွာ "

" လုပ်ပြန်ပြီဗျာ "

" တော်ပါတော့ဗျာ . . ခင်ဗျားကပိုလွန်းတယ် . .
လှတာကို ဒီလောက် မမက်မောစမ်းပါနဲ့ဗျ . . "

" အလို . . ငါ့လူက စကားအထူးအဆန်းတွေ ပြောနေပြ[illegible]

" ဘာဖြစ်လို့လဲဗျ "

" ဟ . . အလှတရားဟာ သဘာဝရဲ့ အနှစ်သာရတွ[illegible]
. . ပြောရရင် ကိုယ်စိတ်နှလုံးသုံးပါးကို ကြည်နူးရင်ခုန်စေတယ်
သာယာမိန်းမောစေတယ်၊ အမောပြေစေတယ်ကွာ . . ပြီးတော့





[illegible]ဒီ အလှတရားတွေကြောင့် ကမ္ဘာကြီးဟာ လှပ်လှပ်ရှားရှား
[illegible]လာတယ် . . "

" တော်ပါတော့ ဆရာကြီးရယ် . . အရေးထဲဗျ "

မွေးကြီးမှာ တောင်စောင်းဘေးကွေ့ပတ်၍ လျှောက်သွား
နေသော အမျိုးသမီးလေး၏ နောက်ကျောကလေးကို ကြည့်ရင်း
[illegible]တွေးတွေ မကြခဏမြို့ချနေရ၏။ စဝ်ရန်နိုင်မှာ မွေးကြီးကို
[illegible]ကြည့်နိုင် အမျိုးသမီးငယ် ပန်းခြံအပြင်သို့ ရောက်သည်နှင့်
[illegible]ကြီးလက်ကိုဆွဲ၍ တောင်စောင်းအတိုင်း အပြေးဆင်းလာရာ
[illegible]ကြီးမှာ ကားယား ကားယားနှင့် ပါလာလေတော့၏။

သူတို့နှစ်ဦး ကားပေါ်ရောက်သည့်အချိန်တွင် မာစီဒီး
[illegible]ားကြီးသည် စက်နိုးကာ ဝေါကနဲ မောင်းထွက်သွား၏။

" ဟင် . . စောစောက တောင်းအေ့စ်ကားရော "

" ဟော့ "

စဝ်ရန်နိုင်၏စကားကြောင့် မွေးကြီးအူချာချာနှင့်
ကြည့်လိုက်၏။ သစ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်ထားသော
[illegible]ာင်းအေ့စ်ကားကလေးကို အရိပ်အယောင်ပင် မမြင်ရတော့။

" ဟုတ်ပါ့ကွာ ဘယ်ရောက်သွားပါလိမ့် "

" ရှုပ်ပါတယ် . . ဟိုကားနောက်ကို လိုက်ရအောင် "

ပြောပြောဆိုဆိုနှင့် ကားခက်နိုးလိုက်ပြီး မာစီဒီး[illegible]
နောက်သို့လိုက်ခဲ့ရာ ဆယ်ငါးမိနစ်ခန့် အကြာတွင် [illegible]
[illegible]ခ်လှမ်းလှမ်းတွင် မြင်လိုက်ရ၏။ စဝ်ရန်နိုင်သည် [illegible]
နှင်းထားသည့်လီဗာကို လျှော့လိုက်ပြီး တစ်ဘီး[illegible]လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် မာစီဒီကားကြီးဆီသို့ မှန်ဘီလူးနှင့် လှမ်းကြည့်လိုက်၏။

" ဟာ . . ဘယ်လိုဖြစ်သတုန်း "

" ဟင် . . ဘာလဲဗျာ "

" ကြည့်စမ်းပါဦး . . ငါစိတ်ထဲတော့ ဟိုအမျိုးသမီးလေးဘေးမှာ အမျိုးသားတစ်ယောက် ရောက်နေတယ်ထင်တယ် "

" ဟုတ်လား . . ကျွန်တော်ကြည့်မယ် "

မွေးကြီးထံမှ မှန်ဘီလူးကိုယူ ကြည့်လိုက်၏။ အမျိုးသမီးလေးဘေးတွင် လူတစ်ယောက်ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

" ဟုတ်တယ်ဗျ . . ကားထဲကထွက်လာတုန်း လူတစ်ယောက်ထဲပါ "

" အေးကွာ အဲဒါ . . ဘယ်လိုဖြစ်သတုန်း တော့ ဟိုကောင် အဲဒီကားထဲ ဝင်သွားပြီထင်တယ် "

" ဖြစ်နိုင်တယ် မွေးကြီး . . အရှိန်တင်ပြီး လိုက်ကြည့်မယ်ဗျာ "

" လိုက်ကွာ "

စဝ်ရန်နိုင်သည် လီဗာကို ခပ်နာနာလေး နင်းချလိုက်၏။ လင့်ကရူဇာကြီးသည် ကြိမ်နှင့်တို့လိုက်သည့် မြင်းပေါက်ကြီးအလား တဝေါဝေါနှင့် အသံပေး၍ပြေးလေ၏။ ဆယ်မိနစ်ခန့်အကြာတွင် မာစီဒီးကားကြီးနှင့် ရင်ဘောင်တန်းမိလာရာ စဝ်ရန်နိုင်သည် ဒရိုင်ဘာခန်းဘက်သို့ လှမ်းကြည့်လိုက်၏။

" ဟင် . . သိန်းနက် "





" ဟေ . . သိမ်းနက်လား "

" ဟုတ်တယ် "

ဒရိုင်ဘာနေရာတွင် ထိုင်နေသော သိန်းနက်ကို မြင်လိုက်ရသဖြင့် နှစ်ယောက်စလုံး အံ့အားသင့်သွားကြ၏။ ထိုစဉ် သိန်းနက်ကလည်း သူတို့ကိုမြင်သွားသဖြင့် လီဗာကို ဝေါကနဲ တင်ကာ မီနီကိုပင်ဖြတ်၍ မောင်းပြေးကြလေ၏။

" လိုက် . . လိုက် "

" ဝေါ . . ဝေါ . . ဝေါ "

" သတိလဲ ထားဦးကွာ "

" ရပါတယ်ဗျာ "

မွေးကြီးသည် သားရေခါးပတ်ကြိုးကို စလွယ်သိုင်းလိုက်၏။ စဝ်ရန်နိုင်သည် ရှေ့ကသည်းကြီးမဲကြီး မောင်းနှင်နေသော ကားနောက်သို့ လီဗာခပ်ပြင်းပြင်းနင်း၍ လိုက်ခဲ့၏။ လမ်းက မြို့ပြင် လမ်းဖြစ်၍ ကားအသွားအလာ ရှင်းလှသလို အကွေ့အကောက် အတင်အဆင်း အနိမ့်အမြင့်များလည်း ပေါလှ၏။

မာစီးဒီကားကြီးမှာ ကားလောကတွင် ထိပ်တန်းအကျဆုံး ကားကြီးဖြစ်သည်နှင့်အညီ အရှိန်အဟုန်ပြင်းလှသလို အကွေ့အကောက် အတက်အဆင်တွင်လည်း သွက်လက်လှသဖြင့် စဝ်ရန်နိုင်တို့ကားမှာ ခပ်လှမ်းလှမ်းပြတ်ကျန်ခဲ့၏။

သို့နှင့် တစ်ခုသော တောင်ကုန်းအတက်တွင် မာစီဒီးကားကြီး၏ အရိပ်အယောင် ပျောက်ဆုံးသွားသဖြင့် နှစ်ဦးစလုံး အံ့သြနေ၏။



www.burmeseclassic.com

www.burmeseclassic.com

" ဟာ . . ဘယ်ရောက်သွားပြီလဲ "

" နေဦးဗျာ "

စပ်ရန်နိုင်မှာ ချက်ချင်းပျောက်ကွယ်သွားသော မာစီဒီး ကားကြီးကို မခံချိမခံသာဖြစ်ခါ တောင်ကုန်းထိပ်တွင် ခေတ္တရပ်ရင်း ကြည့်လိုက်၏။

" အံ့အားသင့်စရာပဲ "

" ဟုတ်ပါ့ကွာ . . ငါတော့ စဉ်းစားလို့တောင်မရတော့ဘူး "

နှစ်ဦးစလုံး ဘယ်လိုမှ အဖြေရှာမရတော့ . . ကားပေါ်မှ ဆင်းပြီး ဟိုဟိုဒီဒီ ရှာဖွေသော်လည်း အရိပ်အယောင်ပင် မမြင်ရ နောက်ဆုံးစိတ်ပျက် ကက်ပျက်နှင့် ကားပေါ်ပြန်တက်ပြီး စခန်းဘက်သို့ ထွက်ခဲ့ကြလေ၏။

" ပြန်လာပြီးလား ဆရာ "

" ဟုတ်တယ် . . ထွန်းနောင်ဦး "

" ကိစ္စတစ်ခုရှိတယ် ထွန်းနောင်ဦး "

" ဘာများလဲ ဆရာ "

" အထဲကျ ပြောတာပေါ့ "

သူတို့လူစုစခန်းထဲ ဝင်ခဲ့ကြ၏။ စပ်ရန်နိုင်သည် မာစီဒီး ကားနံပတ်ကို ထွန်းနောင်ဦးအား ပြောပြလိုက်ပြီး ချက်ချင်းစုံစမ်းခိုင်းလိုက်၏။ ထွန်းနောင်ဦးသည် ဆဲလ်ဖုန်းတစ်လုံးနှင့် အလုပ်လုပ်နေလေရာ မိနစ်နှစ်ဆယ်ခန့်အကြာတွင် စပ်ရန်နိုင် စုံစမ်းခိုင်းလိုက်သော သတင်းရလာ၏။

" ဆရာ "





" ဘာလဲ ထွန်းနောင်ဦး "

" ဟို . . အဲဒီကားက ဦးမြတ်ကျော်စွာရဲ့ကား ဆရာ သူ့သမီးနာမည်က ဧကရီတဲ့ "

" ဟင် . . အဲဒီ ဦးမြတ်ကျော်စွာဆိုတာ "

" ဟာ . . သူက ကုန်သည်ကြီးဆရာ . . တအားချမ်းသာတယ် . . ပြီးတော့ သူဟာ ဦးဗလအောင်နဲ့ ညီလိုအစ်ကိုလိုနေတာ ဆရာ "

" ဟင် . . ဟုတ်လား "

" ဟုတ်ပ ဆရာ . . ပြီးတော့ သူ့သမီး ဧကရီနဲ့ ဦးဗလအောင်သား လင်းနေမင်းတို့က မကြာခင်ယူကြတော့မှာ ဆရာရဲ့ "

" အော် ဒီလိုကိုး . . ဒါဆို ဟိုရေကန်ပေါ်မှာတွေ့ခဲ့တဲ့ လူကို ဓါတ်ပုံကူးကြည့်ရင်း ကောင်းမယ် မွေးကြီး . . "

" အေး . . ငါ လုပ်ကြည့်လိုက်မယ် "

" ပေး . . ပေး ကျွန်တော်ကူးပေးမယ် "

ထွန်းနောင်ဦးသည် မွေးကြီးထံမှ ကင်မရာယူကာ စခန်းအပြင်သို့ ထွက်သွား၏။ မွေးကြီးနှင့် စပ်ရန်နိုင်တို့နှစ်ဦးမှာ ထွန်းနောင်ဦးထံမှ ရလာသော သတင်းကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပြောဆိုမိကြ၏။

" အင်း . . ဒီကိစ္စဟာ ဦးဗလအောင်တို့ ကုမ္ပဏီကိစ္စများ ပတ်သက်နေသလား . . မသိဘူး "

" ဖြစ်နိုင်တယ် စပ် . . တစ်ခုရှိတာ . . ဦးဗလအောင်ဟာ


www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်သူကုမ္ပဏီကို ဖျက်သိမ်းရတာလဲကွ အဲဒီအချက်ယ
မြန်ဆန်းလွန်းတယ်ကွာ . . 'ဝိုက်ရှပ်စ်' သဘော်ကြီးမြုပ်ပြီး မ
ဘူး သူတို့ကုမ္ပဏီ ဖျက်သိမ်းလိုက်တယ်၊ နောက်ပြီး မဖျက်သိမ်း
မန်ဘာတွေ အသတ်ခံလိုက်ရတယ် . . ဒီတော့ အချက်အလ
တွေက တစ်ခုနဲ့တစ်ခု ချိတ်ထားသလိုပဲ စဝ်ရေ . . "

" ဟုတ်တယ် မွေးကြီး . . ကိစ္စကအတော့်ကို ထူးဆ
တယ် တစ်ပတ်နှစ်ပတ် အတွင်းမှာပဲ . . အဖြစ်အပျက်တွေ
တစ်ခုပြီး တစ်ခု ပြောင်းလဲသွားတယ် "

" ဟုတ်ပါ့ကွာ . . ငါစိတ်ထဲတော့ တစ်မျိုးကြီးပဲကွ "

" နေဦးဗျာ . . ဒီကိစ္စမှာ မြုပ်ကွက်တစ်ခုရှိသေးတယ် "

" ဘာလဲဗျ "

" လင်းနေမင်း ဘယ်ပျောက်နေသလဲ . . စောစော
ဇကရီဆိုတဲ့ ကောင်မလေးတွေ့ခဲ့တာ ဇကရီလား အဲဒီအချက်
သိလိုက်ရင် အချိတ်တစ်ချိတ် မိလိုက်ပြီလို့ထင်တယ် "

" ဖြစ်နိုင်တယ်ကွ "

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် ထွန်းနောင်ဦး ပြန်လည်
ရောက်ရှိလာ၏။

" ဆရာရေ . . ဆရာတို့ထင်ထားတဲ့အတိုင်းပဲဗျို့ "

" ဟင် . . ဘာလဲ ထွန်းနောင်ဦး "

" ဟို . . ကန်စပ်မှာ . . ဇကရီနဲ့တွေ့ခဲ့လူဟာ လင်းနေ
မင်းပဲဗျ "

" ဟေ "





ထွန်းနောင်ဦးစကားကြောင့် မွေးကြီးမှာ ပါးစပ်
အဟောင်း သားဖြစ်နေ၏။ စဝ်ရန်နိုင်မှာ လင်းနေမင်းဆိုသော
အမည်ကြားလိုက်သည်နှင့် လိုချင်သော ဖြစ်စဉ်တစ်ခုကို
ရလိုက်ပြီဟု တွေးမိ၏။

" အင်း . . ဘာကြောင့် လင်းနေမင်း ပုန်းလျှိုးကွယ်လျှိုး
လုပ်နေရာလဲ . . ပြီးတော့ ဦးဗလအောင်တို့လူစု မပြောမဆိုဘဲ
ဘာကြောင့် ကုမ္ပဏီချက်ချင်း ဖျက်သိမ်းပြီး ထွက်သွားကြသလဲ
အဲဒီအချက်သုံးချက်ဟာ ဆုံမှတ်ရှိနေတယ်ဗျ "

" အေးကွ . . ပြီးတော့ သိန်းနက် "

" ဟုတ်တယ် . . သိန်းနက်ဟာ ဒုစရိုက်လောက
ဘုရင်တစ်ဆူလို နေတဲ့ကောင် . . ဒီကောင်လွတ်တာတောင် မကြာ
သေးဘူးကွ ဒီကောင် ဝင်လိုက်တဲ့ လိုင်းဟာ သေးသေးမွှားမွှား
တော့ဟုတ်ဟန် မတူဘူး "

" သိပ်သေချာတာပေါ့ကွာ "

မွေးကြီးက စဝ်ရန်နိုင်စကားကို ဝင်၍ထောက်ခံလိုက်၏။
စင်စစ် သိန်းနက်ကို လျော့တွက်၍မရ၊ ပြောရလျှင် ဒုစရိုက်လောက
တွင် လက်ကြီး၊ ခြေကြီးသမားဟု ဆိုရမလောက်ပင်၊ အင်အားက
လည်း မသေးလှ၊ သူ့အဖွဲ့သားများကလည်း အမြို့မြို့အနယ်နယ်
တွင် ရှိနိုင်၏။

ထို့ပြင် ယခုကိစ္စတွင် သိန်းနက်ကိုယ်တိုင်၊ ကိုယ်တိုင်
ကိုယ်ကျပါဝင်နေသည်မို့ စဝ်ရန်နိုင်၏စိတ်ထဲတွင် ထူးထူးခြား
ဆန်း ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

အမှန်အတော့ သူတို့နှစ်ဦး စောင့်ကြည့်နေသူမှာ ဦးပြေကျော်ထွန်း ဖြစ်၏။ ထိုသူမှာ တခြားမဟုတ် သည်ဝေါလ်စတား ကုမ္ပဏီကြီး၏ တွဲဘက်ဒါရိုက်တာဖြစ်ပြီး မြန်မာပြည်အထက်ပိုင်း စီမံခန့်ခွဲမှုကို သူက ချုပ်ကိုင်ထားခြင်းဖြစ်၏။

တစ်ခုရှိသည်မှာ ဦးဗလအောင်လုပ်ရပ်က မြန်ဆန်လွန်းလှသဖြင့် စဝ်ရန်နိုင်တို့ပင် ခြေရာမကောက်နိုင်ခဲ့ကြ၊ လုံခြုံရေးစခန်းများနှင့် အဆက်အသွယ်လုပ်ကြည့်သောအခါ ဦးဗလအောင် တစ်ယောက်ပင်လယ်ဘက်သို့ ထွက်သွားသည်ဆိုသော သတင်းရရှိပေမယ့် သတင်းက ခိုင်ခိုင်လုံလုံမရှိလှ ..။

ထိုအခြေအနေကြောင့် သူတို့လူစု သည်ဝေါလ်စတား ကုမ္ပဏီပေါ် တစ်ခါ စုံစမ်းခဲ့ကြ၏။ သည်ဝေါလ်စတားမှာ နေချင်းညချင်းပင် 'သည်ဂရင်းစကိုင်း' ဖြစ်သွားခဲ့ပြီ ထိုကုမ္ပဏီကြီးကို ဦးပြေကျော်ထွန်းက ချုပ်ကိုင်ထားကြောင်းသိခဲ့ရ၏။

စဝ်ရန်နိုင်သည် ဦးပြေကျော်ထွန်းနှင့် နှစ်ယောက်ချင်းတွေ့ကာ ဦးဗလအောင်အကြောင်းကို သွယ်သွယ်ဝိုက်ဝိုက် မေးမြန်းခဲ့၏။ သူ့စကားကို ဦးပြေကျော်ထွန်းက ခေါင်းတခါခါလုပ်ရင်း ငြင်းဆန်ခဲ့၏။ ' ဘူး ' တစ်လုံးဆောင်ကာ ပွတ်ထုတ်ခဲ့၏။

ထိုအမူအရာကို စဝ်ရန်နိုင် မချိတင်ကဲ ခံစားနေရ၏။

ထို့ကြောင့်လည်း ဦးပြေကျော်ထွန်းကို စောင့်ကြည့်ခဲ့ရင်းဖြစ်လေ၏။ ယခုတော့ ဦးပြေကျော်ထွန်းထံသို့ ဦးဗလအောင်၏သား လင်းနေမင်းက သွယ်သွယ်ဝိုက်ဝိုက် ချဉ်းကပ်လာခဲ့ပြီ မို့အဖြေက မဝေးလှတော့ဟု တွေးမိလေ၏။





ပို၍ထူးဆန်းသည်မှာ မစ္စတာ ဒေါက်ကလပ်နိုးဆိုသော မလေးနာသူဌေးကြီး ကိစ္စပင်ဖြစ်၏။ နှင်းလှိုင်မြို့သို့ အဝင်ရှိသော်လည်း အထွက်စာရင်း ပျောက်နေသဖြင့် အထူးစိုးရိမ်စရာဖြစ်နေ၏။

သူတို့လျှို့ဝှက်စွာ ထောက်လှမ်းထားသည့် အချက်အလက်အရ သည်ဝေါလ်စတား ကုမ္ပဏီသို့ မစ္စတာဒေါက်လပ်နိုး ရောက်လာသည်မှာ ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်ရန်ဟု သိထား၏။

ဝိုက်ရှပ်စ် သင်္ဘောကြီးပေါ်တွင် သူတို့ကုမ္ပဏီကြီးနှစ်ပတ်လည် အခမ်းအနား ကျင်းပခဲ့ကြောင်းကိုလည်း၊ ဦးစောဒယ်နီရယ်လှိုင်၏ ဟစ်တာချီလော့စ်ထံမှ သိခဲ့ရ၏။ မစ္စတာ ဒေါက်ကလပ်နိုးသည် သူတို့ကုမ္ပဏီသို့ ဒေါ်လာသန်းချီထည့်ဝင်မည်ဟုလည်း သိထားရသဖြင့် လောလောဆယ် .. အရေးကြီးဆုံးသော ပစ်မှတ်မှာ မစ္စတာ ဒေါက်ကလပ်နိုးဖြစ်နေ၏။

သူစိတ်ထဲတွင် ဦးဗလအောင်နှင့် မစ္စတာဒေါက်ကလပ်နိုးတို့ ဆက်ဆံမှုကို သံသယဖြစ်မိ၏။ စိတ်ထဲရှိရာ မေးခွန်းများနှင့် လုံးထွေးပတ်ချာလည် နေမိရာ မွေးကြီးအသံကြောင့် သူသတိဝင်လာ၏။

" စဝ် .. ဘာတွေစဉ်းစား နေတာလဲကွ "

" အော် .. လောလောဆယ် .. တွေးမိသမျှတော့ အခြေအနေက ချိတ်ဆက်အခြေအနေဆိုပေမယ့် ရှုပ်နေတယ်ဗျ"

" ဟုတ်မှာပါကွာ .. ခုဆို .. ဒုတိယပိုင်ထဲမှာ ဦးပြေကျော်ထွန်းရယ် ပြီးတော့ လင်းနေမင်း၊ ဇကရီနဲ့ သိမ်းနက်


www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့လူတွေရဲ့ ခြေရာတွေ ထပ်ဖြည့်ရမလို ဖြစ်နေပြီကွ "

" ဟုတ်တယ် . . မွေးကြီး ဒါပေမယ့် အဓိက အရေးကြီးတာ ဇာတိချက်ရှာတတ်ဖို့ပဲ . . ဇာတိချက်ဟာ . . ဦးဇလ အောင်လား . . ဒါမှမဟုတ် မစ္စတာ ဒေါက်ကလပ်နိုးလား . . ပြီးတော့ ဦးပြေကျော်ထွန်းလား . . အဲဒီ . . သုံးချက်မှာ တစ်ချက်ချက်ဟာ အဓိက ခရိုင်ရိုးဖြစ်နိုင်တယ်ဗျ "

" အေး . . မင်းတွက်ပြတာ မဆိုးဘူးကွ . . ကဲ အခု ဘာဆက်လုပ်ကြမလဲ "

" နေဦးဗျ "

စဝ်ရန်နိုင်သည် ထွန်းနောင်ဦးကို ချက်ချင်းခေါ်၍ သိန်းနက်၏ အခြေအနေကို ပြောကြားလိုက်၏။ ၎င်းအခါ ထွန်းနောင်ဦးသည် ဖက်စ်နှင့် ရုံးချုပ်ကို လှမ်းပို့၍မေးမြန်းခဲ့ရာ နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း သိန်းနက်နှင့်ပတ်သက်၍ ကိုယ်ရေးရာဇဝင်နှင့်အတူ ပုံတူ ပရင့်အောက်များပါ ရရှိလာရာ စဝ်ရန်နိုင်ထံ ပေးအပ်ခဲ့လေ၏။

⚓ ⚓ ⚓ ⚓ ⚓ ⚓



အခန်း (၁၁)

" ဘယ်လိုလဲ . . လင်းနေမင်း မင်းကောင်မလေး အခြေအနေ ကောင်းရဲ့လား "

" ဟာ . . အခြေအနေက ခပ်ရှုပ်ရှုပ်ပဲ အစ်ကိုရေ "

" ဘာဖြစ်လို့လဲကွ "

" ဘာဖြစ်ရမှာလဲဗျာ . . ဦးပြေကျော်ထွန်းဆိုတာ တစ်ချိန်က ဖေဖေကုမ္ပဏီ အထက်ပိုင်းဒေသကို အုပ်ချုပ်တဲ့လူဗျ အဲဒီလူက ခု . . ' သည်ဂရင်းစကိုး ' ဆိုတဲ့ ကုမ္ပဏီနာမည်တပ်ပြီး ဒါရိုက်တာကြီး လုပ်နေပြီဗျာ . . သူဟာ ဖေဖေကုမ္ပဏီဖျက်သိမ်းတဲ့ တိစ္စအားလုံးကို ဆောက်ရွက်ခဲ့တာတဲ့ "


www.burmeseclassic.com

www.burmeseclassic.com

" သေချာလား "

" သေချာပါတယ်ဗျာ . . ကေရီကိုယ်တိုင် စုံစမ်းခဲ့တာဗျ ကျွန်တော်တို့ ဦးပြေကျော်ထွန်းနဲ့ တွေ့လိုက်ရင်အခြေအနေက ရှင်းလင်းသွားနိုင်တယ်ဗျ "

" အေး . . အဲဒီအကြံမဆိုးဘူးကွ . . ဒါဆို ငါတို့ . . အဲဒီလူနဲ့ သွားတွေ့မလား "

" သွားမယ်ဗျာ "

ပြောပြောဆိုဆို သူတို့နှစ်ဦး လျှို့ဝှက်စွာတည်းခိုနေသော ရိပ်သာလေးထဲမှ ထွက်ခဲ့ကြပြီး ပတ်ဖိုင်ဒါပေါ်တက်ခဲ့ကာ ဦးပြေကျော်ထွန်း ရှိရာသို့ ထွက်ခဲ့ကြ၏။ နေ့ရက်မှာ တနင်္ဂနွေနေ့ ရက်ဖြစ်၍ ကုမ္ပဏီပိတ်ထားနိုင်ပြီး အိမ်တွင်ရှိနိုင်သည်ဟု လင်းနေမင်း တွေးမိ၏။

ထို့ကြောင့်လည်း သူတို့နှစ်ဦး ဦးပြေကျော်ထွန်းနေထိုင်ရာ ဇီဇဝါမြို့ဘက်သို့ ထွက်ခဲ့ကြ၏။ ဇီဇဝါမြို့ရပ်ကွက်မှာ လူချမ်းသာများ နေထိုင်သည့် ရပ်ကွက်ဖြစ်ပြီး အိမ်ကြီးအိမ်ကောင်များတည်ဆောက်ထား၏။ ခြံကြီးများမှာလည်း ကျယ်ဝန်းလှပြီး သစ်ကြီးဝါးကြီးများနှင့် အုပ်အုပ်ဆိုင်းဆိုင်းရှိ၏။

သူတို့နှစ်ဦး ဇီဇဝါမြို့ထဲ ဝင်သည့်လမ်းကျယ်ကြီးအတိုင်း မောင်းနှင်ခဲ့ရာ . . တောင်ကုန်းလမ်းကလေး တစ်ခုပေါ်သို့ တဖြည်းဖြည်း မောင်းတက်လာကြ၏။ သူတို့အသွင်အပြင်များကို အဘိုးအိုကြီးများ သဏ္ဌာန်ရုပ်ဖျက် ထားကြသဖြင့် တော်ရုံလူမမှတ်မိ နိုင်ပါချေ။





သို့နှင့် လမ်းတစ်ဝက်အရောက်တွင် နံဘေးထင်းရှူးတောထဲမှ ကားတစ်စီး ဝေါကနဲ မောင်းထွက်လာသဖြင့် နှစ်ဦးစလုံး လန့်ဖြန့်သွားကြ၏။

" ဟာ . . ဘာလဲ "

" ဟင် . . ဘယ်က ကားလဲ "

" သတိထား . . လင်းနေမင်း . . အဲဒီကားမရိုးသားဘူး"

" ဟုတ်ကဲ့ "

သူတို့နှစ်ဦး ပြောဆိုနေစဉ် တောအုပ်ထဲမှ ကွေ့ပတ်မောင်း တက်လာသော ကားကြီးသည် သူတို့ရှေ့ လမ်းမကြီးပေါ်သို့ ကန့်လန့်ဖြတ် ထိုးဆင်းလာကာ ကားခေါင်းက သူတို့ဘက်သို့ ဦးတည်လာ၏။

ထိုအခြေအနေကြောင့် လင်းနေမင်းသည် ချက်ချင်း ဘက်ဂီယာထိုးပြီး ဘက်ဆုတ်လိုက်၏။

" ဝေါ . . ဝေါ "

တောင်ကုန်းဆင်ခြေလျှောမို့ အရှိန်မဟုန်မြင်းလှ၏။

" သတိထား လင်းနေမင်း "

" ဟုတ်ကဲ့ "

သူတို့ကား တောင်ခြေသို့အရောက်တွင် မျက်နှာချင်းဆိုင် မောင်းဆင်းလာသော ကားသည် တရှိန်ထိုးဝင်လာ၏။

" ဟာ . . ကွေ့ ကွေ့ချလိုက် "

" သတိထား "

" ဝေါ . . ဝေါ . . ဝေါ . . ရှူး"



www.burmeseclassic.com

www.burmeseclassic.com

လင်းနေမင်း ဂီယာအမြန်ထိုးပြီး လမ်းတဘက် ... အုပ်ထဲ ကွေ့ချလိုက်၏။ မြက်ရိုင်းတောကြီးထဲ ဝါးလုံး... ဝင်ရောက်သွားလေရာ ကျင်းများ၊ ချိုင့်များ၊ ကမူများ၊ ခလုတ်များ... တဒိုးဒိုး တဒိုင်းဒိုင်း ဝင်ဆောင့်ရင်း ခပ်ကြမ်းကြမ်း ဖြစ်သန်းခဲ့...

နှစ်ဦးစလုံး ဘယ်ကိုရောက်၍ ရောက်မှန်းမသိ... ထင်းရှူးပင် ခပ်ခပ်အုပ် တောရိုင်းပင်များကြား ကွေ့ကာပတ်... မောင်းနှင်နေ၏။ ထိုစဉ် သူတို့နောက်သို့ စောစောက ကားသည်... ထပ်ချမကွာ လိုက်လာသည်။

မီးရောက်တဝင်းဝင်းထိုးရင်း မှန်ယိုနေသည့် ဆင်းမိုး... သဖွယ် တဝုန်းဝုန်းတဝေါဝေါနှင့် မြည်သံပေးကာ ဆင်းလာ... လင်းနေမင်းတို့နှစ်ဦးမှာ ကားကို ကြောက်အားလန့်အားနှင့် မောင်းနှင်ရင်း တောအုပ်ကြီးကိုလွန်ကာ လွင်ပြင်ဘက်သို့ ရောက်ရှိလာ၏။ ထိုစဉ် နောက်က လိုက်လာသည့်ကားဆီက သေနတ်သံတွေ ထွက်ပေါ်လာ၏။

တဖောက်ဖောက် မြည်သံများနှင့်အတူ ကားအဂျင်သံကြီး က ကြောက်စရာကောင်းလှ၏။ လင်းနေမင်းသည် စီရာတိုင်ကို ကျွမ်းကျင်စွာကိုင်ရင်း မောင်းနှင်ခဲ့သော်လည်း လွင်ပြင်ကိုဖြတ်၍ တဘက်တောအုပ် တောင်စောင်းအတိုင်း ဖရီးရိုက်ဆင်းလာစဉ် ထင်းရှူးပင်ကြီးတစ်ပင်နှင့် ဝုန်းကနဲ ဝင်တိုက်မိကာ ကားကြီး တုံးလုံးလဲကျသွားလေ၏။

" ထွက် ထွက် . . မြန်မြန်ထွက် "

" ဟုတ်ကဲ့ "






ထွန်းချိုက လင်းနေမင်းကို အော်ဟစ်ရင်း မှန်ကို ခြေထောက်နှင့် ခွဲလိုက်ပြီး ဝမ်းလျားထိုးထွက်ခဲ့၏။ လင်းနေမင်းမှာ ...ရာတိုင်ကြားညှပ်နေသဖြင့် ခက်ခက်ခဲခဲ ထွက်နေရ၏။

ထွန်းချိုသည် အပြင်ရောက်သည်နှင့် မြက်ရိုင်းအုပ်ထဲသို့ ...ာမှူးရှူးထိုး ဝင်ပြေးလေရာ ကျည်ဆံတစ်တောင့်က သူ့နောက် ...ကျောကို ဖောက်ထွက်သွားလေ၏။

" အား "

" အစ်ကို . . ဟာ . . ဘုရား ဘုရား "

ထွန်းချိုမှာ အော်သံနက်ကြီးနှင့် အော်ဟစ်ရင်း မြက်ရိုင်းတောအုပ်ထဲ လဲကျသွား၏။ ထိုမြင်ကွင်းကြောင့် နောက်မှအူယားဖားယား ပြေးလာသော လင်းနေမင်းမှာ မျက်လုံးမျက်ဆန် ပြူးသွား၏။ ထို့ကြောင့်လည်း လူတစ်ရပ်စာခန့် ရှိသည့် မြက်ရိုင်းပင်များကြား အတင်းတိုးဝှေ့ဝင်ခဲ့ရာ တစ်နေရာ အရောက်တွင် မှောက်ခုံကြီး လဲကျနေသော ထွန်းချိုကို တွေ့လိုက်ရ၏။

" အစ်ကို . . ကျွတ် ကျွတ် "

" ဟင် . . အစ်ကိုထိသွားပါလား "

" အား . . ဟိုကောင်တွေ "

" လိုက်လာပြီ အစ်ကို "

" မင်း . . မင်းပြေးတော့ လင်းနေမင်း ငါနေခဲ့မယ် "

" ဟာ . . မဟုတ်တာဗျာ . . ကျွန်တော်မပြေးဘူး "

" ပြေးပါကွာ . . ဟော့ ဟော့ ဒီစီဒီဒစ်ကို ယူသွားလိုက်


www.burmeseclassic.com

www.burmeseclassic.com



ရော့ . . ရော့ ပြေး . . ပြေးပေတော့ ”

“ ဟာ . . ပြေး ”

“ ဖောက် . . ဖောက် ”

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် သေနတ်သံများကြောင့် လင်းနေမင်းလန့်ဖြန့်သွား၏။ ထွန်းချိုသည် သူလျှို့ဝှက်စွာ သိမ်းဆည်းထားသော စီဒီဒစ်ပြားလေးကိုထုတ်၍ လင်းနေမင်းထံ ပေးလိုက်၏။

“ ပြေး . . ပြေး ငါ့သမီးလေးခက်ခက်ကို မင်းရအောင် ရှာပေတော့ ပြေး . . ပြေးလေကွာ ”

“ ဟင် ”

“ ပြေးပါကွာ ”

အသံဗလံတွေကလည်း နီးကပ်လာသဖြင့် လင်းနေမင်းသည် ကြေကွဲသောအကြည့်နှင့် ထွန်းချိုကို တစ်ချက်လှမ်းကြည့်ရင်း စီဒီဒစ်ကိုယူကာ မြက်ရိုင်းတောအုပ်ထဲသို့ ဒရောသောပါး ဝင်ပြေးလေတော့၏။

သို့နှင့် ဆယ်မိနစ်ခန့်အကြာတွင် နောက်မှလိုက်လာသော လူစုရောက်ရှိလာရာ မှောက်ခုံကြီးလဲကျ သေးဆုံးနေသော ထွန်းချိုကိုသာ တွေ့လိုက်ရ၏။

“ ဟို . . တစ်ယောက်ကော ”

“ မပြောတတ်ဘူးကွ ”

“ ဟာ . . ဒီကောင်ကိုကြည့်စမ်း ”

“ ဟင် . . ထွန်းချိုပါလား . . ရှာစမ်းကွာ ”





“ ဟုတ်ကဲ့ ”

အသားမည်းမည်း ဆံပင်ရှည်ရှည်နှင့် လူသည် ထွန်းချို၏ ခန္ဓာကိုယ်ကြီးကို လှန်လျှောရှာဖွေလိုက်၏။

“ တွေ့လား အထစ် ”

“ မတွေ့ဘူး ဆရာ ”

“ ဟေ . . ဒါဆို ဟိုကောင်လေး လက်ထဲပါသွားပြီ ထင်တယ် ”

“ ဒါဆို လိုက်ကြစမ်းကွာ ”

“ ဟုတ်ကဲ့ ”

လောင်းကုတ်အဖြူနှင့် ပုဂ္ဂိုလ်ကြီးက အမိန့်ပေးလိုက်ရာ သေနတ်ကိုင်ထားသော လူဆိုးလေးဦးသည် မြက်ရိုင်းပင်များကြား တိုးဝှေ့ဝင်ရောက်လာကြ၏။ ထိုအချိန်တွင် ပြေးမိပြေးရာ ွတ်ပြေးနေသော လင်းနေမင်းသည် လျှိုတွေမြောင်တွေဖြတ်ရင်း တစ်ခုသော ကုန်းစောင်းအတိုင်း အပြေးဆင်းလာခဲ့ရာ ကွေ့ ကွေ့ကောက်ကောက် ဖောက်လုပ်ထားသော ကားလမ်းကြီးကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွား၏။

ထို့ကြောင့်လည်း ချက်ချင်း ကားလမ်းမပေါ် ပြေးဆင်း ခဲ့ရာ တောင်ကုန်းကိုပတ်၍ တက်လာသော ခဲသားရောင် ပါဂျဲရိုကြီး တစ်စီးကို တွေ့လိုက်ရ၏။ လင်းနေမင်းသည် ကားကြီးကိုမြင်သည်နှင့် လက်ပြတားလိုက်ရာ သူ့ရှေ့အရောက်တွင် ဝေါကနဲ ထိုးရပ် သွားပြီး ကားတံခါးပွင့်လာ၏။

“ ဘာလုပ်တာလဲကွ ”



www.burmeseclassic.com

www.burmeseclassic.com

" ဟို . . ကျွန် . . ကျွန်တော့်ကို ကယ်ပါ ဦးရယ် . . ဟို နောက်က လူဆိုးတွေလိုက် . . . . "

" ဟင် "

" လုပ် လုပ်ပါ ဦးရယ် "

လင်းနေမင်းသည် ကားထဲသို့ အတင်းတိုးဝင်လိုက်သဖြင့် ကားပေါ်မှ ပုဂ္ဂိုလ်ကြီးလည်း ဘာတစ်ခွန်းမျှ ပြန်မပြောနိုင်တော့ဘဲ ကားတံခါးဆွဲပိတ်ခါ ဆင်းခြေလျှောအတိုင်း စက်နှိုး၍ မောင်းဆင်းသွားခဲ့လေ၏။

လင်းနေမင်းမှာ ကားနောက်ခန်းတွင် တစ်ယောက်ထဲထိုင်ရင်း စကားပင်မပြောနိုင်ဘဲ တုန်တုန်လှုပ်လှုပ်ဖြစ်နေ၏။ ထိုစဉ် ကားရှေ့ခန်းမှ ပုဂ္ဂိုလ်ကြီးက နောက်ကြည့်မှန်မှ ကြည့်၍ မေးလိုက်၏။

" မင်း ဘယ်သူလဲ "

" ကျွန်တော့်နာမည် လင်းနေမင်းပါ "

" ဘာ . . လင်းနေမင်း "

" ဟုတ် . . ဟုတ်ပါတယ် . . ဦးရယ် . . ဟိုသည်ဝေါလ်စတား ကုမ္ပဏီပိုင်ရှင် ဦးဗလအောင်ရဲ့သားပါ "

" အော် . . ကိုဗလအောင်ရဲ့သားကိုး "

" ဟင် . . ဦး . . ကျွန်တော့်ဖေဖေကို သိလားဟင် "

" သိတာပေါ့ကွာ . . "

" ဗျာ . . တကယ်လား "

" တကယ်ပေါ့ကွာ . . ငါက မြေပြန့်ကလာတာလေ . .





ဦးနာမည် ဉာဏ်မိုးဇော်ပါ . . မင်းအဖေနဲ့ တစ်ခါက လုပ်ငန်းတွေ လုပ်ခဲ့ဘူးတယ်ကွ . . ခုလဲ . . အဲဒီကိစ္စနဲ့ . . မင်းအဖေဆီ လာတာလေ "

" ဗျာ "

" ဘာဖြစ်လို့လဲကွာ . . မင်းဥစ္စာ ဘယ်လိုဖြစ်နေတာလဲ ဘယ်ကလူဆိုးတွေလဲ . . မင်း . . လုပ်ပုံ ငါတောင်နားမလည် တော့ဘူး "

" နောက်မှ ရှင်းပြပါရစေ ဦးရယ် . . ခုတော့ ကားကို မြို့ဘက်မမောင်းပါနဲ့ "

" ဟော့ . . ဘယ်လို ဖြတ်တာတုန်းကွ "

" ဟို . . ဟို ကုမ္ပဏီဖျက်လိုက်ပြီ ဦးရဲ့ အဲဒါကြောင့် ပြောတာပါ "

" အလို . . ငါတောင်မသိလိုက်ပါလား . . ဟုတ်ရဲ့လား ကွယ် "

" တကယ်ပြောတာပါ . . ဦးလေး "

' ဒုက္ခပါပဲ . . ဒါဆို အချိန်ကလဲ မရှိတော့ဘူး . . ဘာလုပ်ရမှန်းတောင် မသိတော့ဘူး "

" ဟို . . မြို့အဝင်မှာ ပန်းရိပ်မြိုင်ဆိုတဲ့ မိုတယ်လေး ရှိတယ်။ အဲဒီကို မောင်းပါ ဦးလေး "

" အင်း . . ဒီအချိန်မှာတော့ ဒီလိုပဲလုပ်ရတော့မှာ ပေါ့ကွာ"

ဦးဉာဏ်မိုးဇော်သည် လင်းနေမင်းစကားအတိုင်း


www.burmeseclassic.com

www.burmeseclassic.com



ကားကိုကွေ့ပတ် မောင်းနှင်ခဲ့ရာ မကြာမီ ပန်းရိပ်ငြိမ်မိုတယ်ရှေ့သို့ ရောက်ရှိလာ၏။ ကားကို မိုတယ်အနောက်ဘက် ပါကင်ထိုးလိုက်ပြီး အဆောက်အအုံထဲ ဝင်ခဲ့ကြ၏။

လင်းနေမင်းမှာ ဖို့ရှိ့ဖားရား ဖြစ်နေသော သူ့အသွင် ပြင်ဆင်လိုက်၏။ ဦးဉာဏ်မိုးဇော်သည် အခန်းတစ်ခန်းယူလိုက် ပြီးနောက် စားသောက်ခန်းထဲ ဝင်ခဲ့ကြ၏။

" ကဲ . . မင်း ကြိုက်တာမှာစားပေတော့ "

" ကျေးဇူးတင်ပါတယ် ဦးရယ် "

" ရပါတယ်ကွာ . . မင်းအဖေနဲ့ ငါဟာ . . သူငယ်ချင်း တွေလိုနေခဲ့ကြတာကွ . . မြေပြန့်ရောက်ရင် သူနဲ့ငါစားအတူ သွားအတူပေါ့ကွာ . . ပြီးတော့ မင်းနာမည်လည်း မကြာခဏ ပြောဘူးတယ်ကွ "

" ဟုတ်လား "

" ဟုတ်ပ့ါ . . ကဲ ဘယ်လိုတွေဖြစ်ကုန်တာလဲကွာ . . ငါ့ကို ပြောစမ်းပါဦး "

" လင်းနေမင်းသည် သူ့ဖခင်ကြီး၏ အံ့သြဘွယ် ကောင်းလှသော အခြေအနေများကို အကျဉ်းချုံး၍ ပြော လိုက်၏။ သူ့စကားကြောင့် ဦးဉာဏ်မိုးဇော်မှာ ပါးစပ်အဟောင်း သား မျက်လုံးအပြူးသား ဖြစ်နေ၏။ "

" ဟာ . . ဟုတ်မှ ဟုတ်ရဲ့လားကွာ "

" အမှန်တွေပါ ဦးလေး . . ကျွန်တော့်အဖေကို ဦးလေး မမှန်တာ တစ်ခုမှ မပါ ပါဘူး "



" အံ့သြစရာပါလား . . ကိုဇလ ဘယ်လိုဖြစ်သွားပါလိမ့် ဒါထက် မစ္စတာ ဒေါက်ကလပ်နိုးရော "

" ဗျာ . . ဘယ်ကလဲ "

" ဟာ . . သူက မီလျံနာကြီးလေ "

" အော် . . သိပြီ . . ဟုတ်ကဲ့ . . သူ သူလဲ ဘယ်ရောက် နေမှန်းတောင် မသိဘူး "

" ဟိုက် . . ပြဿနာတွေက ရှုပ်လှချည်လားကွာ . . ငါ အခုလာတာ . . ငါ့ညီတစ်ယောက်ဆီ လာရင်း . . မင်း အဖေနဲ့လဲ တွေ့ရင်းလာတာကွာ . . ဒုက္ခပါပဲ "

" ဦးညီက ဘယ်သူလဲ "

" ဟာ . . မင်းတို့အဖေ ကုမ္ပဏီမှာ ရှယ်ရာပါထားတဲ့ စောဒယ်နီရယ်လေ "

" ဗျာ "

" ဒုက္ခပဲ . . ညီလေးရော ဘယ်လိုလဲမသိဘူး ကဲ . . ငါ ဖုန်းဆက်ကြည့်ဦးမယ်ကွဲ့ . . "

ပြောပြောဆိုဆိုနှင့် ဦးဉာဏ်မိုးဇော်သည် အိတ်ထဲမှ ဆဲလ်ဖုန်းထုတ်ခါ ညီဖြစ်သူ ဦးစောဒယ်နီရယ်ထဲ ဆက်လိုက်၏။

" ဟလို . . ဟလို "

. . . . . . . . . .

" ဒယ်နီရယ်လား . . ဟင် . . မသော်လား "

. . . . . . . . . .

"ဒယ်နီရယ် မရှိတော့ဘူး ဟုတ်လား . . ဘယ်သွားလို့လဲ

www.burmeseclassic.com



ပြောစမ်း "

. . . . . . . . . . .

" ဘာ . . ဆုံးသွားပြီ . . ဟာ မဖြစ်နိုင်တာ မသော်ရယ် ပြန်ပြောစမ်းပါ . . ဒါနောက်စရာ မဟုတ်ဘူး "

. . . . . . . . . . .

" ဟင် "

ဦးဉာဏ်မိုးဇော်မှာ တဖက်မှစကားကြောင့် ခေါင်းငိုက်စိုက် ကျသွား၏။ သူ့မယုံနိုင်၊ ခေါင်းတခါခါလုပ်ရင်း မချိတင်ကဲ ဖြစ်နေ၏။ လင်းနေမင်းမှာ ဦးဉာဏ်မိုးဇော်ကို ကြည့်၍ စိတ် မကောင်း ဖြစ်နေ၏။

" ဘယ်လိုဖြစ်လို့ ဆုံးတာလဲ ဦးလေး "

" ဟာ . . တော်တော် . . ကြောက်စရာကောင်းလှ ပါလားကွာ "

" ဟင် . . ဘာဖြစ်လို့လဲ ဦး "

" ငါ့ညီက . . ပင်လယ်ထဲမှာ မိုင်းထိပြီး မျှောပါလာ တာကွ "

" ဗျာ . . မိုင်း . . ဟုတ်လား "

" အင်း . . အဲဒါ . . ပင်လယ်ထဲမှာပဲ သေသွားတယ် တဲ့ကွာ . . တောက် . . ဘယ်လိုဖြစ်တာလဲ ညီလေးရယ် အစ်ကိုကြီး ဘယ်လိုနားလည်ရမှန်း မသိတော့ဘူးကွာ "

. . . . . . . . . . .

လင်းနေမင်းမှာ ဦးဉာဏ်မိုးဇော်နှင့်လမ်းတွင် မထင်မှတ်



ဘဲ ကြုံခဲ့ရပြီ . . အံ့ဩဘွယ် အကြောင်းအချက်များ ပေါ်ပေါက်လာ သဖြင့် ခေါင်းစားနေ၏။ တိုက်ဆိုင်လွန်းလှသည်မို့ ထူးဆန်းလှသည့် ထဲကြမ္မာ၏ ဖန်တီးမှုကို နားမလည်နိုင်တော့၊ ဦးဉာဏ်မိုးဇော်မှာ သူ့ကိုပင်စကား မပြောနိုင်တော့ဘဲ ကြေကြေကွဲကွဲ ဖြစ်နေ၏။

" ဦးလေး "

" ဟင် "

" ကျွန်တော်ဝမ်းနည်းပါတယ် ဦးရယ် "

" အေးကွာ . . ငါတော့ ဘာကိုနားလည်ရမှန်း မသိတော့ဘူး၊ ကဲ . . ခု ဘယ်သွားမလဲ ပြော "

" ဟုတ်ကဲ့ . . ကျွန်တော်လဲ မစဉ်းစားတတ်တော့ဘူး "

" အင်း . . မြသနာပဲကွာ . . ကဲ မထူးပါဘူးကွာ . . ဒီ မိုတယ်မှာပဲ တစ်ညလောက် အိပ်ကျတာပေါ့ "

" ဟုတ် . . ဟုတ်ကဲ့ "

" လင်းနေမင်းမှာ . . ကမ္ဘာပျက်ထဲ ပြေးလွှားနေရသည့် လုန်သူငယ်ပမာ ဖြစ်နေ၏။ လှုပ်ရှားမှုကအစ . . ကြောင်စီစီ ခံစားနေရ၏။ သူ့ကြေကွဲဆုံးမှာ . . သူနှင့်ရဲဘော်ရဲဘက်ပမာ ပြေးလွှားခဲ့ရသော ထွန်းချို ကျန်ရစ်ခဲ့ရသည့် ကိစ္စပင်ဖြစ်၏၊ သေသလား ရှင်သလားမသိဘဲ . . သူ ကျောခိုင်း၍ ပြေးခဲ့ရ၏၊"

ထွန်းချိုပေးခဲ့သော စီဒီဒစ်က လက်ထဲရောက်ရှိနေပြီ ဖြစ်သော်လည်း ယင်း . . စီဒီဒစ်ကို ဘယ်သူ့ဆီမှ ထုတ်ပြေရမည် . . ဘာကြောင့် ယခုလိုသူနှင့် ထွန်းချိုကို လိုက်လံနှောင့်ယှက် နေရသလဲ ဆိုသည်ကို နားမလည်နိုင်တော့ . .။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် သူ့အတွေ့ချင်ဆုံးမှာ ဖခင်ကြီး ဦးဗလအောင်ပင် ဖြစ်၏။ ဖခင်ကြီးနှင့်တွေ့လျှင် ကြုံဆုံနေရသမျှ ကိစ္စအား ပြေပြေလည်လည် ဖြစ်သွားလိမ့်မည်ဟု ယူဆခဲ့၏။ သို့သော် ယခုအထိတော့ ဖခင်ကြီးကိုတွေ့ဖို့ နေနေသာသာ အသက်ကို ဖက်နှင့်ထုတ်၍ ပြေးနေရဆဲ . . ။

နောက်ဆုံး သူ့အတွက် ငှားပေးသော အိပ်ခန်းထဲဝင်ကာ ခုတင်ပေါ်တွင် လှဲချလိုက်၏။ တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင်ကိုက်ခဲနေသော ခံစားမှုကို ဂရုမစိုက်နိုင် သူ့အတွေးထဲတွင် ရှုပ်ထွေးနေသော အကြောင်းအရာများသာ ဖိစီးနေ၏။

အခန်းအပြင်ဘက်တွင် အမှောင်ရိပ်က စိုးမိုးယှက်သန်းနေ၏။ မိုတယ် ဘေးပတ်လည်တွင် အုန်းပင် ဖားဖားကြီးများ စိုက်ပျိုးထားသဖြင့် လေးအဝေ့တွင် တရဲရဲမြည်နေ၏။ လရောင်သည် အုန်းရွက်စိမ်းဖန့်ဖန့်ပေါ် လိုစီးရွှင်းလဲ့နေ၏။

သူ့စိတ်ထဲ ကေရီကို သတိရလာ၏။ ကေရီပြောခဲ့သော စကားများကိုပြန်၍ ကြားယောင်လာ၏။ ဦးပြေကျော်ထွန်း ထိုပုဂ္ဂိုလ်နှင့် တွေ့လိုက်လျှင် အကြောင်းအရာအချို့ ရှင်းလင်းသွားလိမ့်မည်ဟု သူယုံကြည်နေ၏။

သို့သော် လမ်းတွင် ရုတ်တရက်ပေါ်ပေါက်လာသော အန္တရာယ်များကို သူစဉ်းစား၍မရ . . မည်သည့်အဖွဲ့ကမှန်းလည်း မသိ၊ သူတို့အသွင်က သူ့ကိုရော ထွန်းချိုကိုပါ အမဲဖျက်တော့မည် ဘီလူးသဘက်တွေ အလားပင် . . ။

အဆိုပါ အခြေအနေကြောင့်လည်း သူတို့ရည်ရွယ်ချက်





ပျက်ခဲ့ရ၏။ စင်စစ် လင်းနေမင်းက လူပုံပျော့ပျော့ပျောင်းပျောင်း ရှိသော်လည်း စိတ်ကသံမဏိပမာ ခိုင်မာလှ၏။ ဆုံးဖြတ်ချက်ချပြီးလျှင်လည်း ဘယ်တော့မှ ပြင်တက်သည့်လူစားမျိုးမဟုတ်၊ မိမိလုပ်ချင်သောအရာကို မရရအောင် လုပ်တတ်သူဖြစ်၏။

ယခုလည်း ကသောင်းအနင်း ဆန်လှသော အခြေအနေကြားတွင် ဦးပြေကျော်ထွန်းကို တွေ့ချင်နေ၏။ ဖြစ်နိုင်လျှင် ဖခင်ကြီးနှင့် ပတ်သက်နေသည့် အကြောင်းအရာအားလုံးကို မေးချင်မြန်းချင်၊ ရင်ဖွင့်လိုက်ချင်၏။

ထို့ကြောင့်လည်း ပင်ပန်းသည်ဒဏ်ကြောင့် ခံစားနေသော စိတ်များပင် ကြက်ပျောက် ငှက်ပျောက်ဖြစ်ကုန်၏။ ခုတင်ပေါ်မှ ယူးလဲထလိုက်ပြီး လက်ကနာရီကို ကြည့်လိုက်၏။

ညဆယ်တစ်နာရီ ကျော်ခဲ့ပြီဖြစ်၍ အချိန်ကအတော်တလေးလင့်နေသော်လည်း အိပ်ချင်စိတ်မရှိတော့၊ ထို့ကြောင့်လည်း အဝတ်အစားကမန်းကတန်းလဲလိုက်ပြီး သူ့အသွင်ကို ဖျက်လိုက်၏။ ပြီးသည်နှင့် မိုတယ်ထဲမှ ခပ်သွက်သွက်ထွက်လာခဲ့၏။

လမ်းပေါ်တွင် အမှောင်ထုက ပြိုလဲပေါက်ကွဲနေဆဲ . . ။ ကားလမ်းမကြီးပေါ်တွင် ကားတစ်စီး နှစ်စီးခန့်သာ တွေ့ရ၏။ သူသည် မိုတယ်တဘက်သို့ ကူးလိုက်ပြီး ပလက်ဖောင်းအတိုင်း လျှောက်လာခဲ့၏။ ညပိုင်းဖွင့်ထားသည့် ကဖီဆိုင်၊ ဘီယာဆိုင်များမှ မီးတွေထိန်လင်းနေပြီး လူတွေအုံးထနေ၏။

တစ်ဆိုင်ပြီး တစ်ဆိုင်ဖြတ်ကျော်လာခဲ့ရာ ကဖီးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ဆိုင်အရောက် အထဲတွင်ဝင်၍ ထိုင်လိုက်၏။

လူကျိုကျိုကျဲကျဲမှာ တောင့်တစ်နေတွင် ခပ်ကုတ်ကုတ် ထိုင်ရင်း အခြေအနေကို စူးစမ်းလိုက်၏။ ထိုအချိန်အတွင်း ဆိုင်ထဲသို့ စဝ်ရန်နိုင်နှင့် မွေးကြီးတို့နှစ်ဦး ဝင်လာ၏။ လင်းနေမင်းမှာ စဝ်ရန်နိုင်တို့ကို မသိ။

သို့သော် မွေးကြီးနှင့် စဝ်ရန်နိုင်မှာ သူနှင့်မါးလွယ်ခုတ် စားပွဲတွက်ထိုင်၍ ကဖီးမှာသောက်ရာမှ မွေးကြီးက လင်းနေမင်းကို ရိပ်မိသွား၏။

" ဟင် . . ဟိုလူ "

" ဘာလဲ မွေးကြီး "

" ဟို . . ငါ ဒီလူကို မြင် မြင်ဘူးသလိုပဲကွ "

" ဘယ်သူလဲ "

" ဟိုလူလေ "

မွေးကြီးက မေးငေါ့ပြလိုက်သဖြင့် စဝ်ရန်နိုင် မသိမသာ လှည့်ကြည့်လိုက်၏။ ခပ်သွယ်သွယ် ခန္ဓာကိုယ်ရှိသော လူတစ်ယောက်၊ အသွင်အပြင် ပုံဖျက်ထားပုံရ၏။ အမူအရာထ အေးတိအေးစက် နိုင်သော်လည်း မျက်လုံးအစုံက တစ်ခုခုကို စိုးရိမ်နေပုံရ၏။

စဝ်ရန်နိုင် ထိုသူကိုကြည့်ရင်း စိတ်ထဲတွင် တစ်စုံတစ်ရာကို သတိရလာ၏။

" ဟာ . . ဟုတ်ပြီ . . ဒီလူဟာ လင်းနေမင်းဖြစ်ရမယ်"

" ဟင် . . အဲ . . ဟုတ်ပ "





" သေချာတယ် မွေးကြီး . . ဒီလူတစ်ခုခုကို ကြောက်ရွံ့နေတဲ့ပုံပဲဗျ "

" ဟင် . . ဘယ်လို လုပ်ကြမလဲ "

" နေဦးဗျ "

စဝ်ရန်နိုင်သည် ထိုင်ရာမှထကာ ကောင်တာဘက်ဆီ လျှောက်သလိုလိုနှင့် လင်းနေမင်းထိုင် နေသည့်စားပွဲနားအရောက်တွင် ခြေစုံရပ်၍ ပြောလိုက်၏။

" ထိုင်မယ်နော် "

" ဟုတ် . . ဟုတ်ကဲ့ "

လင်းနေမင်းသည် သူ့ကိုထိတ်ထိတ်လန့်လန့်ကြည့်ရင်း ^င်းညိတ်လိုက်၏။ စဝ်ရန်နိုင်သည် ကာဖီတစ်ခွက်လှမ်းမှာရင်း အိတ်ထဲမှ မာဘိုရိုဘူးကိုထုတ်ခါ လင်းနေမင်းထံ လှမ်းပေးလိုက်၏။

" ညီလေး သောက်ပါဦးကွ "

" အော် . . ကျေးဇူးပဲ "

" ယူလေကွာ "

" ဟုတ် . . ဟုတ်ကဲ့ "

လင်းနေမင်းသည် အယောင်ယောင်အမှားမှားနှင့် စဝ်ရန်နိုင်ထံမှ စီးကရက်ဘူးကိုယူကာ စီးကရက်တစ်လိပ်ယူ၍ မီးညှိဖွာရှိုက်လိုက်၏။ စဝ်ရန်နိုင်သည် ကာဖီတစ်တစ်ငုံ မော့သောက်ရင်း လင်းနေမင်းကိုကြည့်၍ လေသံတိုးတိုးနှင့် မေးလိုက်၏။

" ညီလေးက ဦးဗလအောင်ရဲ့သား လင်းနေမင်း



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လားကွ ”

“ ဗျာ ”

သူ့စကားကြောင့် လင်းနေမင်းမျက်လုံး အပြူးသား ဖြစ်သွား၏။ ထိုစဉ် စဝ်ရန်နိုင်က စကားကိုဖြောင့်ပြလိုက်၏။

“ မစိုးရိပ်ပါနဲ့ ညီလေး . . အစ်ကိုတို့က ထောက်လှမ်းရေး အဖွဲ့က အေးဂျင့် စဝ်ရန်နိုင်ပါ ”

“ အော် . . ဟုတ် . . ဟုတ်ကဲ့ ”

လင်းနေမင်းမှာ ထောက်လှမ်းရေးအဖွဲ့ဆိုသည့် စကားကြောင့် ဝမ်းသာအားရ ဖြစ်သွား၏။ ယခုအချိန်တွင် သူဘဝက တွယ်ရာမဲ့နေသလို ခံစားနေရချိန်တွင် အားကိုးတစ်ရပ် အနေနှင့် ယုံကြည်မိသွား၏။

“ ဝမ်းသာလိုက်တာ အစ်ကိုရယ် . . ကျွန်တော်အကြီး အကျယ် ဒုက္ခတွေတွေ့နေရတယ် အစ်ကို . . ဒါကြောင့် ပြေးစရာ မြေမရှိတဲ့ ဘဝနဲ့ ရင်ဆိုင်နေရတဲ့ အချိန်ပါအစ်ကို ခုလိုအချိန်မှာ အစ်ကိုနဲ့ကြုံရတာ ဘုရားမတာပဲလို့ထင်တယ် ”

“ အော် . . ကိုယ်လဲ . . မောင်ရင်အမှုအရာကို ရိပ်မိနေပါတယ် . . ဒါကြောင့်လည်း . . တွေ့တွေ့ချင် . . မေးမြန်းမိတာပေါ့ ”

“ ဟာ . . ဝမ်းသာလိုက်တာ အစ်ကိုရာ . . ဒါထက် အစ်ကို ကျွန်တော့်ကို ဘယ်လိုသိနေတာလဲ ဟင် ”

“ အော် . . ဒါလား . . အဲဒါကတော့ တခြားမဟုတ်ဘူး မင်း ‘ ကေရီ ’ ဆိုတဲ့ ကောင်မလေးကိုသိလား ”





“ ဗျာ ”

စဝ်ရန်နိုင်၏ စကားကြောင့် လင်းနေမင်း ဖြုံသွား၏။ ကေရီကိုပင် သိနေသည်မို့ ပို၍ပို၍ ယုံကြည်သွား၏။

“ အော် . . အစ်ကို ကေရီကို သိနေပြီကိုး ”

“ ဟုတ်တယ် . . လင်းနေမင်း မင်းနဲ့ ကေရီတို့ ပန်းခြံထဲ မှာ ချိန်းပြီး စကားပြောတာကအစ တို့သိနေတယ် . . အဲဒီတုန်းက ကားတစ်စီး ဝင်အနှောင့်အယှက် ပေးလာတာနဲ့ အခြေအနေ အရှုတ်ဘယက် ဖြစ်သွားတယ်လေ . . ”

“ ဟုတ်လား . . ဒါဆိုအတော်ပဲ အစ်ကိုရာ . . ကျွန်တော် ကေရီကတဆင့် ဦးပြေကျော်ထွန်းနဲ့ ဆက်သွယ်ဖို့ကြိုးစားတာပါ အစ်ကို . . အဲဒါ သူဆီအသွားမှာ ကျွန်တော်ကို လူတစ်စုက နောက်ရောင်ခံလိုက်ပြီး ဒုက္ခတွေပေးနေတယ် အစ်ကိုရာ . . ခုလဲ ကျွန်တော်နဲ့ ပါလာတဲ့ ကိုထွန်းချိုဆိုတဲ့လူ သေမျှားသေမလား မသိဘူး”

“ ဟင် . . ဘာတွေ ဖြစ်ခဲ့လို့လဲကွ ”

“ ဒီလို အစ်ကို ”

လင်းနေမင်းသည် သူကြုံခဲ့ရသည့်ကိစ္စ အချို့ကို ရင်တ ထုပ်လှုပ်နှင့် ပြန်ပြောပြလိုက်၏။ စဝ်ရန်နိုင်မှာ လင်းနေမင်း၏ စကားတွေကို နားထောင်ရင်း စိတ်ထဲတွင် အတော်ကလေး စိုးထွေးလှသည့် အခြေအနေတစ်ရပ်ဆိုသည်ကို တွက်မိလာ၏။ လင်းနေမင်းပြောနေရင်း ပြောနေရင်းက မျက်လုံးပြူးမျက်ဆံပြူး ဖြစ်လေ၏။ စကားဆုံးသွားသောအခါ သက်ပြင်းမောကို ငွေ့ငွေ့ကို



www.burmeseclassic.com

www.burmeseclassic.com

မှတ်ထုတ်ရင်း စားပွဲပေါ်မှ ကာဖီတစ်ငုံ မော့သောက်လိုက်၏။

" အင်း .. မောင်ရင့်အဖြစ်က တော်တော် ခေါင်းစားစရာ အဖြစ်ပဲ "

" အဟုတ်ပဲ .. အစ်ကိုရယ် .. ခုဥစ္စာ ဖေဖေ့ကို ရှာမတွေ့ ဆက်သွယ်လို့ကလဲမရ .. ပြီးတော့ ကျွန်တော့်ကို ဖမ်းတဲ့လူတွေကလဲ ဘယ်အဖွဲ့ကမှန်း မသိနဲ့ ဖြစ်နေရတယ် အစ်ကို"

" အင်း .. ဒါဆို မောင်ရင့် ဖခင်ကြီး ကုမ္ပဏီဖျက်သိမ်း သွားတာပြောင်းရွှေ့သွားတာကို ဘာတစ်ခုမှ မသိသေးဘူးပေါ့ "

" ဟုတ်တယ် အစ်ကို ကျွန်တော်ဘာမှ မသိလိုက်ရဘူး အဲဒီ အချိန်မှာ ကျွန်တော်ဟာ လူတစ်စုရဲ့လက်ထဲမှာ ဒုက္ခရောက် နေရတယ်လေ .. ကိုယ့်ကိုကိုယ် သေလူပဲလို့တောင် မှတ်ထား ရတာ"

" အော် .. ဒါဆို ဒီကစ္စနဲ့ပတ်သက်ပြီး မောင်ရင် ဘယ်လိုမြင်သလဲကွ "

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် မွေးကြီးပါရောက်ရှိလာ သဖြင့် စဝ်ရန်နိုင်သည် လင်းနေမင်းကို မွေးကြီးနှင့်မိတ်ဆက် ပေးလိုက်၏။

" ရဲရဲသာပြောပါ လင်းနေမင်း .. သူက ကိုယ်တို့အဖွဲ့ဝင် တစ်ဦးပါ .."

" ဟုတ် .. ဟုတ်ကဲ့ အဲဒါ ကျွန်တော်အမြင်ပြောရရင် ဖေဖေဟာ .. တစ်ခုခု ဖြစ်နေပြီထင်တယ်တာပဲ အစ်ကို "





" ဘာဖြစ်လို့လဲကွ "

" အင်း .. ကျွန်တော် ဘယ်သူမှ ဖွင့်မပြောဘူးလို့ ဆုံးဖြတ်ထားတဲ့ ကိစ္စရှိတယ် .. အစ်ကို ဒါပေမယ့် "

" ဟာ .. ခုလို ချောက်ချားစရာကောင်းလှတဲ့ ကိစ္စနဲ့ ကြုံလာတဲ့အခါမှာ အစ်ကိုတို့ ဥပဒေအဖွဲ့သားတွေ ရှိပါတယ်။ လင်းနေမင်း ယုံယုံကြည်ကြည်နဲ့ ပြောပါ .. ဖြစ်နိုင်တဲ့နည်းနဲ့ ကူညီဖို့အဆင့်သင့်ပဲဆိုတာ ယုံစေချင်တယ် .. ပြီးတော့ လျှို့ဝှက်သင့်တဲ့ ကိစ္စကို မလျှို့ဝှက်နဲ့ ပွင့်ပွင့်လင်းလင်းသာ ပြောပေတော့ "

" ဟုတ် .. ဟုတ်ကဲ့ အစ်ကို .. ကျွန်တော်ပြောချင်တာ ကိုထွန်းချိုဆိုတဲ့ လူတစ်ယောက်အကြောင်းပဲ "

" အော် .. မောင်ရင်နဲ့အတူတူ ပြေးလွှားနေခဲ့ရတဲ့ သူလား"

" ဟုတ်တယ် .. အကို သူဟာ အခုအချိန်မှာ သေများသေသွားပြီးလာတောင် မသိတော့ဘူး .. တကယ် ဒီပြဿနာတွေရဲ့ အရင်းခံဟာ ဝိုက်ရှပ်စ်ဆိုသည့် ကုမ္ပဏီပိုင် သင်္ဘောကြီးက စခဲ့တာပဲလို့ ကျွန်တော်ထင်တယ် အစ်ကို "

" အော် .. ဝိုက်ရှပ်စ် ... ဟုတ်လား "

" ဟုတ်တယ်အစ်ကို .. ကိုထွန်းချိုက အဲဒီသင်္ဘောကြီး ပေါ်က ချိစ်ကုတ်လေ၊ သူက သည်ဝေါလ်စတား ကုမ္ပဏီ နှစ်ပတ်လည် အခမ်းအနား ကျင်းပချိန်မှာ တစ်ချိန်လုံး ရှိနေတယ်လေ "



www.burmeseclassic.com

www.burmeseclassic.com



" အော် . . ဟုတ်လား "

" ဟုတ်တယ် အစ်ကို . . အဲဒီလို ရှိနေချိန်မှာပဲ ဖေဖေ့ အစည်းအဝေးကျင်းပနေတဲ့ မြင်ကွင်းကို ချိစ်ကွတ်အခန်းမှ ဆင်ထားတဲ့ တီဗွီကနေ မြင်နေရတယ်လေ "

" ဟုတ်လား . . ဒါဆို အဲဒီပြဿနာ "

" ဟုတ်တယ် အစ်ကို . . သူဟာဖေဖေတို့အဖွဲ့ ဖရိုဖရဲ ဖြစ်ကုန်တာတွေ သေနတ်တွေနဲ့ ပစ်ခတ်သတ်ဖြတ်တာတွေ အကုန်လုံး သူသိနေတယ် "

" အော် "

" ဟုတ်ကဲ့ . . အဲဒီလို ပြဿနာပေါင်းစုံကို စပြီးဖန်တီး လိုက်တာကတော့ . . ကျွန်တော်ဖေဖေ့ ဦးဗလအောင်ပဲ အစ်ကို"

" ဟေ . . မင်းရဲ့ဖေဖေ ဟုတ်လား . . မယုံနိုင်စရာ ပါလား"

" ဟုတ်တယ် အစ်ကို ကျွန်တော်လဲ လုံးဝအယုံအကြည် မရှိခဲ့လို့ ကိုထွန်းချို့ရဲ့စကားတွေကို ခါးခါးသီးသီး ငြင်းဆန်ခဲ့တယ် အစ်ကို . . ဒါပေမယ့် သူက ဟော့ဒီ စီဒီဒစ်ကလေးကိုထုတ်ပြီး သက်သေအထောက်ထားနဲ့ ပြောဆိုလာတယ်လေ"

" အော် "

လင်းနေမင်းက သူလျှို့ဝှက်စွာ သိမ်းဆည်းထားသော စီဒီဒစ်ကို ထုတ်၍ စဝ်ရန်နိုင်အား လှမ်းပေးလိုက်၏။ ထို့နောက် လေသံခပ်တိုးတိုးနှင့် ပြောပြလိုက်၏။

" ကျွန်တော်လဲ . . လုံးလုံးမယုံခဲ့ဘူး အစ်ကို၊ ဒါပေမယ့် ဒီအခွေကို ဖွင့်ကြည့်တော့ ဖေဖေ တကယ်လုပ်ခဲ့ပါလားဆိုတာ သိလိုက်ရတယ်။ အဲဒီလို ပြဿနာတွေ ပေါ်ပေါက်ပြီးတဲ့နောက်မှာ အဖေဟာ ကုမ္ပဏီလဲ ဖျက်သိမ်းသွားတယ် . . ပြီးတော့ မြို့ကလည်း ချက်ချင်းပဲ ပြောင်းရွှေ့သွားတယ်လေ . . . "

" အော် . . ဒီလို ကို ဒါဆို မောင်ရင့် အဖေဟာ သည်ဝေါလ်စတား ကုမ္ပဏီကြီးကို ဖျက်သိမ်းလိုက်ရသလို ဝိုက်ရှပ်စ် သဘော်ကြီးကိုလည်း ဖောက်ခွဲဖို့ ညွှန်ကြားခဲ့တယ်ထင်တယ် . . "

" ခုချိန်မှာတော့ အဲဒီလိုပဲ ပြောရမှာပေါ့လေ . . ဒါပေမယ့် ကျွန်တော်စိတ်ထဲ . . မတင်မကျ ဖြစ်နေတာရှိတယ် အစ်ကို "

" ဘာလဲ လင်းနေမင်း ပြောမယ့်ကိစ္စ . . ပြောသာပြော"

" ဒီလိုအစ်ကို . . ကျွန်တော်အဖေရဲ့ လူယုံတော် တိုမောက်ကြီး . . ဘာကြောင့်ပျောက်ဆုံးနေရသလဲ . . ပြီးတော့ ဖေဖေနဲ့ ကျွန်တော်က လွှန်ခဲ့တဲ့ရက်ပိုင်းက ' မြချမ်းဝေ သင်္ချိုင်း ကြီးမှာ ဆုံနေကြ အစ်ကို "

" ဘာကိစ္စလဲကွ "

" အဲဒီမှာဆုံတာ တခြားမဟုတ်ဘူး အစ်ကို . . မေမေ ဆုံးသွားတဲ့ ရက်ပိုင်း လပိုင်းဆို ကျွန်တော်တို့သားအဖ ဘယ် ရောက်နေနေ . . မေမေအုတ်ဂူမှာ ဆုံကြတယ် . . ဆုတွေ တောင်းကြတယ်လေ . . . ပြီးတော့ ဂူကိုလဲ ပြုပြင်သန့်ရှင်း ကြတယ်ပေါ့ အစ်ကို "

" အော် "

" ဟုတ်တယ် အစ်ကို . . ဒါပေမယ့် . . ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

ဆုံရမယ်နေ့မှာ ဖေဖေရောက်မလာခဲ့ဘူး "

" ဟင် "

" အဲဒီအချက်က ဒုတိယအချက်ပဲ အစ်ကို ပြီးတော့ ကျွန်တော်ကို ဘာကြောင့်လိုက်ပြီး လုပ်ကြံနှုတ်ပိတ်နေရသလဲ .. ဒီအချက်သုံးချက်ဟာ ဖေဖေပြဿနာ လမ်းကြောင်းထဲမှာ ဆန့်ကျင်ဘက် အကြောင်းအရာတွေလို့ ထင်တယ်အစ်ကို "

" အင်း .. မင်း တွက်ချက်မှုဟာ မှန်ပါတယ်ကွာ .. ပြီးတော့ မင်း ရှေ့နေကြီး ဦးမိုးဘကျော်ကို သိသလား "

" ဟာ .. သိတာပေါ့ အစ်ကိုရယ် .. သူကိုယ် လုပ်ကြံသွားကြတယ် မဟုတ်လား၊ အဲဒီတုန်းက သူတို့ ကျွန်တော်တို့ ဖမ်းသွားကြပြီး ဦးမိုးဘကျော်ကို ကျွန်တော်ခေါ်သလိုနဲ့ မရရအောင် စီစဉ်ခဲ့ကြတယ်လေ.. "

" ဟုတ်လား .. ဒါဆို ဦးမိုးဘကျော်ကိစ္စ မောင်ရင် ရှိနေတယ်ပေါ့ "

" ရှိတာပေါ့ .. အစ်ကိုရယ် .. သူတို့ဟာ ဦးမိုးဘကျော်ကို တစ်ဘက်လှည့်ခေါ်ထုတ်ပြီး စာချုပ်စာတမ်းတွေရအောင် ယူတယ်လေ .. ရလဲရရာ ဦးမိုးဘကျော်ကို သူတို့သတ်ပစ် လိုက်ကြတယ် "

" ဘယ်သူတွေလဲ .. မောင်ရင် မှတ်မိလား "

" ဟာ .. မှတ်မိတာပေါ့ အစ်ကိုရယ် .. သူ့နာမည် စောဗညားတဲ့ .. ဘယ်ကမှန်းတော့ မသိဘူး .. သူ့ကိုသူ့ ဒုစရိုက်ဘုရင်လိုတော့ ပြောတာပဲ .. အစ်ကို "





" စောဗညား .. ဟုတ်လား "

" ဟုတ်တယ် အစ်ကို "

လင်းနေမင်းထံမှ ကြားလိုက်ရသော အသံကြောင့် စဝ်ရန်နိုင်စိတ်ထဲတွင် တစ်မျိုးတစ်မည် ဖြစ်သွား၏။ ထိုနာမည်ကို ကြားဘူးနေသလိုပင်၊ မွေးကြီးမှာ စောဗညားနာမည်ကို အတွတ်တွတ်ရွတ်ရင်း ပြန်စဉ်းစားနေ၏။

ထိုစဉ် စဝ်ရန်နိုင်သည် လက်ဖျောက်တစ်ချက် တီး၍ ပြောလိုက်၏။

" ဟာ .. သိပြီ "

" ဘာလဲ .. စဝ်ရဲ့ .. ငါတော့ မမှတ်မိတော့ဘူး "

" သိပါပြီဗျာ .. ဒီကောင်ဟာ မန္တလေးဘက်မှာ ခြေကုတ်ယူထားတဲ့ ဒုစရိုက်သမားပဲ .. အင်အားများတယ်.. အမှုတွေအများကြီးမှာ သူ့လက်ရာခြေရာတွေ ရှိနေတယ် "

" အော် .. မင်း စိုင်းနွတ်နဲ့ သွားတဲ့ကိစ္စလား "

" ဟုတ်တယ် .. မွေးကြီး အဲဒီတုန်းက ဆန်းဂရိတ်ဘက် ဓါးပြတိုက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး .. သွားခဲ့တာလေ .. "

" ပုဂ္ဂလိကဘဏ် .. မဟုတ်လား "

" ဟုတ်တယ် .. အဲဒီတုန်းက ကျွန်တော် မန္တလေးမှ သုံးလလောက် ကြာသွားတယ်လေ .. စိုင်းနွတ်လဲ .. ကြွက် တစ်ကောင်လို တစ်မြို့လုံး မွှေတာပဲ .. ကျွန်တော်လဲ ပုံစံအမျိုး နှင့် ခြေရာကောက်လိုက်ခဲ့တဲ့ အခါမှာ စောဗညားဟာ အကယ့် အဓိပတိ ဖြစ်နေတယ်လေ .. ဒါပေမယ့် သူ့ကို ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com

ပုံဖော်မရခဲ့ဘူး ..ပြီးတော့ သူဟာ သူ့ဘေးမှာ ပုံတူ ..ပုံပွား တွေထားတယ် ..”

“ ဟင် ..ဘယ်လိုလဲကွ ”

“ အော် ..ဒီလိုဗျ .. သူ့ဘေးမှာ သူပုံစံနဲ့တစ်ထေရာ တည်းတူတဲ့ လူလေးယောက်ကို ဆာဂျာရီလုပ်ပြီး မွေးထားတာ ဒါကြောင့် ကျွန်တော်အတော့်ကို ဖမ်းရခက်ခဲ့တယ်လေ ..”

“ အံ့သြစရာပဲကွာ ”

မွေးကြီးမှာ စဝ်ရန်နိုင်စကားကြောင့် ခေါင်းစားနေ၏။

“ ဒါဆို ..ဖမ်းဖို့မလွယ်ဘူးပေါ့ ”

“ မလွယ်ဘူး ..မွေးကြီး ကျွန်တော်အပင်ပန်းခံပြီး လိုက်ခဲ့တာ အချိန်ကုန် လူပန်းပဲ ..နောက်ဆုံး တောင်ပင်လယ် ဘက်မှာ အပိုင်းကျုံးသွင်းပြီး ဖမ်းခဲ့တယ်လေ .. ပြောရရင် စောဗညားက ကွတ္တိယ ..မုဆိုးဗျ ..”

“ အော် ”

“ ဒါကြောင့် ကျွန်တော်အဖွဲ့က ဒုရဲအုပ် လက်လက် လင်းသူကို ကြေးစားမယ်ယောင်ဆောင်ပြီး ..စောဗညားကို ထောင်ခဲ့တယ်”

“ ဘယ်လိုလဲ ”

“ ဝင်လာတာတော့ အမှန်ပဲ ..အပိုင်ဝိုင်းဖမ်းတာ မိလဲမိတယ် ..ဒါပေမယ့် ”

“ ဘာ ဒါပေမယ့်လဲကွ ..”

“ ဘာဖြစ်ရမှာလဲ မွေးကြီးရာ ..သေသေချာချာ





စစ်ဆေးကြည့်တော့မှာ ..စောဗညား မဟုတ်ဘူး၊ စောဗညား ပုံပွား နံပါတ်သုံးတဲ့ဗျ ”

“ ဟော့ ..ဒါဆို မမိဘူးပေါ့ ..”

“ လူတွေအားလုံးကတော့ စောဗညားမိလို့ ပျော်လို့ ရွှင်လို့ ပေါ့ဗျာ ..ကျွန်တော်လဲ ပထမအတော်လေး ဝမ်းသာအားရ ဖြစ်ခဲ့ ရတယ်။ ဒါပေမယ့် မဟုတ်မှန်လဲသိရော ..တော်တော်ကြီးကို ခံစားလိုက်ရတာဗျာ ..အဲဒါ အဲဒီကောင်ကို မေးကြည့်တော့ ပုံပွားလေးယောက် ရှိတယ်ဆိုတာ သိလိုက်ရတယ်.. ပြီးတော့ စောဗညားကို သူတို့ကိုယ်တိုင်လည်း အပီအပြင် မသိဘူးလေ.. ဒီလိုနဲ့ ဆက်လိုက်တော့ စောဗညားဟာ မန္တလေးဘက်ကနေ ရှမ်းပြည်ဘက် ထွက်သွားသလိုလို မြေပြန့်ဆင်းသွားသလိုလို သတင်းပဲရခဲ့တယ်ဗျ ..ပြောရရင် တစ်ပတ်ရိုက်ခံလိုက်ရတယ် ပေါ့ဗျာ ..အဲဒီတုန်းက ဆန်းဂရိတ်ဘဏ်ရဲ့ လျှို့ဝှက်သံသေတ္တာ တံခါးကို မိုင်းခွဲဖောက်ထုတ်ပြီး ယူအက်စ်ဒေါ်လာ နှစ်သိန်းခွဲကျော် ပါသွားတယ်လေ ..”

“ ဟာ ..များလှချည်းလား ”

“ အေးဗျ ..အဲဒီ့ကိစ္စ ..တော်တော့ကို ခေါင်းခဲနေတာ ဗျာ ..ခုတော့ ဒီလူဒီဘက်ကို ရောက်နေပြီကိုး ”

“ ဟင် ..ဒီလိုဆို ..လွယ်ပါ့မလား ..အစ်ကိုရယ် ”

“ ဟင်း ..မရရအောင်တော့ ဖမ်းရမှာပေါ့ကွာ .. ဒါပေမယ့် ပြဿနာအားလုံးရဲ့ အခြေခံဟာ မောင်ရင့်ဖခင်ကြီး ဆီမှာ စုရပ်ဖြစ်နေသလိုပဲ ”



www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်တယ် အစ်ကို . . ဖေဖေ့ကြောင့် ကျွန်တော်လဲ ဘယ်သူ့မှ ဖွင့်မပြောရဲတာပေါ့ . . ဒါပေမယ့် ကျွန်တော်စော စောတ ပြောခဲ့တဲ့ အချက်တွေကို အစ်ကိုစဉ်းစား ကြည့်ပါဦး "

" အေးကွာ . . စဉ်းစားတော့ စဉ်းစားစရာပဲကွ . . "

" ဟုတ်တယ် အစ်ကို . . တကယ်တမ်း ဖေဖေဟာ ဒီကိစ္စကို ဦးဆောင်ခဲ့တယ်ဆိုရင် ကျွန်တော့်ကို ဘယ်လိုမှနှောင့်ယှက် စရာမလိုဘူးလို့ ထင်တယ်အစ်ကိုရာ "

" အေး . . အဲဒီအချက်ဟာ ပွိုင့်ပဲ . . လင်းနေမင်း . . မင်းသံသယဖြစ်သလို ငါလဲ သံသယဖြစ်နေတယ်ကွ . . ဒီတော့ ငါတို့နဲ့ မင်း ပူးပေါင်းမှဖြစ်မယ် "

" စိတ်ချပါ အစ်ကို . . ကျွန်တော် . . အစ်ကိုတို့နှင့် လက်တွဲပါ့မယ် . . တကယ်တော့ အစ်ကိုထွန်းချိုကို ကျွန်တော် သနားတယ်ဗျာ . . သူ့သမီးလေးခက်ခက်လဲ . . လူဆိုးတွေနောက် ပါသွားတာမို့ ကျွန်တော်ဘယ်လို ရှာရမှန်းသမိဘူး . . "

" အင်း . . လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး . . ကဲ အဲဒါတွေ ထားပါတော့ကွာ . . ခု မင်းဒီကို ရောက်လာတာ ဘာလုပ်ဖို့လဲ "

" ဟို . . ကျွန်တော် ဦးပြည်ကျော်ထွန်းနဲ့ တွေ့ချင်လို့ပါ အစ်ကို . . ပြောရရင် သူ့ဆီသွားလို့ ခုလိုဖြစ်ခဲ့ရပေမယ့် ကျွန် တော်သူ့နဲ့ တွေ့ချင်တယ် . . သူနဲ့တွေ့ရင် ပြဿနာ ရှင်း သွားလိမ့်မယ် ထင်လို့ပါအစ်ကို . . "

"အင်း . . ဒီလူဟာ . . ငါတို့စောင့်ကြည့်ရမယ့် စာရင်း ထဲမှာ ပါတယ်ကွ . . "





" ဟင် . . ဟုတ်လား "

" အေး . . ဒါဆို မင်း ငါတို့ကားနဲ့ လိုက်ခဲ့ အဲဒီလူနေတဲ့ နေရာနဲ့ နီးတဲ့နေရာမှ ချပေးခဲ့မယ်။ တစ်ခုရှိတာ မင်း ငါတို့နဲ့ အဆက်အသွယ် မပြတ်ဖို့လိုတယ်ကွ . . "

" ဟုတ်တယ် အစ်ကို "

" ဒီလိုလုပ်ကွာ . . ငါ့ဆဲလ်ဖုန်းနံပတ်ကို ယူထားလိုက် ကွာ"

" ဟုတ်ကဲ့ အစ်ကို . . ကျေးဇူးပဲ အစ်ကိုရာ . . ခုလို အစ်ကိုတို့နဲ့ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ . . အမှန်တော့ ကျွန်တော့ဘဝက ကြီးလန့်စာစားဘဝပါ အစ်ကို . . ခုတောင် ကျွန်တော်ပုံစံ ဖျက်ပြီးထွက်ခဲ့ရတာ . . ဒါပေမယ့် အစ်ကိုတို့ မှတ်မိတာ အံ့သြတယ်ဗျာ . . "

" ဒါအတွေ့အကြုံပဲ . . လင်းနေမင်း လူတစ်ယောက်ဟာ ဘယ်လို ပုံသဏ္ဌာန်တွေပဲ . . ပြောင်းထားပြောင်းထား သူ့မျက်လုံး တာညာလို့မရဘူးကွ . . မျက်လုံးကိုကြည့်လိုက်တာနဲ့ ဒီလူ . . ဘယ်သူဆိုတာ ခန့်မှန်းပြောဆိုနိုင်တယ်ကွ . . အဲဒါဒို့အဖွဲ့ရဲ့ အရည်အချင်းတွေပဲ . . ကဲ . . ထားပါတော့ကွာ . . အချိန်လည်း မရှိတော့ဘူးသွားစို့ "

" ဟုတ်ကဲ့ အစ်ကို "

" တစ်ခုတော့ရှိတယ် . . လင်းနေမင်း "

" ပြောပါ အစ်ကို "

" ဦးပြေကျော်ထွန်းကို ငါတို့စောင့်ကြည့်ခဲ့တဲ့ စာရင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ် . . ဒီတော့ . . သူလန့်ဖြန့်သွားမယ့် ကိစ္စကိုတက်နိုင်ရင် ဘာတစ်ခွန်းမှ မကျွံမိစေနဲ့ . . "

" စိတ်ချပါ အစ်ကို ကျွန်တော်သတိထားပါမယ် "

" အေး . . အဲဒီလူရဲ့ နောက်ကြောင်း ရာဇဝင်တို့ ရုံးချုပ်က ငါတို့တောင်းထားတယ်ကွ . . မကြာခင် သိရတော့မှာပဲ . . သွားစို့ကွာ . . "

ပြောပြောဆိုဆို ကဖီးဆိုင်ထဲမှ ထွက်ခဲ့ကြပြီး အမှောင်ရိပ်တွင် ရပ်ထားသော လင့်ကရှုဇာပေါ် တက်လိုက်ကြ၏။ ထိုအချိန်တွင်း လမ်းတဘက်ရှိ ပိတောက်ပင်ကြီးတစ်ပင်နောက်မှ လူတစ်ဦးထွက်လာ၏။ သူသည် စဝ်ရန်နိုင်တို့ကားကိုကြည့်ရင်း အိတ်ထဲမှ ဆဲလ်ဖုန်းကိုထုတ်၍ တိုးတိုးတိတ်တိတ် ပြောဆိုနေလေ၏။



အခန်း (၁၂)

စဝ်ရန်နိုင်တို့ကားသည် ဇီဇဝါမြိုင်ထဲသို့ တဝေါဝေါနှင့် မောင်းဝင်ခဲ့ရာ ဦးပြေကျော်ထွန်းခြံကြီးနှင့် ခပ်လှမ်းလှမ်း အရောက်တွင် ထိုးရပ်လိုက်၏။

" ကဲ . . ဆင်းပေတော့ . . လင်းနေမင်း အရေးကြီးတာ သတိပဲ . . သတိကိုတော့ မြဲနေရစေ . . "

" ဟုတ်ကဲ့ . . အစ်ကို "

လင်းနေမင်းသည် ကားပေါ်မှဆင်းသည်နှင့် ဦးပြေကျော်ထွန်း နေထိုင်သည့် ခြံထဲသို့ ခပ်သွက်သွက် ဝင်လာခဲ့လေ၏။ သူ့အိမ်ကြီး၏ဆင်ဝင်အောက်အရောက်တွင် ကားတစ်စီး


www.burmeseclassic.com

www.burmeseclassic.com

ရပ်ထားသည်ကို တွေ့လိုက်ရပြီး .. ကားပေါ်တွင် အမျိုးသမီး တစ်ဦးထိုင်နေသည်ကို တွေ့လိုက်ရ၏။

ထိုစဉ် တံခါးမကြီးပွင့်ကာ ပါဝါထူမျက်မှန်နှင့် လူတစ်ဦး ဆင်းလာ၏။ သူ့ကိုမြင်သည်နှင့် အံ့သြသွား၏။

" အော် .. ကိုလင်းနေမင်းပါလား "

" ဟင် .. အစ်ကိုက ဘယ်သူလဲ .. ဟို ဦးပြေထွန်းကျော် ဆိုတာများလား "

" ဟုတ်ပါကွာ "

" ဟင် "

" ထွက်ခဲ့ပါဦး .. ကေရီရေ .. ဒီမှာ ဘယ်သူလဲလို့ ကြည့်ပါဦး "

" ဗျာ "

ဦးပြေထွန်းကျော်၏ အသံကြောင့် ကားထဲမှ အမျိုးသမီး တစ်ဦးထွက်လာ၏။ ရုတ်တရက်မို့ လင်းနေမင်းပါးစပ် အဟောင်း သားဖြစ်၏။

" ဟာ .. ကိုလင်း "

" ဟင် .. ကေရီ "

" ဘယ်လျှောက်သွားနေတာလဲ .. ကိုလင်းရယ် .. ကေရီဖြင့် စိတ်ပူလိုက်ရတာ "

" အော် .. ကျွန်တော် အခက်အခဲ တစ်ခုနဲ့ကြုံနေလို့ပါ ခုလဲ .. ဒီအစ်ကို ဆီလာပြီး .. မေးနေတာလေ "

" ဟင် .. ဟုတ်လား "





" ဟုတ်ပါ .. ကိုလင်းနေမင်း ကဲ .. လာကြလာကြ "

ပြေကျော်ထွန်းက သူတို့ကို အိမ်ကြီးပေါ်သို့ ခေါ်လိုက်၏။ ကေရီသည် လင်းနေမင်း လက်မောင်းအတွင်းတွယ်ကာ ချိတ်ခါနှင့် စိုးရိမ်တကြီးစကား ဆိုလာ၏။

" ကိုလင်းရယ် .. နောက်ဆို ကေရီမသိဘဲ လျှောက် မသွားပါနဲ့ .. ကေရီ အရမ်းစိတ်ပူတယ် .. သိလား "

.........

ကေရီ အမူအရာကြောင့် လင်းနေမင်းမှာစိတ်ထဲ မတင်မကျ ဖြစ်သွား၏။ ယခုလို အပြုအမူမျိုး ကေရီတစ်ခါမှ မပြုမူဘူးခဲ့ ..၊ ထို့ပြင် ကေရီအကြည့်တွေကို သတိထား ကြည့်မိသောအခါ စိတ်ထဲတွင် ထူးထူးဆန်းဆန်း ဖြစ်နေ၏။ သို့သော် သူ့လှုပ်ရှားနေသောစိတ်ကြောင့် ဖြစ်လိမ့်မည်ဟုတွေးကာ ဖျောက်ဖျက်ပစ်လိုက်ရင်း အခန်းထဲတွင်ဝင်၍ ထိုင်လိုက်၏။

ပြည်ကျော်ထွန်းမှာ ဦးဟုတပ်ခေါ်နေရသော်လည်း အရွယ်မှာ သုံးဆယ်ကျော်ကျော်သာ ရှိပုံရ၏။ စကားပြော ဆိုရာတွင် သွက်လက်ချက်ချာပြီး တစ်ခါတရံ အမူအရာတွေက အိုဗာဖြစ်သွားလွန်းသည်ဟု လင်းနေမင်း ထင်မိ၏။ ပို၍ထူး ဆန်းသည်မှာ သူကို ဦးပြေကျော်ထွန်း သိနေသည့်ကိစ္စပင်၊ အမှန်တော့ သူနှင့် တစ်ခါမျှလည်း မဆက်ဆံခဲ့သလို၊ မြင်လည်းမမြင်ဘူးခဲ့။

ထိုအခြေအနေတွင် သူ့ကို သိနေသဖြင့် လင်းနေမင်း စိတ်ထဲတစ်မျိုးမချိ ခံစားနေရ၏။ ထိုစဉ် ပြေကျော်ထွန်းက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစစနှင့် ပြောဆိုလာ၏။

" ဆိုပါဦး ကိုလင်း . . မောင်ရင်က ကိုယ်နဲ့တွေ့ချင်တယ်ဆို . . ဘာကိစ္စလဲ "

" အော် . . တခြားမဟုတ်ပါဘူး . . ဦးပြေကျော်ထွန်းဟို ဖေဖေ့ကိစ္စတွေ သိချင်လို့ပါ . . "

" ဟင် . . ဘာကိစ္စလဲကိုလင်း မောင်ရင်ဖေဖေဟာ လုပ်ငန်းနဲ့ပတ်သက်ပြီး တအားလတ်မြင်တဲ့ ပုဂ္ဂိုလ်ကြီးဗျ . . သူဟာ ကျွန်တော်အထက်ပိုင်းမှာ အလုပ်တွေရှုပ်နေတုန်း ချက်ချင်းခေါ်ချ လိုက်ပြီး . . ကုမ္ပဏီဖျက်သိမ်းမယ် ပြောတော့ ကျွန်တော်အံ့ဩ ခဲ့ရတယ် . . ဒီအချိန်မှာ ကျွန်တော်ကလဲ အထက်ဘက်မှာ တော်တော့်ကို . . ကျယ်ကျယ်ပြန့်ပြန့် ရှိနေပြီ လ . . ဒီတော့ ဖျက်သိမ်းဖို့ဆိုတာ မလွယ်ဘူး . . အဲဒါ . . ခင်ဗျားဖခင်နဲ့ ကျွန်တော်တို့ အကြီးအကျယ် ဆွေးနွေးခဲ့ရတယ်၊ နောက်ဆုံး လုပ်ငန်းအားလုံး ကျွန်တော်ပဲ ခေါင်းခံပြီး လွှဲယူလိုက်ရတာပေါ့ "

" ဟုတ်လား . . ဒါဆို ဖေဖေက ဘယ်ကိုထွက်သွားသလဲ ဦးပြေကျော်ထွန်း "

" အဲဒီကိစ္စကျတော့ တစ်မျိုးဗျ . . သူဟာ မစ္စတာဒေါက်ကလပ်နိုးနဲ့ လုပ်ငန်းတစ်ခု လုပ်ဖို့အကြံအစည် ရှိပုံပဲဗျ . . ပြီးတော့ ကျွန်တော်တို့ကို အသိလဲ ပေးချင်ပုံမပေါ်ဘူး ဒါကြောင့်လည်း ကျွန်တော့်ကို ဘာတစ်ခွန်းမျှ ဖွင့်မပြော ခဲ့ဘူး ကိုလင်း . . "

" ဟင် . . ဒါဆို . . ဖေဖေ ဘယ်ရောက်သွားတယ်ဆိုတာ





မသိဘူးပေါ့ "

" ဟုတ်တယ် ကိုလင်း . . ကျွန်တော် ဆရာဗလအောင်ရဲ့ လုပ်ငန်းသစ်ကို သေသေချာချာ မသိခဲ့ဘူးဗျ . . ပြီးတော့ ကျွန်တော်မေးလည်း မမေးချင်ဘူးလေ . . ဘာဖြစ်လို့လဲ ကိုလင်း ခင်ဗျား ဖေဖေပျောက်နေလို့လား "

" ဆိုပါတော့ဗျာ "

ပြေကျော်ထွန်း၏ စကားကြောင့် လင်းနေမင်းမှာ စိတ်ဓါတ်ကျသွား၏။ ဖခင်ကြီးအခြေအနေက ဘယ်လိုမှအစဖော်၍ အရသည့်အခြေအနေမို့ စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ထိုစဉ် ကေရီက သူ့ကိုလေသံတိုးတိုးနှင့် ပြောလိုက်၏။

" ဒီလောက်လဲ စိတ်မပျက်ပါနဲ့ ကိုလင်းရယ် ကေရီလဲ ဝိုင်းရှာပေးမှာပေါ့ . . မဟုတ်ဘူးလား ဦးပြေကျော်ထွန်း "

" ဟာ . . ဟုတ်တာပေါ့ဗျာ . . လောလောဆယ် ကိုလင်း အနေနဲ့ ကျွန်တော်ခြံထဲမှာ နေချင်တယ်ဆိုလဲ နေပါ၊ ကျွန်တော်က ဒီခြံကို တစ်လတစ်ခါပဲ လာတာဗျ . . ဘယ်လိုလဲ နေမှာလား "

" အင်း လောလောဆယ် ကျွန်တော့်မှာ နေစရာမဲ့နေတာ အမှန်ပဲ . . ဦးပြေကျော်ထွန်း ကျွန်တော်ဒီမှာ နှစ်ပတ်သုံးပတ်လောက်နေလို့ ရမလား "

" ဟာ နေပါဗျာ . . စားဖို့သောက်ဖို့လဲ မပူနဲ့ ကျွန်တော် တပည့်ညုပ်ကြီးနဲ့ . . ဖိုးချွန်ရှိတယ် . . ကျွန်တော် သူတို့ကိုလဲ ပြောသွားမယ်လေ . . "

" ကျေးဇူးတင်ပါတယ် . . ဦးပြေကျော်ထွန်းရယ် . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖေဖေ့ကိစ္စ မပြတ်သေးတော့ ဒီမြို့က ခွာလို့မဖြစ်သေးဘူးဗျ "

" ဒါပေါ့ဗျ .. ခင်ဗျား ဖေဖေရဲ့ ကိစ္စတွေကို ခင်ဗျား လုံးဝမသိဘူးလား "

" တကယ်မသိဘူးလား ဦးပြေကျော်ထွန်း၊ ဖေဖေ ကုမ္ပဏီရော၊ အိမ်ရော ရောင်းချသွားတာဗျ .. အဲ့ဒီစရာပဲဗျာ ပြီးတော့ ဘဏ်က ပိုက်ဆံတွေလည်းပါ ထုတ်သွားတာဗျ "

" ဟုတ်လား .. အဲ့ဒီစရာပဲဗျာ .. ကဲပါဗျာ ကျွန်တော် ဆီမှာ ကြိုက်သလောက်နေပေတော့ .. ကျွန်တော်လဲ မြို့ ပြန်တော့မယ် .. ကေရီ အစ်ကိုကြီးနဲ့ လိုက်မှာလား "

" မလိုက်သေးဘူး .. ဦးပြေကျော်ထွန်း ကေရီ ကိုလင်းနဲ့ စကားနဲနဲ ပြောစရာရှိလို့ "

" ဒါဆိုလဲ .. သွားပြီ "

" ဟုတ်ကဲ့ "

ဦးပြေကျော်ထွန်းသည် သူတို့နှစ်ဦးကို နှုတ်ဆက်၍ ခြံကြီးထဲမှ ထွက်ခွာသွား၏။ ကေရီမှာ သူ့အနီးတွင် ပွတ်သီး ပွတ်သပ်ထိုင်ကာ ချွဲချွဲနွဲ့နွဲ့ ပြောလာ၏။

" ကိုလင်း "

" ဗျာ "

"ကေရီ စိတ်ပူတယ် ကိုလင်းရယ် .. ဘယ်မှာမသွားပါနဲ့ တော့၊ ကေရီ ကိုလင်းကို စိတ်မချဘူးကွယ် "

" မစိုးရိမ်ပါနဲ့ ကေရီ ဥပဒေမဲ့တဲ့ နိုင်ငံမဟုတ်ပါဘူး "





" ဟို .. ဟုတ်တော့ ဟုတ်ပါတယ်လေ .. ဒါပေမယ့် လူဆိုးလူမိုက်ဆိုတာ ဂျီမပါဘူးလေ .. ဒါကြောင့် ပြောတာပေါ့ ပြီးတော့ ကိုလင်းမှာ ပြဿနာပေါင်းစုံ စုဝေးနေတယ်မဟုတ်လား အဲဒါကြောင့် ကေရီစိတ်ပူတာပေါ့ "

ကေရီပြောတာတွေက ပိုလွန်းလှသည်ဟု ထင်မိ၏။ ပွတ်သီးပွတ်သပ် ချွဲကာနွဲ့ကာနှင့် ပြုမူပြောဆိုပုံမှာ လင်းနေမင်း အတွက် ထူးထူးဆန်းဆန်း ဖြစ်နေ၏။ သူ့အမူအရာများမှာ ဖက်သားကို ကြွေသွားအောင်၊ တွေသွားအောင် ပြောဆိုနိုင်လှ၏။ လင်းနေမင်းမှာ အတွေ့အကြုံမရှိသူမို့ ကေရီ၏အတွေ့ အထိကြောင့် ရင်တွေတလုပ်လုပ် ခုန်နေရ၏။ ထိုစဉ် ကေရီက သူ့ပခုံးပေါ် ခေါင်းကလေးတင်ကာ လေသံမျှင်းမျှင်း ပြောဆိုလာ၏။

" ကိုလင်း "

" ဟင် "

" ဟို .. ကေရီတို့ အတူနေကြဦးစို့ကွယ် .. "

" ဗျာ "

" ဘာဖြစ်နေတာလဲလို့ .. ပြောလိုက်ရင်း ကြောင်စီစီနဲ့ ကျွန်တော့်မှာ ကိစ္စတွေရှိနေလို့ပါ .. "

" အော် .. ဒီ .. ဒီလိုမဟုတ်ပါဘူး ကေရီရယ် .. ကျွန်တော့်မှာ ကိစ္စလေးတွေ ရှိနေလို့ပါ "

" ဒို .. ကိုလင်းခုလို ဖြစ်နေတာ .. ကေရီမကြည့် ချင်ဘူးကွယ် .. ပြီးတော့ ကိုယ်ဆီမှာ ဟိုပစ္စည်းရှိနေတယ်ဆို "

www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . ဘာ ဘာပစ္စည်းလဲ "

" ဝိုက်ရှပ်စ် စီဒီဒစ်လေ . . "

" ဗျာ . . ဒီ ဒီကိစ္စ ကေရီက ဘယ် ဘယ်လိုသိသလဲ

" အော် . . ယူကလဲ အလိုက်တာကွယ် . . အိုင်
ယူ့အကြောင်းဆို အမြဲတမ်းစုံစမ်းနေတာပါ . . ယူ . . ဒုက္ခရော
မှာ အိုင်မကြည့်ရက်ဘူးလေ . . ခုလဲ . . အဲ့ဒီ အခွေကြောင့်
တပြေးထဲ ပြေးနေရတယ်ဆို . . "

" ဟုတ် . . ဟုတ်ကဲ့ . . ဒါပေမယ့် "

ကေရီစကားတွေက ထူးဆန်းလွန်းလှ၏။ သူ့ထံ
အခွေရှိနေသည်ကို ကေရီ ဘယ်လိုသိနေသလဲဆိုသော မေးခွန်း
ရင်ထဲတွင် အထပ်ထပ် မေးနေမိ၏။

" ဆိုပါဦး . . ကိုလင်းရဲ့ အဲ့ဒီအခွေရောဟင် "

" ဘာ . . ဘာ အခွေလဲဟင် "

" ဟောကြည့် စောစောကပဲ ပြောပြီးပြီးပဲ "

" အော် . . ဝိုက်ရှပ်စ်အခွေလား "

" ဟုတ်တယ်လေ . . ယူ့မှာရှိတယ် မဟုတ်လား "

" မ မရှိဘူး ကေရီ တကယ်မရှိဘူး "

" အို "

သူက ကေရီစကားကို ခါထုတ်ပစ်လိုက်၏။ သူ့
ကြောင့် ကေရီမှာ မျက်နှာကလေး ရဲတွတ်သွား၏။ သူ့
သံသယကြည့်နှင့်ကြည့်ရင်း ခပ်အေးအေး ပြောလိုက်၏။

" ယူက အိုင်ကို မယုံဘူးထင်တယ် . . အိုင်က ယူ





အတွက် လုံခြုံဖို့ပြောတာပါ . . "

" ကျွန်တော် နားလည်ပါတယ် ကေရီ ဒါပေမယ့်
ကျွန်တော်မှာ တကယ်မရှိလို့ ပြောတာပါ . . ကျွန်တော်
သာပါဘူး ကေရီ "

" အို . . ဒုက္ခပါပဲ "

ကေရီအသွင်က စိတ်ဆိုးသွားသည့် အသွင်ပင်၊
လင်းနေမင်းမှာ ကေရီအပေါ် တဖြည်းဖြည်း သံသယဝင်လာ၏။
ထိုသော် ရင်ထဲကခံစားချက်ကို မထုတ်ဖော်မိအောင် ဟန်လုပ်နေ
ရ၏။ ထိုစဉ် ကေရီတစ်ယောက် ကောက်ခါငင်ခါ ထရပ်လိုက်၏။

" အိုင် ပြန်တော့မယ် "

" ပြန်မယ် "

" ဟုတ်တယ် . . ယူက ကေရီစကား နားမထောင်ဘူး "

" ဘာဖြစ်လို့လဲ ကေရီ "

" အော် အခွေရှိရင်လဲ ဒီအခွေကို လွှင့်ပစ်လိုက်ပေါ့ . .
အဲဒါကြောင့် ယူ ဒုက္ခတွေ့နေရတာ မဟုတ်လား "

" ဟာ တကယ်မရှိပါဘူး ကေရီ "

" တော်ပါတော့ . . အိုင်သွားပြီ "

" ဟင် "

ကေရီသည် သူ့ရှေ့မှ ဆက်တောက်ဆက်တောက်နှင့်
ထွက်သွား၏။ လင်းနေမင်းဘာပြောလို့ ပြောရမှန်းမသိ၊
ထို့ကြောင့်လည်း စားပွဲပေါ်မှ ငါးသုံးလုံးဘူးကိုယူကာ စီးကရက်
တစ်လိပ်ထုတ်၍ မီးညှိဖွာရှိုက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ဦးပြေကျော်ထွန်းနှင့် ကေရီတို့နှစ်ဦး သည် လွှန်အမူအရာနှင့်စကားတွေကို တစ်ချက်ချင်း ပြန်တွေးကြည့်မိ၏။

ဦးဆုံး ဦးပြေကျော်ထွန်းက သူ့ကိုပိုသိနေ၏။ ထို့နောက် ကေရီက သူ့ဆီမှာ ဝိုက်ရှပ်စ်စီဒီဒစ်ရှိနေသည်မှာ တပ်အပ် စွပ်စွဲလာ၏။

အဆိုပါ အချက်နှစ်ချက်သည် သူ့အတွက် အလွန်တရာ ထူးဆန်းလှ၏။ သို့သော် သူတို့နှစ်ဦးကို မသင်္ကာပေမယ့် ဖခင်ကြီး၏ အကြောင်းအရာ အက်ကြောင်းသည် ဦးပြေကျော်ထွန်းတို့ဆီမှ စလာနိုင်မလားဟု တွေးမိလေ၏။

ထိုအချိန်တွင် စဝ်ရန်နိုင်တို့ နှစ်ဦးမှာ လင်းနေမင်းကို နှင့်ပတ်သက်ပြီး ထွန်းနောင်ဦးနှင့် ဆွေးနွေးနေကြ၏။ ထွန်း နောင်ဦးကတော့ လင်းနေမင်းကို လူရိုးလူကောင်း တစ်ယောက်ဟု မြင်ထား၏။

" ကျွန်တော့် အမြင်ပြောရရင်တော့ ဆရာရယ် လင်းနေမင်းဟာ လူရိုးလူကောင်းပါ။ သူဟာ သူ့အဖေရဲ့စီးပွားရေး ကိစ္စကိုလည်း လုံးလုံးမသိတဲ့လူပါ ဆရာ . . ပြီးတော့ သူ့ဘဝမှာ ပန်းချီကားချပ်တွေပဲ ရှိတယ်ဆရာ . . သူဟာ အဲဒီ့ပန်းချီတွေနဲ့ပဲ ပျော်နေတတ်တဲ့ လူပါဆရာ . . "

" ဟုတ်ပါတယ် . . ထွန်းနောင်ဦး ငါလဲသူ့ကိုယုံပါတယ် ဒါပေမယ့် . . သူပေးတဲ့အခွေကိုကြည့်တော့ သူ့အဖေရဲ့ လုပ်ရပ်တွေဟာ အံ့သြစရာပဲကွာ . . "

" ဟုတ်ပါ့ ဆရာရယ် . . ဦးဗလအောင် ဒီလိုလုပ်လိမ့် မယ် . . မထင်မိဘူးဗျာ . . "

" နေဦး ထွန်းနောင်ဦး အဲဒီအခွေ . . ငါသေသေချာ ပြန်ကြည့်မယ်ကွာ . . စိတ်ထဲတစ်ခုခု ခံစားမိသလိုပဲ . . "

" ကြည့်လေ ဆရာ "

" ကဲ . . အခွေထည့်ကွာ "

" သူတို့သုံးဦး လင်းနေမင်းပေးခဲ့သော စီဒီခွေကို ပြန်ထည့်ကာ ကြည့်လိုက်ကြ၏။ စဝ်ရန်နိုင်သည် တဖြတ်ဖြတ် ပေါ်လာသော ပုံလွှာများကိုကြည့်ရင်း တစ်ကွက်ချင်းအသေးစိတ် ကြည့်ရှုလိုက်၏။

စကရင်ပေါ်တွင် ဦးဗလအောင်ပုံ ပေါ်လာသည်နှင့် အနေးပြကွက်ထိုးကာ လိုအပ်သည့် အပိုင်းကို ဖိုးကပ်စ်ဆွဲလိုက်၏။

" အဲဒီအကွက် ပြန်ဆွဲကာ "

" ဟုတ်ကဲ့ "

" ဖိုးကပ်စ် ချဲ့လိုက်ကွာ "

ထွန်းနောင်ဦးသည် လိုအပ်သော အပိုင်းကိုချဲ့လိုက်၏။ စဝ်ရန်နိုင်သည် စကရင်ပေါ်လာသော ပုံရိပ်များကိုတစ်ကွက်ချင်း ကြည့်နေရာမှ ဦးဗလအောင်၏ မျက်နှာကို အသေးစိတ်ချဲ့၍ ကြည့်လိုက်၏။

" ဟို ဟို . . အဲဒီ့မှာရပ်မယ် "

" သူရပ်ခိုင်းလိုက်သည့် အပိုင်းမှာ ဦးလေအောင်၏ မျက်နှာအပေါ်ပိုင်းဖြစ်၏။ စဝ်ရန်နိုင်သည် ဦးဗလအောင်၏ သူ့ငယ်အိမ်လှုပ်ရှားမှုကို ထပ်တလဲလဲကြည့်လိုက်ရာ ပြကွက်တစ်ခု

www.burmeseclassic.com

အရောက်တွင် လက်ဖျောက်တီးလိုက်၏။ သူ့အမူအရာကို နံဘေးတွင်ကြည့်နေသော မွေးကြီး အူကြောင်ကြောင် ဖြစ်သွား၏။

" ဘာလဲကွ "

" ဟုတ်ပြီ . . မွေးကြီး . . ဒါ . . အဓိကလျှို့ဝှက်ချက်ပဲဗျာ . . "

" ဘာလဲကွာ "

" ခင်ဗျား . . အဲဒီ ဦးဗလအောင်ရဲ့ မျက်လုံးတွေကို ကြည့်စမ်း "

" ဘာဖြစ်လို့လဲကွ "

" သေသေချာ ကြည့်စမ်းပါဗျာ "

စဝ်ရန်နိုင်စကားကြောင့် မွေးကြီးပြူးပြူးပြဲပြဲနှင့် ကြည့်လိုက်၏။ စဝ်ရန်နိုင်သည် သူ့ကိုပြုံးစစနှင့် လှမ်းကြည့်ရင်း မေးလိုက်၏။

" ဘာမြင်လဲကွ "

" မထူးပါဘူးကွာ "

" ဟာ . . သိပ်ထူးတာပေါ့ဗျာ . . အဲဒီလူရဲ့ သူငယ်အိမ်က အစည်းအဝေးခန်းထဲကို ဝင်လာကတည်းက ဝဏ္ဏာမငြိမ်ဘူးဗျ ပြောရရင် ကျီးကန်းတောင်းမှောက် အကြည့်ဗျ . . အဲဒီ အကြည့်ဟာ မရိုးသားတဲ့လူတစ်ဦးရဲ့ . . ဝရိုက်ပဲ . . ပြီးတော့ ကျွန်တော်အဲဒီ အကြည့်ကို သေသေချာချာကြည့်လေ . . တစ်နေရာရာမှာ မြင်ဘူး ရှလေပဲဗျ . . နောက်ပြီး ဟောဒီဖိုင်ထဲက ပုံကိုကြည့် . . "





စဝ်ရန်နိုင်သည် ထိုင်ရာမှထကာ တီဗွီစကရင်ဘေးရှိ ဦးဗလအောင်နှင့် ပတ်သက်သော ဖိုင်ကိုလှန်ကာ ဦးဗလအောင်၏ ဓါတ်ပုံကိုထောက်ပြလိုက်၏။

မွေးကြီးနှင့် ထွန်းနောင်ဦးတို့နှစ်ဦး ဓါတ်ပုံကိုတစ်လှည့် တီဗွီစကရင် တစ်လှည့်ကြည့်နေကြ၏။

" မြင်ကြလား "

" မမြင်ပါဘူးကွာ "

" ခက်ပါ့ဗျ . . အဲဒီ မျက်စိနှစ်စုံဟာ တစ်ခုနဲ့တစ်ခု မတူညီကြဘူးဗျ "

" ဟော့ . . ဟုတ် . . ဟုတ်ရဲ့လား "

" သေသေချာချာ ကြည့်လေ "

စဝ်ရန်နိုင်စကားကြောင့် သူတို့ထပ်တလဲလဲ ကြည့်လိုက်ကြရာ . . သူငယ်အိမ်အကျဉ်းအကျယ်၊ ကြည့်ပုံရှုပုံကအစ . . မတူညီပဲ . . ကွဲပြားနေသည်ကို တွေ့ရလေ၏။ ထို့ကြောင့်လည်း မွေးကြီးက အော်ကြီးဟစ်ကျယ် ထပြောလေ၏။

" ဟာ . . ဟုတ်ပါ့ကွာ . . ဟိုမျက်လုံးနဲ့ ဒီမျက်လုံးတ တူမှမတူဘဲ . . "

" အဲဒါ ပြောတာပေါ့ဗျ "

" အင်း . . ဒါဆို အဲစီကိစ္စ "

" နေဦးဗျ . . ကျွန်တော်တစ်ချက်ခြင်း တစ်တွက်ချင်း ပြန်ကြည့်ဦးမယ် "

စဝ်ရန်နိုင်သည် ဦးဗလအောင်၏ မျက်လုံးအစုံကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်း စိတ်ထဲတွင် တစ်ကွက်ချင်း . . မှတ်သားနေ၏။ ထိုသို့ အသေးစိတ် မှတ်သားနေရာမှ . . စိတ်ထဲတွင် ထပ်တူညီသည့် အဖြေတစ်ခုကို ဝိုးတဝါးရှာတွေ့ရသလို ခံစားနေရ၏။ သို့သော် တိတိပပ သူတွေးကြည့်သော်လည်း မရေရာသည့်အခြေအနေက တိုးဝှေ့ဝင်ရောက် လာပြန်သဖြင့် စကရင်ကိုပြန်ပိတ်လိုက်၏။

သူ့လုပ်ရပ်ကို ထွန်းနောင်ဦးနှင့် မွေးကြီးတို့နှစ်ဦး နောက်ကကြည့်ရင်း ဇဝေဇဝါဖြစ်နေ၏။ စဝ်ရန်နိုင်သည် ခက်ခဲလှသော မေးခွန်းသံသယ နိမိတ်ပုံများကြား အာရုံများ ရှုတ်ထွေးလာသဖြင့် မာဘိုလိုစီးကရက် တစ်လိပ်မီးညှိဖွာရှိုက်ရင်း အကြောင်းအရာ အားလုံးကိုမေ့ပစ်လိုက်၏။

" ဘယ်လိုလဲ စဝ် . . အခြေအနေနီးစပ်လားကွ "

" ဘယ်လိုပြောရမလဲ မသိဘူး မွေးကြီးရာ ကျွန်တော် တစ်ခုခုကို သိနေသလိုဘဲ . . ဒါပေမယ့် အဲဒီသိနေတဲ့အသိဟာ ဘာဖြစ်လို့ အဖြေမရနိုင်ဘဲ . . ဝေဝေဝါးဝါး ဖြစ်နေရသလဲဆိုတာ မစဉ်းစားတတ်တော့ဘူးဗျာ . . တော်တော်ဆန်းကြယ်လှတဲ့ . . ပုစ္ဆာတစ်ပုဒ်ဗျ . . "

" အင်း . . ငါတော့ မင်းအစား ခေါင်းနောက်တယ်ကွာ အဲဒီလောက်သာ စဉ်းစားရရင် . . ငါစိတ်တွေ ကသောင်းကနင်းနဲ့ ရူးသွပ်သွားနိုင်တယ်ကွာ "

" ဟာ . . မွေးကြီးကလဲဗျာ . . အဲဒီလောက်ကိုယ့်ကိုကိုယ် လျှော့မတွက်စမ်းပါနဲ့ဗျာ . . ဒီကိစ္စက အာရုံမှတ်တမ်းပဲဗျ . . "

" ဘယ်လို အာရုံမှတ်တမ်း ဘာလဲကွ . . ငါတော့





မင်းစကားကို နားတောင်မလည်ဘူးကွာ "

" ခက်ပဗျာ . . ဒီကစ္စ ဘယ်လိုရှင်းပြရမလဲ မသိဘူး . . ပြောရရင် ဒီလို . . အလေ့အကျင့်ဟာ ကျွန်တော်တို့ ထောက်လှမ်းရေး ပညာမှာအဓိကကျတဲ့ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းထဲက ကဏ္ဍတစ်ရပ်လေဗျာ . . "

" အင်း . . မင်းပြောတာ တော်တော်လေးတော့ သပေါက်သလိုပဲ . . ဒါပေမယ့် ဟဲဟဲ ငါက အဲဒီလောက်အမှတ် အသားမကောင်းဘူးကွ "

စဝ်ရန်နိုင်စကားကြောင့် မွေးကြီးအူအူချာချာ ဖြစ်သွား၏။ ထွန်းနောင်ဦးမှာလည်း စဝ်ရန်နိုင်၏ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်း သဘောကို အဖြေရှာမရအောင် ဖြစ်နေ၏။

ထိုစဉ် စဝ်ရန်နိုင်သည် စီးကရက်တိုကို ပြတင်းပေါက် အပြင်သို့ လက်နှင့်တောက်လိုက်ပြီး မွေးကြီးကို လေသံအေးအေး နှင့် ပြောပြလိုက်၏။

" ဒီလို မွေးကြီး စိတ်ပိုင်ဆိုင်ရာ ကဏ္ဍမှာ အပိုင်း၃ပိုင်း ရှိတယ်ဗျ . . ပထမ . . သူလိုကိုယ်လို သိမြင်တွေ့ကြုံနေတဲ့စိတ် ပြောရရင် . . 'ကွန်းရှပ်စ်'ပေါ့ဗျ . . ရိုးရိုးသိစိတ်လို့ ပြောရမှာပေါ့ တရားမမွေကျင့်တဲ့ လူတွေမှာ . . ဦးဆုံးပေါ်ပေါက်လာတဲ့ စိတ်သေ့ ပူတယ်အေးတယ်၊ ချမ်းတယ်၊ ဒိုက်တယ်၊ စာတယ်၊ အိပ်ချင်တယ် ဒါတွေဟာ အပေါ်ယံအကြောင်း တရားတွေရဲ့ သဘောပေါ့ . . အဲဒီသဘောကနေ ဆပ်ဘ်ကွန်းရှပ်စ်ဆိုတဲ့ ကြားစိတ်ဆိုတာ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

" ဘယ်လို ကြားစိတ်ဟုတ်လား . . ဘာလဲကွ . . . မင်းဥစ္စာ ထူးထူးဆန်းဆန်းဘဲ "

" ကျွန်တော်ပြောပြမယ် မွေးကြီး . . အဲဒီကြားစိတ်ဆိုတာ တတိယအဆင့်ဖြစ်တဲ့ အန်ကွန်းရှပ်စနဲ့ ပထမအဆင့်ကွန်းရှပ်စ်ကို ကွန်ဘိုင်းလုပ်ထားတာပေါ့ တစ်နည်းအားဖြင့် ပြောရရင် အိပ်မက်ဆန်တယ်ဗျ . . သူက သိစိတ်ရဲ့ အရည်အသွေးကို မှတ်ကျောက်တင်ပေးတဲ့ ကျောက်သွေးသမားလိုပေါ့ . . အရေးကြီးဆုံးက မသိစိတ် အင်္ဂလိပ်လိုတော့ အန်ကွန်ရှပ်စ်ပေါ့ဗျာ အဲဒီစိတ်က အဓိကအကျဆုံးပဲ အဲ့ဒီ မသိစိတ်ထဲမှ အာရုံ မှတ်တမ်းတွေရှိတယ် . . ကျွန်တော်တို့ဟာ ပထမစိတ်နဲ့ သွားလေလာနေတုန်း မြင်ခဲ့သိခဲ့တွေ့ခဲ့တာတွေကို မေ့ဖျောက်ပစ် လိုက်တယ်လို့ ဆိုပေမယ့် အဲဒီ သဘောတရားတွေဟာ မသိစိတ် အာရုံထဲမှာ နစ်မြုပ်နေတာဗျ . . အဲဒီလို နစ်မြုပ်နေတဲ့ အာရုံမှတ်တမ်း တနည်းအားဖြင့် ပြောရရင် စိတ်မှတ်တမ်းတွေကို ကြားစိတ်က ဆင်ခြင်သိဝင်လာတာနဲ့ မသိစိတ် အာရုံထဲက တစ်ခုချင်း ဆွဲထုတ်တော့တာပဲဗျ . . ဒါကြောင့် မသိစိတ်ကို ဆင်ခြင်သိနဲ့ ဆွဲထုတ်နိုင်ဖို့ ကျွန်တော်တို့ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတွေ . . လုပ်ခဲ့ရတာပေါ့ . . ထောက်လှမ်းရေး သမားကောင်းတစ်ဦးရဲ့ အရည်အချင်းဟာ တိုက်ခိုက်မှုထက်မှာ ကျွမ်းကျင်ရသလို စိတ်ပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုနည်းစနစ်ကို လည်း သိထားရမယ်ဗျ . . ပြောရရင် . . ကိုယ်ခန္ဓာထဲမှာရှိတဲ့ စိတ်တန်းခိုးလို့ ခေါ်တာပေါ့ . . အဲဒီ စိတ်တန်ခိုးဟာ ထက်မြက်





နေရမယ်လေ . . ဒါထိပ်တန်း ထောက်လှမ်းရေးသမားတစ်ဦးရဲ့ အဓိကအရည်အသွေးပဲ မွေးကြီးရာ . . ကျွန်တော်ပြောတာ သဘောပေါက်ရဲ့လား မသိဘူး . . "

" အင်း . . ပေါက်တောက်တောက်တော့ ရှိပါတယ်ကွာ ဒါပေမယ့် သိပ်အဆင့်မြင့်လွန်းတော့ ငါ ဉာဏ်မမီသေးဘူးကွ . . ဟဲဟဲ တော်ပါပြီကွာ . . မင်းပြောတဲ့ စိတ်လေ့ကျင့်ခန်းတို ငါစာတွေ သိခဲ့ရတာဆိုတော့ တစ်ချိန်ချိန်မှာ ကိုယ်တွေ့လေ့ကျင့် ခန်းရမှာပေါ့"

" ဟုတ်တယ် ဆရာမွေးကြီ ပြောသလို ကျွန်တော်လဲ ဆရာစဝ်ရန်နိုင် ညွှန်ပြတဲ့အတိုင်း လေ့ကျင့်ယူရမှာ . . ဒါပေမယ့် ၎ယ်တော့ မလွယ်ဘူးနော် ဆရာ . . "

မွေးကြီးစကားကို ထွန်းနောင်ဦးက ဝင်ရောက်ထောက်ခံ ပြောဆိုရင်း သူနားလည်သည့်အပိုင်းကို ပြောပြလိုက်၏။ စဝ်ရန်နိုင်သည် သူတို့နှစ်ဦးကို ပြုံးစစနှင့် လှမ်းကြည့်ရင်း . . .

" လွယ်တယ် မလွယ်ဘူးဆိုတာ ကိုယ့်ရဲ့ကိုယ်စွမ်းကိုယ်စ ပေါ်မှာ မူတည်တာပေါ့ . . ပြောရရင် . . အဲဒီစိတ်တန်ခိုးတာ သမထပိုင်းမှာလဲ . . ထိပ်တန်းကျသလို ဂန္ဓာရီလိုင်းမှာလည်း အရေးကြီးဆုံး စိတ်ပိုင်းကမ္ဘာပဲ . . ထွန်းနောင်ဦးရယ် . . တစ်ခုရှိတယ် . . ဘယ်အရာမဆို လွယ်လွယ်နဲ့ ရလာတဲ့[illegible] အချဉ်းနှီးပဲကွ . . ၊ ခက်ခက်ခဲခဲ ပြင်းပြင်းထန်ထန်း [illegible]တဲ့ အကြောင်းတရားဟာ တကယ့်ကို တန်ဖိုးဖြတ်လို့ [illegible] . . ဒီတော့ တဖြည်းဖြည်းခြင်း ကျင့်ယူရမှာပေါ့ကွာ

www.burmeseclassic.com

www.burmeseclassic.com



" ကျေးဇူးပါပဲ . . ဆရာစဝ်ရန်နိုင် "

ထွန်းနောင်ဦးမှာ စဝ်ရန်နိုင်၏စကားကို တလေးတစား မှတ်သားနာယူနေ၏။ ထိုအချိန်တွင် စဝ်ရန်နိုင်သည် ဦးဗလအောင်၏ ခါတ်ပုံမှတ်တမ်းများကို တစ်ခုခြင်းပြန်၍ ကြည့်ရှုနေ၏။

ထိုအချိန်တွင် သူ့အိတ်ထောင်ထဲမှ ဆဲလ်ဖုန်းအသံ မြည်လာသဖြင့် အိတ်ထဲမှထုတ်ကာ နားထောင်လိုက်၏။

" စဝ်ရန်နိုင်ပါ "

. . . . . . . . . .

" အော် . . လင်းနေမင်းပါလား ဘယ်ရောက်နေလဲ ဦးပြေကျော်ထွန်းတို့ ဆီမှာပဲလား "

. . . . . . . . . .

" အေး . . ကောင်းတယ် အဲဒီအတိုင်း ဆက်လုပ် . . "

. . . . . . . . . .

" အေး မင်းပြောတဲ့ အချက်ဟာ စဉ်းစားစရာပဲကွ . . သတိထားပြီး ဆက်ဆံပေါ့ကွာ . . အရေးကြီးတာ . . မင်း ငါတို့နဲ့ အဆက်အသွယ် အဖြတ်ဖို့ပဲ ပြီးတော့ မင်းအနားမှာ ငါတို့လုံခြုံရေး အဖွဲ့သားတစ်ယောက် နှစ်ယောက်လွှတ်ထားမယ် . . "

. . . . . . . . . .

" စိတ်ချပါ လင်းနေမင်း . . မင်းရဲ့အန္တရာယ်မှန်သမျှကို ဒို့အဖွဲ့နဲ့ တွဲပြီးဖြေရှင်းရင် ပြေလည်သွားမှာပါ၊ အရေးကြီးတာ ဘာလုပ်လုပ် သတိတော့ ရှိမှဖြစ်မယ် . . "

. . . . . . . . . .



" ကောင်းပြီလေ . . အခြေအနေထူးရင် . . ဒို့ဆီကို ဖုန်းထပ်ဆက်ပါ ဒါပဲ "

. . . . . . . . . .

စဝ်ရန်နိုင်သည် ဆဲလ်ဖုန်းကို ခလုတ်ပိတ်၍ စားပွဲပေါ် တင်လိုက်၏။

" ဘာလဲ စဝ် "

" လင်းနေမင်းဆီကပါ . . သူ အခု . . ဦးပြေကျော်ထွန်း အိမ်မှာနေတယ် . . အဲဒါ . . သူက ကေရီနဲ့ ဦးပြေကျော်ထွန်းတို့ ရဲ့ အမူအရာကို မသင်္ကာဘူး ပြောနေတယ် . . "

" ဘယ်လိုဖြစ်လို့တုန်း "

" ဒီလို မွေးကြီးရဲ့ . . ပြေကျော်ထွန်းကို လင်းနေမင်းက မြင်တောင်မမြင်ဖူးဘူး . . အဲဒါ ပြေကျော်ထွန်းက သူ့ကို သိနေတယ်"

" ဟင် . . ဟုတ်လား "

" ဟုတ်တယ် . . ပြီးတော့ ကေရီက သူ့ဆီမှာ ဝိုက်ရှပစ် မှတ်တမ်းရှိနေတယ်ဆိုတာ ဘယ်လိုသိသလဲ အဲဒီအချက်က တစ်မျိုးကြီးပဲဗျ "

" ဟင် . . လင်းနေမင်းဆီမှာ ရှိတာကို ကေရီက သိနေတယ် . . ဟုတ်လား ဘယ်လိုတွေပါလိမ့်ကွာ "

" အဲဒါ ပြောတာပေါ့ . . သူပြောတဲ့ အချက်နှစ်ချက်ဟာ တော်တော်စိတ်ဝင် စားစရာကောင်းတယ် . . အဲဒီလိုကားတွေ ဖျဲလာတာ အကြောင်းအကျိုးရှိနေပြီ . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . ဟုတ်ပါ့ . . ဒါ သံသယစကားတွေပဲ "

" ကဲ . . ထွန်းနောင်ဦး "

" ပြောပါ . . ဆရာစဝ်ရန်နိုင် "

" မင်း အဓိကလှုပ်ရှားရမှာက ကေရီနဲ့ ပြေကျော်ထွန်းကို စောင့်ကြည့်ဖို့ပဲ . . ဖြစ်နိုင်ရင် ခေါက်လျှောက်လိုက်စမ်းကွာ "

" စိတ်ချပါ ဆရာ "

" ကဲ . . ငါ့ကို စာဗညားရဲ့ မှတ်တမ်းတွေရပြီလား စုံစမ်းပေးကွာ "

" ဟုတ်ကဲ့ "

ထွန်းနောင်ဦးသည် စဝ်ရန်နိုင်ထံမှ ညွှန်ကြားချက်ရသည်နှင့် အမှုတွဲအစီရင်ခံစာနှင့် မှတ်တမ်းများကို တင် ချမ်းပြန်လှန် စစ်ဆေးဖတ်ရှုနေ၏။

ဆယ်ငါးမိနစ်ခန့်အကြာတွင် ထွန်းနောင်ဦးပြန်လည်ရောက်ရှိလာ၏။ သူ့လက်ထဲတွင် စောဗညား၏ မှတ်တမ်းမှတ်ရာများပါလာပြီး စဝ်ရန်နိုင်ကို ပေးလိုက်၏။

စဝ်ရန်နိုင်သည် မှတ်တမ်းဖိုင်ကိုယူရင်း စောဗညား၏ လှုပ်ရှားမှု မှတ်တမ်းတင် ဓါတ်ပုံများကို တစ်ကွက်ချင်းကြည့်လိုက်၏။ အချို့သော ပုံများမှာ ဝိုးတဝါးဖြစ်နေ၏။ ဘေးစောင်းအနေအထား၊ မျက်နှာချင်းဆိုင် အနေအထားများကို တစ်ခုချင်း အသေးစိတ် ကြည့်ရှုရင်း အတွေးနယ်ချဲ့နေလေတော့၏။



## အခန်း (၁၃)

သူသတိရလာချိန်တွင် မျက်စိနှစ်လုံးကို ဖြည်းဖြည်းချင်းဖွင့်ကြည့်လိုက်မိ၏။ ဦးဆုံး မြင်လိုက်ရသည်မှာ သက်ကယ်အမိုးကျိုးတို့ကျဲတဲပင်ဖြစ်၏။ သူဘယ်ရောက်၍ ဘယ်ပေါက်နေမှန်းပင် မသိ။

တစ်ကိုယ်လုံး နာကျင်ကိုက်ခဲကာ အောက်ပိုင်းတစ်ခုလုံး လေးလံနေ၏။ ကိုယ်ပေါ်တွင် အရောင်ပြယ်လွင့်နေသော စောင်ကြမ်းလေး တစ်ထည်ခြုံထား၏။ ထိုစဉ် ခြေသံတစ်ချက်ကြားလိုက်သဖြင့် အခန်းဝဘက်သို့ကြည့်လိုက်၏။

" ဟော့ သတိရလာပြီလား "



www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . ကျွန်တော် . . ကျွန်တော်ဘယ်ကိုရောက် "

" ခင်ဗျားတောထဲမှာ ဒဏ်ရာရနေပြီး သတိလစ်နေတာဗျ အဲဒါ . . ကျွန်တော် ထင်းခုတ်သွားရင်း တွေ့လို့ဒီကို ခေါ်လာရတာ "

" ဟင် . . ဒါဆို ကျွန်တော် . . မ မသေဘူး "

" ဟာ . . အမှန်တော့ ခင်ဗျားဒဏ်ရာက သေဖို့ပဲရှိတာဗျ ဒါပေမယ့် ကျွန်တော်တို့ရွာက ဆေးမှူးက တအားကျွမ်းကျင်တဲ့ လူဗျ ချက်ချင်း ဒဏ်ရာကို ခွဲစိတ်ပြီး ကျည်ဆံထုတ်ပစ်လိုက် တယ်လေ မဟုတ်ရင် ခင်ဗျား . . သေဖို့ပဲရှိတယ်ဗျ "

" ဟင် . . ကျေး ကျေးဇူးပါပဲဗျာ "

" ခုနေရတာ သက်သာရဲ့လား "

" ဟုတ်ကဲ့ . . တစ်ကိုယ်လုံးတော့ ရိုက်ထားသလိုပဲဗျာ ဒါပေမယ့် . . ဒဏ်ရာက မနာတော့ပါဘူး "

" ဟုတ်လား . . တဲ . . ထလို့ရရင် ထကြည့်လေ . . စားစရာတစ်ခု စားလိုက်ပါဦး ဒီမှာ ခင်ဗျားအတွက် ကျွန်တော် ပြင်ဆင်ထားတယ် "

သူဖျာပေါ်မှ လူးလဲထလိုက်၏။ ခြေထောက်နှစ်ခုစလုံးက အထိအခံနိုင်လောက်အောင် နာကျင်နေသော်လည်း အားယူရုန်း ထလိုက်၏။

" ကျွတ် . . ကျွတ် "

" ဖြည်း . . ဖြည်းထလေဗျာ . . "

ထိုင်နိုင်လာသည်နှင့် သူ့တို့ ကယ်တင်လာသည့်ပုဂ္ဂိုလ်အား ကြည့်လိုက်၏။ အသွင်အပြင်က





းသိုင်းမွှေး၊ မုတ်ဆိတ်မွှေး စုတ်တိစုတ်ဖွားရှိသော်လည်း က်လုံးတွေက စေတနာ မေတ္တာ ရိပ်များ ပေါ်လောင်နေ၏။ ူအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင် ထားရာ ူစားနှင့် စားသောက်လိုက်၏။ ထိုစဉ် မုတ်ဆိတ်မွှေးနှင့်လူက .

" ခင်ဗျား . . ဒီကိုရောက်တာ တစ်ပတ်နီးပါးရှိနေပြီဗျ သတိမေ့နေတာဆိုတော့ ကျွန်တော်အတော့်ကို စိုးရိမ်တာ ျွန်တော်နာမည် တင်ဝင်းပါ . . ခင်ဗျားအမည်ကရော . . "

" ထွန်းချိုပါ "

" အော် . . ကိုထွန်းချိုတဲ့လား နေပါဦး . . ဘယ်လိုဖြစ်ပြီး သနတ်ဒဏ်ရာ ရတာလဲ "

" လူဆိုးတွေ လိုက်နေလို့ ပြေးရင်းလွှားရင်း ခုလို လိုက်တာပါ . . ကိုတင်ဝင်း ဒါထက် ဒီရွာကမြို့နဲ့ဝေးလား "

" သိပ်တော့ မဝေးလှပါဘူး ဆယ်ငါးမိုင်လောက်ပဲ ေးပါတယ် "

" ဟုတ်လား "

" စိတ်မပူပါနဲ့ဗျာ . . ခင်ဗျားနေကောင်းတာနဲ့ ကျွန်တော် ိုက်ပို့မှာပါ "

" ကျေးဇူးပါပဲ "

ထွန်းချိုမှာ သူ့ကံကြမ္မာကို သူအံ့ဩနေမိ၏။ သူ့ကိုယ်သူ သေလုပဟုတွက်ခါ လင်းနေမင်းကို ပြေးခိုင်းခဲ့၏။ ဒဏ်ရာက ဆက်ပြေး၍မရတော့သဖြင့် သစ်ရွက်ကြွေတွေကြား မသိမထူနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရ၏။ သို့သော် သူစိတ်ထဲတွင် သတိတရား အမြဲရှိနေသည့် ရွက်ကြွေမှာ့ကို ကိုယ်ပေါ်ဖုံး၍ နောက်မှလိုက်လာသည့် လူဆိုးရှုန်တွေ လှည့်စားခဲ့၏။

လူဆိုးများ၏ ခြေသံကြားလိုက်သည်နှင့် လူသေကောင် သဖွယ် နေခဲ့၏။ သူအနားရောက်လာပြီး သေပြီဟုထင်ကာ ထားပစ်ခဲ့ကြ၏။ သူတို့လူစု ထွက်သွားသည်နှင့် တင်းထားသည့် စိတ်ကိုလျှော့ချလိုက်ရာ သူတစ်ကိုယ်လုံး အမှောင်ကမ္ဘာထဲ ကျရောက်သွားသလို ခံစားခဲ့ရ၏။

ထိုအခြေအနေမှစပြီး သူသတိမေ့ခဲ့ရာ ယခုတော့ ကံကောင်းထောက်မသွားသဖြင့် အသက်ကယ်မည့်သူ ပေါ်လာ ကာ ရှင်သန်ခွင့် ရခဲ့လေပြီဖြစ်၏။ သူဦးဆုံး သတိရရလာခြင်း တမ်းတမ်းတမိသည်မှာ သမီးလေး ခက်ခက်ပင်ဖြစ်၏။

ခုချိန်ဆိုလျှင် သမီးလေးဘယ်ရောက်လို့ ဘယ်ပေါက်နေပြီ မသိ၊ စိတ်ထဲတွင် သမီးလေးကို အရမ်းအရမ်း တွေ့ချင်နေမိ၏။ သို့သော် သူ့အခြေအနေက မဟန်သေး၊ ထိုစဉ် ဇနီးသည် မွှ အစစအရာရာ အကြင်နာစိတ်၊ မေတ္တာစိတ်တို့ဖြင့် မိခင်ဆန်ဆန် နေခဲ့သောမမှုံ၊ သူ့စိတ်အစဉ်တွင် မမှုံသည် သူတော်ကောင်း လမ်းပေါ်ဖြတ်သန်နေသည့် အမျိုးသမီးတစ်ဦးဟု ယုံကြည်ခဲ့၏။

သူတစ်ပါးအပေါ်တွင် အမြဲတမ်း ကိုယ်ချင်းစာ တရားပြည့်ပြည့်ဝဝနှင့် ဆက်ဆံခဲ့သော ဇနီးသည်၊ ဘုရားတရား မြဲမြဲလှုပြီး နေ့ညမပြတ် ပရိတ်တရားတော်များနှင့် မွေ့လျော် နေသော မမှုံ၊ ထိုသို့သော ကုသိုလ်ကောင်းများနှင့် လက်ရှိဘဝတွင်





ဘည်ဆောင်မွေ့လျော်ခဲ့သော်လည်း ယခင်ဘဝဘဝများ၏ အကျိုးပေးကြောင့် အသေဆိုးနှင့် သေခဲ့ရပြီမို့ သူကြေကြေကွဲကွဲ ခံစားခဲ့ရ၏။

ကောင်းမှုများ လုပ်နေသော်လည်း အဘယ်ကြောင့် မကောင်းမှုနှင့် နိဂုံးတံခဲ့ရသည်ကို သူမစဉ်းစားတတ်နိုင်အောင် ဖြစ်နေရ၏။ ရှေးဘဝ အကြောင်းအကျိုးပေး ဆိုသော်လည်း၊ ထိုဘဝ ဘဝ အကြောင်းအကျိုးများကို သူရေရေရာရာ နား လည်နိုင်ခဲ့၊ ဖြစ်နိုင်လျှင် ကောင်းတာလုပ်၍ ကောင်းသည့်အ ကျိုးပဲ ဖြစ်စေချင်ပါ၏။

သို့သော် လက်ရှိကာလ သဘောတရားများ၏ အနှစ် သာရမှာ တစ်မျိုးတစ်ဖုံ ဖြစ်နေ၏။ မကောင်းမှုကို အားပါးတရ ဘျူးလွန်နေကြသော်လည်း ထိုသူတို့၏အကျိုးပေးက သြချ လောက်အောင် ကောင်းမွန်ပြည့်စုံ နေကြသည်ကို သူမြင်တွေ့ နေရ၏။

ထိုအခါ မကောင်းမှုလုပ်သော်လည်း ဘာကြောင့် မကောင်းကျိုးတွေ ဖြစ်မလာလဲ . . ကောင်းကျိုးတွေသာ ဖြစ်လာရသနည်း။ အဆိုပါမေးခွန်းကို သူဉာဏ်မီသလောက် အဖြေရှာသော်လည်း ဘုရားရှင်ဟောကြားတော်မူခဲ့သည့် အဘိဓမ္မာသဘောကို တစ်ခွန်းတစ်စပင် မဖတ်ဘူး၊ မမှတ်ဘူးခဲ့၍ အဖြေကို ရှာမတွေ့နိုင်အောင် ဖြစ်ခဲ့ရလေ၏။

ယခုလည်း ဇနီးသည်၏ ဖြစ်စဉ်ကို သူဖြန့်တွေးကာ တွေးချင်တော့၊ ထိုစဉ် သူစိတ်ထဲတွင် ဇနီးသည်အလောင်းဘေး



www.burmeseclassic.com

www.burmeseclassic.com

နံ့ရပေါ်တွင် သွေးနှင့်ရေးခဲ့သော် စာကြောင်းကို သတိရလာ၏။ သမီးလေး ခက်ခက်ကို သူအဆုံးရှုံးမခံလို၊ ယခုလိုသက်စွန့်ဆန်ဖျား ပြေးလွှားနေရသည်မှာ သူကျိုးလည်း မဟုတ်ပါလား တွေးမိလာ၏။

အမှန်တရားကို ဖော်ထုတ်နိုင်ပါသော်လည်း အခြေ အနေက ပို၍ပို၍ ကျဉ်းကြပ်လာကာ တစ်ချိန်ချိန်တွင် သူ့၏ရှင်သန်မှုကိုပင် ချုပ်ငြိမ်းသွားနိုင်ပါလား တွေးမိလေ၏။ သူ့ဘဝ မချုပ်ငြိမ်းခင်ကလေးတွင် သမီးလေးခက်ခက်နှင့် သူတွေ့ချင်နေမိ၏။ ထိုခံစားချက်ကြောင့် သူ့အသက်ရှင်အောင် ကြိုးစားရတော့မည်ဟု ဆုံးဖြတ်ခဲ့လေ၏။

ကိုတင်ဝင်းကလည်း သူ့အပေါ် စေတနာကြီးလှ၏။ အစစအရာရာ ဖေးဖေးမမ ကူညီခဲ့သည်မို့ တစ်ရက်နှစ်ရက် အတွင်း သွားသွားလာလာ လုပ်နိုင်လာခဲ့၏။

ထိုအခါ ရွာထဲဆင်း၍ စနည်းနာခဲ့ရာ ကိုတင်ဝင်း ပြောခဲ့သလို ကားလမ်းနှင့်လည်း ဝေးလှကြောင်း သိခဲ့ရ၏။ ရွာသားအချို့မှာ လည်း သူ့ကို တရင်းတနှီးနှင့် ဆက်ဆံလာကြ သဖြင့် ရက်ပိုင်းအတွင်း ဆွေမျိုးများသဖွယ် ဖြစ်ခဲ့ကြ၏။ ထိုအချိန်တွင် သူ၏ ကျန်းမာရေးကိုပြန်၍ ထူထောင်နိုင်ရန် ကြိုးစားခဲ့၏။

သို့နှင့် စိတ်ချရသည့် အခြေအနေအရောက်တွင် ကိုတင်ဝင်း၏ အကူအညီနှင့် အဝေးပြေးလမ်းမဆီသို့ ရောက်ခဲ့၏။ ကိုတင်ဝင်းမှာ သူ့ကိုရွာတွင် တစ်လနှစ်လနေသွားစေချင်၏။ သို့သော် သူမှာ ပြဿနာပေါင်းစုံ ရှိနေသဖြင့် မြို့ကိုမပြန်၍မဖြစ်





ထိုပြင် သူ့ကို လုပ်ကြံသတ်ဖြတ်ရန် သဲကြီးမဲကြီးလိုက်နေသော လူစု၏အလိုချင်ဆုံး အရာမှာလည်း လင်းနေမင်းလက်ထဲ ရောက်သွားခဲ့ပြီးဖြစ်၏။

သမီးလေး ခက်ခက်ကို သူဘယ်သို့ဘယ်ပုံကြံ၍ ရအောင် ကယ်ရပါမလည်းဟု စိတ်ထဲတွင် အမြဲတမ်းအကြံ ထုတ်ခဲ့၏။ ယခုလည်း ထွက်သာထွက်လာရသော်လည်း အခြေအနေကို မည်သို့ရင်ဆိုင်ရမှန်း အသေအချာမသိသေး။

သို့နှင့် အဝေးပြေးလမ်းမကြီးပေါ် အရောက်တွင် မြို့ဘက်သို့ သွားသည့် အိတ်စ်ပက်စ်ကြီးတစ်စင်းကို ဖမ်းတားကာ တက်ခဲ့၏။ ကိုတင်ဝင်းမှာ သူ့ကိုလက်တပြပြနှင့် ကျန်ရစ်ခဲ့၏။

စိတ်ထဲမကောင်းလှသော်လည်း အခြေအနေက ငြိမ်နေ၍မဖြစ် သည့်အခြေအနေမို့ မျက်စိမှိတ်ပြီး ထွက်ခဲ့ရခြင်းဖြစ်လေ၏။ ကားကြီးပေါ်တွင် ခရီးဝေးစီးခဲ့ကြရသဖြင့် ခရီးသည်များမှာ ပင်ပင်ပန်းပန်းနှင့် အိပ်ပျော်နေကြ၏။

သူသည် ခုံနောက်တန်းတွင် ဝင်၍ထိုင်လိုက်ပြီး နောက်မှီကိုခေါင်းတင်ကာ မျက်စိမှိတ်၍ လိုက်ခဲ့လေ၏။

အိတ်စ်ပရက်စ်ကားကြီးသည် အရှိန်အဟုန်ပြင်းစွာနှင့် တဝေါဝေါ မောင်းနှင်နေပေရာ နာရီဝက်ခန့်အကြာတွင် မြို့စပ်သို့ ရောက်ရှိလာ၏။ ထွန်းချိုသည် မြို့ဝင်ဂိတ်ရောက်သည်နှင့် ကားပေါ်မှ အလျင်အမြန်ဆင်းလိုက်ပြီး အသစ်တိုးချဲ့ တည်ဆောက်ထားသော မြို့သစ်ရပ်ကွက်ထဲသို့ ဝင်ခဲ့၏။

သူစိတ်ထဲတွင် မြို့သစ်ရပ်ကွက်၌နေသော သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

'ဘသာ'ကို သတိရလာ၏။ ဘသာက တစ်ကိုယ်ရည်တစ်ကာယ လူ[illegible]ကြီး၊ တွင်ခုံအလုပ်သမား တစ်ဦးဖြစ်ပြီး ဘဝကိုပျော်ပျော် နေတတ်သူဖြစ်၏။ သူ့ကိုလဲ ညီအစ်ကိုအရင်းပမာ ချစ်ခင် တွယ်တာသူ ဖြစ်၏။ ထို့ကြောင်းလည်း အရေးအကြောင်း ကြုံသည်နှင့် သူ့ဆီသို့ ဦးတည်လာခဲ့ခြင်း ဖြစ်လေ၏။

ဆေးအပြာရောင် သုတ်ထားသော ပျဉ်ထောင်အိမ် အိမ်ပုလေးရှေ့အရောက်တွင် နာမည်လှမ်းခေါ်လိုက်ရာ ဘသာ အပြေးထွက်လာ၏။

" ဟာ . . ထွန်းချို . . ငါဆီလာလည်သလား "

" ဟုတ်တယ် . . ဘသာ "

" လာကွာ တော်ပါသေးရဲ့ ငါအပြင်ထွက်တော့မလို့ကွ "

" ဟုတ်လား . . တော်သေးတာပေါ့ကွာ . . ငါလဲ အခက်အခဲကြုံလာလို့ မင်းဆီပြေးလာတာ သူငယ်ချင်း "

" ဟုတ်လား . . လာကွာ အိမ်ပေါ်တက် "

နှစ်ဦးသား အိမ်ပေါ်တက်ခဲ့ကြပြီး ဧည့်ခန်းထဲ ထိုင်လိုက်ကြ၏။ ဘသာကတော့ ဘယ်လိုမှ မပြောင်းလဲသေး၊ သူကြည့်လိုက် လျှင်အမြဲတမ်း ပြုံးပြုံးရွှင်ရွှင်နှင့် နေတတ်သူဖြစ်၏။

ယခုလည်း သူနံဘေးထိုင်ခုံတွင်ထိုင်ရင်း ငယ်ငယ်တုန်းက အကြောင်းတွေ ပြောပြီး ရယ်ရယ်မောမော ဖြစ်နေ၏။ ထိုဇော် သူ့လာရင်းကိစ္စကို အတိုချုံးပြောပြလိုက်၏။

" ဘသာ "

" ဘာလဲကွာ . . ပြောပါဦး . . မင်းက ဘာတွေဖြစ်လာ





လို့လဲ "

" အေးကွာ . . ငါကံကြမ္မာပဲ ပြောရမှာပေါ့ ငါမထင်မှတ်ဘဲ ကြုံခဲ့ရတဲ့ အဖြစ်ကြောင့် ငါဇနီးမသက် ဆုံးသွားခဲ့ရတယ်ကွာ . . ပြီးတော့ သမီးလေ ခက်ခက်လဲ လူတစ်စုက ဖမ်းသွားတယ်ကွ . . ခု ငါ . . ခွေးပြေးဝက်ပြေး ပြေးနေရတယ် သူငယ်ချင်း "

" ဟော . . ဘုရား ဘုရား ဘယ်လိုဖြစ်တာလဲ ထွန်းချိုရာ မင်း ဝိုက်ရှပ်စ်သဘော်ကြီးမှာ လုပ်တုန်းလား "

" မလုပ်တော့ဘူးလေ . . အဲဒီတုန်းက ဖြစ်ခဲ့တဲ့အဖြစ် ကြောင့်ပေါ့ကွာ . . ခုလဲ မင်းဆီကိုငါ ပုန်းလျှိုးဝှက်လျှိုးလာခဲ့ ရတာကွာ . . မင်းဆီမှာ ငါတစ်ညနှစ်ညတော့ နေမယ်ကွာ . . "

" နေပါကွာ . . မင်းအခက်အခဲ ဖြစ်လာရင် ငါကူညီရမှာ ပေါ့ . . ကဲ ပြောစမ်း ငါဘာလုပ်ပေးရမလဲ၊ စားဖို့သောက်ဖို့ အတွက်တော့ မပူနဲ့ ငါမှာ ဆီအပြည့်ဆန်အပြည့် အေးအေးသာ နေပေတော့ "

" လောလောဆယ်ငါ အပြင်ထွက်လို့ မဖြစ်သေးဘူး ဘသာ အခုက ငါ ဖုန်းလွတ်လွတ်လပ်လပ် ပြောချင်တယ် "

" ရပါတယ်ကွာ . . လမ်းထိပ်မှာ ဖုန်းပြောလို့ရပါတယ် အဲဒီအိမ်က လူတွေနဲ့ ငါက အမျိုးတွေကွ "

" ဟုတ်လား . . ဒါဆို . . ညပိုင်းမှာ ပြောမယ်ကွာ "

" မပူစမ်းပါနဲ့ကွာ . . လာ . . ထမင်းစားရန် လဲ ရောက်နေပြီ . . စားရအောင်သူငယ်ချင်း . . စားတာတော့


www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းကန်းကန်း မဟုတ်ဘူးကွ "

" ရပါတယ်ကွာ "

" ကဲ . . ဒါဆို ထကွာ "

နှစ်ဦးသား နောက်ဖေးဖေးခန်းဝင်ကာ စားသောက်လိုက်ကြ၏။ ဘသာမှာ အမြဲတမ်းပျော်ပျော်ရွှင်ရွှင် နေတတ်သူဖြစ်သော်လည်း အရေးကိစ္စနှင့် ကြုံလာသည့်အခါ လေးလေးနက်နက် ဖြစ်လာ၏။ စားသောက်ပြီးသည့်အခါ သူ့ကိစ္စကို စိုးရိမ်ကြီးစွာနှင့် မေးမြန်းလာ၏။

" သူငယ်ချင်း မင်းကိစ္စက အန္တရာယ်တွေရှိနေသလားကွ "

" အေး . . လောလောဆယ် ငါ့အသက်ကိုဖက်နဲ့ထုတ်ထားရတယ်၊ သူငယ်ချင်း ခုလဲ ငါ့ကိုသေနတ်နဲ့ ပစ်ပြီး သေပြီးထင်လို့ ပစ်ထားခဲ့ကြတာကွ "

" ဟာ . . ကြောက်စရာကြီး ပါလားကွာ . . မင်းဥစ္စာတစ်ယောက်တည်း လျှောက်မလုပ်နဲ့လေကွာ . . စခန်းတို့ ဂတ်တို့ တိုင်ပါလား "

" မဖြစ်ဘူး ဘသာ . . ငါ သုံးလေးခါကြိုးစားခဲ့ပေမယ့် ငါကို သူတို့အမြဲတမ်း စောင့်ကြည့်နေကြတယ်ကွာ"

" ဒါထက် မင်းဖုန်းဆက်မှာ ဘယ်သူဆီလဲ "

" အဲဒီလူစုနဲ့ ဆက်သွယ်ကြည့်မလို့ကွာ "

" ဟာ . . မင်းဘဲအစ ဖျောက်ထားပြီးတော့ကွာ . . တော်ကြာ ပြဿနာပေါ်လာလို့ ကိုယ်က တစ်ယောက်တည်းနော် စဉ်းစားဦး ထွန်းချို့ရ "





" အေး . . ဒီလိုတော့လဲ ဟုတ်သားပဲ "

ဘသာထောက်ပြသည့် ထောက်ကွက်ကြောင့် ထွန်းချို့ ငိုင်တိုင်တိုင် ဖြစ်သွား၏။ သူမသေဘူး သိလိုက်သည်နှင့် ပြဿနာ တစ်ခုပြီးတစ်ခု ကြုံလာမှာ မလွဲပါခြေ။

သို့သော် သမီးလေးခက်ခက်ကို သူစွန့်စွန့်စားစား ကယ်လို၏။ လက်ထဲတွင် စီဒီခစ်မရှိသော်လည်း ရှိအောင်ဖန်တီးပြီး သမီးလေးကယ်ထုတ်နိုင်လျှင် ဆိုသောအတွေက သူ့ကိုဖိစီးစိုးမိုးနေ၏။

အမှန်တော့ သူ့အလုပ်က မျက်ကန်းတောတိုးအလုပ်၊ ကံမကောင်းလျှင် အသက်ပါ ပါသွားနိုင်သည့်ကိစ္စ၊ မဖြစ်နိုင်မှန်း မကြံစည်သင့်မှန်းသိသော်လည်း သူ့မျက်စိမှိတ်၍ တိုးတော့မည်ဟု ဆုံးဖြတ်လိုက်၏။

ထို့ကြောင့်လည်း ဘသာ၏စကားကို ခေါင်းတခါခါလုပ်ရင်း ငြင်းပစ်လိုက်၏။

" ငါဇာတ်ကို ငါကြည့်ကမယ်ကွာ . . ခုလိုမျှောလိုက်နေရင် အချိန်တွေကုန်တယ်၊ သူငယ်ချင်း ပြီးတော့ သမီးလေး ပြဿနာကလဲ လွယ်တာမဟုတ်ဘူးလေ . . ခုတောင် အသက်မှ ရှင်ပါ့ မလားသမိဘူးကွာ "

" ဟာ . . မင်းဥစ္စာ ငါတောင် ဦးနှောက်ဖျတ်ချင်လာပြီကွာ"

" အေး . . ဟုတ်တော့ ဟုတ်ပါတယ်လေး ဒါဆေခဲ့ မရင်ဆိုင်လို့ မဖြစ်တော့ဘူးကွ . . မင်းပြောသလို ပြဿနာတွေ


www.burmeseclassic.com

www.burmeseclassic.com

ပွတက်လာမှာတော့ သေချာတယ်။ ဒါပေမယ့် ငါဒီလိုပဲ ပုန်းလျှိုးကွယ်လျှိုးနဲ့ ပြေးလွှားနေရတာ . . မခံစားနိုင်တော့ဘူးကွာ . . ”

“ ဟင် . . မင်းဘက်က ကြည့်တော့လဲ မှန်ပါတယ်ကွာ၊ ဖြစ်လာတဲ့ အခြေအနေတစ်ရပ်ကို မလွှဲမရှောင်သာရင်တော့ ရင်ဆိုင်လိုက်တာ အကောင်းဆုံးပါပဲကွာ . . ဒါပေမယ့် သတိထားဖို့တော့လိုတယ်နော် ”

“ ဟုတ်ပါတယ်ကွာ . . ကဲ . . ငါတို့ဖုန်းသွားဆက်ရအောင်”

ပြောပြောဆိုဆိုနှင့် အိမ်အပြင်ဘက်သို့ ထွက်ခဲ့ကြ၏။ ထွန်းချိုမှာ အခြေအနေတစ်ရပ်ကို စွန့်စားရင်ဆိုင်ရတော့မည်မို့ စိုးစိုးထိတ်ထိတ် ဖြစ်နေ၏။ အမိက သူပူပန်သောကဝေ နေရသည်မှာ သမီးလေး ခက်ခက်အတွက်ပင် ဖြစ်၏။

ဇနီးသည်လိုဘဲ . . သမီးလေး သူ့အကြောင့်မြေဇာပင် ဖြစ်သွားမှာကို ဖြစ်နိုင်လျှင် သမီးလေးကို အသက်စွန့်၍ ကာကွယ်ရကာကွယ်ရ သူကာကွယ်ဖို့အသင့်၊ သို့နှင့် ဘသာဆွေးမျိုးများရှိရာသို့ ရောက်လာရာ ဖုန်းပြောသည့်နေရာကို သီးသန့်လပ်ထားသဖြင့် လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင်၏။

ထွန်းချိုသည် သူမှတ်မိသော ဖုန်းနံပတ်ကို လှည့်၍တဖက်မှအသံကို နားစွင့်လိုက်၏။ သုံးလေးခါမက ဆက်ကြည့်သည့်အခါ တဖက်မှ ဖုန်းကိုလိုက်သည်ကို သတိထားမိ၏။ ထွန်းချိုသည် စကားတစ်ခွန်းမှ မဟဘဲ . . အသံဗလံကို နားထောင်လိုက်ရာ မော်တော်စက်သံ၊ သဘော်ဥသြဆူညံသံများကို ဖုန်းထဲတွင်





ကြားလိုက်၏။ ထိုအသံများကြောင့် သူ စီဘီတွဲဟောင်းကြီးပေါ်သို့ ရောက်ရှိခဲ့ပုံကို သတိရလာ၏။

ထိုစဉ် တဖက်စကားသံကို ကြားလိုက်ရ၏။

“ ဘယ်သူလဲကွ . . ပြောလေ ”

. . . . . . . . . . .

“ ဟလို . . ဟလို . . ”

သူတဖက်မှ အသံကိုနားစွင့်ရင်း လေသံတိုးတိုးနှင့် ပြောလိုက်၏။

“ ကျွန်တော် ထွန်းချိုပါ ”

“ ဘာ . . ထွန်းချို ဟုတ်လား ”

“ ဟုတ် . . ဟုတ်ပါတယ် ”

“ မင်း . . မင်းမသေသေးဘူးလား ”

“ ဟုတ် . . ဟုတ်ကဲ့ . . ဟို ကျွန်တော်မသေပါဘူးဗျ ဟို ကျွန်တော် ခင်ဗျားတို့လိုချင်တာ ”

“ ဟိတ်ကောင် ထွန်းချို မင်းငါတို့ကို ဘာပတ်ဦးမလို့လဲကွ”

“ မဟုတ်ပါဘူးဗျာ . . ကျွန်တော်တကယ် ပြောတာပါ ဟို ဟို ကျွန်တော် ကျွန်တော်သမီးလေး . . ”

“ ဟာ . . မင်းသမီးလေး ခုထိ မှဲ့တစ်ပေါက် မစွန်းသေးပါဘူးကွာ . . ငါတို့လိုချင်တာ မင်းဆီမှာ တကယ်ရှိနေပြီဆိုရင် အချိန်မရွေးဘဲ သူငယ်ချင်း ”

“ ဒီကိစ္စ မင်းအရမ်းလာလို့ မဖြစ်သေးဘူး၊ ငါတို့ မနက်ဖြန်လောက်ကို မင်းနဲ့အဆက်အသွယ်လုပ်မယ်၊ ဖုန်းနံပတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောထား . . ”

“ ဗျာ . . ဟို ကျွန်တော် ”

“ ဟော့ကောင် မင်းညာဏ်များတော့ မကြံနဲ့နော် ”

“ မကြံပါဘူးဗျာ ”

“ ကဲ ဒါဆို ဖုန်းနံပတ်ပြောစမ်း ”

ထွန်းချိုသည် သူဆက်သွယ်သည့် အိမ်ဖုန်းနံပတ်ကို ခပ်တိုးတိုး ပြောပြလိုက်၏။ တဖက်မှ ဖုန်းချသွားသည်။ ထိုသူ ငေးငေးငိုင်ငိုင် ကျန်ခဲ့၏။ ဘသာသတိပေးမှသာ သူသတိဝင်လာပြီး ဖုန်းချလိုက်ရင်း အိမ်ဘက်သို့ပြန်ခဲ့၏။ အိမ်အရောက်တွင် ဘသာက သူ့ကိုမေးမြန်းလိုက်၏။

“ ဘယ်လိုလဲကွာ ”

“ မနက်ဖြန်မှ ဆက်မယ်တဲ့ကွာ ”

“ ဟင် . . ဘယ်လိုသဘောလဲ ”

“ အဲဒါပြောတာပေါ့ . . သူတို့ဟာ ငါ့ဆီကပစ္စည်းတစ်ခုကို အရမ်းလိုချင်တာကွာ . . အဲဒါ ဘာကြောင့် အချိန်ဆွဲနေသလဲ ငါစဉ်းစားလို့ မရဘူး ”

“ ဟုတ်ပါ့ကွာ ”

ထွန်းချိုမှာ တဖက်အဖွဲ့အစည်း၏ သဘောကို နားမလည်နိုင်အောင် ဖြစ်နေ၏။ သို့သော်ဖုန်းထဲတွင် ကြားလိုက်ရသော အသံဗလံကို သတိထားမိလာ၏။ မော်တော်သံ၊ ဥဩသံများကြောင့် သူတို့အဖွဲ့တည်ရာမှာ ပင်လယ်ဆိပ်ကမ်းပိုင်းမှ ဖြစ်ရမည်ဟု တွေးမိလာ၏။





ထိုအခြေအနေကြောင့် သူ စီဘီတွဲဟောင်းကြီးကို သတိရလာ၏။ တဖက်အဖွဲ့အစည်းသည် စီဘီတွဲဟောင်းများပေါ်တွင် ဖြစ်နိုင်ကြောင်း တွေးမိလာ၏။ ထိုကြောင့်လည်း ဘသာကို တိုးတိုးပြောပြပြီး ဆိပ်ကမ်းဘက်သို့ ရရာကားငှား၍ ထွက်ခဲ့၏။

ဆိပ်ကမ်းအရောက်တွင် ညနေစောင်းနေပြီဖြစ်ရာ လှေတစ်စင်းနားသို့ ကပ်၍ ဈေးညှိရင်း မေးလိုက်၏ သူ့အမေးစကားကို လှေသမားက ချက်ချင်းပြောပြနိုင်သဖြင့် နှစ်ဦးသား လှေတစ်စီးနှင့် ပင်လယ်ဘက်သို့ ထွက်ခဲ့၏။

လှိုင်းလေငြိမ်ကာ ရာသီဥတုများ အေးစိမ့်စိမ့်ဖြစ်နေ၏။ လှေသမားကြီးသည် ပင်လယ်ထဲ အမြဲတမ်းသွားလာလှုပ်ရှားနေသည်မို့ စီဘီတွဲဟောင်းကြီးရှိသည့် နေရာသို့ လှော်ခတ်လာရာ မှောင်ရိပ်သန်းစအချိန်တွင် တွဲကြီးကိုမြင်လိုက်ရ၏။

ထွန်းချိုသည် လှေထိုးသမားကို ပိုက်ဆံပိုမိုပေးလိုက်ပြီး တွဲနားသို့ ရေစီးအတိုင်းမျော၍ ကပ်ခဲ့ပြီး ကျောက်ဆူးကြိုးကို တွယ်ကာ စီဘီကြီးပေါ်သို့ တက်ခဲ့၏။ ကုန်းပတ်ဘေးတလျှောက် မှောင်မိုက်နေသော်လည်း အထဲတွင်မီးရောင်ကို မြင်လိုက်ရ၏။

သူသည် မှောင်ရိပ်ခိုကာ တွဲကြီးထဲသို့ နောက်ဘက်မလွယ်ပေါက်မှဝင်ခဲ့ရာ စီဘီဝမ်းပိုင်းတွင် မီးရောင်လင်းနေသည်ကိုမြင်လိုက်ရ၏။

ထိုအခါ အမှောင်ရိပ်ခို၍ လှေကားအတိုင်းတစ်ထစ်ချင်း ဆင်းသက်ခဲ့ရာ အောက်ဆုံးအထစ်သို့ အရောက်တွင် သေနတ်ချိန်၍ စောင့်ဆိုင်းနေသော လူနှစ်ဦးနှင့် မျက်ပင်



www.burmeseclassic.com

www.burmeseclassic.com

တိုးမိလေတော့၏။

" အော် . . ရောက်လာပြီဗျို့ "

" အော် အထူးဧည့်သည်ကြီးပါလား . . ဆရာ ပြောတဲ့ စကားက မှန်လိုက်တာဗျာ . . လာလိမ့်မယ်ဆိုတာ တကယ်လာပါ လား ကဲ . . အထဲကို ကြွပေတော့ ထွန်းချို "

" ဟင် "

ရုတ်တရက်မို့ ထွန်းချိုပြန်လှည့် ချိန်မရတော့၊ သေနတ် နှစ်လက်သုံးလက်နှင့် အသင့်ချိန်ရွယ်ထားပြီမို့ . . သူမလှုပ်ဝံ့ တော့ဘဲ . . သူတို့ခေါ်ဆောင်ရာ နောက်သို့လိုက်ခဲ့၏။

စီဘီဝမ်းဗိုက်အတွင်းတွင် အခန်းများကျကျနန ဆောင်လုပ်ထား၏။ တစ်ခုသော အခန်းကျယ်ကြီးထဲအရောက်တွင် သူ့ကိုနောက်ကျော်ခိုင်း၍ ထိုင်နေသော ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်၏။

" ကိုထွန်းချို ရောက်လာပြီလား "

" ဟုတ် . . ဟုတ်ကဲ့ "

" ဟင် . . ဟင် . . ခင်ဗျားက အရမ်းလောတာပဲထိုး ခင်ဗျားသမီးလေး မှဲ့တစ်ပေါက် မစွန်းစေရပါဘူးဗျာ . . ထဲ ဘယ်မှာလဲ စီဒီဒစ် "

" ဟို . . ကျွန်တော်ဆီမှာ "

" ဉာဏ်တော့မများနဲ့နော် . . ဒီနေရာမှာ ဉာဏ်များလို့ မရဘူးဆိုတာတော့ နားလည်စေချင်တယ် "

" ဟုတ် . . ဟုတ်ကဲ့ "

" ဒါဆို ဘယ်မှာလဲ "





" ဒီ . . ဒီမှာပါ . . "

" ယူခဲ့စမ်းကွာ "

သူဘေးမှလူသည် စီဒီဒစ်ကိုယူ၍ ကျောခိုင်းထိုင် ထားသော ပုဂ္ဂိုလ်ကြီးထံ ပေးလိုက်၏။ ပုဂ္ဂိုလ်ကြီးသည် ထွန်းချိုထံမှ စီဒီဒစ်ကို ယူကြည့်လိုက်ပြီး အော်ကြီးမာစ်ကျယ် ရယ်မောလိုက်လေ၏။

" ဟား ဟား ဟား ထွန်းချို မင်းက ငါတို့ကို ကလေးတွေ များ အောင်းမေ့နေသလားကွ . . တော်တော်နောက်တဲ့ ကောင်ဘဲ' "

" ဗျာ "

ထွန်းချိုမှာ ထိုပုဂ္ဂိုလ်ကြီး၏ အသံကြောင့်တုန်တုန်လှုပ်လှုပ် ဖြစ်သွား၏။ တကယ်လည်း သူပြောင်လိမ်ပြီး အသေအကြေ တိုက်ခိုက်ရန် ဆုံးဖြတ်ထားခြင်းဖြစ်၏။ ယခုတော့ သူ့မျက်နှာရဲ လုပ်ရပ်က သူ့ကိုကြိုးနှင့် တုပ်လိုက်ကသလိုပင်။

ထိုစဉ် ပုဂ္ဂိုလ်ကြီး၏ ကြောက်စရာကောင်းလှသော အသံကြီးပေါ်လာ၏။

" ကဲ . . ငါတို့ဆီ ပဋ္ဌလက်ဆရာကြီး လာလုပ်တဲ့ ဆရာထွန်းချိုကို ပုံစံမပေးခင် . . လောလောဆယ် ထိန်းသိမ်းရေး စခန်းထဲ အနားယူစေပါဦးကွာ . . ပြီးမှ ငါစီစဉ်မယ် . . လောလောဆယ် ငါမှာ ကိစ္စရှိသေးတယ်ဟေ့ . . ကဲ အသစ် ခေါ်သွားစမ်းကွာ "

" ဟုတ်ကဲ့ ဆရာ "


www.burmeseclassic.com

www.burmeseclassic.com


ဘေးမှ လူနှစ်ဦးသည် သူကိုအကြမ်းပတမ်းဆွဲခေါ်ကာ အနောက်ဘက် အခန်းသို့ခေါ်ဆောင်သွားပြီး မီးရောင်ဝါယော်ယော်လေး ထွန်းထားသော အခန်းကျဉ်းလေးထဲ လှောင်ပိတ်လိုက်လေ၏။

" ဘယ်သူလဲ "

" အား ကျွတ် . . ကျွတ် . . ကျုပ် ကျုပ်ကိုလွှတ် လွှတ်ပေးကြပါ "

" ဟင် "

ကြမ်းပြင်ပေါ်တွင် တုံးလုံးကြီးလဲကျနေသော လူတစ်ယောက်၊ မှုန်မှုန်ဝါးဝါးမို့ ဘယ်သူဘယ်ဝါမသိ၊ ထိုစဉ် လဲကျနေသူသည် ဖြည်းဖြည်းချင်း လူးလဲထလာရာ ထွန်းချိုက လေသံတိုးတိုးနှင့် ပြောလိုက်၏။

" ကျွန်တော်ကိုလဲ . . သူတို့ဖမ်းထားကြတာဗျ "

" ဟင် . . မောင်ရင် . . ဘယ်သူလဲ "

" ကျွန်တော်နာမည် ထွန်းချိုပါ . . ဝိုက်ရှပ်စ်သင်္ဘောပေါ်မှာ ချိမ်ကွတ်စ် လုပ်ခဲ့သူပါ "

" အော် . . ချိမ်ကွတ်စ် ထွန်းချိုကို "

" ဟုတ် . . ဟုတ်ပါတယ် . . ဒါနဲ့ ဦးက "

" ကျုပ် နာမည် . . ဗလအောင်ပါ "

" ဗျာ . . ဦးဗလအောင် ဟုတ်လား "

" ဟုတ်ပါတယ်ကွာ . . မောင်ရင်သိလို့လား "

" ဟို . . သည်ဝေါလ်စတား ကုမ္ပဏီပိုင်ရှင် ဦး . . ဦးဗလအောင် မဟုတ်လား "

" ဟုတ်ပါတယ် . . သူတို့ကျုပ်ကို ဖမ်းဆီးထားကြတာ နှစ်ပတ်နီးပါးရှိနေပြီ အစာရေစာလဲ မဝတဝကျွေးထားကြတယ်။ သူတို့ကျုပ်ကို ဘယ်အချိန် သက်ပစ်ကြမလဲ မသိပါဘူး . . အပြင်မှာလဲ ဘာတွေဖြစ်ကုန်းမှန်း မသိပါဘူးကွယ် "

" ဗုဒ္ဓေါ . . ဦး . . ဦးဟာ တကယ် ဦးဗလအောင် အစစ်လားဟင် "

" ဟုတ်ပါတယ်ကွယ် . . ဘာလဲ မောင်ရင်က ကျုပ်ကို မယုံလို့လား . . အင်း သူတို့က ကျုပ်ကို ဝိုက်ရှပ်စ်သင်္ဘောပေါ်ကို စပိဘုတ်နဲ့ အသွားမှာ ဖမ်းလိုက်ကြတာ ဘာလုပ်ကြမှန်းလဲ မသိဘူးကွယ် . . "

" ဘုရား ဘုရား ဒါဆို ဟို . . မှား မှားကုန်ပြီထင်တယ်"

" ဟင် . . ဘာမှားတာလဲကွဲ့ "

" ဟို . . ဒီ . . ဒီလိုပါဦးရယ် "

ထွန်းချိုသည် သူကြုံဆုံခဲ့ရသော အဖြစ်များကို အသေးစိတ် ပြောပြလိုက်ရာ ဦးဗလအောင်မှာ မယုံကြည်နိုင်အောင်ဖြစ်နေ၏။ သူ တသသနှင့် ပြုစုပျိုးထောင်ခဲ့ရသော 'သည်ဝေါလ်စတား' ကုမ္ပဏီကြီး ပျက်စီးသွားပြီဆိုသည်ကို သိလိုက်ရသဖြင့် နှလုံးသားတွေ ပေါက်ကွဲ လွင့်စင်သွားပြီလေလား ခံစားလိုက်ရ၏။

" ဟုတ် . . ဟုတ်ရဲ့လား မောင် မောင်ထွန်းချိုရယ် . . ဦးတော့ ဘယ်လိုမှကို နားမလည်တော့ဘူးကွယ် . . တကယ်ပဲ အဲဒီလူဟာ ဦးနဲ့ပုံစံတူနေသလား "


ပိုးဆပ်ပန်းစာပေ

www.burmeseclassic.com



" ဟာ .. အဲဒါတော့ မလွဲဘူးဦးရယ် .. ကျွန်တော် ကိုယ်တိုင်လဲ ပထမတော့ အံ့ဩနေမိတယ် .. ဒါပေမယ့် အဖြစ်အပျက်တွေက ဘယ်အဖြစ်အပျက်တွေပါ ဦး၊ ပြီးတော့ ဦးရဲ့သား လင်းနေမင်းခများမှာလဲ .. အဲဒီလူစုကြောင့် တဖြေ တည်းပြေးနေပြီလေ .. "

" ဟင် .. ကိုလင်းတော့ ဒုက္ခပါလား .. သားက လူအေးလူရိုးပါကွယ် .. ဖအေအပေါ်လည်း အရမ်းကိုရိုသေတဲ့ ကလေးပါ .. ပြီးတော့ ဦးလုပ်ငန်းနဲ့လဲ သူ ဘယ်လိုမှပတ်သက် နိုင်စရာမရှိပါဘူး .. ဒုက္ခပါပဲ .. သားကိုသူတို့အသက်ရှင်ခွင့် ပေးမှပေးကြပါ့မလား .. ဘုရား ဘုရား "

ဦးဗလအောင် ကြေကြေကွဲကွဲစကားကြောင့် ထွန်းချိုမှာ ကရုဏာသက်မိ၏။ အမှန်မတော့ တစ်ချိန်လုံး သူ့ ဦးဗလအောင်ကို သူတော်ကောင်းယောင် ဆောင်ထားသော လူယုတ်မာကြီး တစ်ဦးဟု အမြင်မှားခဲ့မိ၏။ စီးပွားရေးလောက ဟန်နှင့်လိမ် ညာလှည့်ဖျားနေသော ဒုစရိုက်သမားကြီးဟု မြင်ခဲ့မိ၏။

သို့သော် တကယ်တမ်းတွေ့ကြုံလာရသော အဖြစ် ကြောင့် သူသိခဲ့ရသော ဦးဗလအောင်မှာ ဦးဗလအောင်အစစ် မဟုတ်ပါလား သိခဲ့ရလေရာ .. နောင်တကြီးစွာရခဲ့မိ၏။

ထို့ပြင် ဖခင်ကြီးအပေါ် ပြင်းပြင်းထန်ထန် ခုခံတော ကွယ်ခဲ့သော လင်းနေမင်း၏ စိတ်ဓါတ်ကို တစ်ချိန်က တအူ သန်လွန်းလှသည်ဟု ထင်ခဲ့မိ၏။

ယခုတော့ လင်းနေမင်း၏ ဖြောင့်မတ်သောသဘောထား





နှင့် ဖခင်ကြီးအပေါ် ယုံကြည်ခဲ့မှုကို သူစော်ကားမိသလို ဖြစ်ခဲ့၏။ သူ နောင်တကြီးစွာနှင့် တွေးတောမိနေစဉ် ဦးဗလအောင်၏အသံကို ကြားလိုက်ရ၏။

" ဒါဆို ဒီကိစ္စ တစ်ယောက်ယောက်က အတွင်းလူနဲ့ ပေါင်းပြီးလုပ်လိုက်တာ ဖြစ်လိမ့်မယ် "

" ဗျာ .. ဘာဖြစ်လို့လဲ ဦး "

" ဒီလို .. မောင်ထွန်းချိုရယ် တကယ်တော့ ဒီကိစ္စကို ကျုပ်တို့က ထိပ်တန်းလျှို့ဝှက်ချက်ဆိုပြီး ထားခဲ့ကြတာ .. ကျင်းပတဲ့နေရာတောင် အနီးကပ်မှ ပြောခဲ့ဆိုခဲ့ကြတာကွ .. အင်း တော်တော်ကြောက်စရာ ကောင်းလှတဲ့ လူတွေပါလား "

" ဟုတ်ပါတယ်ဦး .. ပြီးတော့ ဦးရဲ့မိတ်ဆွေရှေ့နေကြီး ဦးမိုးဘကျော်ရော .. ပြီးတော့ သင်္ဘောပေါ်ပါလာတာတဲ့ အဖွဲ့သားတွေအားလုံး သူတို့လုပ်ကြလုပ်ကြပြီ "

" ဘာ .. ဘုရား ဘုရား .. ဒုက္ခပါလား "

" နောက်ဆုံး သူတို့သင်္ဘောကြီးကိုပါ .. မိုင်းခွဲပြီး မြှုပ်လိုက်ပြီဗျ .. "

" ရက်စက်လိုက်ကြတာကွယ် .. လုပ်ပါစေ .. ဒါဟာ ကြောက်စရာကောင်းလှတဲ့ ဒါ ကံကြမ္မာရဲ့ သဘောတွေပါ ဖျတ် ချိန်တန်လို့ ပျက်ရတယ်ပဲ သဘောထားရတော့မှာပေါ့လေ ကျွတ် ကျွတ် .. ကျွတ်ကျွတ် .. အင်း လောဘ လောဘစိတ်ဟာ လူ့ဘဝ ကြီးကို ပြာကျသွားစေနိုင်တယ် ဆိုတာ တကယ်မှန်ပါလား "

ဦးဗလအောင်စကားတွေကြောင့် ထွန်းချိုသောကကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩဘွယ်ရာ ဆန်းကျယ်လွန်းလှသည့် လူသဘော လူမနော်ကို သိလာရ၏။ တစ်ဦးနှင့်တစ်ဦး၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့် တစ်မြို့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ခိုက်ရန်ဒေါသကြီးစွာနှင့် နောက်ဆုံး ရန်ပွဲ စစ်ပွဲတွေဖြစ်ခဲ့ရသည်မှလည်း လောဘစိတ်ကြောင့်ဆိုသည်ကို သူနားလည်ခဲ့ရ၏။

ထိုအခြေအနေကြားတွင် မြေဇာပင်ပမာ ဖြစ်ခဲ့ရသည်မှာ သူတို့မိသားစုပင် ဖြစ်လေ၏။ ရင်ထဲတွင် ကြေကြေကွဲကွဲ ခံစားလောင်ကျွမ်း နေရ၏။

“ ဦးရယ် . . ဦးတို့ပြဿနာကြားမှာ မြေဇာပင်ဖြစ်ခဲ့ရတာ ကျွန်တော်တို့ မိသားစုပါပဲ ”

“ ဟင် . . ဘာကြောင့်ပါလိမ့်ကွယ် ”

“ ဒီလို ဦးရဲ့ ”

သူ သူ့အဖြစ်ကို ကြေကွဲစွာနှင့် ပြောပြလိုက်ရာ ဦးဗလအောင် စုတ်တသပ်သပ် ဖြစ်နေ၏။ မဆီမဆိုင်ကြားညှပ်ခဲ့ရသော သူတို့မိသားစုအပေါ် ဦးဗလအောင် စိတ်မကောင်းကြီးစွာဖြစ်မိ၏။

“ အို . . အစစ်ပဲ . . မောင်တို့မိသားစုက ကြားအဝင်ခံလိုက်ရသလိုပါလား ”

“ ဟုတ်တယ်ဦး . . ခုဆို ကျွန်တော်သမီးလေးဆို ဘယ်ရောက်နေပြီမှန်း မသိဘူး၊ ကျွန်တော်သူတို့ လက်ထဲမှာ အသေခံလို အဖြစ်ဘူးဦး . . ကျွန်တော် လွတ်အောင်ကြိုးစားရမယ်”





“ အေး . . ဟုတ်တယ် ဒါ မှန်ကန်တဲ့ ဖခင်တစ်ဦးရဲ့ သူရဲကောင်းစိတ်ဓာတ်ပဲကွ . . အော် နေဦး မင်းဒီအနားတိုးစမ်းကွာ ”

“ ဗျာ ”

“ အနားတိုးလေကွာ ”

“ ဟုတ် . . ဟုတ်ကဲ့ ”

သူ ဦးဗလအောင်နားသို့ ဖြည်းဖြည်းချင်း ရွှေ့ခဲ့၏။ ဦးဗလအောင်သည် ဘေးဘီကိုတစ်ချက် လှမ်းကြည့်ရင်း လေသံတိုးတိုးနှင့် ပြောလိုက်၏။

“ ငါအိပ်တဲ့ ကောက်ရိုးပုံအောက်မှာ ရေသံတွေကြားနေရတယ်ကွ . . ဧကန္တ ကောက်ရိုးပုံမရှိရင် အံဖုံးတံခါးတွေ ဘာတွေရှိနိုင်တယ် ထင်တယ် ”

“ ဟင် . ဟုတ်လား ”

“ တကယ်ပေါ့ကွာ ”

“ ဒါဆို . . ဦး ခဏဖယ်ကြည့်မယ်လေ ”

ဦးဗလအောင်သည် ကောက်ရိုးပုံပေါ်မှ ဖင်ဒရွတ်ဆွဲ၍ ရွှေ့ပေးလိုက်၏။ ထွန်းချိုသည် ကောက်ရိုးပုံကိုဖယ်၍ ကြမ်းပြင်ကို စမ်းကြည့်ရာ ဂျလက်ထိုးထားသည်ကို တွေ့ရ၏။ ဂျလက်သည် သံချေးတွေအတော်ကလေး ကိုက်နေပုံရသဖြင့် အားထုတ်ဖျစ်ညှစ်၍ ဖွင့်ကြည့်၏။

လက်ထိပ်ဖျား သွေးခြေဥလာသည့်အထိ မရမက ဖွင့်ကြည့်ရာ ‘ ချောက် ’ဟူသောအသံနှင့်အတူ အနှံဖုံးတံခါး



www.burmeseclassic.com

www.burmeseclassic.com

ပွင့်သွားတော့၏။

" ဟာ . . ပွင့်သွားပြီ . . ဦးရဲ့ "

" ဟင် . . ဟုတ်လား . . ဒါဆို မင်းဆင်းကြည့်စမ်း "

" ဟုတ်ကဲ့ "

" ကဲ . . မြန်မြန်မလေကွာ ငါကိုင်ထားမယ် ငါခြေထောက်တွေ သိပ်မကောင်းတော့ဘူးကွ . . "

" မပူပါနဲ့ ဦးရာ . . ဟိုမှာ ချိတ်ထားတဲ့ တာရာခွေကြီးတွေကိုကြည့်စမ်း "

" ဟင် . . အဲဒါ "

" အဲဒါကြီးတွေနဲ့ . . ကူးလို့ရရင် ကူးကြည့်တာပေါ့ "

" ဒါဆိုလဲ . . သတိထားလုပ်ကွာ "

" ဟုတ်ကဲ့ "

ထွန်းချိုသည် အံဖုံးတံခါးကို ဆွဲမကာ အောက်သို့ ဝင်လိုက်၏။ လှေကားထစ်သဖွယ် လုပ်ထားသော သံဖရိန်ကြီးများကိုတွေ့လိုက်ရသဖြင့် ဖြည်းဖြည်းချင်းတွယ်နင်း၍ ဆင်းခဲ့ရာ ဟင်းလင်းပွင့်နေသော ပင်လယ်ပြင်ကို ရှစ်ပေနီးပါးခန့်မြင့်သော နေရာမှ တွေ့လိုက်ရ၏။

စီဘီတွဲအောက်တွင် စီးဝင်နေသော ပင်လယ်စီးချောင်းဝင်ပေါက်ကို သူရှာဖွေလိုက်ရာ အရှေ့ဘက်ထောက်မှ စီးဆင်းနေသည်ကို တွေ့လိုက်ရ၏။

အခြေအနေက ခက်ခဲသော်လည်း ကြိုးစားလျှင် လွတ်မြောက်နိုင်သည်ဟု တွေးမိ၏။ ထိုထွက်ပေါက်မှ လွတ်မြောက်





အောင် ရုန်းထွက်တော့မည်ဟု ဆုံးဖြတ်ပြီး အပေါ်သို့ ပြန်တက်ခဲ့၏။

" ကဲ . . သွားကြမယ် ဦး . . ကျွန်တော်တို့ ခုလိုနေရင် သူတို့လာပြီး ဒုက္ခပေးမှာ သေချာတယ်။ ကျွန်တော်တို့သေလို့ မဖြစ်ဘူး၊ ဒီတော့ ကျွန်တော် ဦးကိုတွဲပြီး ဆင်းမယ် မရရအောင် ထွက်မယ် . . "

" ဟင် . . ဖြစ် . . ဖြစ်ပါ့မလားကွာ "

" ဖြစ်ပါတယ် ဦး . . အရေးကြီးတာ သတ္တိရှိဖို့ပဲ . . ကဲ အချိန်သိပ်မရှိတော့ဘူး ကျွန်တော်တို့ ပြေးကြစို့ "

" ဒုက္ခပါပဲ . . ငါခြေထောက်တစ်ဘက်က မကောင်းတော့ဘူးကွ "

" ရပါတယ် . . ကျွန်တော် ထမ်းပိုးပြီး ခေါ်ပါ့မယ် . . ယုံယုံကြည်ကြည် လိုက်ခဲ့ပါဦး "

" ကဲ . . ဒါဆိုလဲ သွားမယ်ကွာ "

ဦးဗလအောင်သည် ထွန်းချိုကိုအမှီပြု၍ ထရပ်လိုက်၏။ နှစ်ဦးသား သံတိုင်များတွင် ချိတ်ဆွဲထားသော တာယာကြီးနှစ်ခုကို ယူလိုက်၏၊ ထိုနောက် အံဖုံးတံခါးကိုမကာ ရှေ့ဆုံးမှ ထွန်းချို ဆင်းခဲ့၏။

သူ့နောက်မှ ဦးဗလအောင် ကုန်းကုန်းကွကွနှင့် ခက်ခက် ခဲခဲဆင်းလာ၏။ ထွန်းချိုသည် ဦးဗလအောင်ကို ကိုယ်နှင့်ထိန်း၍ လှေကားထစ်များပေါ်မှ တရွေ့ရွေ့ဆင်းခဲ့ကြရာ သံဘောင်ထုန်းပတ် ကြီးပေါ် ရောက်လာ၏။


www.burmeseclassic.com

www.burmeseclassic.com



" ဟာ . . မြင့်လှချည်လား "

" မမြင့်ပါဘူး . . မကြောက်ပါနဲ့ဦး . . နေဦးနော် "

ထွန်းချို့သည် တာရာကြီးများကို လေမှုတ်သွင်းလိုက်၏။ နှစ်ခုစလုံး တင်းတင်းရင်းရင်း ရှိလာသောအခါ ဦးဗလအောင်ကို တစ်ခုပေးလိုက်ပြီး သူတစ်ခုယူလိုက်၏။ ထို့နောက် ကုန်းပတ်ကြီး ပေါ်မှ ရေထဲသို့ ဝုန်းကနဲခုန်ချခဲ့လေ၏။

ဦးဗလအောင်မှာလည်း ပေါက်သည့်နဖူးမထူးတော့ပြီဟု တွေး၍ တာယာကြီးကိုဖက်ခါ ရေထဲခုန်ချလိုက်၏။ ထွန်းချို့သည် ရေပြင်သို့ရောက်သည်နှင့် တာယာကြီးကို ကိုယ်တွင်စွပ်လိုက်ပြီး ဦးဗလအောင်ကို စောင့်နေ၏။

ဦးဗလအောင်သည် တာယာကြီးကိုဖက်ရင်း တအိအိနှင့် မျောပါလာ၏။ အနားရောက်သည်နှင့် လက်ဖြင့်လှမ်းဆွဲကာ ရေစီးဝင်ပေါက်ဘက်သို့ ကူးခဲ့ကြ၏။

" သတိထားဦး . . ရေစီးသန်နေတယ် "

" အေး အေး "

" လာ လာ ခေါင်းငုံ့ဝင်မယ် "

" အေး အေး "

နှစ်ဦးသား ရေစီးပေါက်ဝအရောက်တွင် ခေါင်းငုံ့ပြီး အပြင်ကို လျှိုထွက်လိုက်ကြ၏။ ကြယ်ရောင်လရောင်တို့နှင့် တောက်ပနေသော ကောင်းကင်ကြီးကို မြင်ရသောအခါ နှစ်ဦးစလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြ၏။

ထွန်းချို့သည် ဦးဗလအောင်၏ တာယာကိုလက်တစ်ဘက်





ဆွဲရင်း ဖြည်းဖြည်းချင်း ရေစီးအတိုင်းကူးခတ်ခဲ့၏။ လရောင်ဖြူဖြူ ဖျက်ဖျက်အောက်တွင် သူတို့နှစ်ဦး အချိန်ကြာ မြင့်စွာ ကူးခတ်ခဲ့၏။ ဦးဗလအောင်မှာ ရေထဲတွင် ကြာမြင့်စွာစိမ်နေရသဖြင့် တစ်ကိုယ် လုံး ချမ်းတုန်လာ၏။

" သတိထားနော် . . ဦး "

" အေး အေးပါကွယ် . . အားတင်းထားပါတယ် "

" ဟုတ် . . ဟုတ်ကဲ့ "

တဖြည်းဖြည်းနှင့် သူတို့နှစ်ဦး စီဘီတွဲကြီးနှင့် ဝေးလာ၏။ ထိုစဉ် စပိဘုတ်သံသဲ့သဲ့ ကြားလိုက်ရသဖြင့် ရေထဲအတင်း ထိုးငုပ်ခဲ့ကြ၏။

စပိဘုတ်မှာ သူတို့ဘက်လာသည်မဟုတ်ဘဲ စီဘီတွဲကြီး ဘက်သို့ တဖြည်းဖြည်းချဉ်းကပ် သွားနေသဖြင့် နှစ်ဦးသား ငုပ်လျှိုးနေရာမှ ပင်လယ်ပြင်ပေါ် တက်ခဲ့ကြ၏။

" အား "

" ဝူး . . အား "

" ရရဲ့လား "

" ရ . . ရပါတယ်ကွာ . . ဟို အေး အေးလှတယ် "

" တောင့်ထား ဦးရေ "

ထွန်းချို့သည် ဦးဗလအောင်အား လှမ်းအားပေးရင် ပင်လယ်ပြင်ဘက်ကို ကြည့်လိုက်ရာ မီးရောင်လဲ့လဲ့ကို မြင်လိုက်ရ၏။

" ဟာ . . ဟို ဟိုမှာ ကမ်း . . ကမ်းကိုမြင်ရပြီဗျ "



www.burmeseclassic.com

www.burmeseclassic.com

" ဟင် . . ဘယ်မှာလဲ "

" ဟိုမှာလေ . . မြင်လား "

" ဟာ . . အဟုတ်ပဲကွာ . . ကူး ကူး "

နှစ်ဦးသား အားတက်သရော ဖြစ်သွားကြ၏။ တာယာကြီးကိုဖက်၍ ဝမ်းသာအားရကူးခတ်ခဲ့ကြ၏။ ပို၍ပို၍ ခွန်အားတွေ ပြည့်လာကြသလိုပင်၊ ရေစီးကိုဖြစ်၍ ကန့်လန့်ကူးခဲ့ရသည်မို့ ခက်ခဲလှသော်လည်း ခက်ခဲလှသည်ဟု မထင်တော့၊ မောပေမယ့် ရောက်ချင်ဇောက ပြင်းပျနေ၏။

သို့နှင့် ဆယ်ငါးမိနစ်ခန့်အကြာတွင် မီးရောက်ကို ထင်ထင်ရှားရှား မြင်လာရ၏။ သူတို့ကူးခတ်နေသည်မှာ ဆိပ်ကမ်းအပန်းဖြေ ရိပ်သာဘက်ဖြစ်နေ၏။

ထိုမြင်ကွင်းကြောင့် နှစ်ဦးစလုံး အားတက်လာကြကာ တဝုန်းဝုန်းကူးခတ်ခဲ့ကြ၏၊ ထိုရေစီးကလည်း ပို၍သန်လာသဖြင့် မနည်းကြီး ခွဲခတ်၍ကူးခဲ့ကြ၏။ နောက်ဆုံး ဗေဒါအုပ်များကြားမှ ဖြစ်ခါကမ်းစပ်သို့ ရောက်ရှိလာကြ၏။

" အား . . လွတ်ပြီ . . "

" ဟုတ်တယ်ဟေ့ . . ဝမ်းသာလိုက်တာကွာ "

ဦးဗလအောင်မှာလဲ သောင်ပြင်ပေါ်တွင် မှောက်ခုံကြီးလှဲချရင်း အော်ဟစ်ပြောဆိုနေ၏၊ နှစ်ဦးစလုံး ဝမ်းသာလွန်းလှ၍ တော်တော်နှင့် မထနိုင်ကြ၏။

တအောင့်မျှအကြာတွင် နှစ်ဦးစလုံး သဲပြင်ပေါ်မှထကာ ပေကျံနေသည့်သဲများကို ဆေးကျောလိုက်ပြီး သောင်ခုံအတိုင်း





လျှောက်ခဲ့၏။ ထိုစဉ် ဦးဗလအောင်မှာ ခိုက်ခိုက်တုန်အောင် ချမ်းနေ၏။

" ဦး . . ရရဲ့လား "

" အေး . . ဟို ချမ်း ချမ်းနေပြီကွ "

" ဘယ်ကို သွားကြမလဲ "

" ထွန်းချိုစကားကြောင့် ဦးဗလအောင်သည် ခေါင်းငိုက်စိုက်ကျနေရာမှ ခေါင်းမတ်လာ၏။"

" ဟာ . . ဟုတ်ပြီ . . ဒီနားမှာ ငါ့တပည့် စိုးမော်ရှိတယ်၊ သူက စပိဘုတ်အငှားဆိုင် ဖွင့်ထားတာကွ လာ လာ "

" ဟုတ်ကဲ့ "

နှစ်ဦးသား သောင်ပြင်ကိုဖြစ်၍ လျှောက်ခဲ့ကြရာ အုန်းပင်များ၊ ဓနိပင်များကြားထဲ ရောက်လာ၏။ အမောဖြေလိုက်၊ လျှောက်လိုက်နှင့် ခရီးဆက်ခဲ့ကြရာ မကြာမီ မီးရောင်များ လင်းထိန်နေသော တစ်ထပ်တိုက်ပုအရှေ့သို့ ရောက်လာကြ၏၊

" စိုးမော် . . စိုးမော်ရှိလား "

" ဘယ်သူလဲ "

" ငါတို့ပါကွ . . "

ပိတ်ထားသော တံခါးပွင့်လာပြီး အရပ်ပုပုပြတ်ပြတ်နှင့် လူတစ်ဦးထွက်လာ၏။ မျက်နှာလေးထောက်စပ်စပ် မျက်လုံးပြူးပြူး၊ နှာခေါင်းပွပွနှင့် အကျည်းတန်လှ၏၊

ထိုသူကိုမြင်သည်နှင့် ဦးဗလအောင်က လေသံတိုးတိုးနှင့် ခေါ်လိုက်၏။

www.burmeseclassic.com

" စိုးမော် . . ဟောကောင် စိုးမော် ငါပါကွ . . ဗလအောင်ပါကွ . . "

" ဗျာ . . ဆ . . ဆရာကြီး "

" အေး ဟုတ်တယ် "

" လာ . . လာဆရာကြီး "

နှစ်ဦးသား အိမ်ထဲကို ကပျာကရာ ဝင်လိုက်ရ၏။ စိုးမော်မှာ ပစ္စည်းဥစ္စာကြွယ်ဝလှသူ တစ်ဦးဖြစ်ပြီး အိမ်ထောင်ပရိဘောဂများကို သပ်ရပ်စွာ ဆင်ယင်ထား၏။

သူတို့နှစ်ဦးကို မြင်သောအခါ စိုးမော်မှာ ပါးစပ်အဟောင်း သားဖြစ်နေ၏။

" ဆ ဆရာကြီး ညကြီးမင်းကြီး ရေကူးနေတာလား "

" ဟာ . . ဒီကောင် ပေါက်တီးပေါက်ရာကွာ . . ဘယ်ကရေကူးရမှာလဲကွ . . "

" ဗျာ . . ဒါ ဒါဆို "

" အဲဒါတွေနောက်မှ မေးကွာ . . လောလောဆယ် မီးဖိုကွာ"

" ဟင် "

စိုးမော်မှာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။ နောက်ဆုံး အိမ်ရှေ့ခန်း ဒေါင်းရင်းပိုင်းတွင် ဥရောပစတိုင်း အုတ်ကြွပ်မီးဖိုလေးရှိ၏။

စိုးမော်သည် ချက်ချင်းပင် ခွဲစိတ်ထားသော ထင်းပေါက်များကို ထည့်၍မီးဖိုလိုက်ရာ အခန်းထဲသို့ အပူငွေ့များ





တရှိန်းရှိန်းဝင်လာ၏။

စိုးမော်သည် အိပ်ခန်းထဲဝင်ကာ အင်္ကျီ၊ မျက်နှာသုတ်ပုဝါ သဘက်များကို ယူလာ၏။

" ကဲ . . ဆရာကြီးတို့ လဲလိုက်ပါဦး "

" ပေးစမ်းကွာ "

နှစ်ဦးသား ကိုယ်ပေါ်မှ အဝတ်အစားများကိုချွတ်ခါ ရေစင်စင်သုတ်လိုက်ကြပြီး အဝတ်အစားများ လဲလိုက်ကြ၏။ ပြီးသည်နှင့် မီးလင်းဖိုနားရှိ ထိုင်ခုံတွင်ဝင်၍ ထိုင်လိုက်ကြ၏။ ထိုအချိန်တွင် စိုးမော်သည် အငွေ့တထောင်းထောင်း ထနေသော ကဖီနှစ်ခွက်နှင့် ထောပတ်သုတ်ထားသော ပေါင်မုန့်များယူလာ၏။

" ကဲ . . စားလိုက်ပါဦး ဆရာကြီး "

" ကျေး . . ကျေးဇူးပဲကွာ . . "

သူတို့နှစ်ဦးမှာ ရေထဲတွင် အချိန်ကြာမြင့်စွာ ကူးခတ်ခဲ့ရသဖြင့် မောဟိုက်စာဆောင်နေကြရာ စိုးမော်ချပေးလာသော ကာဖီနှင့်မုန့်များကို အားပါးတရ စားသောက်လိုက်၏။ စိုးမော်သည် သူတို့နှစ်ဦး ဆာလောင်နေမှန်းသိ၍ ကြက်ဥပေါင်မုန့်ကြော်အား ယူလာပြန်၏။

" ကဲ . . ဆရာကြီးတို့ စာနေပုံပဲ . . ဒါလဲ စားပါဦး "

" ကျေးဇူးတင်လိုက်တာ စိုးမော်ရာ ခုလို ငါအခက်အခဲတွေနေတုန်း မင်းကူညီတာ မမေ့ပါဘူးကွာ "

" ရပါတယ် ဆရာကြီးရယ် . . ဆရာကြီးရဲ့ ကျေးဇူးတွေ ကျွန်တော်မှာ အများကြီးရှိပါတယ် . . ဒါထက် ဆရာကြီး "

www.burmeseclassic.com

" ဘာလဲကွ "

" ဟို ဆရာကြီးက သည်ဝေါလ်စတားကို ဖျက်သိမ်းရောင်းချပြီး မြို့ကထွက်သွားပြီလို့ ကျွန်တော်သိခဲ့ရတာ ခုတော့ ဘယ်လိုဖြစ်တာလဲ ဆရာကြီးရယ် .."

" အဲဒါတွေ မေးမနေနဲ့ကွာ .. ပြဿနာက အတော့်ကို ရှုပ်နေတယ်။ ဒါထက် ဒီမှာ ဘယ်သူရှိသေးလဲ ခင်လေးတော့ရော"

" အော် .. သူတို့သားအမိ ရန်ကုန်က အစ်မဆီ သွားလည်ကြတယ်လေ အဲဒီမျာ တစ်လလောက် ကြာမယ် ပြောတယ်"

" ဟင် .. ဒါဆို မင်းတစ်ယောက်တည်းပဲပေါ့ "

" ဟုတ်တယ် ဆရာကြီး "

" ကောင်းတယ် ငါတို့ ဒီမှာရှိတာကို ဘယ်သူ့မှ မသိစေချင်ဘူး စိုးမော်ရာ .. ဖြစ်နိုင်ရင်း မင်း နှုတ်လုံစမ်းပါ "

" စိတ်ချပါ ဆရာကြီး .. ကျွန်တော် ဘာကူညီရမလဲသာ ပြောပါ "

" အေး .. လောလောဆယ် ငါ စခန်းရုံးက ထွန်းနောင်ဦးနဲ့ နှစ်ယောက်ချင်း တွေ့ချင်တယ် .. မင်း .. ငါဆီ ရအောင်ခေါ်လာနိုင်မလား "

" ဖြစ်ပါတယ် ဆရာရယ် .. ခု ခေါ်ပေးရမလား "

" ကောင်းတယ်ကွာ .. ဖြစ်နိုင်ရင်း မင်းခုချက်ချင်း စီစဉ်ပေးကွာ "

" ရပါတယ် ဆရာကြီးရယ် .. ကျွန်တော်ကားနဲ့





သွားလိုက်မယ် "

" သွားကွာ .. ခုပဲမြန်မြန်သွားကွာ .. ငါတို့လုံခြုံရေး အတွက် အန္တရာယ်ရှိနေပြီကွ .. "

" ဗျာ .. ဘာ ဘာဖြစ်လို့ "

" မေးမနေပါနဲ့ကွာ .. သွားသာမြန်မြန်သွား "

" ဟုတ် ဟုတ်ကဲ့ .. ဒါဆို ကျွန်တော်သွားဦးမယ် .. ဒီမှာ စီးကရက်ဘူးနဲ့ စားသောက်ဖွယ်ရာတွေနော် "

" အေးပါကွာ .. သွား သွား "

စိုးမော်တစ်ယောက် ဖိုးဂျက်ကက်ကြီးကိုထပ်ဝတ်ခါ ချက်ချင်းပင် အိမ်ထဲမှ ထွက်ခွာသွားလေ၏။ သူတို့နှစ်ဦးမှာ ဆာလောင်လွန်းလှသဖြင့် စိုးမော်ကြော်ချက်ပေးခဲ့သော် ကြက်ဥ ပေါင်မုန့်ကြော်နှင့် အသားကင်များကို စားသောက်လိုက်ကြ၏။

ဗိုက်ထဲ ပြည့်တင်းတင်း ရှိသွားသောအခါ မိုင်းလ်ဆဲဗင်း ဘူးကို ဖွင့်၍ ဆေးလိပ်တစ်ယောက် တစ်လိပ်ဆီယူကာ မီးညှိဖွာရှိုက် လိုက်၏။

" အား .. ခုမှပဲ .. အင်ပြည့်အားပြည့် ရှိသွား တော့တယ်"

" ဟုတ်တယ် .. ဆရာကြီး "

" ဟာ .. ဆရာကြီးလို့ မခေါ်ပါနဲ့ ထွန်းချိုရာ ငါ ခုချိန်မှာ ဘာမှမဟုတ်တော့ပါဘူး "

" ရပါတယ် ဆရာကြီးရယ် .. ဆရာကြီးဟာ နှင်းပွင့်မြို့ မှာ လူတကာလေးစားတဲ့ အံ့ဩဘွယ်ကောင်းလှတဲ့ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com

ပါရဂူကြီးပါ ခေါ်တာလဲ မမှားပါဘူး "

" ဒါဆိုလဲ ခေါ်ပေါ့ကွာ . . အင်း . . ကုသိုလ်ကံအကျိုး ပေးတာက အံ့ဩစရာပဲကွာ . . ခုလို ဒုက္ခသုက္ခနဲ့ အငတ်အငတ် အပြတ်ပြတ်ဘဝကို ရောက်ရလိမ့်မယ်လို့ ငါဘယ်တော့မှ မထင်မိခဲ့ဘူး။ ခုတော့ ငါမထင်တာတွေ ဖြစ်နေပြီပဲလေ "

" ဒါပေပေါ့ ဆရာကြီးရယ် . . ဖြစ်လာတဲ့ ဘဝကို ကျေကျေနပ်နပ် လက်ခံဖို့ပဲလိုပါတယ် "

" ဟုတ်ပါ့ကွာ . . လောကကြီးမှာ ရလတာလေးနဲ့ ရောင့်ရဲတတ်ဖို့ လိုပါလားဆိုတာ သိလိုက်ပါပြီ . . ပြီးတော့ အနိစ္စဝရသင်္ခါရာတဲ့ မမြဲပါလား ဒီကနေ့ သိန်းတစ်ထောင်ချမ်းသာ ပေမယ့်၊ မနက်ဖြန် ခွက်တစ်လုံးဆွဲပြီး မတောင်းရဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။ ဒါ ကံတရားတွေရဲ့ တရိပ်ရိပ်နဲ့ စီရင်ဖန်တီးမှုပဲကွာ "

" ဟုတ်တယ် ဆရာကြီး အရေးကြီးတာ ရောက်နေတဲ့ ဘဝလေးမှာ စေတနာသန့်သန့်လေး ထားပြီး တဖက်သားအပေါ် မှာ ကိုယ်ချင်းစာစိတ်၊ မေတ္တာစိတ်ထားဖို့ပဲ လိုပါတယ် ဆရာကြီး ရယ် . . ဖြစ်နိုင်ရင် . . အယူဘဝထက် အပေးဘဝဟာ မြင့်မြတ်ပါတယ် . . နေရာတကာမှာ လောဘစိတ်မွေးပြီး ငါ့ဥစ္စာ ငါပိုက်ဆံ ငါအတွက် ငါဖို့ဆိုပြီး တငါငါလုပ်နေရင် ဘယ်လိုလုပ်ပြီး ပတ်ဝန်းကျင်အမြင်တွေ ကောင်းပါ့မလဲ ပြီးတော့ 'ငါ'တွေများ လာရင်း လောကရဲ့ ရွံရှာဖွယ်ကောင်းလှတဲ့ လူတစ်ဦးဖြစ်လာ နိုင်တယ်လေ . . ဒါကြောင့် ကျွန်တော်တို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ 'ငါ'တွေကို သတ်ဖြတ်ခဲ့တယ်လေ . .





သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာ အို . . ဇနီးမယား သားသမီးကအစ စွန့်လွှတ်ပေးကမ်းခဲ့တာ ဆရာကြီးအသိပဲ . . ဒါ ဖြူစင်တဲ့ လူသားဆန်တဲ့ . . ကျင့်ကြံမှုပဲ ဆရာကြီး ဒါကြောင့်လည်း သူဟာ အတုမရှိသော မြတ်စွာဘုရား၊ လူ၊ နတ်၊ ဗြဟ္မာကြီးတွေရဲ့ ကိုယ်ကွယ်ထူးခံယူတော် မူထိုက်သော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရယ်လို့ ပူဇော်ခဲ့ကြတာပေါ့ "

" ဟုတ်ပါ့ကွာ . . တကယ်တော့ ဦး ဘုရားရှင်က ဘာတစ်ခုမှ မယူဘဲ ရှိသမျှတောင် ပေးကမ်းခဲ့တာဟာ သူ့ရဲ့ မဟာကရုဏာတော်ကြီးပဲကွာ . . သူက ပေးကမ်းစွန့်ကြဲမှုကို သူ့ရဲ့ ကျင့်စဉ်တစ်ရပ်အနေနဲ့ ပြုကျင့်ခဲ့ပေမယ့် ငါတို့က အယူချည်းပဲကွ၊ တိုက်ဆောင်ဖို့ ကားဆီးဖို့၊ မိန်းမဆောင်ဖို့၊ ဆွေမျိုးတွေထောက်ပံဖို့ အိုး . . လောဘတိုက်လိုက်ကြတာများ . . ကြက်သီထစရာပါပဲကွာ အင်း . . ငါ လုပ်နေတာ ဘုရားလမ်းစဉ်တော်နဲ့ တခြားပါလား တော်ပါသေးရဲ့ကွာ ခုလိုဘဝရောက်တုန်းမှာ အတွေးအခေါ် မှန်ကန်လာတာ ငါ့အတွက်အမြတ်ပဲ . . မောင်ထွန်းချိုရေ "

" ကောင်းတာပေါ့ ဆရာကြီးရယ် "

" ကဲ ကဲ . . တို့နှစ်ယောက် ပင်လည်းပင်ပန်းနေကြပြီ ဆိုတော့ . . စိုးမော်တို့မလာခင် အနားယူကြရအောင်ကွာ "

နှစ်ဦးသား ပြောပြောဆိုဆိုနှင့် ထရင်းဘက်ဒ်တစ်လုံးစီ ပေါ်၌လှဲကာ အပူခါတ်ကို ခိုလှုံနေကြလေသည်။

⚓ ⚓ ⚓ ⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

စစ်ရန်နိုင်မှာ ခက်ခဲနက်နဲလှသော ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုက်နိုင်သည့် ကျောင်းသားတစ်ဦးပမာ ရွှင်ရွှင်လန်းလန်း ဖြစ်နေ၏။ ထိုပုစ္ဆာမှာ တခြားတော့မဟုတ်ပါခြေ။

'သည်ဝေါလ်စတား' ကုမ္ပဏီအဖွဲ့ကြီးပြိုကွဲ ပျက်စီးသွားရခြင်း၏အဓိက အဖြေပင်ဖြစ်၏။ ထိုအဖြေကို သူမအိပ်အနေရှာဖွေခဲ့၏။ စဉ်းစားခဲ့၏။ ယုတ္တိဗေဒနည်းဖြင့် ရှုထောင့်အမျိုးမျိုးမှ အတွေးအခေါ် တိုက်ပွဲတွေ တိုက်ခိုက်ခဲ့ရ၏။

လူချင်းတိုက်ခိုက်ရသည့်ပွဲတွင် အင်အားသုံးခဲ့ရသော်လည်း နည်းစနစ်မှန်ကန်လျှင် အချိန်မရွေး အောင်ပွဲခံနိုင်၏။



သို့သော်လည်း ယခုလို အတွေးအခေါ် အခြေခံ၍ အဖြေထုတ်ရသော ပုစ္ဆာမှာမူ အားသုံး၍မရ . . ဉာဏ်ကြီးကြီးထား၍ ရှုထောင့်မျိုးစုံကို အခြေခံကာ ဖော်ထုတ်ရသည်မို့ ကာယတိုက်ပွဲထက်ပို၍ ပင်ပန်းလှ၏။

ယခုလည်း သူ့စိတ်ထဲတွင် အဖြေရရှိနေပြီမို့ ရွှင်လို့တက်ကြွနေလေရာ မွေးကြီးနှင့် ထွန်းနောင်ဦးတို့မှာ စစ်ရန်နိုင်ကိုကြည့်၍ အူကြောင်ကြောင် ဖြစ်နေကြ၏။ သူတို့နှစ်ဦး၏ အသွင်မှာ ခက်ခဲလှသော ပုစ္ဆာကိုဖြေရင်း အူလည်ချာလည် ဖြစ်သွားရသော ကျောင်းသားကလေးများ ပမာဖြစ်နေ၏။

ထိုအချိန်တွင် စစ်ရန်နိုင်သည် တီပွီစကရင်ဘေးတွင် ခြေပစ်လက်ပစ်ထိုင်၍ မာဘိုရိုစီးကရက်ကို တစိုက်စိုက်မတ်မတ် ဖွာလိုက်ပြီး မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်၏။ မွေးကြီးမှာ စစ်ရန်နိုင်၏ အပြုအမူကိုကြည့်ပြီး မချိတင်ကဲဖြစ်နေ၏။

" ဘယ်လိုလဲ စစ် . . မင်းဥစ္စာ ရတနာသိုက်ကြီးတွေ့တဲ့ ပုဂ္ဂိုလ်လိုပဲ . . တက်တကကြွကြွ ဖြစ်နေပါလားကွ "

" ဟုတ်တယ် မွေးကြီး . . ကျွန်တော်အဖြေကို တွေ့နေပြီဗျ"

" ဟင် . . ဘာအဖြေလဲကွ "

" သည်ဝေါလ်စတား ကုမ္ပဏီရဲ့ ပြဿနာအချင်းခံပေါ့ဗျ"

" ဟင် . . ဟုတ်လား . . ဒါ ဒါဆို ပြောပါဦးကွာ . . ငါတို့ နှစ်ယောက်တော့ ဦးနှောက်ဒတ်လဘိုင် လိုက်တာပြီကွာ"

" ဟင် ဟင် . . ဒီကိစ္စက ဉာဏ်မစားရတဲ့ [illegible] တိုက်ပွဲဗျ



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်တစ်ခုလုံး ယောင်ကိုင်းပေါက်ကွဲ သွားမတတ်တွေးရတယ်၊ စဉ်းစားရတယ်၊ ပြီးတော့ လေ့လာအား၊ မှတ်သားအားလဲ လိုတယ်ဗျ"

" လုပ်ပါဦး ဒါဆို နားထောင်ပါရစေဦး "

" ကဲ . . ကဲ ဒီမှာလာကြည့်ကြ "

စဝ်ရန်နိုင်သည် ကွန်မျူတာခလုတ်များ တစ်ထောက်ထောက်နှိပ်ရင်း စကရင်ပေါ်မှ ပြကွက်များကို တစ်ခုပြီးတစ်ခု ပြောင်းလဲလိုက်၏။ လူနှစ်ဦး၏ မျက်နှာကို စကရင်ပေါ်တွင် ခွဲခြမ်းစိတ်ဖြာလိုက်ပြီး နောက်ဆုံး မျက်လုံးနှစ်စုံသာ ကျန်ရှိသည့် အခြေအနေကို ဖန်တီးလိုက်၏။

" ကဲ ကြည့်ပါဦး . . အဲဒီ မျက်လုံးနှစ်စုံဟာ သူငယ်အိမ်တည်ဆောက်ပုံကအစ မတူဘူးလား "

" ဟင် "

" သေသေချာချာ ကြည့်နော် "

စဝ်ရန်နိုင်၏စကားကြောင့် နှစ်ဦးစလုံး မျက်လုံးအပြူးသားနှင့် ကြည့်နေရှာ၏။ ကြည့်ရင်းကြည့်ရင်း စဝ်ရန်နိုင်ကို နားလည်လာ၏။

" ဟာ . . ဒီနှစ်စုံလုံးက တူလှချည်လား တကယ် . . ထပ်တူထပ်မျှပဲကွ . . "

" ဟုတ်လား "

" ဟုတ်ပ . . "

" ဒါဆို ကြည့်ကြဦး . . "





စကရင်ပေါ်က ပြကွက်တွေကို တကွက်ကွက်ပြန်ဖြည့်စွက်၍ ပုံကိုချုံးလိုက်ရာ မျက်လုံးတစ်စုံမှာ ဒုစရိုက်လောက၏ သရဖူကြီး စောဗညားမျက်လုံးအစုံ ဖြစ်နေလေ၏။

" ဟာ . . စောဗညားနဲ့ ဦးဗလအောင်တို့ပါလား "

" မြင်ပြီမဟုတ်လား "

" ဟင် . . ဒါ ဒါဆို ဒီကိစ္စ "

" အဲဒါကြောင့် ပြောတာပေါ့ဗျာ . . မြစ်ဟာရေကို ပြန်မသောက်ပါဘူး။ သစ်ပင်တွေဟာ ကိုယ့်အသီးကိုကိုယ် ပြန်မစားပါဘူးဗျ . . ဒီလိုပါပဲ သည်ဝေါလ်စတားရဲ့ စီးပွားရေးပါရဂူကြီး ဦးဗလအောင်ဟာ သူ့ကုမ္ပဏီကို ဖျက်သိမ်းလိုက်တယ်၊ ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တဲ့ ကိစ္စဗျ "

" ဟာ . . မင်းပြောတာ ငါသဘောပေါက်ပြီကွ "

" အဲဒါ ပြောတာပေါ့ . . အခု ကုမ္ပဏီကို သေနတ်တစ်လက်ကိုင်ပြီး ဖျက်ဆီးသွားတဲ့ ဦးဗလအောင်ဟာ ဦးဗလအောင် အစစ်မဟုတ်ဘူး။ သူဟာ ဦးဗလအောင်ပုံတူဆောင်ပြီး ဆာဂျရီ မျက်နှာတုတပ်ထားတဲ့ စောဗညားပဲဖြစ်ရမယ် "

" ဟေ "

" ဟာ "

နှစ်ယောက်စလုံး စဝ်ရန်နိုင်၏ အဖြေကြောင့် ပါးစပ်အဟောင်းသားဖြစ်နေ၏။ မွေးကြီးမှာ စဝ်ရန်နိုင်ကိုကြည့်ရင်း အထစ်ထစ်အငေါ့ငေါ့နှင့် မေးမြန်းလိုက်၏။

" ဒါ ဒါဆို . . ဟို ဦး . . ဦးဗလအောင် ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်တယ် မွေးကြီး . . အခိက မြုပ်ကွက်ကတော့ ဦးဗလအောင်ဘဲ . . သူ့ကို စောဗညားဖျောက်ထားတယ် . . အားလုံးထင်ယောင် ထင်မှားဖြစ်အောင် . . စောဗညားက မျက်လှည့်ပြလိုက်တာပဲ . . "

" ဟင် . . ဒါဆို ဘယ်လိုလုပ်ကြမလဲ "

" လောလောဆယ် အဲဒီ ကိစ္စကို ဖျောက်ထားလိုက် အရေးကြီးတာ မစ္စတာ ဒေါက်ကလပ်နိုးနဲ့ ပြေကျော်ထွန်း အဲဒီ နှစ်ယောက်ဟာ ဘယ်သူတွေလဲ အဲဒီအချက်ကို ခင်ဗျားတို့ စောင့်ကြည့်ဖို့လိုတယ် . . "

" အေး . . အဲဒီအချက်တော့ ဟုတ်တယ်ကွ "

ထိုအချိန်တွင် စစ်ရန်နိုင်ထံသို့ လင်းနေမင်းထံမှ ရီပို့ဝင်လာ၏။

" ဆရာ စစ်ရန်နိုင်လား "

" ဟုတ်တယ် . . ကိုလင်းနေမင်း "

" ဆရာ "

" ပြောပါ ကိုလင်းနေမင်း "

" ဟို . . ကျွန်တော့်ဆီကို အမျိုးသမီးတစ်ဦး ရောက်လာတယ် ဆရာ . . အမှန်တော့ သူက ဦးပြေကျော်ထွန်းနဲ့ တွေ့ဖို့ပါ ဆရာ "

" ဟုတ်လား . . ဘယ်သူလဲ ကိုလင်းနေမင်း "

" သူပြောတာတော့ သူ့နာမည်က သော်သော်ရီတဲ့ "

" ဟင် "





" ဟုတ်တယ် ဆရာ . . သူက ဦးပြေကျော်ထွန်းနဲ့ အတော်ကလေး ရင်းနှီးပုံပဲ ဆရာ ပြီးတော့ လာတာလဲ မျက်စိပျက် မျက်နှာပျက်နဲ့ ဆရာ . . သူက ဦးပြေကျော်ထွန်းနဲ့ အရေးတကြီး တွေ့ချင်လို့တဲ့ ပြီးတော့ ကားထဲမှာ ကတုံးဆံတောက်ဆံပင် နှာတံချွန်ချွန်ရုပ်က ကပြားရုပ်ပဲ အဲဒီလူတစ်ယောက်လဲပါလာတယ် သူတို့ဟာ ဦးပြေကျော် မရှိဘူးဆိုတာနဲ့ ချက်ချင်းပြန်ထွက်သွား ကြတယ် . . ဆရာ "

" ဟုတ်တယ် . . ဒါဆို ရပြီ လင်းနေမင်း နောက် ဘာထူးခြားသေးလဲ "

" သူတို့ကျွန်တော်ကို စောင့်ကြည့်နေကြတယ် ဆရာ . . ဦးပြေကျော်ထွန်းရဲ့ လှုပ်ရှားမှုတွေက လျှို့ဝှက်တယ် ဆရာ . . တစ်မျိုးကြီးပဲ . . "

" ဟုတ်လား . . အရေးကြီးတာ မင်း သတိဝီရိယရှိရှိနဲ့ နေတတ်ဖို့တော့ လိုတယ် "

" ဟုတ်ကဲ့ပါ ဆရာ . . တစ်ခုရှိတာ ဦးပြေကျော်ထွန်းတ ကျွန်တော်ကို ဒီရက်ပိုင်းအတွင်း ဖေဖေ့ဆီခေါ်သွားမယ်လို့ ပြောတယ်ဆရာ . . အဲဒါ . . ဘယ်လို "

" အလိုက်သင့်နေပါ . . လင်းနေမင်း မင်းဘေးမှာ ငါတို့ရှိပါတယ် . . ကဲ . . ဒါပဲလား "

စစ်ရန်နိုင်သည် ဖုန်းခလုတ်ကိုပိတ်ပြီး မွေးကြီးတို့ကို ပြောပြလိုက်၏။ ထိုအချိန်တွင် စခန်းမှုရဲအဖွဲ့ဝင်တစ်ဦး ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



" ဘာလဲ ဆရာကြီးချစ်ငွေ "

" ဟို . . ဆရာကို တွေ့ချင်လို့တဲ့ "

" ဘယ်သူလဲ "

" ဟို . . ကမ်းခြေကပဲ . . သူနာမည် စိုးမော်တဲ့ဆရာ "

" ဟုတ်လား . . ဒါဆို ဒီဘက်ကို ခေါ်ခဲ့လေ "

" ဟုတ်ကဲ့ ဆရာ "

သူ အမိန့်ရသည်နှင့် ချစ်ငွေပြန်ထွက်သွားရာ မိနစ်ပိုင်းအကြာတွင် ဖီးဂျက်ကက်အနက်ပြာရောင် ဝတ်ထားသော စိုးမော်ရောက်ရှိလာ၏။

" ဆရာ . . ထွန်းနောင်ဦးဆိုတာ "

" ကျွန်တော်ပဲ "

" အော် . . ဟုတ်ကဲ့ "

" ဘာကိစ္စလဲဗျ "

" ဟို . . ဆရာကို ကျွန်တော့်ဆရာကြီးက တွေ့ချင်လို့တဲ့ ဆရာ "

" ဟင် . . ဘယ်သူလဲ . . ဘယ်သူလဲ . . "

" ဟို . . ဒီ . . ဒီလိုပါဆရာ . . ဒီကိစ္စအရမ်းပြောလို့ "

" ပြောပါကွာ . . ဒါ တို့ရဲ့ ဆရာသမားတွေပဲကွ "

စိုးမော်က စဝ်ရန်နိုင်နှင့် မွေးကြီးတို့နှစ်ဦးကို ကြည့်ပြီး စိုးရိမ်းနေပုံရ၏။ ထွန်းနောင်ဦးစကားကြောင့် စိုးမော်အရဲတဝင့် ဖြစ်သွား၏။

" ဟာ . . ဒီကိစ္စ . . ဘယ်သူမှလဲ မသိစေချင်ဘူးလို့





ကျွန်တော့်ဆရာကြီးက မှာလိုက်တယ် ဆရာ "

" ဟုတ်လား . . ကဲ ပြောပါဦး မောင်ရင့်ဆရာကြီးက ဘယ်သူလဲ "

" ဟို . . ဆရာကြီး ဦးဗလအောင်ပါ "

" ဟေ "

" ဟာ "

သူတို့သုံးဦးစလုံး အံ့ဩသွားကြ၏။ စိုးမော်စကားကို ဟုတ်မှ ဟုတ်ပါ့မလားဟု သံသယဖြစ်နေကြ၏။

" ဟို . . သည်ဝေါလ်စတားကုမ္ပဏီ ဒါရိုက်တာ ဦးဗလအောင်လား "

" ဟုတ် . . ဟုတ်ပါတယ် ဆရာ "

" ဟင် "

စဝ်ရန်နိုင်မှာ စိုးမော်စကားကြောင့် သူ့အဖြေမှန်သွားပြီဟု ယူဆလိုက်၏။ ထို့ကြောင့် ကြားဝင်ပြောလိုက်၏။

" ထွန်းနောင်ဦး "

" ဗျာ . . ဆရာ "

" အဲဒီစကား သေချာပြီကွ . . ကဲ လိုက်သွားရအောင်ကွာ သူ့ကိုတွေ့ရင် ပြဿနာတွေ ရှင်းသွားမယ် "

" ဟုတ် . . ဟုတ်ကဲ့ အဲဒါဆို သွားရအောင် ကိုစိုးမော် "

" ဟင် . . ဟိုဆရာတို့ပါ "

" သူတို့က မင်းဆရာကြီးရဲ့ ပြဿနာကို ဖိုင်တွဲ နေကြတဲ့ ထိပ်တန်းလျှို့ဝှက် ထောက်လှမ်းရေးအရာရှိတွေပဲ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



စစ်ရန်နိုင်နဲ့ ဆရာဘရှင်လို့ခေါ်တယ်။ သူတို့လဲ လိုက်မှာပေါ့ "

" အော် . . ကျေး ကျေးဇူးပါပဲ ဆရာ . . ဒါဆို ကျွန်တော်ကားနဲ့ပဲ သွားကြရအောင် "

" သွားလေ "

" ပြောပြောဆိုဆို သူတို့သုံးဦးစလုံး အဝတ်အစား မြန်မြန်လဲကာ ယူစရာရှိသည်ကိုယူ၍ ချက်ချင်းပင် စိုးမော် နောက်သို့လိုက်ခဲ့ကြလေ၏။"

စိုးမော်မှာ ဆရာကြီး ဦးဗလအောင်နှင့် စပ်လျဉ်း၍ စိတ်တွေလှုပ်ရှားနေ၏။ ဆရာကြီးအနေနှင့် ယခုလိုပုံစံမျိုး တစ်ခါမျှ မဖြစ်ခဲ့ဘူး၍ အံ့ဩမိ၏။ ယခုလည်း စခန်းနှင့်ဆက်သွယ်ကာ တိုးတိုးတိတ်တိတ် လုပ်ကိုင်နေသဖြင့် အံ့ဩနေမိတာ အမှန်ပင်။

ထို့ကြောင့်လည်း ကားကို ထိန်းမောင်းရင်း အိမ်ဘက်သို့ ပြန်လည်ရောက်ရှိလာ၏။

စိုးမော်သည် သူတို့သုံးဦးကိုခေါ်ကာ အိမ်ထဲဝင်လိုက်ကြ၏။ မွေးကြီးနှင့် ထွန်းနောင်ဦးတို့မှာ အခန်းထဲဝင်လိုက်သည်နှင့် ထရင်းဘက်ချ်ပေါ်တွင် ထိုင်နေသည့် ဦးဗလအောင်ကို ငုတ်တုတ်ကြီး မြင်လိုက်ရသောအခါ ပါးစပ်အဟောင်းသား ဖြစ်နေ၏။ စစ်ရန်နိုင်မှာမူ ဦးဗလအောင်စင်စစ်ကို တွေ့လိုက်ရသဖြင့် ခပ်အေးအေးပင် လှမ်းကြည့်လိုက်ရင်း ထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်၏။

" ဟင် . . သူ သူတို့က "

" ဆရာကြီး ဒါ . . ဆရာကြီးလော့စ်ကို နောက်ကွယ်က





ထောက်လှမ်းနေကြတဲ့ ဆရာစစ်ရန်နိုင်နှင့် ဆရာဘရှင်ပါ ဆရာ သူတို့က ထိပ်တန်းအေးဂျင့်တွေတဲ့ "

" အော် . . ကျေးဇူးပါပဲဗျာ"

ထွန်းနောင်ဦးက ကြားမှဝင်ပြောလိုက်သဖြင့် ဦးဗလအောင်မှာ အသက်ရှူချောင်သွားပုံရ၏။ ထိုစဉ် စစ်ရန်နိုင်က လှမ်းမေးလိုက်၏။

" ဦးဗလအောင် . . ခုဘယ်မှာ ရှိနေသလဲ "

" ကျွန်တော်လား "

" ဟုတ်ကဲ့ "

" ကျွန်တော်ကို သူတို့ဖမ်းထားကြတယ် ဆရာ အခုလဲ ဟောဒီ ကိုထွန်းချို ကယ်လို့လွတ်လာတာပါ ဆရာ "

" အော် သူ့က သည်ဝေါလ်စတား ကုမ္ပဏီပိုင် ဝိုက်ရှပ်စ် သင်္ဘောကြီးပေါ်က ချိစ်ကွတ်စ် ထွန်းချိုလား "

" ဗျာ . . ဆရာတို့က "

" ဟုတ်ကဲ့ . . ကိုလင်းနေမင်း ကျွန်တော်တို့ဆီ ရောက်နေပါပြီ . . ကိုထွန်းချို သူက ခင်ဗျားကို လုပ်ကြံခဲ့လိုက် ရလို့ ဆုံးရှုံးသွားခဲ့ပြီ ထင်နေတာ "

" ဟုတ်ပါတယ် ဆရာ ဒါပေမယ့် . . ကျွန်တော်က ဖိုးသက်ပြင်းပါ ဆရာ . . ကံ တရားကောင်းလို့ ခုလိုအသက်ရှင်ခွင့် ရခဲ့တာပါ ဆရာ "

" အော် ဒီလိုကိုး ခင်ဗျားပေးခဲ့တဲ့ စီဒီစ်လဲ ကျွန်တော်တို့ဆီရောက်နေပါပြီ "



www.burmeseclassic.com

www.burmeseclassic.com

" ဟာ . . ဆရာ အဲဒါ . ဟောဒီ ဆရာကြီးမဟုတ်ပါဘူး"

ထွန်းချို့က ဦးဗလအောင်မဟုတ်ကြောင်း ပြာပြာသလဲ ဝင်၍ပြောရာ စဝ်ရန်နိုင်က လက်ကာ၍ပြောလိုက်၏။

" ကျွန်တော်ရိပ်မိခဲ့ပါပြီ ကိုထွန်းချို ဝိုက်ရှပ်စ်ပေါ်မှာ ဓါးပြဆန်ဆန် . . တိုက်ခိုက်သတ်ဖြတ်ခဲ့တဲ့ လူဟာ ဟောဒီ ဦးဗလအောင် မဟုတ်ပါဘူး၊ ဦးဗလအောင်ယောင်ဆောင်ထားတဲ့ တနည်းအားဖြင့် ဆာဂျာရီမျက်နှာတု တပ်ထားတဲ့ ဒုစရိုက်ဘုရင် စောဗညားပါ . . ကိုထွန်းချို "

" ဗျာ "

" ဟုတ်ကဲ့ . . အခြေအနေက အဖြေတစ်ခုလုံး ရလုနီးပါး ပါပဲ . . ကဲ ခင်ဗျားတို့ ကြုံလာခဲ့ပုံကို ပြောပြပါဦး "

" ဟုတ်ကဲ့ ဆရာ ကျွန်တော်တို့ ပြောပြပါ့မယ် "

ဦးဗလအောင်နှင့် ထွန်းချိုတို့နှစ်ဦး သူတို့ဖြတ်သန်းခဲ့ရသည့် အခြေအနေဆိုးများကို တစ်ယောက်ဆီရှင်းပြလိုက်၏။ စဝ်ရန်နိုင်သည် သူတို့ပြောသမျှကို တစ်ခွန်းမျှ အမေးအမြန်း မလုပ်ဘဲ စိတ်ရှည်လက်ရှည် နားထောင်နေ၏။

မွေးကြီးတို့ လူသိုက်မှာလည်း သူတို့ကြုံလာသမျှကို နားစွင့်ရင်း အံ့သြတကြီးဖြစ်နေကြ၏။ သို့နှင့် စကားအစဆုံး သွားသောအခါ စဝ်ရန်နိုင်သည် အခြေအနေကို အသေးစိတ် စဉ်းစားလိုက်၏။

" ဒါဆိုရင် ဦးဗလအောင်တို့ လွတ်မြောက်ခဲ့တဲ့ စီဘီတွဲဟာ အဓိက ခြေကုတ်စခန်း ဖြစ်နိုင်တယ် . . "





" ဖြစ်နိုင်တယ်ဆရာ သူတို့ဟာ ကျွန်တော်ပိုင်ဆိုင်တဲ့ ငွေကြေးဥစ္စာကိစ္စကြောင့် ဒီနယ်မြေက မခွာနိုင်ကြသေးတာပဲ ဖြစ်မယ် "

" ဘာဖြစ်လို့လဲ ဦးဗလအောင် "

" ဒီလိုဆရာ စဝ်ရန်နိုင် တကယ်တော့ 'ဆောက်သင်းဆန်း' ဘဏ်မှာ ကျွန်တော်ပိုင်ငွေနဲ့ ကုမ္ပဏီရှယ်ယာ ဒေါ်လာသိန်း တစ်ထောင်တိတိ အပ်ထားတယ် ဆရာ . . အဲဒီ့ပိုက်ဆံကို သူတို့ လိုချင်ကြတယ် . . ကျွန်တော်ပုံတူရိုက်ပြီး ထုတ်ချင်ပေမယ့် အဲဒီ ဘဏ်ရဲ့စနစ်က တစ်မျိုးဆရာ "

" ဘာလဲ ဦးဗလအောင် "

" သူတို့ဟာ အဓိက လက်မှတ်ထက် လက်ဗွေရာကို ပို အလေးထားကြတယ် . . အဲဒီမှာ ကျွန်တော့်လက်ဗွေရာ ရှိနေတယ်လေ . . ဒီတော့ သူတို့ဟာ ကျွန်တော့်လက်ဗွေပုံတူ ရရှိအောင် နိုင်ငံခြားက စစ်စတမ်းတွေနဲ့ အမျိုးမျိုးကြိုးစားခဲ့ ကြပေမယ့်၊ ခုထိမအောင်မြင်သေးဘူး၊ ဒါကြောင့် ကျွန်တော်ကို မသတ်သေးဘဲ အချိန်ဆွဲထားကြတာပေါ့ . . ကျွန်တော်ကလဲ လုံးဝလက်မခံတော့ သူတို့ ဒုက္ခတွေ့နေကြတယ်လေ . . "

" အော် . . ဒါကြောင့်ကိုး "

" ဟုတ်တယ်ဆရာ . . အဲဒီ့ကိစ္စကြောင့် သူတို့ အဲဒီမှာ ခြေကုတ်ယူကြတာပေါ့ "

" ကဲ ဒါဆို ဒီကိစ္စ ကျွန်တော်တို့တာဝန် ထားပေတော့ အရေးကြီးတာ ခင်ဗျားတို့ကို လုံခြုံရေးပေးဖို့ပဲ . . ကိုထွန်းနောင်ဦး"


www.burmeseclassic.com

www.burmeseclassic.com

" ပြောပါ ဆရာ "

" ဒီပုဂ္ဂိုလ်တွေအတွက် လုံခြုံရေးစီမံပေးလိုက်ပြီး ကျွန်တော်တို့သွားဖို့ စီစဉ်မယ် "

" ဟုတ်ကဲ့ ဆရာ . . ကျွန်တော် စီစဉ်လိုက်ပါ့မယ် "

" ကဲ . . ကျွန်တော်တို့လုပ်စရာရှိတာလုပ် လိုက်ဦးမယ်ဗျ"

" ကျေးဇူးပါပဲ ဆရာရယ် "

" စဝ်ရန်နိုင်တို့ လူစုသည် စီစဉ်စရာရှိသည်များကို စီစဉ်၍ ဦးဗလအောင်တို့ထံမှ ထွက်ခဲ့ကြလေ၏။

⚓ ⚓ ⚓ ⚓ ⚓ ⚓



## အခန်း (၁၅)

လရောင်ရေးရေးအောက်တွင် သာယာသော၊ အေးမြသော လေညှင်းနုကလေးများက တနွဲ့နွဲ့တဖွဲ့ဖွဲ့ ဆင်နေ၏၊ လှိုင်းကြက်ခွပ် ကလေးများမှာ ပင်လယ်ပြင်တွင် ယိမ်းတာနေကြ၏။

ညငှက်တစ်ချို့မှာ တကွိကွိအော်ရင်း ပင်လယ်မျက်နှာပြင်ပေါ် လူးလာခေါက်တုံ့ ပျံသန်းနေကြ၏။ ထိုအချိန်တွင် စဝ်ရန်နိုင်တို့ လူစုသည် စပိဘုတ်တစ်စင်းနှင့် ပင်လယ်ထဲသို့ ထွက်ခဲ့ကြလေ၏။

ရေမိုင်းငါးဆယ်ခန့်အရောက်တွင် စပိဘုတ်စက်ကို

www.burmeseclassic.com



သတ်လိုက်၏။ စဝ်ရန်နိုင်သည် ညကြည့်မှန်ဘီလူးကို ထုတ်၍ ရေမိုင်နှစ်မိုင် အကွာတွင်ရှိသော စီဘီတွဲကြီးကိုကြည့်လိုက်၏။

တွဲကြီးပေါ်တွင် လူတစ်ချို့လှုပ်ရှားနေသည်ကို မြင်ရသလို တွဲကြီး၏အရှေ့ဘက် ဦးပိုင်းအောက်ဘက်တွင် စပိဘုတ်တစ်စင်း ရပ်နားထားသည်ကိုပါ တွေ့လိုက်ရ၏။

စဝ်ရန်နိုင်သည် မွေးကြီးကို အချက်ပေးလိုက်ပြီး နှစ်ဦးသား ရေငုပ်ဝတ်စုံဝတ်၍ ပင်လယ်ထဲသို့ ခုန်ချခဲ့၏။ ထွန်းနောင်ဦးသည် ဆဲလ်ဖုန်းတစ်လုံးကိုင်ကာ ကုန်းပေါ်တွင် အသင့်စောင့်နေကြသော သူအဖွဲ့ကို ကွန်ထရိုးပေးနေ၏။

စဝ်ရန်နိုင်တို့နှစ်ဦး ရေထဲသို့ငုပ်လျှိုး ကူးခတ်ခဲ့ကြ၏။ ညဦးပိုင်းအချိန်မို့ ပင်လယ်ပြင်အောင်ပိုင်းတွင် မှောင်မဲနေ၏။

ရေနက်ပိုင်းအရောက် ရေငုပ်မျက်မှန်ပေါ်မှ အနီရောင်မီးသီးလေးကို ထွန်းညှိလိုက်၏။ ဘေးတွင် အလင်းရောင်ရှိပေမယ့် ရောင်စဉ်အတိုင်း ကူးခတ်ခဲ့ကြရာ မကြာမီ စီဘီတွဲကြီးအနားသို့ ရောက်ရှိခဲ့ကြ၏။ ထိုအခါ အနားကိုမိသည်နှင့် ရေကာမျက်မှန်နှင့် အောက်စီဂျင်ဘူးကို ဖြုတ်၍ သံကြိုးကိုဆွဲကာ တက်ခဲ့ကြ၏။

အမှောင်ရိပ်ကြောင့် သူတို့နှစ်ဦးကို ဘယ်သူမျှ မမြင်နိုင်ပါချေ။ ခြေလှမ်းခပ်သွက်သွက်နှင့် ကုန်ပတ်ဘေးကပ်ခါ ဝင်ခဲ့ကြပြီး အလယ်ပေါက်တည့်တည့်မှာ လှေကားအတိုင်း ခပ်သွက်သွက် ဆင်းခဲ့၏။

ထိုစဉ် လှေကားပေါ် ရုတ်တရက် လူနှစ်ဦးဖြတ်ခနဲ တက်လာရာ ဦးဆုံး စဝ်ရန်နိုင်က ဘယ်ခြေနှင့် ညာလက်ကိုသုံး၍





ဝမ်းတူးရိုက်ကွက်ကို ရိုက်ချလိုက်၏။

တိုက်ကွက်က ပြောက်ကျားဗျူဟာသုံး အသံတိတ်တိုက်ကွက်၊ ဘယ်ခြေတွင် အားထည့်ထားသလို ညာလက်တွင် အားသုံးထားသဖြင့် တက်လာသူနှစ်ဦးမှာ လှေကားပေါ်မှ ဖရိုဖရဲ ပြုတ်ကျသွား၏။

ထိုအခါ မွေးကြီးက လှေကားပေါ်မှ ခပ်သွက်သွက်ဆင်း၍ ဆင့်ကဲ ဆင့်ကဲ ကန်ထည့်လိုက်ရာ နှစ်ဦးစလုံး ငြိမ်ကျသွား၏။

ထိုစဉ် တအားအားနဲ့ အော်သံကြောင့် စီဘီထမ်းထဲမှ လူတစ်စု အပြေးအလွှား တက်လာ၏။ သူတို့လက်ထဲတွင် သေနတ်များကိုင်ထားကာ ကမူးရှူးထိုး ဝင်ရောက်လာကြ၏။

စဝ်ရန်နိုင်နှင့် မွေးကြီးနှစ်ဦးမှာ သေနတ်နှစ်လက်ကို ဘယ်ညာကိုင်ကာ တက်လာသည့်လူများကို ပစ်ချလိုက်၏။ ကျည်ဆံများနှင့်အတူ အတုန်းအရုန်း လဲကျကုန်၏။

သူတို့နှစ်ဦး အောက်သို့ခုန်ဆင်းလိုက်ခါ အခန်းတစ်ခု အကွယ်တွင်ရပ်လိုက်၏။ ထိုစဉ် တဖက်အခန်းမှ လူငါးဦး အော်သံဟစ်သံများနှင့် ထွက်လာပြန်ရာ စဝ်ရန်နိုင်သည် ကျည်ကပ်အသစ်လဲလိုက်ပြီး ပစ်ကွင်းကောင်းကောင်းကိုချိန်၍ မနားတမ်း ပစ်ချလိုက်၏။

မွေးကြီးကလည်း စဝ်ရန်နိုင်နည်းတူ ပစ်ချလိုက်ကြ၏။ ထိုအချိန်တွင် စီဘီကြီးအနားသို့ ထွန်းနောင်ဦး ဦးဆောင်သော လုံခြုံရေးစပိဘုတ်များ မီးရောင်တဝင်းဝင်းနှင့် ဝိုင်းလာ၏။

စဝ်ရန်နိုင်တို့နှစ်ဦးမှာ တစ်ခန်းပြီးတခန်း ဖြတ်ကျော်ခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးကျယ်ဝန်းလှသော ခန်းမကြီးထဲသို့ ရောက်ရှိလာရာ အခန်းထဲဝင်သည်နှင့် သေနတ်နှစ်လက်ကို ထိုးချိန်လိုက်၏။

" ဟာ "

" မပြေးနဲ့နော် "

" ဟင် . . မင်း မင်းတို့ "

" ဟေ့ကောင် စောဗညား မင်း ဒီတစ်ခါပြေးလို့ မလွတ်တော့ဘူးကွ "

" ဟာ . . စဝ်ရန်နိုင်ပါလား "

" ဟုတ်တယ်ကွ . . မလှုပ်နဲ့နော် "

" ဟင် "

ဆိုဖာကြီးပေါ်တွင် စမတ်ကျကျ ထိုင်နေသော စောဗညားသည် နားရွက်ပင် မလှုပ်ရဲတော့၊ သူ့နံဘေးတွင် အံ့ဩဘွယ်ကောင်းလှသည်မှာ သော်သော်ရီနှင့် ဦးပြေကျော်ထွန်းတို့ထိုင်နေ၏။

ပို၍ထူးဆန်းသည်မှာ စောဗညားနှင့် မျက်နှာချင်းဆိုင်နေသူမှာ မြင့်မားသော အရပ်အမောင်းနှင့် ချောမောရှပ်ရည်ပိုင်ရှင် မစ္စတာဒေါက်ကလပ်နိုးပင် ဖြစ်လေ၏။

သူတို့လူစုမှာ ထိုင်ရအခက် ထရအခက်ဖြစ်နေ၏။ မွေးကြီးကလည်း မျက်စိတစ်မှိတ်ပင် အလွတ်မပေးဘဲ သေနတ်နှင့် ထိုးချိန်ထား၏။ ထိုစဉ် စောဗညားက ထိုင်ရာမှဖြစ်ခနဲထကာ ရှေ့မှစားပွဲကို တွန်းချလိုက်၏။

" ဟာ "





" ဝုန်း . . ဒိုင်း "

" ဖောက် ဖောက် ဖောက် "

" မပြေးနဲ့နော် "

" ဖောက် ဖောက် ဖောက် "

"ဖြောင်း "

" အား "

ရုတ်တရက် ကျားသစ်ကြီးတစ်ကောင်လို ခုန်ဝင်လာသော စောဗညား စဝ်ရန်နိုင် မျက်နှာတည့်တည့်ကို သူ၏ညာဘက်ဒူးနှင့် ခုန်ပျံတိုက်ချလိုက်၏။ စဝ်ရန်နိုင်ကလည်း တစ်ကွက်အမှားမခံ၊ နောက်သို့ တစ်လှမ်းဆုတ်ရင်း ဝင်လာသည့်ဒူးကို ပုတ်ချလိုက်ကာ ညာတံတောင်ကိုပင့်၍ ငိုက်စင်းလာသော စောဗညား၏ မျက်နှာကြီးကို ဖြတ်တင်လိုက်၏။

ပြင်းထန်လှသည့် တိုက်ကွက်မို့ စောဗညားနောက်သို့ ဝုန်းကနဲပြုတ်ကျသွား၏။ ထိုစဉ် မစ္စတာ ဒေါက်ကလပ်နိုးနှင့် တပည့်နှစ်ဦး ထပြေးလေရာ စဝ်ရန်နိုင်နှင့် မွေးကြီးက လှမ်းပစ်ချလိုက်၏။

ကျည်တစ်တောင့်က ဒေါက်ကလပ်နိုး၏ ပေါင်တိုဖောက်ထွက်သွားသဖြင့် ဆက်မပြေးနိုင်ဘဲ လဲကျသွား၏။ ထိုစဉ် စောဗညား လူးလဲထလာရာ စဝ်ရန်နိုင်က ညာခြေဖျားနှင့် ပတ်ကန်ပစ်လိုက်၏။

ပြင်းထန်လှသော ကန်ချက်ကြားတွင် စောဗညား လိမ့်ဆင်းသွားကာ သတိမေ့မျောသွားလေ၏။ ထိုစဉ် ထွန်းနောင်ဦး



www.burmeseclassic.com

www.burmeseclassic.com

နှင့် အဖွဲ့သားများ စီဘီတွဲသို့ ဝါးလုံးထိုးဝင်ရောက်လာကြသဖြင့် အားလုံးမလှုပ်ရှားနိုင် ကြတော့ဘဲ အဖမ်းခံလိုက်ရလေ၏။

ထိုအခါ စစ်ရန်နိုင်တို့လူစုသည် စီဘီဝမ်းထဲ ဝင်ရောက်မွှေနှောက်ခဲ့ရာ ထွန်းချိုသမီးလေး ခက်ခက်နှင့် လင်းနေမင်းကိုပါ တွေ့လိုက်ရလေ၏။ နောက်ဆုံး သူတို့အားလုံးကို စပိဘုတ်ပေါ်တင်၍ ကမ်းခြေသို့ပြန်ခဲ့ကြလေ၏။

သူတို့အားလုံးကို နောက်တစ်နေ့ နံနက်ခင်းတွင် စခန်းရုံးထဲ ခေါ်လာကာ အားလုံးကို ထိုင်ခဲ့လိုက်၏။ သော်သော်ရီမှာ ရှုံ့မဲ့ရှုံ့မဲ့ဖြစ်နေ၏။ ဦးဗလအောင်ကိုလည်း မကြည့်ရဲအောင် ဖြစ်နေ၏။

ထိုစဉ် စစ်ရန်နိုင်က သူသိချင်သော အချက်အလက်များကို မေးမြန်းခဲ့၏။ ထိုအခါ သော်သော်ရီက ဦးဆုံး သူ့အပြစ်ကို ဝန်ခံလေ၏။ သူသည် ခင်ပွန်းသည် စောဒယ်နီရယ်လှိုင်းကို လိမ်ညာလှဲ့ဖျားကာ အမိဖမ်းခဲ့သူဖြစ်ကြောင်း၊ အမှန်တော့ သူသည် စောဗညား၏ နှစ်မတစ်ဝမ်းကွဲဖြစ်ပြီး မစ္စတာ ဒေါက်ကလပ်နီးနှင့် တိတ်တိတ်ပုန်း အကြင်လင်မယားမြောက်ခဲ့ရာ မစ္စတာ ဒေါက်ကလပ်နီး၏ စီစဉ်ပေးချက်အရ သူတို့ မောင်နှမနှစ်ဦး သည်ဝေါလ်စတားထဲသို့ နည်းအမျိုးမျိုးနှင့် ချဉ်းကပ်ခဲ့ကြောင်း ဝန်ခံလေ၏။ မစ္စတာ ဒေါက်ကလပ်နီးသည် စောဗညားကို ဟန်ပြလုပ်၍ ကုမ္ပဏီမန်ဘာများကို လှည့်စားခဲ့၏။

ထို့နောက် ကုမ္ပဏီဒါရိုက်တာ ဦးဗလအောင်ကို တဖက်လှည့် ဖမ်းဆီးခဲ့ပြီး၊ ဦးဗလအောင်၏ မျိုးဆက် လင်းနေမင်းကိုပါ သုတ်သင်ဖို့ ကြိုးစားခဲ့၏။ ထိုအချိန်တွင် ပြေကျော်ထွန်းတို့ ဒေါက်ကလပ်နီးက တဖက်လှည့်စည်းရုံးခဲ့ပြီး ဦးဗလအောင်၏ နေရာတွင် ဟန်ပြရပ်တည် ခိုင်းခဲ့၏။

ဦးပြေကျော်ထွန်းသည် ဒေါက်ကလပ်နီးတို့၏ လှည့်ကွက်ထဲ ဝင်ခဲ့ကာ လောဘဇောတိုက်ပြီး လင်းနေမင်းကိုပါ အချိုသတ်၍ လုပ်ကြံရန်ကြံရွယ်ခဲ့ကြလေ၏။ ထိုအချိန်တွင် ထွန်းချိုက သူတို့လုပ်ကြံမှုကို သိရှိသွားသဖြင့် အသည်းအသန်လိုက်၍ လုပ်ကြံကြရာ နောက်ဆုံးတွင် သူတို့အားလုံး စစ်ရန်နိုင်တို့အဖွဲ့၏ ခြေတစ်လှမ်းသာနေမှုကြောင့် အားလုံး လက်လျှော့ကာ အဖမ်းခံလိုက်ကြလေ၏။

လင်းနေမင်းမှာ ဖခင်ကြီးသက်ရှိ ထင်ရှားရှိနေသည်ကို ကြားလိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွားလေ၏။ ထွန်းချိုမှာလည်း သမီးလေးခက်ခက်ကို တွေ့လိုက်ရ၍ ဝမ်းသာအားရ ဖြစ်နေ၏။

ထိုအချိန်တွင် မတော်လောဘဇောနှင့် သူတစ်ပါးဉစ္စာကို မတရားယူချင်ကြသော မစ္စတာ ဒေါက်ကလပ်၊ ဦးပြေကျော်ထွန်း၊ သော်သော်ရီနှင့် စောဗညားတို့လူစုမှာတော့ ဥပဒေအရိပ်အောက်တွင် ခေါင်းငိုက်စိုက်ချကာ အဖမ်းခံခဲ့ကြရင်း နောင်တကြီးစွာရ၍ ကြေကြေကွဲကွဲဖြစ်နေကြ လေတော့၏။

ပြီးပါပြီ

**ဇော်ထက်အောင်**







www.burmeseclassic.com